# တေဒင်္ဂဝတ္ထု

ဦးသော်ဇင်



Than Myint Aung 2008

ဦးသော်ဇင်

# ဧကဒဂ်ဝတ္ထု

ပါရမီ
စာပေ

**တေဒဂ်ဝတ္ထု**
ဒုတိယအကြိမ်၊ ၂၀၀၈ ခုနှစ် ဧပြီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၁၅၆၀၃၀၈ နှင့် စာမူခွင့်ပြုချက်အမှတ် ၃၂၀၀၀၇၀၁၀၈ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၂၀၀၀ ကျပ်

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/ ၄၊ ကမ္ဘာအေးစေတီတော်မှခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

## မာတိကာ


နိဒါန်း ၇
အကြောင်းရင်း ၁၂


### တေဒဂ်ရ ဘိက္ခု


၁။ ကောဏ္ဍည (ညဥ့် အပိုင်းအခြားသိခြင်း) ၂၈
၂။ သာရိပုတ္တ (ပညာကြီးမြတ်ခြင်း) ၃၁
၃။ မဟာမောဂ္ဂလ္လာန (တန်ခိုးကြီးမားခြင်း) ၄၆
၄။ မဟာကဿပ (ဓုတင်ဆောင်ခြင်း) ၅၃
၅။ အနုရုဒ္ဓ (ဒိဗ္ဗစက္ခု အဘိညာဉ်ရခြင်း) ၆၂
၆။ ဘဒ္ဒိယ (အမျိုးမြတ်ခြင်း) ၆၉
၇။ လကုဏ္ဍက ဘဒ္ဒိယ (အသံသာယာခြင်း) ၇၁
၈။ ပိဏ္ဍောလ ဘာရဒွာဇ (ရဲရင့်စွာ ကြုံးဝါးခြင်း) ၇၄
၉။ မန္တာဏိပုတ္တ ပုဏ္ဏ (တရားဟောကြားခြင်း) ၇၆
၁၀။ မဟာ ကစ္စာန (အကျဉ်းကို အကျယ်ချဲ့ခြင်း) ၇၇
၁၁။ စူဠ ပန္ထက (မနောမယ အဘိညာဉ်ရခြင်း) ၈၁
၁၂။ မဟာ ပန္ထက (အရူပစျာန်အရာ) ၈၁
၁၃။ သုဘူတိ (အပြစ်ကင်းသော နေခြင်း) ၈၄
၁၄။ ခဒိရ ရေဝတ (တောကျောင်းနေခြင်း) ၈၅
၁၅။ ကင်္ခါရေဝတ (ဈာန်၌ မွေ့လျော်ခြင်း) ၈၇

၁၆။ သောဏ ကောဠိဝိသ (လုံ့လဝီရိယ ကြီးခြင်း) ၈၈
၁၇။ သောဏ ကုဋိကဏ္ဏ (ချိုသာစွာ ပြောဟောခြင်း) ၉၁
၁၈။ သီဝလိ (လာဘ်လာဘများခြင်း) ၉၃
၁၉။ ဝက္ကလိ (သဒ္ဓါတရား အားကြီးခြင်း) ၉၅
၂၀။ ရာဟုလ (သိက္ခာသုံးပါး လိုလားခြင်း) ၉၈
၂၁။ ရဋ္ဌပါလ (သဒ္ဓါ၍ ရဟန်းပြုခြင်း) ၁၀၀
၂၂။ ကုဏ္ဍဓာန (စာရေးတံမဲ ပထမယူခြင်း) ၁၀၈
၂၃။ ဝင်္ဂီသ (သီကုံးမှုဉာဏ် ပဋိဘာန်ရှိခြင်း) ၁၁၁
၂၄။ ဥပသေန ဝင်္ဂန္တပုတ္တ (ကြည်ညိုဖွယ်ရှိခြင်း) ၁၁၇
၂၅။ မလ္လပုတ္တဒဗ္ဗ (ကျောင်းအိပ် နေရာခင်းကျင်းခြင်း) ၁၂၀
၂၆။ ပိလိန္ဒဝစ္ဆ (နတ်တို့ ချစ်မြတ်နိုးခြင်း) ၁၂၂
၂၇။ ဗာဟိယ ဒါရုစီယ (လျင်မြန်စွာ မဂ်ဖိုလ်သိခြင်း) ၁၂၅
၂၈။ ကုမာရ ကဿပ (ဆန်းကြယ်စွာ တရားဟောခြင်း) ၁၂၈
၂၉။ မဟာကောဋ္ဌိက (ပဋိသမ္ဘိဒါ ၄–ပါးရခြင်း) ၁၃၁
၃၀။ အာနန္ဒ (အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အလုပ်အကျွေး) ၁၃၅
၃၁။ ဥရုဝေလ ကဿပ (ပရိသတ်များခြင်း) ၁၄၁
၃၂။ ကာဠုဒါယီ (ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း) ၁၄၅
၃၃။ ဗာကုလ (အနာရောဂါကင်းခြင်း) ၁၄၉
၃၄။ သောဘိတ (ပုဗ္ဗေနိဝါသ အဘိညာဉ်) ၁၅၁
၃၅။ ဥပါလိ (ဝိနည်းဆောင်ခြင်း) ၁၅၂
၃၆။ နန္ဒက (ဘိက္ခုနီတို့ကို ဆုံးမခြင်း) ၁၅၆
၃၇။ နန္ဒ (ဣန္ဒြေ လုံခြုံခြင်း) ၁၅၈
၃၈။ မဟာကပ္ပိန (ရဟန်းများကို ဆုံးမခြင်း) ၁၆၁
၃၉။ သာဂတ (တေဇော သမာပတ် ဝင်စားခြင်း) ၁၆၈

၄၀။ ရာဓ (တရားကို ထင်မြင်လွယ်ခြင်း)
၄၁။ မောဃရာဇ (ခေါင်းပါးသောသင်္ကန်းဆောင်ခြင်း)

## ဧတဒဂ်ရ ဘိက္ခုနီ

၁။ မဟာဂေါတမီ (ညဥ့်အပိုင်းအခြားသိခြင်း)
၂။ ခေမာ (ပညာဉာဏ်ကြီးခြင်း)
၃။ ဥပ္ပလဝဏ္ဏာ (တန်ခိုးကြီးခြင်း)
၄။ ပဋာစာရာ (ဝိနည်းဆောင်ခြင်း)
၅။ ဓမ္မဒိန္နာ (တရားဟောကြားခြင်း)
၆။ နန္ဒာ (ဈာန်၌မွေ့လျော်ခြင်း)
၇။ သောဏာ (လုံ့လဝီရိယကြီးခြင်း)
၈။ ဗကုလာ (ဒိဗ္ဗစက္ခု အဘိညာဉ်ရခြင်း)
၉။ ကုဏ္ဍလ ကေသာ (လျင်မြန်စွာ မဂ်ဖိုလ်သိခြင်း)
၁၀။ ဘဒ္ဒါ ကာပိလာနီ (ပုဗ္ဗေနိဝါသအဘိညာဉ်)
၁၁။ ဘဒ္ဒါကစ္စာနာ (အားကြီးသောအဘိညာဉ်)
၁၂။ ကိသာ ဂေါတမီ (ခေါင်းပါးသောသင်္ကန်းဆောင်ခြင်း)
၁၃။ သိင်္ဂါလက မာတာ (သဒ္ဓါတရားအားကြီးခြင်း)

## ဧတဒဂ်ရ ဥပါသက

၁။ တပုဿ–ဘလ္လိက
(ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံ)
၂။ အနာထပိဏ္ဍိက (လှူဒါန်းခြင်း၌မွေ့လျော်ခြင်း)
၃။ စိတ္တဂဟပတိ (တရားဟောကြားခြင်း)
၄။ ဟတ္ထက အာဠဝက
(သင်္ဂဟဝတ္ထုဖြင့် ပရိသတ်ကို ချီးမြှောက်ခြင်း)

၅။ မဟာနာမသကျ (မွန်မြတ်သောဝတ္ထုကို လှူခြင်း)
၆။ ဥဂ္ဂဂဟပတိ (နှစ်သက်ဖွယ်ဝတ္ထုကို လှူခြင်း)
၇။ ဟတ္ထိဂါမဥဂ္ဂတ (သံဃာကို လုပ်ကျွေးခြင်း)
၈။ သူရမ္ဗဋ္ဌ (မတုန်မလှုပ်ကြည်ညိုခြင်း)
၉။ ဇီဝက (ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း)
၁၀။ နကုလပိတာ (အကျွမ်းဝင်သောစကားဆိုခြင်း)

## တေဒဂ်ရ ဥပါသိကာ

၁။ သုဇာတာ (ရှေးဦးစွာကိုးကွယ်ဆည်းကပ်ခြင်း)
၂။ ဝိသာခါ (လှူဒါန်းခြင်း၌မွေ့လျော်ခြင်း)
၃။ ခုဇ္ဇုတ္တရာ (အကြားအမြင်များခြင်း)
၄။ သာမာဝတီ (မေတ္တာစိတ်ဖြင့်နေလေ့ရှိခြင်း)
၅။ နန္ဒမာတာ ဥတ္တရာ (ဈာန်၌မွေ့လျော်ခြင်း)
၆။ သုပ္ပဝါသာ (မွန်မြတ်သောဝတ္ထုကို ပေးလှူခြင်း)
၇။ သုပ္ပိယာ (သူနာကို လုပ်ကျွေးပြုစုခြင်း)
၈။ ကာတိယာနီ (မတုန်မလှုပ်ကြည်ညိုခြင်း)
၉။ နကုလမာတာ (အကျွမ်းဝင်သောစကားဆိုခြင်း)
၁၀။ ကာဠီကုရရဃရိကာ (တစ်ဆင့်စကားဖြင့်ကြည်ညိုခြင်း)

# နိဒါန်း

ဦးသော်ဇင်သည် ဦးပဥ္စင်းအား သက္ကတနှင့် ဟိန္ဒီ သင်ပေးသော ဆရာကြီးဖြစ်သည်။ သူသည် ဦးပဥ္စင်းနှင့် တွေ့တိုင်း "မောင်ပဥ္စင်း ဗုဒ္ဓ တရားတော်တွေကို လူအများ အကျိုးရှိအောင် ခေတ်မီမီနှင့် စာရေးပါ" ဟု တိုက်တွန်းလေ့ရှိသည်။သူတိုက်တွန်းတိုင်းလည်း ဦးပဥ္စင်းက ပြန်ပြောလေ့ ရှိသည်မှာ "ဆရာကြီး၊ စာရေးရမှာ ပျင်းတယ်" ဟူ၍ ဖြစ်သည်။ ဆရာကြီး သည် ထိုသို့ ဖြေသောအခါ မျက်နှာ မသာယာပေ။

ဆရာကြီးမျက်နှာ မသာယာသောအခါ ဦးပဥ္စင်းက "ဦးပဥ္စင်း ယခု ကိုယ်သိသလောက် ပြန်ဟောပေးနေတာပဲ" ဟုပြောသည်။

"မောင်ပဥ္စင်းဟောတာ ဘယ်လောက်ပျံ့နှံ့မှာလဲ၊ စာရေးတာက အများကြီး ပျံ့နှံ့တယ်"ဟု ပြောသည်။

မှန်ပေသည်။ ယနေ့ ပိဋကတ်တွေသည် စာပေအဖြစ်နှင့်သာ တည်ရှိခဲ့သည်။ အမှန်စင်စစ် ဦးပဥ္စင်းဟောသည်မှာ စာရေးသလောက် မပျံ့နှံ့၊ ထို့ပြင် ဟောရုံသာ ဟောချင်၍ လူရှင်ရဟန်းတို့နှင့် ဆက်ဆံ ပြောဆိုရမှာ ဝါသနာမပါ၍ နေရာတိုင်းသို့ မလိုက် မသွားသဖြင့် ပို၍ နယ်ကျဉ်းသည်။

သို့ဖြင့် အချိန်တွေ ကုန်လွန်ခဲ့ရာမှ တောင်ကြီးခရီးစဉ် ပေါ်လာ သဖြင့် ၁၃၃၁–ခု၊ တပေါင်းလဆန်း ၁–ရက်နေ့တွင် တောင်ကြီးသို့ လိုက်

လာခဲ့ရသည်။ ယခုနှစ်တွင် မုတ္တာမမြို့နယ် နေရာတစ်ခုမှာ နေရာစီစဉ်ထားပြီး ဖြစ်၍ ဘယ်မှမသွားဘဲ ကျန်းမာရေး ဂရုစိုက်နေချိန်တွင် တောင်ကြီး လိုက်လာခဲ့ရခြင်း ရည်ရွယ်ချက်က ဆရာကြီးအား စာတစ်အုပ် ရေးခိုင်းရန် ဖြစ်သည်။

တောင်ကြီးရောက်သောအခါ သူ့ကို မခိုင်းရသေးခင် သူက အရင် ရေးခိုင်းလေတော့သည်။ "ဆရာကြီး စာရေးရမှာပျင်းတယ်" ဟူ၍ပင် ဖြေပြန်သည်။ဆရာကြီးက မကျေနပ်ပေ။သို့နှင့် "ဒီလိုဆိုရင် အကောင်းစား တိတ်ရီကော်ဒါထဲ အသံသွင်းပေးမယ်။ ပြီးတော့မှ ပြန်ကူးယူ" ဟု ပြောလိုက်သည်။

ထိုအခါ ဆရာကြီးက မဖြစ်နိုင်တာဟုပြောစဉ် ဒေါ်ရွှေခင်က "ဖြစ်ပါတယ် ဦးလေး" ဟု ကြားဝင်ခံ၍ မကြာမီ လဆုတ်၁-ရက်နေ့တွင် ရီကော်ဒါ လာပို့တော့သည်။ ပြောလိုက်စဉ်က မဖြစ်ဘူးအထင်နှင့် ပြောလိုက်သည်။ နောက်ဖြစ်မယ်ဆိုတော့လည်း လွယ်လွယ်ပဲ ပြီးမယ်ထင်၍ ပေါ့ပေါ့ပဲ နေသည်။ .

ရီကော်ဒါရောက်မှ စာအုပ် သေသေချာချာ ကြည့်တော့ ဝတ္ထုက ၇၄-ဝတ္ထုရှိသည်။ တစ်အုပ်တည်းကြည့်လို့ မပြည့်စုံ။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံအစုံ လှန်လှောမှ ပြည့်စုံမည်ကို တွေ့ရ၊ သိရသည်။ ထိုအခါ ရင်မောမိတော့သည်။ သို့သော် ဖြေစရာကတော့ ဒေါ်ရွှေခင်ကတောင် ၃၅ဝဝိ/- အကုန်ခံပြီး တိတ်ရီကော်ဒါ လာပို့ထားမှ ငါက ပါးစပ်ကလေး စိုက်ရတာ မစိုက်နိုင်ဘူးလားဟု ဖြေရတော့သည်။

သို့နှင့် ကျောင်းဗီရိုထဲမှာရှိသော စာအုပ်အားလုံး ဦးပဉ္စင်းကျောင်းသို့ သယ်ထုတ်ကာ နေ့လယ်ဘက်တွင် စာကို သေသေချာချာကြည့်၊ မှတ်သင့်တာ မှတ်၊ ရေးသင့်တာရေး၍ ညဘက်တွင် အသံသွင်းသည်။ ရီကော်ဒါမှာ လေးဖက်သွင်းဖြစ်၍ ရံခါ မျက်စိလည်၍ မှားသွားကာ ပြန်သွင်းရသည် လည်းရှိ၏။

ညဘက် အသံသွင်းရန် အချိန်မီ အချက်အလက် ပြည့်စုံရေးကို နေ့ဘက်က အတော် ကြိုးစားရသည်။ သို့နှင့် သက်သာမှုရအောင် 'သီရိ ပဝရ ဓမ္မာစရိယ–အရှင်ဝါသဝ' အား ကူညီပါရန် ပြောသဖြင့် သူသည် ဦးပဥ္စင်းကျောင်းသို့ နေ့လယ်တွင်လာ၍ ဖတ်သင့်တာ ဖတ်ပြ၊ ညွှန်ကြားသင့် တာ ညွှန်ကြား၍ လိုတိုး ပိုလျော့ အကြံပေးသဖြင့် သက်သာစွာနှင့် ပြီးသွား သည်။

၁၄–ရက်ကြာသည်။ ယခုစာအုပ်ပါ အချက်အလက်တို့မှာ ဗဟု သုတများသူအတွက် မပြည့်စုံဟု ထင်လျှင် ချန်ခဲ့တာပါဟု ယူဆပါရန်၊ ဗဟုသုတ အားသေးသူအဖို့ များလွန်းသည် နက်လွန်းသည်ဟု ထင်လျှင် စေတနာလွန်သွားလို့ပါဟု ယူဆပါရန်၊ အနေတော်ပဲဆိုလျှင် ဦးပဥ္စင်းတို့ စေတနာနှင့် ကူညီသည်ဟု ယူဆပါရန် ကြိုတင် သိစေပါသည်။

ဤစာအုပ်သည် စာရှုသူတို့အား အမှန် အကျိုးပြုမည်ဟု ယုံကြည် သည်။ အကြောင်းသော်ကား ဤစာအုပ် ဖြစ်မြောက်ရေးအတွက် စာကြည့် စဉ်၊ မှတ်စဉ်၊ ကောက်ချက်ချစဉ်၊ အသံသွင်းစဉ် ၁၄–ရက်တာတွင် စာအုပ် ပါ ပုဂ္ဂိုလ်များက ပြုမှု ပြောဆို ကြံစည်ချက်တို့ကို သိရတော့ လူတို့နှင့် တွေ့နေဘိအလား ထင်လာကာ ဦးပဥ္စင်း၏ စိတ်ဓာတ်သို့ လူတို့၏ စိတ်ဓာတ်များက ရိုက်ခတ်ကာ စိတ်ဓာတ်များ ပြောင်းလွဲသွားတော့သည်။

ဦးပဥ္စင်း၏ စိတ်ဓာတ်တို့သည် နူးညံ့ ပျော့ပျောင်းလာသည်။ သူတို့လို ဖြစ်ချင်လာသည်။ ကြိုးစားချင်လာသည်။ ကြိုးလည်း ကြိုးစားမည် ဟု ဆုံးဖြတ်ချက် ချထားသည်။ ယခု ဤစာအုပ် စာရှုသူလက်ထဲ ရောက် နေချိန်တွင် ဦးပဥ္စင်း မူလနေရာ ရန်ကုန် ရွှေဥမင်တောရမှာ ရှိမည် မဟုတ် တော့ဘဲ မူလ စီစဉ်ထားတဲ့ မုတ္တမမြို့နယ် မထင်ရှားသောဒေသ ဌာန တစ်ခုသို့ ရောက်လျှက် စာအုပ်မှာပါသည့် ပုဂ္ဂိုလ်ကျော်တို့ အတုကို မြင်ကာ အတတ်သင်ကောင်း သင်နေပါလိမ့်မည်။

စာရှုသူတို့အားလည်း ဦးပဥ္စင်းကဲ့သို့ ပုဂ္ဂိုလ်ကျော်တို့၏ ဓာတ်

သဘာဝက ရိုက်ခတ်သဖြင့် မူလစိတ်ဓာတ် ပြောင်းလဲပြီး ပုဂ္ဂိုလ်ကျော်တို့ စိတ်ဓာတ်မျိုး သက်ရောက်ပါစေဟု ဆုတောင်းပတ္ထနာပြုပါ၏။ ဦးပဥ္စင်း ဆုတောင်းပတ္ထနာ မပြုမီကပင် စာရှုသူ၏စိတ်ဓာတ် ပြောင်းလဲသည်ဆိုပါက သာ၍သာ၍ ဝမ်းသာပါ၏။

သို့မှ မပြောင်းလဲသေးပါက ထပ်၍ထပ်၍ ဖတ်ပါ။ သူတို့ စဉ်းစားသလို စဉ်းစားပါ။ တစ်ခါဖတ်လျှင် ပုဂ္ဂိုလ်ကျော်တစ်ဦးအကြောင်းပဲ ဖတ်ပါ။ ဖတ်ပြီး စဉ်းစားပါ။ စဉ်းစားနိုင်ရုံမျှသာ တင်ပြထားခြင်း ဖြစ်သည်။

ပုဂ္ဂိုလ်ကျော်တို့၏အကြောင်း အပြည့်အစုံဆိုပါက ပိဋကတ်သုံးပုံ အကုန်တင်ပြမှ စုံပါမည်။ ထိုသို့ကား မဟုတ်ပါချေ။ ပိဋကတ်တွေ ရှိပြီးဖြစ်နေ၏။သူတို့၏ အကြောင်းကို သိသင့်သလောက် သိပြီး ပိဋကတ်သို့ ချဉ်းကပ်ချင်အောင် ဖော်ပြထားခြင်းသာ ဖြစ်သည်။ ဇေတဝန် ပေါ်လွင်ရုံသာ ဖော်ပြထားခြင်း ဖြစ်သည်။ အထူးသဖြင့် ခေတ်စာဖတ်ပရိသတ်အတွက် ပါဠိမပါ လွယ်ကူစွာ ဖတ်ရအောင် တင်ပြထားခြင်း ဖြစ်ပါသတည်း။

၅-၇-၇၀ အရှင်ပညာဇောတ
ဓမ္မသုခကျောင်း ဝိသိဋ္ဌဒီဃဘာဏက နှင့် သိရိပဝရ ဓမ္မာစရိယ
တောင်ကြီး-ခေတ္တ ရွှေဥမင်တောရ-ရန်ကုန်

## ကိုးကားသောကျမ်းများ

အင်္ဂုတ္တိုရ်အဋ္ဌကထာ–ပထမအုပ်–တေဒဂ္ဂ ဝဏ္ဏနာကို မူထား၍–

ဒီဃနိကာယ်မှ ၁–သုတ်မဟာဝါ ပါဠိတော်၊ ၂–သုတ်ပါထေယျ ပါဠိတော်။

မဇ္ဈိမနိကာယ်မှ ၁–မူလ ပဏ္ဏာသ ပါဠိတော်၊၂–မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်၊ ၃–ဥပရိ ပဏ္ဏာသ ပါဠိတော်။

သံယုတ္တနိကာယ်မှ ၁–သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ ၂–ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်၊ ၃–မဟာဝဂ္ဂ သံယုတ် ပါဠိတော်။

အင်္ဂုတ္တရနိကာယ်မှ ၁–အင်္ဂုတ္တိုရ် ပါဠိတော် ဧကက, ဒုက, တိက, စတုက္က, ပဉ္စက, ဆက္က, သတ္တက, အဋ္ဌက, နဝက, ဒသက, ဧကာ ဒသက။

ခုဒ္ဒကနိကာယ်မှ ၁–ပါရာဇိကဏ် ပါဠိတော်၊ ၂–ပါစိတ် ပါဠိတော်၊ ၃–မဟာဝါ ပါဠိတော်၊ ၄–စူဠဝါ ပါဠိတော်၊ ၅–ထေရဂါထာ ပါဠိ အဋ္ဌကထာ၊ ၆–ထေရီ ဂါထာ ပါဠိ အဋ္ဌကထာ၊ ၇–ထေရာပဒါန် ပါဠိ အဋ္ဌကထာ၊ ၈–ထေရီပဒါန် ပါဠိ အဋ္ဌကထာ၊ ၉–အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၁၀–ခုဒ္ဒကပါဠ ငါးကျမ်းတွဲ ပါဠိ၊ ၁၁–ဝိမာနဝတ္ထု, ပေတဝတ္ထု ပါဠိ အဋ္ဌကထာ၊ ၁၂–ဓမ္မပဒ အဋ္ဌကထာ (ပ–ဒု) ၂–တွဲတို့ ဖြစ်သည်။

# အကြောင်းရင်း

၁

နွေရာသီသို့ ရောက်လေတိုင်း ရန်ကုန် အပူဒဏ်ကို မခံနိုင်သဖြင့် အေးချမ်းသာယာမည့် တစ်နေရာသို့ သွားနေရန် စိတ်ကူးခဲ့၏။ သို့ရာတွင် အခြေအနေအရ တစ်ခါတစ်ရံသာ အကြောင်း ညီညွတ်၍ များစွာသော နွေရာသီတို့၌ ရန်ကုန်မှာပင် လှိမ့်ပြန်ပြီး ခံနေရ၏။ ဤနှစ်မှာ ဆောင်းဦး ပေါက်စကပင် နွေရာသီ ခိုလှုံရေးစခန်းကို မျှော်မှန်း တမ်းတခဲ့၏။ ဤနှစ် တစ်နေရာသို့ သွားဖြစ်အောင် သွားမည်။ ရန်ကုန်မှ မထွက်သည်မှာ အတန် ကြာနေပြီ ဘယ်သွားရ ကောင်းမည်နည်း။ ဟိုလိုလို–ဒီလိုလိုနှင့် အလိုမကျရှိ နေစဉ် တောင်ကြီးမြို့မှ စာရေးဆရာမ ကမ္ဘောဇနုခင်နှင့် သူ၏ညီမ ဒေါ်ရွှေ ခင်တို့ မိသားစု ရန်ကုန်သို့ရောက်လာကြ၏။ သူတို့ကား–နှစ်အတန်ကြာက ပင် မိမိနှင့် ဆွေသားရင်းချာ ခင်မင်လာကြသူများ ဖြစ်၏။ လွန်ခဲ့သော ဆယ်နှစ်ခန့်ကလည်း တကောင်းပြည်ကြီးက အပြန် ဦးထွန်းသာ–ဒေါ်ကြာ နု၏ အိမ်တွင် ရက်အတန်ကြာ တည်းခိုခဲ့ဖူး၏။ ထို့ကြောင့် တောင်ကြီးသည် မိမိနှင့် တစ်စိမ်းတစ်ရံဆန် မဟုတ်ချေ။ ယခုနှစ်တွင် တောင်ကြီးမှာ စခန်းချ ရန် အလွန် နီးစပ်နေ၏။ ဤပြဿနာနှင့် စကားစပ်မိသောအခါ ဒေါ်ရွှေခင် က လိုက်လှဲစွာ ဖိတ်ခေါ်တော့သည်။

"ဦးလေး တခြားသွားဖို့ စဉ်းစား မနေပါနဲ့ တောင်ကြီးကို လာပါ။ လာဖြစ်အောင် လာပါ ဦးလေး။ စိတ်ချလက်ချ ယုံယုံကြည်ကြည်နှင့် လာပါ။ ကျွန်မ အိမ်ဟာ ဆိတ်ငြိမ်ရပ်ကွက်မှာမို့ ဦးလေးနှင့် အဆင်ပြေပါလိမ့်မယ်။ ပြီးတော့ ဦးလေး လွတ်လွတ်လပ်လပ်နေဖို့ သီးသန့် အခန်းလည်း ကျွန်မ အိမ်မှာ ရှိပါတယ်။ ကျွန်မ ခမည်းတော်ဟာလည်း ဦးလေးလို ကျမ်းပြုပုဂ္ဂိုလ် တစ်ပါးပါ။ ကျွန်မ ငယ်စဉ်ကပင် နတ်ပြည် စံလွန်သွားလို့ ဦးလေးကို အဖေလို ပြုစုပါရစေ"

သူ့စကားကို ကြားရသောအခါ မိမိသည် ချစ်စရာကောင်းသော တောင်ကြီးမြို့ထက် သူ့အဖေ ကျမ်းပြုပုဂ္ဂိုလ်ကြီးကို ပိုပြီး စိတ်ဝင်စားသွား၏ –

"ဟုတ်လား–ခင့်အဖေက ဘယ်သူလဲ။ သူ ဘယ်လို ကျမ်းတွေ ပြုစုခဲ့သလဲ"

"ခွန်ခမ်းအူလို့ ခေါ်ပါတယ် ဦးလေး။ ရှမ်းဘာသာနဲ့ ဇာတ်ကြီး ဆယ်ဖွဲ့၊ ဓိနတ္ထပကာသနီ၊ ပြီးတော့ ပိဋက သုံးပုံလည်းအကုန်လုံး ပြန်ပါတယ်။ တခြား စာအုပ်တွေလည်း ရှိပါသေးတယ်။ အဲဒီတုန်းက ကျွန်မတို့က ငယ်ငယ်မို့ ကောင်းကောင်း မမှတ်မိတော့ဘူး ဦးလေး"

သို့ဖြင့် မိမိသည် ယခုနှစ် တောင်ကြီး၌ သွားနေရန် ဆုံးဖြတ်လိုက်၏။ သူတို့သည် ရန်ကုန်တွင် တစ်ပတ်ခန့် နေကြပြီးနောက် တောင်ကြီးပြန်ရန် အသင့်ပြင်ဆင်နေကြ၏။ ထိုစဉ်တွင် ရွှေဥမင်တောရမှ အရှင်ပညာဇောတ ကြွလာ၏။ သူကား ငယ်ရွယ်စဉ်ကပင် သီရိပဝရ ဓမ္မာစရိယနှင့် ဝိသိဋ္ဌ ဒီဃဘာဏကက ဘွဲ့ထူးကို ဆွတ်ခူး ပန်ဆင်ခဲ့သူဖြစ်၏။ စာပေပရိယတ္တိကို ကောင်းစွာ သင်ကြားလေ့လာပြီးနောက် ပဋိပတ္တိခေါ် ကမ္မဋ္ဌာန်း အလုပ် အားထုတ် မွေ့လျော်နေသူဖြစ်၏။ မိမိသည် သူ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ယုံကြည် လေးစားလှသဖြင့် အိမ်သို့ မကြာခဏ ကြွရောက်ပြီး ချီးမြှောက်ပါရန် အခွင့်သင့်တိုင်း တောင်းပန် လျှောက်ကြားခဲ့၏။

သို့ရာတွင် သူကား တစ်နှစ်ကြာ၍ တစ်ခါ လာချင်မှ လာသည်။

"တပည့်တော်အိမ်က ကျောင်းသခ်မ်းနဲ့ ဘယ်လောက်မှ မခြားနားဘဲဟာ ဘာပြုလို့ မောင်ပဥ္စင်းက မကြာခဏ မကြွနိုင်တာလဲ"

"ဒါကြောင့် အခု လာတာပေါ့။ တစ်ခြား ဘယ်အိမ်မှ သွားတာမဟုတ်ဘဲ။ ဆရာတော်ကလည်း အရပ်ထဲ သွားတာမကြိုက်ဘူး"

ဤကဲ့သို့သော ဦးပဥ္စင်း ဖြစ်၏။ ယနေ့ ကံအားလျော်စွာ ကြွလာ၍ ရှေးဦးစွာ ရှိခိုးပြီး အိမ်သူအိမ်သားများနှင့် သူတို့အား တိုက်တွန်း၏–

"လာကြ အားလုံးလာကြ၊ ရှိခိုးကြ၊ ပူဇော်ကြ၊ ညည်းတို့ ပြန်ကြမယ့်ဆဲဆဲ ဦးပဥ္စင်း ကြွလာတယ်။ အားလုံး ပြေပြေလည်လည်၊ ချောချောမောမော၊ ကောင်းကောင်းမွန်မွန်ဖြစ်မယ့် အတိတ်ကောင်း နိမိတ်ကောင်းပဲ"

ဒေါ်ကြာနုနှင့် ဒေါ်ရွှေခင်သည် ဦးပဥ္စင်းကို ရှိခိုး ဦးတင်ပြီး အလွန်ကြည်လင်နေ၏။ သူတို့သည် ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည့်ပြင် မိမိအလွန် လေးစားစွာ ပူဇော်သော ဦးပဥ္စင်းကို ဖူးတွေ့ရသောကြောင့်လည်း ဖြစ်ဟန်ရှိသည်။ ဤတွင် မိမိက အခွင့်ကောင်း ဝင်ယူလိုက်၏–

"ဦးလေး တောင်ကြီးလာရင် ဒီ မောင်ပဥ္စင်းကိုလည်း တစ်ခါတည်း ပင့်ခဲ့မယ်။ ကဲ ... မောင်ပဥ္စင်း မတ်လ ပထမပတ်မှာ သွားနိုင်အောင် တပည့်တော် စီစဉ်လိုက်မယ်"

ဦးပဥ္စင်း ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံကြောင်း သိသောအခါ ကမ္ဘောဇနုခင်က ရှိခိုး ပန်ကြား၏–

"ဦးပဥ္စင်းဘုရား ကြွလာမယ်ဆိုရင် တပည့်တော်မတို့ သိပ်ဝမ်းသာကြမှာပဲ ဘုရာ့"

ဆက်လျက် ဒေါ်ရွှေခင်က လိုက်လှဲစွာ ဖိတ်ကြား၏–

"ဦးပဥ္စင်းဘုရား ဦးလေးနှင့်အတူ ကြွဖြစ်အောင် ကြွပါဘုရား။ တပည့်တော်မတို့ အိမ်နားမှာ ဓမ္မသုခ ကမ္မဋ္ဌာန်း ကျောင်းတိုက်လည်း ရှိပါ

တယ်။ အဲဒီကျောင်းတိုက်မှာ တပည့်တော်မ မယ်တော်ကြီးသီလရှင် အဖြစ်နဲ့ တရား အားထုတ်နေပါတယ်။ ဦးပဥ္စင်းဘုရားအတွက် ဆွမ်း၊ ကွမ်း၊ အဝတ်၊ သင်္ကန်းမှ စ၍ တပည့်တော်မ အားလုံး တာဝန်ယူပါတယ် ဘုရား"

ရန်ကုန်၏ အပူရှိန်သည် ဖေဖော်ဝါရီလ နောက်ပိုင်းလောက်က စ၍ အစွမ်းပြလှပြီ။ မတ်လသို့ ရောက်သောအခါ အိမ်ပြင်သို့ မထွက်ချင်လောက်အောင် တောက်လောင်နေ၏။ ထို့ကြောင့် မိမိသည် အိမ်သူချော သွယ် ခြောက်ယောင်မယ်အား ရန်ကုန်မှ ဟဲဟိုးသို့ မတ်လ ၈–ရက်နေ့ ထွက်မည့် လေယာဉ်လက်မှတ် နှစ်စောင် ဝယ်ပေးပါရန် တောင်းပန်၏။

"အမှန်တော့ ကိုယ်တို့အတွက် ခင်က လှူပါလိမ့်မယ်။ မဟုတ်လည်း အချည်းနှီး မဖြစ်နိုင်ပါဘူး။ ကိုယ့်အလှူ ဖြစ်တာပေါ့။ အလှူဆိုတာ လှူချင်မှလည်း လှူရတယ်။ လှူတတ်မှလည်း မြတ်တယ်"

"အချိန်ကျတော့ ရပါစေ့မယ်။ နု လှူလည်း မမခင် အလှူလိုပါပဲ။ နုက မမခင်ဆီက အကူအညီတွေ အများကြီး ယူထားတာပဲ။ သူ့ကိုယ်စား ဒါထက်မက လှူပေးတောင် သူ့ကျေးဇူးတွေ ကျေမှာမဟုတ်ဘူး။ ဒီတော့ စိတ်ချသာနေ။ မမခင်ဆီတော့ ကြိုတင်ပြီး စာရေးလိုက်ချင်တယ်"

"ဘယ်လို ရေးချင်လို့လဲ"

"ရှင်တစ်ဆူ လူတစ်ယောက် မကြာမီ ရောက်လိမ့်မယ်လို့"

"မဆိုးဘူးဟဲ့ ညည်းစကား၊ ရာဇဝင် ဥပမာပဲ"

သက္ကရာဇ် ၉၆၇–ခုနှစ်တွင် အနောက်ဘက်လွန် မင်းတရားကြီး အင်းဝရွှေနန်းကို သိမ်းမြန်း စိုးစံ၍ ၉၇၀–ပြည့်နှစ်တွင် ပြည်မြို့ကို အလိုပြည့်တော်မူ၏။ ထိုအခါ ပြည်မြို့မှ ယူကောင်းသ သူတို့ကိုလည်း သိမ်းယူတော်မူရာတွင် တောင်ဖီလာ ဆရာတော်လောင်း ရှင်မုနိန္ဒဃောသ အင်းဝသို့ ရောက်ရ၏။ ထို့ကြောင့် မင်းကြီးသည် ပြည်မြို့ကို သိမ်းယူရာ၌– "ရှင်တစ်ဆူ လူတစ်ယောက်သာ ရသည်"ဟု ဆိုကြောင်း စကားစဉ် ရှိ၏။ ရှင်တစ်ဆူမှာ

အရှင်မှုန်နိန္နဃောသဖြစ်၍ လူတစ်ယောက်မှာ အရှင့်ကျေးဇူးသစ္စာကို သိတတ်သော ၁၃–နှစ်သား ငထင်ငယ် ဖြစ်၏။ ယခုကား လူကြီးနှင့်ရင်ငယ် ဖြစ်၏။

၂

ရဂုံရစ်ခွေ မြစ်ရေကြို့
ခေတ်နွေတခို့ မိန်ရာသီ၊
ပုရစ်ဝေလို့ စိန်ညှာစီတယ်
နိမ္မာနရတီ ဘုံလေလား၊
ငွေသဲဖြူဖြန့် တလင်းပြင်မှာ
ပယင်းကတင် ညောင်စောင်းတင်လို့ထား၊
မြအုတ်စိန်အုတ် ဆင့်ကာစီ
ပလ္လင့်နာရဏီ ဖန်နယား၊
ကျင့်ပါရမီ အကြံအားနှင့်
စံစားပျော်ဖို့ နတ်စီမံ၊
ဂေါမုတ်တီဝါ ညီညာဆိုင်း
နီလာတံတိုင်း ရစ်သိုင်းကာလို့ရံ၊
ရွှေပေါက္ခရ သုံးဆင့်ကန်မှာ
ဂမုံးပွင့်တံ သဇင်ခလို့၊
ဓမ္မဥ္စရ မှန်နန်းနှင့်ပျော်စံ
စျာန်လမ်း ဖွင့်ဖော်ရန်၊
ဝေဘာဂီရိ တောင်ဆွယ်ကမ်းပါးယံမှာ
ရောင်မယ့်အကြံ ရည်စူးပြီမို့လေး၊
ကာမဂုဏ်ငွေ ထွေးအော့အန်မယ်
မနေးသော့အမြန် လွတ်ငြိမ်းချင်လို့လေး။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးစပ်သည့် တေးထပ်ဟု ထင်ပါသည်။ သူသည် အဘယ်ကို ရည်မှတ်ပြီး ရေးစပ်သည်ဟု မသိပါ။

မိမိတို့နှင့်ကား အတော် ဟပ်မိနေသည်။ မိမိတို့သည် လွန်စွာ အေးမြသာယာ လှပစွာသော ရှမ်းပြည်နယ်မြို့တော် တောင်ကြီးသို့ ရောက်ခဲ့၏။ ထိုတွင် ဒေါ်ရွှေခင်၏ အိမ်ဂေဟာမှာ ရှုခင်းသာတွင် သာသောင့်သာယာ တည်ရှိ၏။ ထိုမှတစ်ဆင့် ဝေဠုဝန် ဥယျာဉ်နှင့် နှိုင်းယှဉ်သင့်သော ဓမ္မသုခကျောင်းကို တွေ့မြင်ကြရသည်။ ကြည်ညိုဖွယ်ကောင်းသော ဦးပဥ္စင်းနှင့် အတူတကွ သွားလာရသည်။ အဘယ်မျှ နေရာကျသနည်း။

မိမိသည် အခွင့်ကောင်းယူပြီး ဦးပဥ္စင်းကို ပင့်ဆောင်လာခြင်း ဖြစ်၏။ ထိုအခွင့်ကောင်းကို ပြောပြနေဖွယ် လိုမည် မထင်ပါ။ သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်းထက် ကောင်းမွန်သော အခွင့်ကောင်း ဘယ်မှာ ရှိမည်နည်း။ တစ်ရံသောအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ကြား၏။

"အရှင်ဘုရား သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်းသည် မဂ်ဖိုလ် အတွက် ထက်ဝက်အကျိုးပြီးမြောက်သည်ဟု ကျွန်ုပ် ယူဆပါ၏"

ထိုအခါ မြတ်စွာဘုရားက ပြန်လည် မိန့်ကြားတော်မူ၏–

"အာနန္ဒ ဤသို့ မဆိုလင့်။သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်းသည် မဂ်ဖိုလ်အကျိုး အလုံးစုံကို အကုန် ပြီးမြောက်၏"

ဦးပဥ္စင်းလည်း အခွင့်ကောင်းကို ချောင်း၍ လိုက်လာခြင်းဖြစ်၏။ သူသည် ရွာကျောင်းမှ တောရကျောင်းသို့ တစ်ဆင့်ပြောင်းရန် တိုင်ပင်စိုင်းပြင်ထား၏။ တောရကျောင်းတွင် ပိဋကစာအုပ်များ ရှိမည် မဟုတ်သဖြင့် ပိဋကတော်တို့မှ လိုရာရာတို့ကို သူ့အတွက် သက်သက် အကျဉ်းချုပ် ကောက်နုတ်ထား၏။ ဗုဒ္ဓဓမ္မ၏ ပဓာနအချုပ်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာနှင့် ဆိုင်ရာ မှတ်စုမှတ်ရာတို့ ဖြစ်ကုန်၏။ သူ၏ မှတ်ချက်တို့ကို ရိုးရိုး စာဖတ်ပရိသတ်တို့လည်း ဖတ်ရှုနိုင်စေရန် စာအုပ်တစ်အုပ်စီ ပြုလုပ်ပြီး ထုတ်ရန် မိမိအား စေခိုင်း တိုက်တွန်း၏။

"မောင်ပဥ္စင်း မှတ်စုတွေကို တပည့်တော် စိတ်မဝင်စားသေးပါ။ ဗုဒ္ဓစရိတဘာသာပြန်ကလည်း တိုးလိုးတန်းလန်းကြီး ဖြစ်နေသေးတယ်"

"ဒီဥစ္စာက ဗုဒ္ဓစရိတထက် ကောင်းတယ်။ အမယ်… ဘာမှတ်လို့လဲ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်က အဆီအနှစ်တွေ ထုတ်ထားတာ"

"ဒါဖြင့်လည်း ဒီအတိုင်း တည်းဖြတ်ပြီး ပုံနှိပ်ပေါ့"

"ဟာ! ဘယ်ဖြစ်မလဲ၊ ဦးပဥ္စင်း မှတ်စုက ပါဠိလိုချည်း"

"ဒီလိုဆို မောင်ပဥ္စင်းဥစ္စာက မလွယ်လှဘူး"

"အေးလေ ဘယ်လွယ်မလဲ၊ ဒါကြောင့် ဆရာကြီး ပြန်ရေးပါလို့ပြောတာပေါ့"

"လွယ်တာ လုပ်ပါ။ လူတွေလည်း စိတ်ဝင်စားမယ်။ ပြီးတော့ လိုလည်း လိုတယ်။ တေဒဂ်ရ ပုဂ္ဂိုလ်တွေအကြောင်း အပြည့်အစုံ ပိဋကတ်တွေက ထုတ်နုတ်ပါလား"

"တေဒဂ်ဝတ္ထုဆိုတဲ့ စာအုပ် ရှိသားပဲ မဟုတ်လား"

"ရှိခဲ့ဖူးတယ်။ ဘယ်သူ ရေးမှန်းတောင် မသိတော့ဘူး။ကြာလှပြီ။ ပြီးတော့ အပြည့်အစုံလည်း မဟုတ်ဘူး။ တချို့သာပါပြီး အတိတ်ဇာတ်ကြောင်းကိုပဲ အသားပေးထားတယ်"

"အတိတ် မပါလို့တော့ ဘယ်ဖြစ်မလဲ"

"အတိတ်ဆိုတာ အခက်သားပဲ။ ဒီခေတ် လူငယ်တွေကလည်း လွန်လေပြီးသော အတိတ်ကို သိပ်ယုံကြည်ကြတာ မဟုတ်ဘူး။ ဒါတွေကို ဦးစားပေးလွန်းတော့ အရေးကြီးတဲ့ ပစ္စုပ္ပန် အကြောင်းတွေ မှိန်ကုန်တာပေါ့။ အတိတ်ကို မယုံကြည်တာနဲ့ မျက်နှာလွှဲသွားရင် ရည်ရွယ်ချက် မအောင်မြင်ဘဲ ဖြစ်တတ်တယ်။ ရေးမှုမပျက်စေချင်လည်း တော်သင့်ရုံ ထည့်ပေါ့"

"ခက်တာက ဦးပဥ္စင်းက စာမရေးချင်ဘူး။ ပါးစပ်နဲ့ ပြောပေးရမယ် ဆိုရင်တော့ ဖြစ်ချင် ဖြစ်မယ်"

"မောင်ပဥ္စင်းကလည်း ကတ်သီးကတ်သပ်။ လက်ရေးတို လက်နှိပ်စက် စာရေးတစ်ယောက် ငှားပေးရမလို ကျနေပြီ"

"ဦးပဥ္စင်းမှ မရေးချင်ပဲဟာ။ အသံသွင်းစက် ရှိရင်လည်း အကောင်းသားပဲ"

"ဒီလိုဆို တပည့်တော်မ အသံသွင်းစက် လှူပါ့မယ် ဘုရား"

ဒေါ်ရွှေခင်က ဤပြဿနာကို ကြားဝင် ဖြေရှင်းပေးလိုက်၏။ ဦးပဥ္စင်းကား ဒီဃနိကာယ်ကို အာဂုံ ပြန်ဆို၍ ဝိသိဋ္ဌ ဒီဃ ဘာဏကဘွဲ့ကို ရခဲ့သူဖြစ်၏။ ထို့ကြောင့် ဤအတွက် ခက်ခဲဖွယ်ရှိမည် မဟုတ်ဟု ထင်ပါသည်။ ထို့ပြင် စာကြည့်တတ်ပြီး လက်တွေ့လည်း အားထုတ်နေ၍ အမှားအမှန် ခံယူချက် အတွက်လည်း ယုံကြည် စိတ်ချရ၏။

## ၃

တေဒင်္ဂသည် ရှင်တစ်ဆူ လူတစ်ယောက်၏ အခွင့်အရေး နှစ်ရပ်ကို ပေါင်းစပ်လိုက်သော ရလဒ် ဖြစ်၏။ တေဒင္ဂကို မြန်မာတို့က တေဒင်္ဂဟု ခေါ်ကြ၏။ တေနှင့် အင်္ဂ နှစ်ပုဒ် တွဲစပ်နေ၏။ တေ၊ အင်္ဂဟု ပုဒ် ဖြတ်ပြီး ထိုပုဂ္ဂိုလ်သည် မြတ်၏ဟု အနက်မြန်မာ ပြန်ဆိုကြ၏။ သူသည် ဤနေရာဌာနတွင် အထွတ်အမြတ်ဟု ဆိုလိုခြင်းဖြစ်၏။ အင်္ဂုတ္တရ ပါဠိတော်တွင် တေဒင္ဂအရာ ဌာနပေါင်း ၅၈-ခုရှိ၏။ ယင်းရာထူးကို ရရှိသူပေါင်းမှာ ၇၅-ဦးရှိ၏။ အကြောင်းကား တေဒင်္ဂရ ပုဂ္ဂိုလ်မှာ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ ဟူ၍လေးမျိုးရှိ၏။ အချို့မှာ ပုဂ္ဂိုလ်တစ်မျိုးတည်း သာရ၍ အချို့မှာ နှစ်မျိုး၊ သုံးမျိုး ပူးတွဲ ရကြ၏။ ဘိက္ခု တစ်ပါးရသော တေဒင်္ဂကို အခြား ဘိက္ခုတစ်ပါး မရနိုင်သော်လည်း ထိုတေဒင်္ဂကို ဘိက္ခုနီ၊ ဥပါသက သို့မဟုတ် ဥပါသိကာတို့တွင် တစ်စုံတစ်ယောက်သည် ရနိုင်၏။ ထို့ကြောင့် ၅၈-ခုသာရှိသော တေဒင်္ဂဝတ္ထုကို ပုဂ္ဂိုလ်ပေါင်း ၇၅-ဦးတို့ ရကြခြင်းဖြစ်၏။ ဘိက္ခု ပေါင်း ၄၁-ဦး၊ ဘိက္ခုနီ ပေါင်း ၁၃-ဦး၊ ဥပါသက ပေါင်း ၁၀-ဦး နှင့် ဥပါသိကာ ပေါင်း ၁၁-ဦး ဖြစ်၏။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ လေးမျိုးလုံး ရသော တေဒင်္ဂ မရှိချေ။ ပုဂ္ဂိုလ်သုံးဦးနှင့် ဆက်စပ်သော တေဒင်္ဂတို့မှာ တရား

ဟောခြင်း၊ ချာန်၍ မွေ့လျော်ခြင်း၊ လုံ့လဝီရိယ ကြီးခြင်း၊ ရှေးဦးစွာ ကိုးကွယ် ဆည်းကပ်ခြင်းဟူ၍ ၄–မျိုးတို့ ဖြစ်ကုန်၏။ ပုဂ္ဂိုလ်နှစ်ဦးနှင့် ဆက်စပ်သော ဧတဒဂ်တို့မှာ–လျင်မြန်စွာ မဂ်ဖိုလ်ကို သိခြင်း၊ အကြားအမြင်များခြင်း၊ ပုဗ္ဗေနိဝါသ အဘိညာဉ်ရခြင်း၊ ဝိနည်း ဆောင်ခြင်း၊ ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်း၊ ညဉ့်အပိုင်းအခြားကို သိခြင်း၊ ပညာကြီးခြင်း၊ တန်ခိုးကြီးခြင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်ရခြင်း၊ သဒ္ဓါတရား ကြီးခြင်း၊ လှူဒါန်းခြင်း၌ မွေ့လျော်ခြင်း၊ မွန်မြတ်သော ဝတ္ထုကို ပေးလှူခြင်း၊ မတုန်မလှုပ် ကြည်ညိုခြင်း၊ အကျွမ်းဝင်သောစကားကို ဆိုခြင်း–ဟူ၍ ၁၄–မျိုးတို့ ဖြစ်ကုန်၏။ အခြား ဧတဒဂ်ဝဏ္ဏ ၄၀–တို့သည်ကား ပုဂ္ဂိုလ်တစ်ဦးတည်းနှင့်သာ ဆက်စပ်ကုန်၏။

ဧတဒဂ်ရ ပုဂ္ဂိုလ် ၇၅–ဦးတို့တွင် အရှင် အာနန္ဒသည် ဧတဒဂ် ငါးခုကို ရ၏။ အရှင် စူဠပန္ထကနှင့် အရှင် သုဘူတိသည် ဧတဒဂ်နှစ်ခုစီ အသီးသီးရကြ၍ အခြားသော ၇၂–ဦးသော သူတို့ကား ဧတဒဂ်တစ်ခုစီသာ ရကြကုန်၏။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ရတ္တညူနံ ယဒိဒံ အညာတ ကောဏ္ဍညော။

ဘိက္ခဝေ–ရဟန်းတို့။ မမ–ငါ၏။ သာဝကာနံ–တပည့်ဖြစ်ကုန်သော။ ရတ္တညူနံ–ညဉ့် အပိုင်းအခြားကို သိကုန်သော။ ဘိက္ခူနံ–ရဟန်းတို့တွင်။ ယဒိဒံ–ယောအယံ အညာတ ကောဏ္ဍညော–အကြင် အညာတ ကောဏ္ဍညသည်။ အတ္ထိ–ရှိ၏။ ဧတံ–ဧသော။ ဤအညာတ ကောဏ္ဍညသည်။ အဂ္ဂံ–အဂ္ဂေါ–မြတ်၏။

ဤသို့ စသည်ဖြင့် ဘိက္ခုတို့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိ ဂေါတမီ။

ဘိက္ခဝေ–ရဟန်းတို့။ မမ–ငါ၏။ သာဝိကာနံ–တပည့် ဖြစ်ကုန်သော။ ရတ္တညူနံ–ညဉ့်အပိုင်းအခြားကို သိကုန်သော။ ဘိက္ခုနီနံ–ရဟန်း

မိန်းမတို့တွင်။ ယဒိဒံ–ယာအယံ မဟာပဇာပတိ ဂေါတမီ–အကြင် မဟာပဇာပတိ ဂေါတမီသည်။ အတ္ထိ–ရှိ၏။ တေံ–သော–ဤမဟာပဇာပတိ ဂေါတမီသည်။ အဂ္ဂံ–အဂ္ဂါ–မြတ်၏။

ဤသို့ စသည်ဖြင့် ဘိက္ခုနီတို့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပထမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿ ဘလ္လိကော။

ဘိက္ခဝေ–ရဟန်းတို့။ မမ–ငါ၏။ သာဝကာနံ–တပည့်ဖြစ်ကုန်သော။ ပထမံ–ရှေးဦးစွာ။ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂစ္ဆန္တာနံ–ဆည်းကပ်ကုန်သော။ ဥပါသကာနံ–ဒါယကာတို့တွင်။ ယဒိဒံ–ယေ ဣမေ တပုဿ ဘလ္လိကာ–အကြင် တပုဿ ဘလ္လိကတို့သည်။ အတ္ထိ–ရှိ၏။ တေံ–ဧတေ–ဤတပုဿ ဘလ္လိကတို့သည်။ အဂ္ဂံ–အဂ္ဂါ–မြတ်ကုန်၏။

ဤသို့ စသည်ဖြင့် ဥပါသကတို့ကို ဧတဒဂ် ပေးကုန်၏။ ဤတွင် ဥပါသက နှစ်ဦးကို တစ်ခါတည်း တွဲဖက်၍ ဧတဒဂ် ပေးသောကြောင့် သဗ္ဗနာမ်ပုဒ်တို့ကို ဗဟုဝုစ် အဖြစ် ပြောင်းရခြင်း ဖြစ်၏။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပထမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေန နိဂမနံ။

_ ဘိက္ခဝေ–ရဟန်းတို့။ မမ–ငါ၏။ သာဝိကာနံ–တပည့်ဖြစ်ကုန်သော။ ပထမံ–ရှေးဦးစွာ။ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂစ္ဆန္တီနာ–ဆည်းကပ်ကုန်သော။ ဥပါသိကာနံ–ဒါယိကာမတို့တွင်။ သေနနိဂမနံ–သေန နိဂုံး၌ နေသော။ ယဒိဒံ ယာသော သုဇာတာ–အကြင် သုဇာတာသည်။ အတ္ထိ–ရှိ၏။ တေံ–သော–ဤသုဇာတာသည်။ အဂ္ဂံ–အဂ္ဂါ–မြတ်၏။

ဤသို့ စသည်ဖြင့် ဥပါသိကာတို့ကို ဧတဒဂ်အရာ၌ ထားတော်မူ၏။

မိမိသည် ဤဧတဒဂ် ဝတ္ထုတို့ကို စီရင်ရာတွင် အချို့သော ပါဠိ ဝေါဟာရ အမည်နာမတို့ကို ပါဠိ နည်းကျအတိုင်း သုံးနှုန်းသွားဖို့ ဆုံးဖြတ်ပါသည်။ ယင်းတို့မှာ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ၊ သာဝက၊

သာဝိကာ၊ သာရိပုတ္တာ၊ အာနန္ဒ၊ ရာဟုလ စသည်တို့ ဖြစ်၏။ မြန်မာတို့သည် ဘိက္ခုကို ရဟန်းယောကျ်ား၊ ဘိက္ခုနီကို ရဟန်းမိန်းမ၊ ဥပါသကကို လူ ယောကျ်ား သို့မဟုတ် ဒါယကာ၊ ဥပါသိကာကို ဒါယိကာမ၊ သာဝကနှင့် သာဝိကာကို တပည့်ဟု ပြန်ဆိုကြ၏။ သို့ရာတွင် ဤတွင် ပါဠိဝေါဟာရ အတိုင်း သုံးစွဲပါမည်။ အကြောင်းကား ဤဝေါဟာရတို့သည် မြန်မာတို့နှင့် မစိမ်းသောကြောင့်လည်း ဖြစ်၏။ ထို့ပြင် ယင်းတို့သည် ကမ္ဘာသုံး ပါဠိသုံး စကားလုံးတို့ ဖြစ်သောကြောင့်လည်း ဖြစ်၏။ သာရိပုတ္တကို သာရိပုတ္တရာ သို့မဟုတ် သာရိပုတြာဟုလည်းကောင်း၊ အာနန္ဒကို အာနန္ဒာဟုလည်း ကောင်း၊ ရာဟုလကို ရာဟုလာဟုလည်းကောင်း ပြန်ဆိုသည်မှာကား စာ လုံးလည်း ပိုသေး၏။ အဓိပ္ပာယ်လည်း ပျက်သေး၏။ ဥပမာ သာရိပုတ္တ ကို သာရိပုတ္တာ၊ သာရိပုတ္တရာ၊ သာရိပုတြာဟု ခေါ်ဆိုပါက အမျိုးသား ယောကျ်ား မဖြစ်တော့ချေ၊ အမျိုးသမီး မိန်းမ ဖြစ်သွား၏။ ထို့အတူ ပုလိင် ဖြစ်သော အာနန္ဒ၊ ရာဟုလ တို့ကိုလည်း အာနန္ဒာ၊ ရာဟုလာဟု ခေါ်ဆိုပါက ဣတ္ထိလိင် ဖြစ်သွား၏။ ထို့ကြောင့် ဤသို့စသော အမည် နာမ ဝေါဟာရ တို့ကို ပါဠိနည်းကျအတိုင်း သုံးစွဲသွားလိုခြင်း ဖြစ်ပါသည်။

၄

"ဦးလေး ကျွန်မ သားကို သိပ်ချစ်တယ်။ကျွန်မ ဘဝဟာ သား အတွက်ပဲ ဖြစ်ပါတယ်"

တစ်နေ့တွင် ဒေါ်ရွှေခင်က ဆိုလာ၏။ သူ့တွင် မောင်မင်းဆွေ အမည်ရှိသော သားတစ်ယောက်ရှိ၏။ ရန်ကုန် အင်ဂျင်နီယာ ကောလိပ်တွင် ပညာ သင်ကြားနေ၏။

"အင်း သားကို ဘယ်သူ မချစ်ဘဲ ရှိမလဲ။ ဘယ်သူမဆို ကိုယ့် သားသမီး ကိုယ်ချစ်ကြတာချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး၊ ဒါပေမဲ့ ကျွန်မဟာ လောကဓံ အမျိုးမျိုး ကို စံလည်း စံခဲ့ဖူးပါတယ်၊ ခံလည်း ခံခဲ့ဖူးပါတယ်။ ဒါတွေဟာ သား

အတွက ချည်းပဲ ဖြစ်ပါတယ်။ ဒီတော့ သားယောက်ျားရယ်လို့ မွေးမြူရတဲ့ အမြတ်ဟာ ရှင်ပြု ရဟန်းပြုပေးခြင်းပဲလို့ ကျွန်မ ယုံကြည်ပါတယ်"

"ဟုတ်တာပေါ့။ ကောင်းပါတယ်။ ဒါ ဗုဒ္ဓဓမ္မကို လက်ခံ ယုံကြည်သူတို့ရဲ့ အစဉ်အလာပဲ"

"ဒါကြောင့် မောင်မင်းဆွေ ကျောင်းပိတ်လို့ ပြန်လာရင် ရဟန်းတက်ပေးမယ်လို့ ကျွန်မ ဆုံးဖြတ် ထားပါတယ်။ ဒါမှ ရဟန်းသံဃာတွေကို ဘယ်လို ကြည်ညိုလေးစားရမယ်လို့ သိမယ်။ မဟုတ်ရင် လူငယ်တွေဟာ သာသနာနဲ့ စိမ်းသွားမှာ စိုးရတယ် ဦးလေး"

"ခင်ပြောတာ မဆိုးဘူး။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ နေတော်မူတဲ့ အခါတုန်းက ရဟန်းတို့ကို ဟောကြားတော်မူတဲ့ တရားနဲ့ ခပ်ဆင်ဆင်ပဲ"

ရဟန်းတို့၊ လာဘ် ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန် ထက်မြက် ကြမ်းတမ်း၏။ ယောဂ၏ ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

ရဟန်းတို့ သဒ္ဓါတရားရှိသော ဥပါသကာသည် ချစ်အပ်နှလုံးကို ပွားစေတတ်သော တစ်ဦးတည်းသော သားကို ကောင်းစွာ ဆုံးမသွန်သင်လိုသည်ရှိသော်–

"ချစ်သား... စိတ္တသူကြွယ်၊ ဟတ္ထက အာဠဝက သူကြွယ်တို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလော့"ဟု ဆုံးမရာ၏။ ရဟန်းတို့ ထိုသူကြွယ် နှစ်ဦးတို့သည် ငါ၏ သာဝကဖြစ်သော ဥပါသကတို့တွင် ချိန်ခွင်ပမာ နှိုင်းယှဉ်စရာတို့ ဖြစ်ကုန်၏။

"ချစ်သား.. အကယ်၍ သင်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါမူ သာရိပုတ္တနှင့် မောဂ္ဂလ္လာနတို့နှင့်တူသော သဘောရှိသူ ဖြစ်ပါလော" ဟု ဆုံးမရာ၏။ ရဟန်းတို့ ထိုရဟန်းနှစ်ဦးတို့သည် ငါ၏ သာဝကဖြစ်သော ဘိက္ခုတို့တွင် ချိန်ခွင်ပမာ နှိုင်းယှဉ်စရာတို့ ဖြစ်ကုန်၏။

ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာသည် ချစ်အပ်နှလုံးကို ပွားစေတတ်သော တစ်ဦးတည်းသော သမီးကို ကောင်းစွာ ဆုံးမသွန်သင်လိုသည်ရှိသော်–

"ချစ်သမီး... ခုဇ္ဇုတ္တရာ ဥပါသိကာ ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဥပါသိကာတို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလော့" ဟု ဆုံးမရာ၏။ ရဟန်းတို့ ထိုဥပါသိကာ နှစ်ဦးတို့သည် ငါ၏ တပည့်ဖြစ်ကုန်သော ဥပါသိကာတို့တွင် ချိန်ခွင်ပမာ နှိုင်းယှဉ်စရာတို့ ဖြစ်ကုန်၏။

"ချစ်သမီး... သင်သည် အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါမူ ခေမာ ဘိက္ခုနီ၊ ဥပ္ပလဝဏ္ဏာ ဘိက္ခုနီတို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလော့" ဟုဆုံးမရာ၏။ ရဟန်းတို့ ထိုဘိက္ခုနီ နှစ်ဦးတို့သည် ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် ချိန်ခွင်ပမာ နှိုင်းယှဉ်စရာတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အရဟတ္တဖိုလ်သို့ မရောက်သေး၍ ကျင့်ဆဲသေက္ခဖြစ်သော ဘိက္ခု၊ ဘိက္ခုနီကို လာဘ် ပူဇော်သကာ အကျော်အစော ကျရောက်ခဲ့ပါမူ ယင်းတို့သည် ထိုသူတို့အား အန္တရာယ်ပြုခြင်းငှာ ဖြစ်ကုန်၏။

"ဦးလေးက ကျွန်မကို မြှောက်နေပြီ"

"ဦးလေး မြှောက်ပင့်ခြင်းကို လွန်မြောက်နေတယ်။ တိုက်ဆိုင်ခြင်းကို ပြောတာပါ"

စင်စစ် မိမိသည် ဤသို့စသော တိုက်ဆိုင်ခြင်းတို့ဖြင့် ဤစာအုပ်ကို စီရင်နိုင်ခြင်းဖြစ်၏။ အရှင်ပညာဇောတသည် တေဒဂ်ဝတ္ထုတို့ကို အသံသွင်းပြီး သထုံခရိုင် သပိတ်အိုင်တောရသို့ ကြွသွားလေပြီ။ စာအုပ်အဖြစ် စီစဉ်သူမှာ မိမိသာ ဖြစ်၏။ အကယ်၍ စာအုပ်တွင် ချွတ်ယွင်းချက် ရှိပါက မိမိအပြစ်သာ ဖြစ်ပေမည်။ ဤစာအုပ်သည် သာသနာနှင့် လောက၏ အစီးအပွားကို အထောက်အကူဖြစ်စေပါက အရှင်ပညာဇောတနှင့် ဒေါ်ရွှေခင်ကို ကျေးဇူး

တင်သင့်၏။ အကြောင်းကား အရှင်ပညာဇောတသည် ဧတဒဂ်၏ အချက်အလက်တို့ကို အပြည့်အစုံ စုဆောင်းပေး၏။ ဒေါ်ရွှေခင်က စုဆောင်းနိုင်အောင် ပစ္စယာနုဂ္ဂဟဖြင့် ထောက်ပံ့၏။ ထို့ကြောင့် သူတို့ကို ကျေးဇူးတင်ထိုက်ခြင်း ဖြစ်၏။ ဤမျှ အသင့်ဖြစ်ပါလျက် ကောင်းစွာ တင်ပြခြင်း မပြုနိုင်မှုကား ထိုသူကို ခွင့်မလွှတ်သင့်ပေ။

## ၅

"ဦးလေး... ကျွန်မ ဒီနေ့ သိပ်ဝမ်းသာလာတယ်။ ဒါလောက် တစ်ခါမှ ဝမ်းမသာခဲ့ဖူးဘူး"

ဓမ္မသုခ ကမ္မဋ္ဌာန်းကျောင်းက အပြန်တွင် ဒေါ်ရွှေခင် ရင့်ကျူးလိုက်ခြင်း ဖြစ်၏။

"ဘာဖြစ်လို့လဲ။ ထီပေါက်လို့လား"

မိမိသည် စာရေးရာက ပြန်၍ အံ့ဩလိုက်ခြင်းဖြစ်၏။

"ထီပေါက်တာထက် မြတ်တာပေါ့ ဦးလေးရဲ့။ ဦးပဥ္စင်းလေးရဲ့ ဧတဒဂ်ဝတ္ထု အသံသွင်း ကြိုးခွေတွေကို ဖွင့်ပြီး ယောဂီတွေ တရားနာနေကြလို့။ တချို့က ဒီမှာ နာရတာ အားမရလို့ ငှားသွားကြသေးတယ်။ ဦးပဥ္စင်းလေး အသံက တစ်မျိုးပဲ။ ကရုဏာသံလေးနဲ့၊ ကျွန်မ သိပ်ကြည်နူးတာပဲ"

"ဒီလိုဆို ခင် အများကြီး ကုသိုလ်ပွားတာပေါ့။ ဦးလေး ခင့်အတွက် ရုတ်တရက် စိတ်ကူးတစ်ခု ပေါ်လာတယ်။ ဒီဧတဒဂ် ဝတ္ထုတွေ စာအုပ်ဖြစ်ရင် တတ်နိုင်သလောက် ဝယ်ပြီး လှူဖို့"

"ကျွန်မ အကျိုးရှိမယ့် စိတ်ကူးပဲ။ လှူမယ် ဦးလေး။ ငွေတစ်ထောင်ဖိုး လှူမယ်။ ကျွန်မအတွက် စိတ်ကူးပေးလို့ ဦးလေးကို ကျေးဇူးတင်ပါတယ်"

စင်စစ် ဤစာအုပ်သည် မိမိနှင့် ဆက်စပ်နေ၏။ သို့ရာတွင် ဤသို့ အကြံပေးလိုက်သဖြင့် စိတ်တွင် အနှောင့်အယှက် မဖြစ်ချေ။ အကြောင်းကား

ရှိုးသားစွာ စေတနာနှင့် အကြံပေးသောကြောင့် ဖြစ်၏။ သို့ရာတွင် သတိပေးလိုက်သေးသည်–

"ကိုယ်နိုင်သလောက် လှူတာ ကောင်းတယ်။ ဒီကိစ္စနှင့် ပတ်သက်လို့ ဦးလေးမျက်နှာကို မကြည့်စေချင်ဘူး။ လိုလည်း မလိုဘူး"

"မကြည့်ပါဘူး ဦးလေးရဲ့။ ကျွန်မ နိုင်ပါတယ်။ ကျွန်မအတွက် စိုးရိမ် မနေပါနဲ့ ဦးလေး။ ကျွန်မ လောကဓံကို ရင်ဆိုင်နိုင်ပါတယ်"

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရား အလှူသည် အလှူ အားလုံးကို အောင်၏။ တရားအရသာသည် အရသာအားလုံးကို အောင်၏။ တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်၏။ တဏှာကုန်ရာသည် ဆင်းရဲအားလုံးကို အောင်၏။

သို့ရာတွင် အလှူခံ ပုဂ္ဂိုလ်တို့ ကိုယ်တိုင်က အာမိသဒါနကို ရှေ့တန်းတင်ကာ မျက်နှာချို သွေးလှသဖြင့် ဓမ္မဒါနမှာ အရှုံးကြီး ရှုံးနေရ၏။ လူတို့ကလည်း မျက်နှာလို မျက်နှာရ ရှေ့တန်းရောက်ချင်လှ၍ ဆွမ်းစသော အာမိသကိုမှ ဒါနထင်လာကြ၏။ မြတ်စွာဘုရားက လာဘ်ပူဇော်သကာ အကျော်အစောကို အန္တရာယ်ဟု ဟောကြားခဲ့၏။ ယင်းသည် ရှေးဦးစွာ ပုဂ္ဂိုလ်၏ အန္တရာယ် ဖြစ်၏။ ထို့နောက် ဓမ္မ၏ အန္တရာယ် ဖြစ်လာပေမည်။ ဤအန္တရာယ် ကာကွယ်ရေးအတွက် ဓမ္မဒါနကို ဦးစားပေးရမည်။ သို့မှ ဓမ္မအရသာကို သိမည်။ ထိုအခါ မမွှနှင့် မွေ့လျော်ကာ တဏှာကုန်မှုကို ရှေးရှုချိမ့်မည်။ တဏှာကုန်ရေးကို နည်းလမ်းပေးပြီး အာမိသဒါနကို ပဓာနထားနေပါက လော့်ရင်း နစ်မည်မှာ သေချာ၏။သို့ရာတွင် ယေဘုယျအား

ဖြင့် ဤအတိုင်း ဖြစ်နေ၏။ မိမိသည် ဓမ္မဒါန အောင်နိုင်ရေးအတွက် ကိုယ်တိုင် စံပြပြီး ဘယ်သို့ပင် ဟောပါသော်လည်း အမောသာ အဖတ်တင်၏။ သူကလေးတစ်ယောက်သာ သဘောပေါက်၍ ဝမ်းမြောက်ရပါ၏။ ဤသို့ သဘော သက်ရောက်သူ အသင့်အတင့် ထပ်မံ ပေါ်ပေါက်နိုင်ပါဦးမည်လော။

သော်ဇင်

၁–၆–၇၀

# ဧတဒဂ်ရ ဘိက္ခု

## ၁–အညာသိ ကောဏ္ဍည

"ဘိက္ခုတို့ ညဉ့်၏ အပိုင်းအခြားကို သိကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် အညာသိ ကောဏ္ဍညသည် အမြတ်ဆုံး ဖြစ်၏"

အညာသိ ကောဏ္ဍညသည် ဗုဒ္ဓသာသနာ၌ ပထမဆုံး ရဟန်း အဖြစ်ကို ရသော ပုဂ္ဂိုလ် ဖြစ်၏။ သစ္စာလေးပါး မြတ်တရားကိုလည်း ရှေးဦးစွာ ထိုးထွင်း သိမြင်သူလည်း ဖြစ်၏။ သူသည် ရဟန်းပြုသည့် အခါ ကာလမှစ၍ ကြာမြင့်စွာသော ညဉ့်တို့ကို သိခဲ့၏။ ရဟန္တာ ပုဂ္ဂိုလ်တိုင်းပင် ည၏ အပိုင်းအခြားကို သိကြ၏။ သို့ရာတွင် သူသည် ထိုထို ပုဂ္ဂိုလ်တို့ထက် ရှေးကျ၏။ ဝါကြီး၏။ ထို့ကြောင့် သူ့ကို ညဉ့်၏ အပိုင်းအခြားကိုသိသောသူ တို့တွင် အမြတ်ဆုံး 'ရတ္တညူ ဧတဒဂ်' ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ရသေ့ ငါးဦးတို့အား ဓမ္မစကြာ တရားဦး ဟောကြားတော်မူ၏။ ထိုတွင် ကောဏ္ဍညရသေ့သည် ရှေးဦးစွာ ဓမ္မသဘာဝကို တည့်ကျစွာ သိမြင်သွား၏။ ထိုအခါ မြတ်စွာ ဘုရားက–"ကောဏ္ဍညသည် အညာသိ–သိသွားပြီ"–ဟု ဥဒါန်း ကျူးရင့် လိုက်၏။ ထိုအခါမှစ၍ သူ့ကို 'အညာသိ ကောဏ္ဍည' ဟု ခေါ်ကြခြင်း ဖြစ်၏။

အညာသိ ကောဏ္ဍညသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်တော်ကစ၍ ညဥ့်၏ အပိုင်းအခြားကို သိသူတို့တွင် အမြတ်ဆုံး ရတ္တညူ ဧတဒဂ် ရပါရန် ဆုတောင်း ပတ္ထနာပြုခဲ့၏။ ထို့နောက် သူသည် ဂေါတမ မြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ဓမ္မစကြာတရား နာကြားပြီးနောက် ရဟန်း အဖြစ်သို့ရောက်ခဲ့၏။ ဆက်လက်၍ အနတ္တ လက္ခဏသုတ်ကို နာကြားရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွား၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ စံတော်မူစဉ် အညာသိ ကောဏ္ဍညအား–"ရဟန်းတို့ ညဥ့်၏ အပိုင်းအခြားကို သိကုန်သော ငါ၏ သာဝကတို့တွင် အညာသိ ကောဏ္ဍညသည် အမြတ်ဆုံးဖြစ်၏"–ဟု ရတ္တညူ ဧတဒဂ် ပေးတော်မူ၏။

ဗုဒ္ဓသာသနာတွင် ရှင်သာရိပုတ္တနှင့် ရှင်မောဂ္ဂလ္လာနသည် မြတ်သော လက်ယာရံ–လက်ဝဲရံ အဂ္ဂသာဝက နှစ်ပါး ဖြစ်၏။ သူတို့သည် ပညာဂုဏ်၊ တန်ခိုး ဣဒ္ဓိပါဒ်ဂုဏ် အစရှိသဖြင့် ဂုဏ်ကျေးဇူး ကြီးမြတ်ပါသော်လည်း ဗုဒ္ဓသာသန၏ အစဉ်အလာအတိုင်း ရှေးဦးစွာ ရဟန်းပြုသူကို အရိုအသေ ပြုရ၏။ ရှိခိုးပူဇော်ရ၏။ အရှင်အညာသိကောဏ္ဍညသည် အဂ္ဂသာဝကကြီးနှစ်ပါး မိမိအား အလွန် ရိုသေလေးစားသည်ကို အစဉ် တွေ့မြင်ရ၍ အခြားတစ်ပါး လွတ်ရာသို့ သွားနေရန် မြတ်စွာဘုရားထံ ခွင့်ပန်၏–

"မြတ်စွာဘုရား ကျွန်ုပ်အား ရွာနီးကျောင်း၌ နေရန် မလျော်ကပ်ပါ။ လူတို့ ရောပြွမ်းသဖြင့် နေရန် မစွမ်းနိုင်ပါ။ ဆဒ္ဒန်အိုင်သို့ သွားနေလိုပါသည် ဘုရား"

သူသည် မြတ်စွာဘုရားထံမှ အခွင့်ရသောအခါ မိမိတူ ဖြစ်သော ပုဏ္ဏလုလင်ကို ရဟန်းပြုပေးပြီး မြတ်စွာဘုရားအပါး၌ ထားခဲ့ကာ ဆဒ္ဒန်အိုင်သို့ သွားနေ၏။ ထိုတွင် သူသည် ဆဒ္ဒန်ဆင်မျိုးတို့ကို အမှီပြု၍ ပရိနိဗ္ဗာန်ဝင်စံသည် အထိ ၁၂–နှစ်ပတ်လုံး အေးချမ်းစွာ နေ၏။ သူ၏ ဂုဏ်ထူးကို

ကဗျာ ဇာတဒဂ်ရ ရှင်ဝင်္ဂီသက ဤသို့ ချီးကျူး၏–

ကောဏ္ဍညအမည်ရှိသော မထေရ်သည် မြတ်စွာဘုရားကို အတု လိုက်၍ သစ္စာလေးပါး မြတ်တရားကို သိတော်မူ၏။

ထက်မြက်သော လုံ့လနှင့် ပြည့်စုံတော်မူ၏။ ဈာန်သမာပတ်ကို ရတော်မူ၏။ ချမ်းသာစွာ နေသူတို့တွင် အမြဲချမ်းသာစွာ နေလေ့ရှိ၏။ ဆိတ်ငြိမ်စွာ နေသူတို့တွင် အမြဲ ဆိတ်ငြိမ်စွာ နေလေ့ရှိ၏။

မမေ့မလျော့ ကျင့်ပြီးသော ရှင်ကောဏ္ဍညသည် မြတ်စွာဘုရား ဆုံးမတော်မူတိုင်း ကျင့်သူတို့ ရောက်အပ်သော လောကုတ္တရာတရား အားလုံးသို့ အစဉ်ရောက်တော်မူ၏။

မြတ်စွာဘုရား၏ အမွေခံ ဖြစ်တော်မူသော၊ အာနုဘော် ကြီးသော၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော၊ စေတောပရိယ အဘိညာဉ်၌ ကျွမ်းကျင်သော အညာသိကောဏ္ဍညသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး ဦးခိုက်ပါ သတည်း။

အရှင်ကောဏ္ဍည ကျူးရင့်လေ့ရှိသောဥဒါန်းကား ဤသို့တည်း–

ဤမြေအပြင် လူ့ပြည်လောက၌ ဆန်းကြယ် များပြားကုန်သော အာရုံတို့သည်လည်းကောင်း၊ တင့်တယ်သော ရာဂနှင့် စပ်ယှဉ်သော ကာမ ဝိတက်သည်လည်းကောင်း–အချင်းချင်း ထွေးလုံး ရစ်ပတ်ကုန်ဘိသကဲ့သို့ တည်နေကြကုန်၏။

နွေဥတု၏ နောက်ဆုံးလ၌ လေကြောင့် တက်လာသော မြူကို ရွာသွန်းလိုက်သော မိုးကြီးသည် ငြိမ်းအေးစေသကဲ့သို့ အရိယ တပည့်သည် ဆန်းကြယ်သော အာရုံတို့ကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်နိုင်သောအခါ မိစ္ဆာဝိတက်တို့သည် ငြိမ်းကုန်၏။

အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲ မရှိကုန် ဆင်းရဲကုန်၏၊ အတ္တ မဟုတ်ကုန်ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်သောအခါ သံသရာ

ဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ဉာဏ်အမြင် စင်ကြယ်ခြင်းကို ရခြင်း၏ အကြောင်းတည်း။

တုန်လှုပ် ပျံ့လွင့်လျက် လျှပ်ပေါ် လော်လည်သော ရဟန်းသည် ယုတ်ညံ့သော အဆွေခင်ပွန်းတို့ကို အမှီပြု၍ သံသရာ ရေယာဉ်ကြီး၌ အမျက်ထွက်ခြင်းစသော လှိုင်းတံပိုးတို့ လွှမ်းမိုးဖိစီး ခံရလျက် နစ်မြုပ်ရ၏။

ပျံ့လွင့် တုန်လှုပ်ခြင်း မရှိ လျှပ်ပေါ် လော်လည်ခြင်းလည်း မရှိဘဲ မိမိ အကျိုးစီးပွား သူတစ်ပါး အကျိုးစီးပွား၌ လိမ္မာ၍ ဣန္ဒြေတို့ကို စောင့်စည်း ပိတ်ဆို့ထားသော အဆွေခင်ပွန်းကောင်းရှိသော ပညာရှိ ရဟန်းသည် ဆင်းရဲ ၏ အဆုံးကို ပြုနိုင်ရာ၏။

ဆင်ပြောင်ကြီးသည် စစ်မြေဦး၌ လက်နက်တို့ဖြင့် ပုတ်ခတ်မှုကို သည်းခံ၍ သူတစ်ပါးစစ်သည်ကို ဖျက်ဆီးသကဲ့သို့ ရဟန်းသည် တောနက်ကြီး အတွင်းဝယ် သတိနှင့် ပြည့်စုံသည်ဖြစ်၍ မှက်ခြင်တို့ တွေ့ထိကိုက်ခဲမှုကို သည်းခံလျက် မာရ်စစ်သည်ကို ဖျက်ဆီးရာ၏။

## ၂–သာရိပုတ္တ

"ဘိက္ခုတို့၊ ပညာ ကြီးမြတ်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် သာရိပုတ္တသည် အမြတ်ဆုံးဖြစ်၏"

ရှင်သာရိပုတ္တသည် အနောမဒဿီ ဘုရားသခင် လက်ထက်က စ၍ အဂ္ဂသာဝက မဟာပညာ ဓေတဒဂ်ဆုကို တောင်းဆိုခဲ့၏။ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည် အနီး ဥပတိဿရွာ 'သာရီ' အမည် ရှိသော ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေ၏။ အမည်မှည့်သော အခါ ဥပတိဿရွာတွင် အကြီးအကဲ ဖြစ်သော ပုဏ္ဏေးမ၏ သားဖြစ်သောကြောင့် 'ဥပတိဿ' ဟုပင် မှည့်ခေါ်ကြ၏။ သူသည် အရွယ်သို့ရောက်သောအခါ သူ၏ ဖွားဘက်ဖြစ်သော 'ကောလိတ' နှင့် အတူတကွ ကစား၏၊ ဥယျာဉ်သို့ ထွက်၏၊ သူတို့နှစ်ယောက်တွင်

ကြ၏။ ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်တွင် သဉ္စယအမည်ရှိသော ပရိဗိုဇ်သည် လွန်စွာ ထင်ရှားကျော်ကြား၏။ တပည့်တပန်း များစွာနှင့်တကွ နေ၏။ ထို့ကြောင့် သူတို့ နှစ်ယောက်သည် သိဥ္စည်း ပရိဗိုဇ်ထံသွား၍ ရသေ့ ရဟန်း ပြုကြ၏။

ဥပတိဿနှင့် ကောလိတတို့ ရဟန်းပြုသော အခါမှစ၍ သိဥ္စည်း ဆရာကြီးသည် လွန်စွာ လာဘ် ပူဇော်သကာကို ရရှိ၏။ သူတို့သည် ရဟန်း ပြု၍ နှစ်ရက်–သုံးရက်ဖြင့်သာလျှင် သိဥ္စည်း ဆရာကြီး၏ အလုံးစုံသော အယူဝါဒကို မွှေနှောက် ချောက်ချားနိုင်ကြ၏။

"ဆရာ သင်တို့ သိသော အယူဝါဒသည် ဤမျှသာရှိသလော"–ဟု မေးကြ၏၊ထိုအခါ ဆရာကြီးက ပြန်ကြား၏–

"ဤမျှသာတည်း၊သင်တို့သည် အလုံးစုံကို သိကြလေကုန်ပြီ"

ထိုအခါ သူတို့သည် တိုင်ပင်ကြ၏–

"ဤဆရာ၏ထံ၌ ကျင့်သုံးအပ်သောအကျင့်သည် အကျိုး မရှိ၊ ငါတို့သည် ဝဋ်မှ ထွက်မြောက်ရာ တရားကို ရှာဖွေရန် ထွက်လာခဲ့ကြ၏။ ထိုတရားကို ဤဆရာထံ၌ ဖြစ်စေရန် မတတ်ကောင်း။ ဇမ္ဗူဒီပါကျွန်းသည် ကျယ်ဝန်း၏။ ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တို့ကို လှည့်လည်ပါလျှင် မချွတ် လျှင် ဝဋ်မှ ထွက်မြောက်ရာ တရားကို ဟောတတ်သော တစ်စုံ တစ်ယောက် သော ဆရာကို ရပေရာ၏"

ထိုနောက် သူတို့သည် နှစ်ဦးသဘောတူ ဆရာကောင်း ရှာဖွေမည်ဟု ဆုံးဖြတ်လိုက်ကြ၏။ ထိုအခါ ဥပတိဿက ကတိကဝတ်ပြုရန် အကြံပေး၏–

"အဆွေ ကောလိတ ငါတို့ နှစ်ယောက်တွင် ရှေးဦးစွာ သေခြင်း ကင်းရာ အမြိုက်တရား ရသူသည် ပြန်ကြား ပြောဆိုရပါမည်"

ထိုနောက် သူတို့သည် သေခြင်းကင်းသော အမြိုက်တရားကို အသီးသီး ရှာဖွေကြ၏။

တစ်နေ့တွင် ရာဇဂြိုဟ် ပြည်တွင်းသို့ ဆွမ်းခံဝင်သော ရှင်အဿဇိကို ဥပတိဿပရိဗိုဇ် တွေ့မြင်ရ၏။ မျက်လွှာချထား၏။ သူ၏ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း တို့မှာ ကြည်ညိုဖွယ် ကောင်း၏။ သူ့ကို သေချာစွာ ကြည့်ပြီး ဥပတိဿ စဉ်းစား၏–

"လောက၌ ရဟန္တာ သို့မဟုတ် အရဟတ္တမဂ်သို့ ရောက်သူတို့တွင် ဤရဟန်းကား တစ်ပါးအပါအဝင် ဖြစ်ချိမ့်မည်။ ငါသည် သူ၏ထံ ချဉ်းကပ်၍ စူးစမ်းရပါမူ ကောင်းလေစွ။ သို့ရာတွင် ယခုအခါ သူသည် ရွာတွင်းသို့ ဆွမ်းခံ လှည့်လည်နေသည်။ နိဗ္ဗာန်ကို အလိုရှိသော ငါသည် သင့်တင့်လျောက်ပတ်သော အခွင့်အခါကို စောင့်၍ သူ၏နောက်မှ လိုက်သင့်၏"

ရှင်အဿဇိသည် ဆွမ်းခံပြီးသောအခါ ရေမိုး အဆင်သင့်ရာ၌ ထိုင်မည့် အခြင်းအရာကို ဆောင်၏။ ထိုအခါ ဥပတိဿသည် သူ၏ ပရိဗိုဇ်အခင်းကို ခင်းပေး၏။ အရှင်လည်း အလိုက်သင့်ပင် ထိုင်၍ ဣန္ဒြေရစွာ ဆွမ်းစား၏။ ပြီးလျှင် ဥပတိဿသည် သူ၏ ကရားမှ ရေကို ပေး၏။ ထိုနောက် ရှင်အဿဇိနှင့် အတူ ဝမ်းမြောက်ဝမ်းသာ အမှတ်ရဖွယ်စကား ပြောကြားပြီးနောက် မေးလျှောက်၏–

"အချင်း သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်း သန့်ရှင်း စင်ကြယ်၏။ ဖြူစင်တောက်ပ၏။ ငါ့ရှင် သင်သည် ဘယ်သူ့ကို ရည်ညွှန်း၍ ရဟန်းပြုပါသနည်း။ သင်၏ ဆရာကား ဘယ်သူပါနည်း။ ဘယ်သူ၏ တရားကို သင်နှစ်သက်ပါသနည်း"

ထိုအခါ ရှင်အဿဇိက သိမ်မွေ့စွာ ဖြေဆို၏–

"ငါ့ရှင် သကျသာကီဝင် မင်းမျိုးမှ ရဟန်းပြုသည့် ရဟန်းမြတ်သည် ရှိပါသည်။ ငါသည် ဘုန်းတန်ခိုးကြီးသော ထိုရဟန်းမြတ်ကို

ရည်ညွှန်း၍ ရဟန်းပြုပါသည်။ ထို အရှင်မြတ်သည် ငါ၏ ဆရာဖြစ်ပါသည်။ ငါသည် သူ၏တရားကို နှစ်သက်မြတ်နိုးပါသည်"

"အချင်း သင်၏ ဆရာသည် အဘယ်သူနည်း၊ ဘယ်သို့သော တရားကို ဟောကြားပါသနည်း၊ ထိုတရားကို ငါ့အား ဟောကြားပါလော့"

"ငါ့ရှင် ငါသည် ဤသာသနာသို့ ယခုမှ ဝင်ရောက်စ ဖြစ်ပါသည်၊ ရဟန်းပြုသည်မှာ မကြာမြင့်သေးပါ၊ ထို့ကြောင့် ငါ့ဆရာ၏ တရားကို သင့်အား ပြည့်စုံစွာ ပြန်လည် ဟောကြားနိုင်မည် မထင်ပါ"

"အချင်း– အကျဉ်း–အကျယ်၊ အနည်း–အများသည် ငါ့အတွက် အရေးမကြီးပါ၊ အနှစ်သာရသည်သာ ပဓာန ဖြစ်ပါသည်၊ များစွာသော စကားတို့ဖြင့် အကျိုးမများပါ၊ လိုရင်းအချက်ကိုသာ အမြွက်မျှ ဟောကြားပါလော့"

ထိုအခါ ရှင်အဿဇိသည် ဗုဒ္ဓဓမ္မ၏ မုချဝါဒကို ဤသို့ ဟောပြလိုက်၏–

"အကြင်တရားတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏။ထိုတရားတို့၏ အကြောင်းကိုလည်းကောင်း၊ ထိုအကြောင်းတရားတို့၏ ချုပ်ငြိမ်းရာနှင့် ချုပ်ငြိမ်းကြောင်းကိုလည်းကောင်း တထာဂတ ဟောကြားတော်မူ၏။ ရဟန်းမြတ်သည် ဤသို့ အယူရှိပါသည်"

ရှင်အဿဇိသည် မိမိ မကြာမီ ရက်အတွင်းက နာကြားခဲ့သော ဓမ္မစကြာတရားကို မိမိ သိရှိနားလည်သမျှကို အချုပ်အားဖြင့် ဟောပြလိုက်ခြင်း ဖြစ်၏။ သို့ရာတွင် ဥပတိဿကား လွန်စွာ ဉာဏ်ပညာ ထက်မြက်စူးရှသူဖြစ်၍ ထိုတရား၏ အချက်ကို တစ်ကွက်ဖြင့် အမိ ဖမ်းလိုက်၏–

"ဖြစ်ခြင်း သဘောရှိသော တရားအားလုံးသည် ချုပ်ခြင်းသဘော ရှိ၏"

ဤမျှဖြင့် သူ့တွင် ကိလေသာ အညစ်အကြေး ကင်းသော ပညာမျက်စိ ဖြစ်သွား၍ ဝမ်းမြောက်စွာ ပြန်ကြား၏–

"အချင်း ဤတရားသည် ငါတို့ ရှာဖွေနေသော တရားပင်တည်း၊ ဤတရားကိုဟောကြားသောသင်၏ဆရာသည်အဘယ်မှာနေပါသနည်း"

"ငါ့ရှင် ငါတို့ဆရာ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူပါသည်"

"အချင်း ထိုသို့ဖြစ်ပါမူ သင်တို့ သွားနှင့်ပါဦး၊ ငါ့အား အဆွေ ခင်ပွန်းတစ်ယောက် ရှိပါသေးသည်။ ဤအကြောင်းကို သူ့အား ပြောကြားရပါဦးမည်"

ထိုနောက် ဥပတိဿသည် ရှင်အဿဇိကို ထိခြင်း ငါးပါးဖြင့် ရှိခိုး၍ လက်ယာရစ် အရိုအသေ ပြုပြီးနောက် ပရိဗိုဇ် အရံသို့ ရှေးရှုပြန်ခဲ့၏။ သူ့ကို တွေ့မြင်ရသောအခါ ကောလိတက မေး၏–

"အဆွေ ဥပတိဿ ယနေ့ သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်း သန့်ရှင်း စင်ကြယ်၏။ ဖြူစင်တောက်ပ၏။ အဆွေ အသို့နည်း။ သင်သည် အမြိုက်တရားကို သိခဲ့ပါပြီလော"

ဥပတိဿသည် ကောလိတအား မိမိ ရှင်အဿဇိနှင့် တွေ့ခဲ့ရပုံ အလုံးစုံကို အကုန် ပြောပြ၏၊ ထိုအခါ ကောလိတက ပြောပြ၏–

"အဆွေ ဥပတိဿ ငါတို့သည် အမြိုက်တရား ဟောကြားသော ဆရာ၏အပါးသို့ သွားကြပါစို့"

"အဆွေ ကောလိတ သို့ဖြစ်ပါမူ ဤအကြောင်းကို ငါတို့ ဆရာကြီးအား ပြန်ကြားသင့်ပါသည်"

"ကောင်းပါပြီ အဆွေ ဥပတိဿ"

ချက်ချင်းပင် သူတို့သည် သိဉ္စည်း ဆရာကြီး အပါးသို့သွား၍ ပြောကြသည်–

"ဆရာအရှင်... လောက၌ မြတ်စွာဘုရားသည် ထင်ရှား ပွင့်တော်မူပါပြီ၊ အမြိုက်တရားကိုလည်း ဟောကြားနေပါပြီ၊ သံဃာတို့လည်း နှစ်လို ကြည်နူးနေကြပါသည်၊ အရှင် အကျွန်ုပ်တို့သည် ထိုမြတ်စွာဘုရား အပါးသို့

သွားကြကုန်အံ့"

"သင်တို့ သွားလိုက သွားကြပါကုန်၊ ငါကား မသွားနိုင်ပါ"

"အဘယ်ကြောင့်ပါနည်း ဆရာကြီး"

"ငါသည် လူအပေါင်း၏ ဆရာကြီးတစ်ဆူဖြစ်နေရာမှ သူတစ်ပါး၏ တပည့်ခံရန်မှာ အိုးကြီးအဖြစ်မှ အိုးငယ် ဖြစ်ရသကဲ့သို့ မတင့်တယ်ပါ"

ထိုအခါ ဥပတိဿနှင့် ကောလိတတို့သည် တပည့် အခြံအရံများစွာဖြင့် မြတ်စွာဘုရား သီတင်းသုံးရာ ဝေဠုဝန်ကျောင်းသို့ သွားကြ၏။ ထိုအခါ မြတ်စွာဘုရားသည် အဝေးမှ လာကြသော ဥပတိဿနှင့် ကောလိတကို မြင်၍ ရဟန်းတို့အား ပြောကြားတော်မူ၏–

"ရဟန်းတို့ ဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ယောက် ငါ၏ မျက်မှောက်သို့ အရောက် လာနေကြ၏။ သူတို့သည် ငါ၏ အဂ္ဂသာဝက အစုံပင် ဖြစ်ကြလိမ့်မည်။"

မကြာမီ သူတို့နှစ်ယောက်သည် မြတ်စွာဘုရား၏ ရှေတော်သို့ ရောက်လာကြပြီး ရှိခိုးလျှောက်ကြားကြ၏–

"မြတ်စွာဘုရား ကျွန်ုပ်တို့သည် အရှင်၏အထံ၌ ရှင်ရဟန်းအဖြစ် ရလိုပါသည်"

ထိုအခါ မြတ်စွာဘုရားက လက်ဆန့်တန်း၍ ခေါ်တော်မူ၏–

"ရဟန်းတို့ လာကြကုန်လော့။ တရားကို ကောင်းစွာ ဟောအပ်၏။ ဝဋ်ဆင်းရဲ အဆုံးကို ပြုရန် မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်ကုန်လော့"

သို့ဖြစ်လျှင် သူတို့အားလုံး 'ဧဟိဘိက္ခု'ရဟန်းတို့ ဖြစ်သွားကြကုန်၏။ ဥပတိဿကား သာရီ ပုဏ္ဏေးမ၏ သားဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့ကို 'သာရိပုတ္တ'(သာရီ၏သား) ဟုခေါ်၏။ ကောလိတကိုကား သူ၏ အနွယ်အားဖြင့် 'မောဂ္ဂလ္လာန' ဟု ခေါ်၏။ နောင်အခါ သူတို့သည် ဤအမည်တို့ဖြင့်ပင် ထင်ရှားကုန်၏။

ရှင်သာရိပုတ္တာသည် ရဟန်းဖြစ်၍ ၁၅–ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားသည် ဒီဃနခ ပရိဗိုဇ်အား ဝေဒနာ ပရိဂ္ဂဟသုတ်ကို ဟော တော်မူ၏၊ ထိုအခါ သူသည် သုတ္တန်ကို အစဉ်လျောက်၍ ဉာဏ်ကို စေ လွှတ်သည်ရှိသော် သူတစ်ပါးအတွက် ပြင်ဆင်ထားသော ထမင်းကို ဝင်၍ စားသကဲ့သို့ သာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်သွား၏။ သူသည် ရှင်အဿဇိထံမှ တရားနာရ၍ သောတာပတ္တိဖိုလ်သို့ ရောက်၏။ ထိုအခါမှစ၍ သူသည် ရှင်အဿဇိရှိရာ အရပ်သို့ ဦးခေါင်းထား၍ လက်အုပ် ချီမိုး ရှိခိုးပြီးမှ အိပ်လေ့ရှိ၏။ ရဟန်းတို့သည် တိတ္ထိတို့ကဲ့သို့ အရပ် မျက်နှာကို ရှိခိုးသည်ထင်၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား မိန့်ကြား၏–

"တစ်စုံတစ်ယောက်ထံမှ ဘုရားဟော တရားကို သင်ကြား နား လည်ခဲ့လျှင် ဗြာဟ္မဏသည် ထိုဆရာကို အမြဲ ရိုသေစွာ ရှိခိုးပူဇော်ရာ၏"

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိစ္ဆာဒိဋ္ဌိ အယူရှိသော ပုဏ္ဏားတစ်ယောက်သည် ရှင်သာရိပုတ္တာ အမျက်ထွက်–မထွက် စုံစမ်းခြင်းငှာ ဆွမ်းခံကြွတော်မူရာ၌ နောက်မှလိုက်၍ ပြင်းစွာ ပုတ်ခတ် ၏။ အရှင်သည် ပြန်၍မျှ မကြည့်ဘဲ ကြွမြဲကြွသွား၏။ ထိုအခါ ပုဏ္ဏားသည် နောင်တတစ်ဖန် ပူပန်ခြင်းဖြစ်၍ အရှင်အား ဝန်ချတောင်းပန်ပြီး မိမိ အိမ်သို့ ပင့်၍ ဆွမ်းလုပ်ကျွေး၏။ ထိုအဖြစ်ကို နှစ်သက်သော ရဟန်းတို့က မြတ်စွာ ဘုရားအား လျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ ဟော ကြား၏–

"ဗြာဟ္မဏသည် ဗြာဟ္မဏအား မပုတ်ခတ်ရာ၊ ဗြာဟ္မဏသည် ထိုပုတ်ခတ်သူအား အခိုးမလွှတ်ရာ၊ ဗြာဟ္မဏအား ပုတ်ခတ်ခြင်းသည် စက် ဆုတ်ဖွယ် ဖြစ်၏။ ထိုထက် ပုတ်ခတ်သူအား အခိုးလွှတ်ခြင်းသည် စက် ဆုတ်ဖွယ် ဖြစ်၏"

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်

သာရိပုတ္တာသည် ရဟန်းတို့နှင့် အတူတကွ ဆွမ်းခံကြွသွား၏။ မယ်တော်၏ အိမ်တံခါးသို့ ရောက်သောအခါ မယ်တော်သည် သူ့ကို အိမ်ပေါ်သို့ ခေါ်၍– "ဟယ်–စားကြွင်းစားသမား၊ ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို စွန့်၍ ရဟန်းပြု၏၊ သင်သည် ငါတို့ကို ဖျက်ဆီးဘိ၏ "–ဟု ဆဲဆိုကြိမ်းမောင်း၏။ သို့ရာတွင် အရှင်ကား အမျက်လည်းမထွက်၊ တစုံတရာမျှလည်း ပြန်ကြား ပြောဆိုခြင်း မရှိချေ။ ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူသောအခါ ဤသို့ မိန့်တော်မူ၏–

"အမျက်မထွက်သော၊ ဓုတင် အကျင့်ရှိသော၊ သီလရှိသော၊ အစွဲအလမ်း မရှိသော၊ ယဉ်ကျေးသော၊ အဆုံးစွန် ကိုယ်ရှိသူကို ဗြာဟ္မဏဟု ငါဆို၏ "

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဝါဆိုသင်္ကန်းကို ဝေဖန်သည်တွင် ရှင်သာရိပုတ္တက–"ငါ့ရှင်တို့ ရဟန်းငယ်တို့အားလည်း ဝါဆိုသင်္ကန်း ဝေဖန်ကြပါ "–ဟုဆို၏။ ထိုကြောင့် ရှင်သာရိပုတ္တအား ရဟန်းတို့က "တွယ်တာမှု ဂေဟသိတပေမ ရှိသေးယောင်တကား "–ဟု ပြောဆိုကြ၏။ ထိုစကားကို ကြား၍ မြတ်စွာဘုရား မိန့်တော်မူ၏–

"ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း– မက်မောခြင်းမရှိ၊ တောင့်တခြင်းကင်း၍ ကိလေသာ မရှိသူကို ဗြာဟ္မဏဟု ငါဆို၏ "

တစ်ရံသောအခါ မြတ်စွာဘုရားသည် အရံညဝါသီ ရဟန်းသုံးကျိပ်တို့ရှေ့ဝယ် ရှင်သာရိပုတ္တကို ခေါ်တော်မူ၍–"သာရိပုတ္တ သဒ္ဓါစသော ဣန္ဒြေမပွားစေဘဲ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဆိုသော စကားကို သင်ယုံကြည်သလော "–ဟု မေး၏။ ထိုအခါ ရှင်သာရိပုတ္တက "အရှင်မြတ်ဘုရား ကိုယ်တိုင် မသိသောသူသည် သူတစ်ပါးတို့ စကားတို့ဖြင့် ယုံကြည်ကြပါ၏၊ ကျွန်ုပ်ကားကိုယ်တိုင် သိမြင်ပြီးဖြစ်၍ သူတစ်ပါးစကားဖြင့် မယုံကြည်ပါ "–ဟု ဖြေဆို၏၊ထိုအခါ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တကို

ချီးမွမ်းခြင်းငှာ ဤသို့ မိန့်ကြားတော်မူ၏–

"သူတစ်ပါးစကားကို မယုံကြည်၊ အကြောင်းတရားတို့ မပြုသော နိဗ္ဗာန်ကို ကိုယ်တိုင်လည်းသိ၏။ အစပ်ကိုလည်း ဖြတ်၏။ မျိုးစေ့ကိုလည်း သတ်၏၊အလိုဆန္ဒကိုလည်း ပယ်သူသည် စင်စစ် မဟာပုရိသ ဖြစ်၏"

အခါတစ်ပါးလည်း မသိ မလိမ္မာသော ရဟန်းတစ်ပါးက–"ရှင်သာရိပုတ္တာသည် ကျွန်ုပ်ကို ဒုကုဋ်–နှစ်ထပ်သင်္ကန်းဖြင့် နာကျင်အောင် တိုက်ခိုက်သွားပါသည်"–ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တာကို ခေါ်၍ အကြောင်းကိုမေး၏။ ရှင်သာရိပုတ္တာက–"ကျွန်ုပ်သည် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားသို့ ပလွှားမာန်ထောင်ခြင်း မရှိပါ"–ဟု လျှောက်၏။ ထိုအခါ စွပ်စွဲမိသော ရဟန်းသည် နောင်တတစ်ဖန် ပူပန်ခြင်းဖြစ်၍ အရှင်အား ဝန်ချတောင်းပန်၏။ အရှင်လည်း ဆောင့်ကြောင့် ထိုင်၍ လက်အုပ်ချီပြီး–"အရှင်ဘုရား ကျွန်ုပ်သည် အရှင်၏ အပြစ်ကို သည်းခံပါ၏၊ အရှင်လည်း ကျွန်ုပ်၌ အပြစ်ရှိသော် သည်းခံပါလော"–ဟုတောင်းပန်၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်ကြားတော်မူ၏–

"ရဟန္တာသည် မြေကြီးနှင့်တူစွာ သည်းခံ၏။ အမျက်ဒေါသဖြင့် ဆန့်ကျင်ဘက်မပြု၊ မယိမ်းမယိုင် တံခါးတိုင်ကဲ့သို့ တည်ကြည်၏။ လောကဓံကြောင့် ဖောက်ပြန်ခြင်းမရှိ။ ကြည်လင်သော ရေကန်ကဲ့သို့ စိတ် ကြည်လင်၏။ ဤကဲ့သို့သော သူသည် သံသရာ၌ မကျင်လည်ရ"

မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်သို့တက်၍ အဘိဓမ္မာတရား ဟောကြားသော အခါတွင် ဆွမ်းခံချိန်ကို မှတ်၍ နိမ္မိတရုပ်ပွား ဖန်ဆင်းထားခဲ့ပြီး အနောတတ်အိုင်သို့ကြွ၍ ကိုယ်လက်သုတ်သင်၏။ ပြီးလျှင် မြောက်ကျွန်းသို့ ဆွမ်းခံဝင်ကာ ထိုအိုင်မှာပင် ဆွမ်းစားပြီး စန္ဒကူး တော၌ နေ့သန့်စင်၏။ ထိုအခါ ရှင်သာရိပုတ္တာသည် မြတ်စွာဘုရားထံ နေ့စဉ်လာ၍ ဝတ်ပြု၏။ မြတ်စွာဘုရားလည်း သူ့အား "သာရိပုတ္တာ ယနေ့ ငါ ဤမျှသော

တရားကို ဟောကြားခဲ့၏ " –ဟု အချုပ်အားဖြင့် နည်းပြ၏။ သူကား ပဋိသမ္ဘိဒါပတ္တ အဂ္ဂသာဝက ဖြစ်သည့် အလျောက် နည်းပေါင်း အထောင်၊ အသောင်း၊ အသိန်းတို့ဖြင့် သဘောသက်ဝင် ဆင်ခြင်နိုင်၏။ တဖန် သူသည် ယင်းဒေသနာတို့ကို ဆောင်၍ မိမိ တပည့် ငါးရာတို့အား တစ်ဆင့် သင်ကြားပို့ချ၏။ မြတ်စွာဘုရားသည် အဘိဓမ္မာတရား ဟောကြားပြီး၍ ဝါကျွတ်လျှင် သင်္ကဿနဂိုရ် မြို့တံခါးသို့ ဆင်းသက်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် မြို့တံခါး၌ ရပ်တော်မူလျက် ပြဿနာအသီးသီး မေးတော်မူ၏။ အချို့သော ပြဿနာကို ပုထုဇဉ်တို့ ဖြေဆိုနိုင်ကြ၏။ အချို့သော ပြဿနာကို သူတို့ မဖြေနိုင်ကြချေ။ သောတာပန်တို့သာ ဖြေဆိုနိုင် ကြ၏။ အချို့သော ပြဿနာကိုမူ သောတာပန်တို့ပင် မဖြေနိုင်ကြချေ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့သာ ဖြေဆိုနိုင်ကြ၏။ အချို့ ပြဿနာကိုမူ သကဒါဂါမ်ပင် မဖြေနိုင်၊ အနာဂါမ်နှင့် ရဟန္တာတို့သာ ဖြေဆိုနိုင်ကြ၏။ ထို့အတူ အနာဂါမ်နှင့် ရဟန္တာတို့ပင် မဖြေနိုင်သော ပြဿနာတို့လည်း ရှိသေး၏။ မဟာသာဝကတို့ မဖြေနိုင်သော ပြဿနာကို ရှင်မောဂ္ဂလ္လာန ဖြေဆို၏။ တစ်ခါတစ်ရံ ရှင်သာရိပုတ္တ၏ အရာကို ရှင်မောဂ္ဂလ္လာနပင် မဖြေနိုင်ချေ။

ပြဿနာ တစ်ရပ်၌ ရှင်သာရိပုတ္တာပင် ဖြေဆိုခြင်းငှာ မစွမ်းနိုင်ဖြစ်နေ၏။ "မြတ်စွာဘုရားသည် ငါ့ကို သေခ–အသေခတို့၏ ရောက်ကြောင်းအကျင့်ကို မေးတော်မူသလော၊ ခန္ဓာအစရှိသည်တို့တွင် အဘယ် မည်သော ခန္ဓာကို အရင်းမူလဖြင့် ဤအကျင့်ကို ပြောဆိုလျှင် မြတ်စွာဘုရား၏ အလိုတော်ကို ယူခြင်းငှာ စွမ်းနိုင်အံ့လော"–ဟု ယုံမှား သံသယ ဖြစ်၏။

မြတ်စွာဘုရားသည် သာရိပုတ္တာကား ပင်ပန်း၏၊ ဘုရားအရာ၌ မေးအပ်သော ပြဿနာဖြစ်၍ ယုံမှားနေ၏၊ ငါ နည်းမပေးလျှင် ဖြေဆိုနိုင်မည် မဟုတ်ဟုသိ၍–"သာရိပုတ္တ ဤမဟာဘုတ်ကို ကောင်းစွာ ရှုလော့"–ဟု နည်းပေးလိုက်၏။ နည်းရသည်နှင့် တစ်ပြိုင်နက် ရှင်သာရိပုတ္တာအား

အရာ၊ အထောင်၊ အသောင်း၊ အသိန်းသော နည်းတို့ဖြင့် ထင်၍ ပြဿနာကို မှန်စွာ ဖြေဆိုနိုင်လေသည်။

မြတ်စွာဘုရားမှ တစ်ပါး ဤပြဿနာကို ရှင်သာရိပုတ္တာကဲ့သို့ ဖြေဆိုနိုင်သူ မရှိချေ၊ ထို့ကြောင့် ရှင်သာရိပုတ္တာ၏ ပညာကြီးသော အရာ၌ ဥပမာ မရှိ။ နှိုင်းယှဉ်စရာ မရှိဖြစ်၏။ မြတ်စွာဘုရားကလည်း "အလုံးစုံသော နတ်လူ ဗြဟ္မာ သတ္တဝါတို့ မဖြေနိုင်သော ပြဿနာကို သာရိပုတ္တာသာ ဖြေဆိုနိုင်၏" –ဟု မိန့်ကြားတော်မူ၏။ ရှင်သာရိပုတ္တာကလည်း မြတ်စွာဘုရားအား လျှောက်ကြား၏–

"မြတ်စွာဘုရား ကျွန်ုပ်သည် အလုံးစုံသော စကြဝဠာတိုက်တို့ကို မိုးရွာပါလျှင် ဤမျှသော မိုးရေပေါက်တို့သည် မြေကြီး၌ ကျကုန်၏။ ဤမျှသော မိုးရေပေါက်တို့သည် တောင်၌ ကျကုန်၏။ ဤမျှသော မိုးရေပေါက်တို့သည် သမုဒ္ဒရာ၌ ကျကုန်၏ဟု ရေတွက်ပိုင်းခြား မှတ်သားခြင်းငှာ စွမ်းနိုင်ပါ၏"

ထိုအခါ မြတ်စွာဘုရားက–"သာရိပုတ္တာ ထိုမိုးရေပေါက်တို့ကို သင်ရေတွက်နိုင်စွမ်းသည်ကို ငါသိ၏၊ ရဟန်းတို့ သာရိပုတ္တာသည် ယခုအခါမှာသာ ပညာကြီးသည်မဟုတ်၊ ရှေးကလည်း ဘဝ ငါးရာတိုင်မျှ ရသေ့ ရဟန်းပြု၍ ပညာကြီးခဲ့သည်သာတည်း"–ဟု မြွက်ကြားတော်မူ၏

ရာထောင်မကသော ပညာမဲ့သူတို့ ဟုတ်မှန်သော အတိုင်းသိရန် အနှစ် ရာထောင်ပတ်လုံး ငိုကြွေး မြည်တမ်းကြသော်လည်း စုဝေး ကြံစည်ကြသော်လည်း အကျိုးအကြောင်းကို မသိ–မထင်ကုန်ရာ။ ထို့ကြောင့် ဆိုအပ်သောစကား၏ အနက်အဓိပ္ပာယ်ကို သိနိုင်သော ပညာရှိ တစ်ယောက်သည်သာ ထိုယောကျ်ား ရာထောင်တို့ထက် မြတ်၏။

ရှင်သာရိပုတ္တာသည် တရားဟောသော် သစ္စာလေးပါးကို မလွတ်မူ၍ သာလျှင် ဟော၏။ ထို့ကြောင့် သူသည် "မဟာပညာ" အရာ၌ တေဒဂ်

ရခြင်း ဖြစ်၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ရဟန်းသံဃာ ငါးရာမျှနှင့် အတူတကွ သက္ကတိုင်း၌ ဒေသစာရီ ကြွချီတော်မူ၏။ ပါဝါပြည်သို့ ရောက်သောအခါ ရွှေပန်းထိမ်သည်၏ သားစုန္ဒ၏ သရက်ဥယျာဉ်၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းကို ခေါ်တော်မူ၍ ရှင်သာရိပုတ္တအား–"သာရိပုတ္တ ရဟန်းသံဃာသည် ထိုင်းမှိုင်းခြင်းကင်း၏။ ရဟန်းတို့အား တရားစကား ထင်စေလော့၊ ငါညောင်းညာ၍ ကျောဆန့်ဦးအံ့"–ဟု တိုက်တွန်း၏။ ထိုအခါ ရှင်သာရိပုတ္တသည် ရဟန်းတို့အား 'သင်္ဂီတိသုတ်' တရား ဟောကြားတော်မူ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် စမ္ပာမြို့ ဂဂ္ဂရာ ရေကန်နား၌ ရဟန်းသံဃာ ငါးရာနှင့်အတူ နေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတ္တသည် ရဟန်းတို့အား 'ဒသုတ္တရ' သုတ်ကို ဟောကြားတော်မူ၏၊ ဤသုတ်တို့ကို ဟောရခြင်း အကြောင်းမှာ အဘိဓမ္မာဆောင် ရဟန်းတို့ သုတ္တန်သို့ ရောက်လျှင် မတွေဝေစိမ့်သောငှာ တစ်စု–နှစ်စုမှစ၍ တရားတို့ကို ဆယ်စု တိုင်စု၍ ဟောကြား၏။

ရှင်သာရိပုတ္တသည် မြတ်စွာဘုရားကို ထား၍ တစ်စုံတစ်ယောက်သော သာဝကမျှလည်း ပညာကြီးသည့်အရာ၌ သူနှင့်တူသူမရှိ၊ ဤသို့ ဂုဏ်ကြီးမြင့်မှု ဂုဏာတိရေက အားဖြင့်လည်း သူသည် မဟာပညာအရာ၌ ဧတဒဂ်ရ၏၊ သို့ရာတွင် သူကား မာန်မာန ထောင်လွှားတက်ကြွခြင်း မရှိချေ၊ တစ်စုံတစ်ယောက်က အပြစ်ပြ၍ ဆိုဆုံးမပါလျှင်လည်း ကြီးငယ်မဟူ ကြည်ဖြူစွာ လိုက်နာ၏–

တစ်နေ့သ၌ ရှင်သာရိပုတ္တကို ၇–နှစ်သား သာမဏေငယ်တစ်ပါးက "ရှင်သာရိပုတ္တ အရှင်တို့၏ သင်္ကန်းတစ်စ တွဲလျားကျနေပါသည်"–ဟု လျှောက်၏၊ ထိုအခါ ရှင်သာရိပုတ္တသည် တစ်စုံတစ်ရာ ဘာမျှ ပြန်မပြောဘဲ တစ်နေရာသို့သွားကာ သင်္ကန်းကို အဝန်းညီစွာ ပြင်၍ ဝတ်၏၊ ပြီးလျှင်

သာမဏောေ၏ထံသို့ ပြန်လာပြီး–"ဆရာ ဤသို့ဖြစ်လျှင် သင့်မြတ်ပါပြီလော" –ဟု ဆိုကာ လက်အုပ်ချီလျက် ရပ်ပြ၏၊ သာမဏေယ်က သင့်လျော်ပြီ ဖြစ်ကြောင်း ဝန်ခံသောအခါ သူက ဤသို့ ဆောက်တည်၏–

"ပဋိသန္ဓေနေသည်မှ ၆–နှစ်သာရှိသော, ထိုနေ့၌ပင် ရှင်ပြုသော သာမဏေပင် ဖြစ်ပါစေ၊ ငါ့ကို ဆုံးမအံ့၊ သူ၏ စကားကို ရိုသေစွာ ဦးဖြင့် ခံယူပါ၏"

အခါတစ်ပါး ရှင်သာရိပုတ္တာသည် ရဟန်းတို့ကို အနက်ကိုသိစေ နိုင်သော, သန့်ရှင်းသော, မလုံးထွေးသော, ပြည့်စုံသောတရားစကားဖြင့် အကျိုးစီးပွားကို ကောင်းစွာ ဆောင်လျက်, တရားကို ဆောက်တည်စေ ကာ, တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၏၊ ရဟန်းတို့လည်း အရို အသေပြုကာ နှလုံးသွင်းလျက် အလုံးစုံကို စိတ်ဖြင့် ကောင်းစွာ မှတ်သား ပြီး နာကြားကြ၏။ ထိုအခါ ရှင်ဝင်္ဂီသသည် အရှင်၏ မျက်မှောက်၌ပင် သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူးလျှောက်ကြားလေသည်–

နက်နဲသော ပညာရှိတော်မူသော, ကျိုးကြောင်းကို သိသော ပညာရှိတော်မူသော, အကြောင်း ဟုတ်သည်, မဟုတ်သည်၌ လိမ္မာတော်မူ ပြီးသော, မြတ်သော ပညာရှိတော်မူသော ရှင်သာရိပုတ္တာသည် ရဟန်းတို့ အား တရားဟောကြား၏။

ရှင်သာရိပုတ္တာသည် သာလိကာ၏ သာယာကြွေးကြော်သကဲ့သို့ သစ္စာလေးပါးကို အကျဉ်းအားဖြင့်လည်းကောင်း, အကျယ်အားဖြင့်လည်း ကောင်း ဟောကြား ၏။ ပညာကို ထုတ်ဆောင် ပြသလေပြီတကား။

ရှင်သာရိပုတ္တာသည် ရဟန္တာဖြစ်ပြီးနောက် ဤသို့ ဥဒါန်းဂါထာ တို့ကို ရွတ်ဆိုလေ၏–

ရဟန်းသည် စိုစွတ်သိမ်မွေ့သောအစာကိုလည်းကောင်း, ခြောက် သွေ့ ကြမ်းတမ်းသော အစာကိုလည်းကောင်း စားသည်ရှိသော် အလွန်

ဝမ်းဝအောင် မစားရာ၊ လျှော့သောဝမ်း ရှိသည်ဖြစ်၍ နှိုင်းချိန်သော စားမျိုခြင်းရှိလျက် သတိပြုကာ နေရာ၏။

နောက်ဆုံးဖြစ်သော လေး ငါးလုတ်တို့ကို မသုံးဆောင်မူ၍ ရေကိုသောက်ရာ၏၊ ဤသို့ လေး ငါးလုတ် လျှော့စား၍ ရေသောက်ခြင်းသည် နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာနေခြင်းငှာ စွမ်းနိုင်၏။

ရှင်သာရိပုတ္တာ ပညာကြီးသောအရာ၌ တေဒဂ်ရလေသည်ကား ဂင်္ဂါမြစ်ကြီး အပြင်၌ သဲလုံးတို့ကို ရေတွက်သည်ရှိသော် ရေတွက်ခြင်းငှာ တတ်နိုင်ရာ၏။ အရှင်သာရိပုတ္တာ၏ ပညာကို မရေတွက်နိုင်ရာ၊ မဟာသမုဒ္ဒရာ၌ ထမ်းပိုး ရေပွက်တို့ကို ရေတွက်သော်လည်း ရေတွက်နိုင်ရာ၏၊ ရှင်သာရိပုတ္တာ၏ ပညာကို မရေတွက်နိုင်ရာ၊ ဟိမဝန္တာ တောသုံးထောင်, မဟာသမုဒ္ဒရာ လေးစင်း၌ရှိသော သဲမှုန့်တို့ကို တစ်ခုမကျန် ရေတွက်သော်လည်း ရေတွက်နိုင်ရာ၏။ ရှင်သာရိပုတ္တာ၏ ပညာကို မရေတွက်နိုင်ရာဟူ၍ အပဒါန်ကျမ်း၌ ဆိုသည်၊ သည်ကိုရည်၍ ဟတ္ထိပါလ၌–"ဂင်္ဂါမြစ်လျား၊ ကမ်းနားတက်စုန့်၊ သဲမှုန့်ယက်ထုတ်၊ သမုဒ်မြစ်ရေ၊ ဤမြေအလုံး၊ တွက်ကျုံးမမျှ၊ အဆဆလျှင်၊ ဉာဏတုရုံ၊ သူ့ထက်ကဲသည်၊ ရုံမြဲနေမှတ် လက်ယာတည်း"– ဟူ၍ စပ်လေသည်။

ဘုရားသဗ္ဗညုတစ်ဆူကို ထား၍ လောက၌ ပညာရှိသူ လူနတ်ဗြဟ္မာရဟန္တာ အပေါင်းတို့၏ပညာကို တစ်စု, ရှင်သာရိပုတ္တာ၏ ပညာကို တစ်စုပြု၍ နှိုင်းယှဉ်သော်လည်း သတ္တဝါအပေါင်းတို့၏ ပညာသည် ရှင်သာရိပုတ္တာ၏ ပညာကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကို တစ်ဖန် တစ်ဆယ့်ခြောက်စိတ် စိတ်ပြန်သော်လည်း တစ်စိတ်ကိုမျှ မတူဟူ၍ ဝိသုဒ္ဓိမဂ် ကျမ်း၌ ဆိုသည်၊ သည်ကိုရည်၍ ဆုတောင်းခန်း၌– "သတ္တနိကာယ်၊ လူ့ရပ်ဝယ်၌၊ ရွေးချယ်အလွတ်၊ ပညာထွတ်ဟု၊ မှတ်ပြီးသသူ၊ ထိုမျှလူနှင့်၊ နှစ်ဆူပြိုင်တွေး၊ ရည်တူသွေးလည်း၊ အလေးနိမ့်ကျ၊ ဆယ့်ခြောက်ဆထက်၊

လက်ရ တိုးလွန်၊ သူ မတန်တည်း"– ဟူ၍ စပ်လေသည်၊ ဤသို့လျှင် ပညာအားဖြင့် ဘုရားမှ တစ်ပါး အတုမရှိသောကြောင့် တေဒဂ် ရလေသည်။

## ၃–မောဂ္ဂလ္လာန

"ဘိက္ခုတို့ တန်ခိုးကြီးကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် မောဂ္ဂလ္လာနသည် အမြတ်ဆုံး ဖြစ်၏"

ရှင်မောဂ္ဂလ္လာနသည် အနောမဒဿီ ဘုရားရှင် လက်ထက်မှ စ၍ အဂ္ဂသာဝကဆုကို တောင့်တခဲ့၏၊ သူသည် ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရှင်သာရိပုတ္တာနှင့်အတူ ရသေ့ရဟန်းပြု၏၊ ထို့နောက် ရှင်သာရိပုတ္တာထံမှတစ်ဆင့် ရှင်အဿဇိ၏ တရားကို နာကြားရ၍ သောတာပန် ဖြစ်ခဲ့၏၊ ရှင်သာရိပုတ္တာနှင့်အတူ မြတ်စွာဘုရားထံ သွားလေရာ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရ၏၊ ရဟန်းဖြစ်၍ ၇–ရက်မြောက်သောနေ့ မဂဓတိုင်း ကလ္လဝါလ ရွာငယ်ကို အမှီပြု၍ ရဟန်းတရားကို အားထုတ်နေစဉ် ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ နှိပ်စက်၏၊ ထိုအခါ မြတ်စွာဘုရားသည် သူ၏ ထိနမိဒ္ဓကို ပယ်ဖျောက်စေပြီး ဓာတ်ကမ္မဋ္ဌာန်းကိုပေး၏၊ ထိုအခါတွင်မှ အထက်မဂ် ကိစ္စပြီးမြောက်ပြီး သာဝက ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်သွား၏။

မြတ်စွာဘုရားသည် ရှင်မောဂ္ဂလ္လာန တရားအားထုတ်စဉ် ငိုက်မျဉ်းနေသည်ကို သိမြင်တော်မူ၍ မိမိနေရာ တောအုပ်မှ သူ၏ မျက်မှောက်သို့ ထင်ရှားရောက်လာပြီး– "မောဂ္ဂလ္လာန သင် ငိုက်မျဉ်းသလော"–ဟု မေး၏။

"အရှင်ဘုရား ငိုက်မျဉ်းသည် မှန်ပါ၏"–

"မောဂ္ဂလ္လာန သို့ဖြစ်ပါလျှင် သင့်အား ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ သက်ဝင်သော အမှတ်သညာကို နှလုံးမသွင်းလင့်၊ သို့ဖြင့် မပျောက်နိုင်

ခဲ့လျှင် သင် ကြားနာ သင်ယူပြီးသောတရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည် လေ့လာသုံးသပ်လော့၊ အဖန်ဖန် ရှုလော့၊ သို့ဖြင့်လည်း မပျောက်ကင်းပါ လျှင် သင်နာကြား သင်ယူပြီးသော တရားကို အကျယ်အားဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ပါလော့၊ သို့ဖြင့်လည်း မပျောက်ကင်းပါလျှင် သင်သည် နားရွက် နှစ်ဖက်တို့ကို ဆွဲငင်ဘိလော့၊ လက်ဖြင့် ကိုယ်တို့ကို သုံးသပ်ဘိလော့၊ သို့ဖြင့်လည်း မပျောက်ကင်းပါလျှင် သင်သည် နေရာမှထပြီးလျှင် ရေဖြင့် မျက်စိတို့ကို ပွတ်သပ်၍ အရပ်မျက်နှာတို့ကို ကြည့်လေလော့၊ နက္ခတ် တာရာတို့ကို ကြည့်လေလော့၊ သို့ဖြင့်လည်း မပျောက်ကင်းပါလျှင် သင် သည် အလင်းရောင်ဟူသော, နေ ဟူသော အမှတ်သညာကို နှလုံးသွင်း ဆောက်တည်လော့၊ နေ့အခါမှာကဲ့သို့ ညအခါ ထိုအတူ ညအခါမှာကဲ့သို့ နေ့အခါမှာလည်း အလင်းရောင်အမှတ်သညာကို ဆောက်တည်လော့၊ ထိန မိဒ္ဓ ကင်းစေ၍ ထက်ဝန်းကျင် မြှေးယှက်ခြင်း မရှိသော စိတ်ဖြင့် အရောင် နှင့် တကွသောစိတ်ကို ပွားစေလော့၊ သို့ဖြင့်လည်း မကင်းပျောက်နိုင်လျှင် သင်သည် နောက်နှင့် ရှေ့သို့ ရှေးရှုဆောင်သော အမှတ်သညာရှိသည်ဖြစ် ၍ အတွင်း၌ တည်ကုန်သော ဣန္ဒြေတို့ဖြင့် အပြင်အပ၌ မတည်သောစိတ် ဖြင့် စင်္ကြံသွားမှုကို ဆောက်တည်လော့။

"ဤသို့နေသော သင့်အား ထိုင်ငိုက်မျဉ်းခြင်း ထိန–မိဒ္ဓတို့ ပျောက် ကင်းနိုင်ခဲ့မူ သင်သည် လက်ယာနံစောင်းဖြင့် လျောင်း၍ လက်ယာခြေ၌ လက်ဝဲခြေကို စဉ်းငယ်လွန်ကာ တင်ထားလျက် သတိသမ္ပဇဉ်နှင့် ပြည့်စုံ သည်ဖြစ်၍ ထအံ့ဟူသော အမှတ်သညာကိုပြုကာ ခြင်္သေ့ကဲ့သို့ အိပ်ခြင်းကို ပြုလော့၊ နိုးသောအခါ သင်သည် အိပ်မှုချမ်းသာ, ဘယ်ပြောင်း ညာပြန် လဲလျောင်းမှု ချမ်းသာကို အဖန်ဖန် အားထုတ်သည်ဖြစ်၍ မနေအံ့ဟု လျင်မြန်စွာ ထရာ၏၊ မောဂ္ဂလ္လာန သင်သည် ဤသို့ ကျင့်ရမည်"

"မောဂ္ဂလ္လာန မာနတည်းဟူသော နှာမောင်းကို ချီပင့်၍ ဒါယကာ တို့ အိမ်သို့ မကပ်အံ့" ဟု ကျင့်ရမည်၊ သူတို့အိမ်၌ ပြုဖွယ်ကိစ္စတို့ ရှိကုန်

၏၊ ထိုကြောင့် သူတို့သည် ရဟန်းတို့ကို နှလုံးမသွင်းနိုင်ကုန်၊ ထိုအခါ ရဟန်းအား–'ယခုအခါ ငါတို့ကို ဤအမျိုး၌ ဘယ်သူ ဖျက်ဆီးဘိသနည်း၊ လူတို့သည် ငါတို့၌ ခင်မင်ခြင်းကင်းသော သဘောရှိကုန်၏–' ဟု အကြံ ဖြစ်ရာ၏၊ လာဘ် မရခြင်းကြောင့် နှလုံး မသာခြင်းသည် ဖြစ်ရာ၏၊ နှလုံး မသာသူအား စိတ် ပျံ့လွင့်မှုဖြစ်ရာ၏၊ စိတ်ပျံ့လွင့်သူအား မစောင့်စည်းမှု ဖြစ်ရာ၏၊ ထို့ကြောင့် 'ငါသည် ဆန့်ကျင်ဘက်စကားကို မပြောအံ့'ဟု ကျင့် ရမည်၊ ဆန့်ကျင်ဘက်စကား ရှိခဲ့သော် စကားများမှု မချွတ် ဖြစ်လိမ့်မည် ဟု မျှော်လင့်အပ်၏၊ စကားများလျှင် စိတ်ပြန့်လွင့်မှုဖြစ်၏၊ စိတ်ပြန့်လွင့် သူအား မစောင့်စည်းမှု ဖြစ်၏၊ မစောင့်စည်းသောသူ၏ စိတ်သည် သမာဓိမှ ဝေးကွာ၏။

"မောဂ္ဂလ္လာန ငါသည် အလုံးစုံသော အရာတို့နှင့် ဆက်ဆံမှုကို မချီးမွမ်း, ဤမျှသာ မဟုတ်သေး, စင်စစ်သော်ကား ငါသည် လူရှင်ရဟန်း တို့နှင့် ဆက်ဆံမှုကိုလည်း မချီးမွမ်း, အသံနည်းကုန်သော, ပြည်ရွာတွန်သံ မရှိကုန်သော လူတို့၏အငွေ့အသက် ကင်းကုန်သော လူတို့ လျှို့ဝှက်မှုကို ပြုခြင်းငှာထိုက်ကုန်သော တစ်ယောက်တည်း ကိန်းအောင်းခြင်းငှာ လျောက် ပတ်သော သဘောရှိသည့် ကျောင်းတို့နှင့် ဆက်ဆံမှုကိုကား ချီးမွမ်း၏"။

ထိုအခါ ရှင်မောဂ္ဂလ္လာနက ပြန်ကြား လျှောက်ထား၏–

"အရှင်ဘုရား အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့် ရဟန်း သည် အကျဉ်းအားဖြင့် တဏှာကုန်ရာ နိဗ္ဗာန်၌ အာရုံပြု၍ ကိလေသာမှ လွတ်သောစိတ်ရှိသူ, စင်စစ် ပြီးဆုံးမှု ရှိသူ, စင်စစ် ယောဂ လေးပါးဖြင့် ဘေး မရှိသူ, နတ် လူတို့ထက် မြတ်သူဖြစ်ပါသနည်း"

ထိုအခါ မြတ်စွာဘုရား ဖြေကြားတော်မူ၏–

"မောဂ္ဂလ္လာန ဤသာသနာ၌ ရဟန်းသည် တရား အလုံးစုံတို့ကို တဏှာ, ဒိဋ္ဌိ အစွမ်းဖြင့် နိစ္စ, သုခ, အတ္တဟု နှလုံးသွင်းရန် မသင့်ဟု ကြား

နာအပ်၏၊ ခန္ဓာ, အာယတန, ဓာတ်–တရားအလုံးစုံတို့ကို မှားသောအား ဖြင့် နှလုံးသွင်းရန် မသင့်ဟု ကြားနာအပ်၏၊ ထိုရဟန်းသည် တရားအလုံးစုံ ကို ထူးသော ဉာဏ်ဖြင့် သိ၏၊ ထူးသော ဉာဏ်ဖြင့် ပိုင်းခြား၍ သိ၏၊ ထို ကြောင့် သုခကိုဖြစ်စေ, ဒုက္ခကို ဖြစ်စေ, ဥပေက္ခာကို ဖြစ်စေ ဝေဒနာ ဟူ သမျှကို ခံစား၏၊ ဝေဒနာတို့၌ မမြဲဟု အဖန်ဖန်ရှု၍ နေ၏၊ စွဲမက်ခြင်း ကင်းသော ဝိရာဂဖြင့် အဖန်ဖန် ရှု၍ နေ၏၊ ချုပ်မှု နိရောဓ, တစ်ဖန်စွန့်မှု ပဋိနိဿဂ္ဂအားဖြင့် အဖန်ဖန် ရှု၍ နေ၏၊ ထိုရဟန်းသည် ထိုသို့ နေသည် ရှိသော် လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ တဏှာ ဒိဋ္ဌိ အစွမ်းဖြင့် မစွဲလမ်းသောကြောင့် တဏှာတည်းဟူသော တပ်မက်မှုမရှိ၊ ထိုကြောင့် အသီး အခြားပင်လျှင် ကိလေသာ ငြိမ်း၏၊ ပဋိသန္ဓေနေမှု ကုန်၏၊ မြတ် သောအကျင့်ကို ကျင့်သုံးပြီး ဖြစ်၏၊ မဂ်ကိစ္စ ပြီး၏၊ ဤမဂ်ကိစ္စအတွက် ပြုဖွယ်တစ်ပါး မရှိတော့ချေ။

"မောဂ္ဂလ္လာန ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တဏှာကုန်ရာ နိဗ္ဗာန်၌ အာရုံပြု၍ ကိလေသာမှ လွတ် လပ်သောစိတ်ရှိသူ, စင်စစ် ပြီးဆုံးမှုရှိသူ, စင်စစ် ယောဂလေးပါးဖြင့် ဘေး မရှိသူ, စင်စစ် မြတ်သော အကျင့်ကို ကျင့်သူ, စင်စစ် နိဗ္ဗာန်ဟု ဆိုအပ် သော ပြီးဆုံးမှုရှိသူ, နတ်လူတို့ထက် မြတ်သူဖြစ်၏"

ရှင်မဟာမောဂ္ဂလ္လာနသည် ဤ ဝိုက်မျဉ်းပျောက် တရား၏ အဆုံး တွင် ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ သူသည် လွန်စွာတန်ခိုးအာနုဘော် ကြီးလှသော နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမဖူး၏၊ ငရဲပြည်သို့ သွား၍ လည်း မိမိ၏တန်ခိုးဖြင့် ငရဲသားတို့ သက်သာစေရန် အအေးကို အဓိဋ္ဌာန်၏၊ လှည်း ဘီးမျှလောက်သော ပဒုမ္မာကြာကို ဖန်ဆင်း၍ ထိုင်ကာ ငရဲသားတို့အား တရားဟောကြား၏၊ နတ်ပြည်သို့ တက်၍လည်း သူတို့ နောက်က ပြုခဲ့ သော ကံကို မေး၍ သစ္စာတရား ဟောကြားတော်မူ၏၊ သူသည် အခါ တစ်ပါး မြတ်စွာဘုရားအား လျှောက်ကြားဖူး၏–

"မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြပါအံ့"

"မောဂ္ဂလ္လာန သင် ဘယ်သို့ ပြမည်နည်း"

"မြတ်စွာဘုရား မြင်းမိုရ်တောင်ကို သွားကြား၌ ထား၍ ပဲစေ့၊ မုန်ညင်းစေ့ကဲ့သို့ ဝါး၍ ပြပါမည်၊ ထို့ပြင် မဟာပထဝီမြေကြီးကို ဖျာကဲ့သို့ လိပ်၍ လက်ချောင်းကြား၌ ညှပ်ထားပါမည်၊ ထိုနောက် ယင်းမြေကြီးကို အောက်အထက် ပြန်လှန်၍ လူများအပေါင်းကို မြေအောက်၌ တည်ရှိသော မြေဩဇာကို စားစေပါမည်၊ ထို့ပြင် လက်ဝဲ လက်၌ မြေကြီးကိုပြု၍ ဤ သတ္တဝါတို့ကို လက်ယာလက်ဖြင့် တစ်ပါးသော ကျွန်း၌ ထားပါမည်၊ ထို့ပြင် မြင်းမိုရ်တောင်ကို ထီးရိုးပြုလုပ်၍ မြေကြီးကို ပင့်မြှောက်ပြီးလျှင် ထီးရွက်ပြုပါမည်၊ ပြီးလျှင် လက်တစ်ဖက်ဖြင့် ယူငင်ကိုင်ဆောင်ပြီး ကောင်းကင်၌ စင်္ကြံသွားပါမည်"

သို့ရာတွင် တန်ခိုးပြာဋိဟာပြခြင်းကို မြတ်စွာဘုရား ခွင့်ပြုတော် မမူချေ။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ နေတော်မူ၏၊ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ လျှောက်ကြား၏–

"မြတ်စွာဘုရား အဘယ်မျှလောက်သော အကျင့်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တပ်မက်မှု တဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်သော စိတ်ရှိသူ၊ ဧကန် ဘေးကင်းခြင်းရှိသူ၊ မြတ်သော အကျင့်ရှိသူ၊ ပြီးဆုံးသူ၊ နတ်လူတို့ထက် မြတ်သူ ဖြစ်ပါသနည်း"

ထိုအခါ မြတ်စွာဘုရားသည်– 'စူဠတဏှာသင်္ခယသုတ်'ကို ဟော ကြားတော်မူ၏၊ သိကြားမင်းသည် အလွန်နှစ်သက်ဝမ်းသာစွာဖြင့် မြတ်စွာ ဘုရားကို ရိုသေစွာ ရှိခိုးပြီး ပြန်သွား၏၊ ထိုအခါ ရှင်မောဂ္ဂလ္လာနသည် ဤ သိကြားမင်း အဟုတ်တကယ် တရားကို သိ–မသိ စူးစမ်းလို၍ တာဝတိံသာ နတ်ပြည်သို့ လိုက်၍ မေး၏–

"သိကြားမင်း အဘယ်သို့လျှင် မြတ်စွာဘုရားက သင်တို့အား အကျဉ်းအားဖြင့် တပ်မက်မှုကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ လွတ်မြောက်ခြင်းကို ဟောကြားပါသနည်း၊ တောင်းပန်ပါ၏, ငါတို့သည်လည်း ဤတရားစကားကို ကြားနာခြင်းငှာ အဖို့ရှိသူတို့ ဖြစ်ရလိုကုန်၏"

ထိုအခါ သိကြားမင်းက ပြန်ကြား လျှောက်ထား၏–

"အရှင်မောဂ္ဂလ္လာန ကျွန်ုပ်တို့မှာ ပြုဖွယ်ကိစ္စ များလှပါကုန်၏၊ သို့ရာတွင် မိမိ ပြုဖွယ်ကိစ္စအတွက် အနည်းငယ်သာဖြစ်၍ တာဝတိံသာ နတ်တို့၏ ပြုဖွယ်ကိစ္စအတွက်သာလျှင် စင်စစ် များလှပါကုန်၏၊ စင်စစ်ကား ကောင်းစွာ နာကြားသင်ယူ နှလုံးသွင်းဆောင်ထားသော တရားသည် ကျွန်ုပ်တို့မှ လျင်စွာသာလျှင် ကွယ်ပျောက်ပါ၏"

ထိုအခါ ရှင်မောဂ္ဂလ္လာနသည်– "ဤနတ်ကား အလွန်ပြင်းစွာ မေ့လျော့၏၊ ငါသည် ဤနတ်ကို ထိတ်လန့်စေရမှုကောင်းလေစွ"–ဟု အကြံ ဖြစ်ကာ ဝေဇယန္တာ ပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ် ယိမ်းယိုင်စေနိုင်သော တန်ခိုးဖန်ဆင်းမှုကို ပြု၏၊ ထိုအခါ သိကြားမင်း အမှုးရှိသော နတ်တို့သည်–"အချင်းတို့ ဤရဟန်း၏ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်သည် အံ့ဩဖွယ်ရှိပေစွ၊ မဖြစ်စဖူး ဖြစ်ပေစွ၊ နတ်ဗိမာန်ကိုသော်လည်း ခြေမဖြင့် တုန်လှုပ် ယိမ်းယိုင်စေနိုင်ဘိ၏"–ဟု အထိတ်တလန့် ဖြစ်ကြ၏။

ရှင်မောဂ္ဂလ္လာနသည် တန်ခိုးအရာ၌ ဧတဒဂ် ရလေသည်ကား အမြင့် ယူဇနာ ခုနစ်ရာရှိသော သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို ခြေမဖျားဖြင့် အောက်ထက်ပြောင်းပြန် လန်လုဘနန်းရှိအောင် လှုပ်နိုင်သည်၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကို လက်တစ်ဖက်ဖြင့် သူငယ်တို့ ကစားသော လှည်းဘီးငယ်ကဲ့သို့ အသာလှန်၍ မြေ၌ ရှိသော သတ္တဝါအပေါင်းကို လက်ဝါးတစ်ဖက်ပေါ်၌ ထားနိုင်သည်၊ ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်ကို သွားကြားဖြင့် ညှပ်ကာ သွားနိုင်သည်၊ သည်အရာများမှာ ရှင်မောဂ္ဂလ္လာနမှ တစ်ပါး၊ ရှင်သာ

ရိပုတ္တာ, ရှင်မဟာကဿပ အစရှိသော အသီတိ သာဝကတို့သည်လည်း တတ်နိုင်သည်ချည်းပင်။

နန္ဒောပနန္ဒ နဂါးကို ဆုံးမသောအခါ နဂါးသည် မြင်းမိုရ်တောင်ကို ခုနစ်ထပ်ပတ်၍ တောင်ထိပ်ကို အုပ်လျက် ပါးပျဉ်းဖြန့်၍ နေသည်ကို ရှင်မောဂ္ဂလ္လာနသည် နဂါးယောင် ဖန်ဆင်းပြီးသော် ထိုနဂါး၏ အပေါ်၌ တစ်ဆယ့်လေးထပ် ပတ်၍ နဂါးပါးပျဉ်းထက် နှစ်ဆတက် ပါးပျဉ်းဖြန့်၍ နဂါးကို မြင်းမိုရ်တောင်ဖြင့် ကြိတ်သည်၊ လက်ယာ နားပေါက်ဝ ဝင်၍ လက်ဝဲ နားပေါက်က ထွက်သည်၊ လက်ဝဲ နားပေါက်က ဝင်၍ လက်ယာ နားပေါက်က ထွက်သည်၊ လက်ယာ နှာခေါင်းမှသည် လက်ဝဲနှာခေါင်းသို့, လက်ဝဲ နှာခေါင်းမှသည် လက်ယာနှာခေါင်းသို့ ဝင်၍ ထွက်သည်၊ ခံတွင်းက ဝင်၍ ဝမ်းတွင်း၌ စင်္ကြံသွားသည်၊ သည်အရာမျိုးမှာ ရှင်မောဂ္ဂလ္လာနမှ တစ်ပါး အသီတိ သာဝကတို့ တတ်နိုင်သည်ချည်းပင်။

ခံတွင်းမှ ထွက်၍ နဂါးရှေ့တွင် ရပ်သောအခါ နဂါးနှာခေါင်းလေ လွတ်သည်ကို စတုတ္ထဈာန်ကို ဝင်စားခြင်း၌ လျင်မြန်လှသောကြောင့် နှာခေါင်းလေသည် ကိုယ်မွေးတစ်ချောင်းကိုမျှ မလှုပ်စေနိုင်၊ သည်အရာကို ရှင်သာရိပုတ္တာစသော အသီတိသာဝကတို့သည် မတတ်နိုင်ချေ၊ ရှင်မောဂ္ဂလ္လာန တစ်ဦးသာ တတ်နိုင်သည်၊ ထို့ကြောင့် တန်ခိုးအရာ၌ တေဒဂ် ရလေသည်။

အခါတစ်ပါး ရှင်ဝင်္ဂီသသည် မြတ်စွာဘုရား မျက်မှောက်၌ ရှင်မောဂ္ဂလ္လာနကို ဤသို့ ဖွဲ့ဆိုချီးကျူး၏–

ဣသိဂိလိ တောင်နံပါး၌ နေကုန်သော, ဝဋ်ဆင်းရဲ၏ တစ်ဖက်ကမ်းသို့ ရောက်ကုန်သော, ဗုဒ္ဓကဲ့သို့ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံကုန်သော, မစ္စုမာရ်ကို ပယ်စွန့်ကုန်သော ရဟန္တာသာဝကတို့ ဆည်းကပ်ကုန်၏၊ တန်ခိုးကြီးသော မောဂ္ဂလ္လာနသည် ထိုရဟန္တာတို့၏ ကိလေသာမှ လွတ်သော, ဥပဓိ မရှိသော စိတ်ကို ဆင်ခြင်သည်ရှိသော် ထိုရဟန္တာတို့ကို မိမိ စိတ်ဖြင့်

ပိုင်းခြား၍ သိ၏။

## ၄–မဟာကဿပ

"ဘိက္ခုတို့ ကိုယ်တိုင် ဓုတင်ဆောင်၍ သူတစ်ပါးတို့အားလည်း ဓုတင်ဆောင်ရန် ဟောပြောသော ငါ၏ သာဝကဘိက္ခုတို့တွင် မဟာကဿပသည် အမြတ်ဆုံးဖြစ်၏"

ဗုဒ္ဓသာသနာ၌ ကဿပ အမည်ဖြင့် ရဟန်းတော် ငါးပါးရှိနေ၏၊ ထိုကြောင့် ကွဲပြားစေရန် ခွဲခြား၍ ခေါ်ရ၏၊ ဥရုဝေလ တောအုပ်၌ နေသော ကဿပကို ဥရုဝေလ ကဿပ, မြစ်ကမ်းခြေ၌ နေသော ကဿပကို နဒီကဿပ, ဂယာ၌နေသော ကဿပကို ဂယာကဿပ, ငယ်သော ကဿပကို ကုမာရကဿပဟု အသီးသီး ခေါ်ကြ၏၊ ထိုမှတစ်ပါး ဤဓုတင် ဓေတဒဂ် ရသော ကဿပကား မဟာကဿပ မည်၏။

ရှင်ဗာကုလသည် ကိုယ်တိုင် ဓုတင် ဆောင်သော်လည်း သူတစ်ပါးတို့ ဓုတင်ဆောင်ရန် ဟောပြောခြင်း မရှိချေ၊ ဤသို့သောသူသည် ဓုတင် ဆောင်သာ မည်၏။

ရှင်ဥပနန္ဒသည် ကိုယ်တိုင်ဓုတင်မဆောင်ဘဲ သူတစ်ပါးတို့ ဓုတင်ဆောင်ရန် ဟောပြော၏၊ ဤသို့သော သူသည် ဓုတင်တရား ဟောကြားသူသာ ဖြစ်၏။

ရှင်ကာဠုဒါယီသည် ကိုယ်တိုင်လည်း ဓုတင် မဆောင်, သူတပါးတို့ ဓုတင် ဆောင်ရန်လည်း ဟောပြောခြင်း မပြုချေ၊ ဤသို့သော သူသည် ကိုယ်တိုင်လည်း မဆောင်, သူတစ်ပါးတို့အားလည်း ဟောကြားခြင်း မပြုသူဖြစ်၏။

ရှင်မဟာကဿပကား ကိုယ်တိုင်လည်း ဓုတင်ဆောင်၏၊ သူတစ်ပါးတို့ ဆောင်ရန်လည်း ဟောပြော၏။

ဓုတင် ဟူသည်ကား အကုသိုလ်တရားတို့ကို ခါတွက် ထုတ်

ပယ်ပစ်ခြင်းဖြစ်၏၊ အလိုနည်းခြင်း, ရောင့်ရဲခြင်း, ခေါင်းပါးစွာကျင့်ခြင်း, ဆိတ်ငြိမ်ခြင်းတို့သည် ဓုတ မမွတို့ မည်၏၊ ဓုတ၏ အင်္ဂါကို ဓုတင်ဟု ခေါ်၏၊ ယင်း ဓုတင်တို့မှာ ၁၃–ပါး အပြားရှိ၏၊ ထို ၁၃–ပါးတို့၏ ဆောက်တည်ပုံ အပြည့်အစုံကို မိလိန္ဒပဉှာနှင့် ဝိသုဒ္ဓိမဂ်၌ ကြည့်ရှုကြပါကုန်။

ရှင်မဟာကဿပသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်တော်ကပင် ဤဓုတင် ဓေတဒဂ် ရလိုကြောင်း ဆုတောင်းပတ္ထနာပြုခဲ့၏၊ သူသည် ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ မဂဓတိုင်း မဟာတိတ္ထရွာ ကဿပအနွယ်ပုဏ္ဏားမျိုး၌ ဖြစ်၏၊ အမည်မှာ ပိပ္ပလိ ဖြစ်၏၊ အရွယ်သို့ ရောက်သောအခါ အမျိုးအနွယ်တူ, ဂုဏ်ရည်တူ ဘဒ္ဒါ အမည်ရှိသော အမျိုးသမီးနှင့် အိမ်ထောင်ဖက်ပြီးနောက် နှစ်ဦးသဘောတူ မိမိတို့အလိုအလျောက် ရဟန်းဘောင်သို့ ကူးပြောင်းပြီး တောထွက်ခဲ့ကြ၏၊ ပိပ္ပလိသည် ဘဒ္ဒါနှင့် လမ်းခွဲ၍ ထွက်ခဲ့ရာ ရာဇဂြိုဟ်နှင့် နာလန္ဒာ၏ အကြား ဗဟုပုတ္တက ညောင်ပင်ရင်း၌ မြတ်စွာဘုရားနှင့်တွေ့၍–"အရှင်ဘုရား... အရှင်မြတ်သည် ကျွန်ုပ်၏ ဆရာပါတည်း၊ ကျွန်ုပ်သည် အရှင်မြတ်၏ တပည့်ပါတည်း"–ဟု ရှိခိုး လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားက သူ၏အနွယ်အားဖြင့် 'ကဿပ'ဟု ခေါ်၍ ဩဝါဒသုံးပါးကို ပေးသနားတော်မူ၏ –

၁–ကဿပ... ဤသာသနာ၌ သင်သည် သီတင်းသုံးဖော်တို့၌ ငါ့အား ထက်စွာသော အရှက်–အကြောက် ဟိရိ–ဩတ္တပ္ပကို ရှေးရှု ထင်သည် ဖြစ်အံ့ဟု ကျင့်ရမည်။

၂–ကဿပ... သင်သည် ကုသိုလ်နှင့်စပ်သော တရားအားလုံးကို နာလျှင် အရိုအသေပြုကာ နလုံးသွင်း၍ အလုံးစုံသောစိတ်ဖြင့် ကောင်းစွာ ဆောင်၍ နားစိုက်လျက် တရားကို နာအံ့ဟု ကျင့်ရမည်။

၃–ကဿပ... ဤသာသနာ၌ သင်သည် သုခနှင့်တကွဖြစ်သော ကာယဂတာ သတိသည် ငါ့အား မစွန့်အံ့ဟု ကျင့်ရမည်။

ရှင်မဟာကဿပသည် မြတ်စွာဘုရား၏ ဤဩဝါဒ သုံးပါးဖြင့် ရဟန်းအဖြစ်ကို ရခဲ့၏၊ ထိုကြောင့် သူ့ကို 'ဩဝါဒါနုပသမ္ပဒါ' ဟု ခေါ်ကြ၏၊ ဩဝါဒဖြင့် ရဟန်းဖြစ်သူဟု ဆိုလို၏။

ထိုနောက် မြတ်စွာဘုရားသည် အနာဂတ် သာသနာ သန့်ရှင်းစင်ကြယ်ရေးကို မျှော်တွေး၍ ကိုယ်တော်တိုင် သုသာန်မှ ကောက်ယူဝတ်ရုံသော 'ပံသုကူ' သင်္ကန်းကို ရှင်မဟာကဿပအား ပေးသနားတော်မူ၏၊ သို့ရာတွင် သူသည် မာန်ထောင်ဝင့်ဝါခြင်း မရှိမူ၍ မြတ်စွာဘုရားထံတွင် စတင် ၁၃–ပါးကို ဆောင်းခံ၍ ကျင့်ဆောင်၏၊ သူ၏ ထက်သန် လျောက်ပတ်ကောင်းမြတ်သော လုံ့လဝီရိယအားလျော်စွာ ခုနစ်ရက်မျှသာ ပုထုဇဉ်ဘဝနှင့်နေရ၍ ရှစ်ရက်မြောက်၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏ –

ရဟန်းတို့ ကဿပသည် ရတတ်သမျှသော ပစ္စည်း လေးပါးဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်၏၊ ပစ္စည်းလေးပါးကြောင့် မလျောက်ပတ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ မရ၍လည်း မတောင့်တ, ရ၍လည်း မမက်မော, မတွေဝေ, တဏှာဖြင့် မလွှမ်းမိုး, အပြစ်ကို ရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်၏။

ရဟန်းတို့ ထိုကြောင့် ဤသာသနာ၌ သင်တို့သည် ကဿပနည်းတူကျင့်ရမည်၊ သင်တို့အား ကဿပ ဥပမာဖြင့် ငါဆုံးမမည်၊ သင်တို့သည် သူကဲ့သို့ မချွတ် မယွင်း ဖြစ်ခြင်းငှာ ကျင့်ဆောင်သင့်၏။

ရဟန်းတို့ ကဿပသည် စန်းလပမာ ကိုယ်စိတ်ကို ထိန်းချုပ်၍သာ အချင်းခပ်သိမ်း ညှော့်သည်ကဲ့သို့ သိမ်မွေ့စွာ ဒါယကာတို့သို့ ချဉ်းကပ်၏၊ သူ၏ စိတ်သည် ဒါယကာတို့၌ ငြိကပ်စွဲလမ်း ဖွဲ့ရှက်ခြင်း မရှိချေ၊ သူတစ်ပါးတို့ လာဘ်လာဘ, ကုသိုလ်ကောင်းမှုရလျှင် မိမိရသကဲ့သို့ နှစ်သက် ဝမ်းမြောက်၏။

ရဟန်းတို့ ကဿပသည် မြတ်စွာဘုရား ဟောကြားသောတရား ကို ကောင်းစွာ ဟောကြားသော တရားတည်း၊ ကိုယ်တိုင် သိမြင်အပ်သော တရားတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတည်း၊ လာလှည့်–ရှုလှည့်ဟု ပြထိုက်သောတရားတည်း၊ ကိုယ်စိတ်၌ ဆောင်ထားထိုက်သော တရားတည်း၊ အရိယာ ပညာရှိတို့သာ သိမြင်နိုင်သော တရားတည်းဟု နှလုံးသွင်း၍ ထိုတရားကို နာကြားပြီး သိကြပါကုန်လျှင် သိပြီး၍ အရဟတ္တဖိုလ် အကျိုးငှာ ကျင့်ကြပါကုန်မူ ကောင်းလေစွဟု သူတစ်ပါးတို့အား ဟောကြား၏။

တရားတော်၏ ကောင်းသော တရားအဖြစ်ကို စွဲ၍ သူတစ်ပါးတို့အား တရားဟော၏၊ သနား ကြင်နာခြင်းကို စွဲ၍ အစဉ် စောင့်ရှောက်ခြင်းငှာ သူတစ်ပါးတို့အား တရားဟော၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာ၌ သင်တို့သည် ကဿပနှင့် အတူ ကျင့်ရမည်။

ရဟန်းတို့ ကဿပသည် ဒါယကာတို့၌–'ငါ့အား ပေးလှူပါစေ၊ များစွာသာလျှင် ပေးလှူပါစေ၊ မွန်မြတ်သည်ကိုသာလျှင် ပေးလှူပါစေ၊ လျင်မြန်စွာသာလျှင် ပေးလှူပါစေ၊ ရိုသေစွာသာလျှင် ပေးလှူပါစေ'ဟု တောင့်တခြင်း မရှိချေ၊ ဤသို့သော စိတ်ထား မရှိဘဲ ဒါယကာတို့သို့ ချဉ်းကပ်၏၊ ထို့ကြောင့် ကဿပအား အကယ်၍ တစ်စုံတစ်ရာ မပေး မလှူသော် ထို့ကြောင့် သူသည် အနိုပ်စက်ခံရသကဲ့သို့ မဖြစ်၊ ထို့ကြောင့်လည်း ဆင်းရဲ ခြင်း, နှလုံး မသာယာခြင်းကို မခံစားရ၊ ရဟန်းတို့ ထို့ကြောင့် သင်တို့သည် ဤသာသနာ၌ ကဿပနှင့်အတူ ကျင့်ရမည်။

အခါတစ်ပါး မြတ်စွာဘုရားသည် ရှင်မဟာကဿပကို ခေါ်၍ မိန့်တော်မူ၏ –

"ကဿပ သင်သည် ယခုအခါ အိုမင်းလှပြီ၊ ဤပိုက်ဆံလျှော် ပံသုကူသင်္ကန်းတို့သည် လေးလံ ကြမ်းတမ်းကုန်၏၊ ဒါယကာတို့ လှူဒါန်းသော သင်္ကန်းတို့ကို ဝတ်ရုံလော့၊ ဖိတ်အပ်သော ဆွမ်းကိုလည်း သုံးဆောင်

လော့၊ ငါ၏ထံ၌လည်း နေပါလော့"။

ထိုအခါ ရှင်မဟာကဿပက ပြန်ကြား လျှောက်ထား၏–

"အရှင်မြတ်ဘုရား ကျွန်ုပ်သည် ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး တော၌နေခြင်း, ဆွမ်းခံစားခြင်း, ပံသုကူဆောင်ခြင်း, တိစီဝရိက်ဆောင်ခြင်း– စသော ဓုတင်တို့ကို ဆောက်တည်၍ ဆောက်တည်ခြင်း၏ ဂုဏ်တို့ကိုလည်း ပြောဆိုခဲ့ပါ၏၊ အလိုနည်းခဲ့ပါ၏၊ ရောင့်ရဲခဲ့ပါ၏၊ ဆိတ်ငြိမ်ရာ၌ နေခဲ့ပါ၏၊ လူတို့နှင့် မရောနှောခဲ့ပါ၊ ထက်သန်သော လုံ့လ ရှိခဲ့ပါ၏၊ ထို ဂုဏ်တို့ကိုလည်း ပြောဆိုခဲ့ပါ၏"

"ကဿပ သင်သည် ဘယ်အကျိုးထူးကို ကောင်းစွာမြင်သည် ဖြစ်၍ ဤသို့ ဆောက်တည်ပြီး ဟောပြောခြင်း ဖြစ်သနည်း"။

"အရှင်ဘုရား ကျွန်ုပ်သည် မိမိ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်းကို ကောင်းစွာ တွေ့မြင်၍လည်းကောင်း, အတုလိုက်၍ ကျင့်သော နောင်လာ နောင်သား လူရှင်ရဟန်းတို့အား ထိုအကျင့်သည် ရှည်စွာသော နေ့ညဥ့်တို့ ပတ်လုံး စီးပွားချမ်းသာခြင်း ဖြစ်လိမ့်မည်ဟု ထိုသူတို့အား သနားသဖြင့်လည်းကောင်း, ဤအကျိုးနှစ်ပါးကို ကောင်းစွာမြင်သည် ဖြစ်ပါ၍ ဓုတင်တို့ကို ဆောက်တည် ပြောဟောခြင်း ဖြစ်ပါသည်"

အခါတစ်ပါး မြတ်စွာဘုရားသည် ရှင်မဟာကဿပအား တိုက်တွန်း၏–

"ကဿပ ရဟန်းတို့ကို ဆုံးမလော့၊ ရဟန်းတို့အား တရားစကား ဟောကြားခြင်း ပြုလော့၊ ကဿပ ငါသည်လည်းကောင်း, သင်သည်လည်းကောင်း ရဟန်းတို့ကို ဆုံးမရာ၏၊ တရားစကား ပြောဟောခြင်း ပြုရာ၏"။

ထိုအခါ ရှင်မဟာကဿပက ပြန်ကြား လျှောက်ထား၏–

"မြတ်စွာဘုရား ယခုအခါ ရဟန်းတို့သည် ဆုံးမ ခက်ပါကုန်၏၊ ဆုံးမခက်ခြင်းကို ပြုတတ်ကုန်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံပါ

ကုန်၏၊ သည်းမခံကြပါကုန်၊ အဆုံး အမကို ရှိသေစွာ မနာယူကြပါကုန်၊ အရှင်မြတ်ဘုရား မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း မရှိ၊ ရှက်ခြင်း မရှိ၊ ကြောက်ခြင်း မရှိ၊ လုံ့လ မရှိ၊ ပညာမရှိ–သူတို့အား ရောက်လာသမျှ ညတိုင်း–နေ့တိုင်း ကုသိုလ် တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် မချွတ် ရလိမ့်မည်ဟု မျှော်လင့်အပ်၏၊ ကြီးပွားတိုးတက်ခြင်းကို မမျှော်လင့်အပ်၊ အရှင်မြတ်ဘုရား လဆုတ်ပက္ခ၌ ရောက်လာသမျှသော ညတိုင်း–နေ့တိုင်း လစန်းသည် အရောင်အဝါ လုံးရပ် သဏ္ဌာန်အားဖြင့် ဆုတ်ယုတ်သကဲ့သို့ ထိုရဟန်းအား ထို့အတူ ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းတို့သာလျှင် မချွတ်ရလိမ့်မည်ဟု မျှော်လင့်အပ်၏၊ ကြီးပွားခြင်းကို မမျှော်လင့်အပ်၊ အရှင်မြတ်ဘုရား သဒ္ဓါတရား မရှိသော၊ အရှက် မရှိသော၊ ကြောက်လန့်ခြင်း မရှိသော၊ ပျင်းရိသော၊ ပညာမဲ့သော၊ အမျက်ထွက်တတ်သော၊ ရန်ငြိုးဖွဲ့တတ်သူ ဟူသော စကားနှင့်ဆုံးမသူ မရှိသောသူ ဟူသော စကားသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း"။

အခါတစ်ပါး ရှင်မဟာကဿပသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြား၏–

"အရှင်မြတ်ဘုရား ရှေးအခါက သိက္ခာပုဒ် အလွန် နည်းလှပါသည်၊ သို့ရာတွင် များစွာသော ရဟန်းတို့ အရဟတ္တဖိုလ်၌ တည်ကုန်၏၊ ယခုအခါ သိက္ခာပုဒ်တို့ အလွန် များကုန်၏၊ သို့ရာတွင် အနည်းငယ်သော ရဟန်းတို့သာ အရဟတ္တဖိုလ်၌ တည်ကုန်၏၊ အကြောင်း အထောက်အပံ့ကား အဘယ်နည်း"။

ထိုအမေးကို မြတ်စွာဘုရား ဤသို့ ဖြေကြားတော်မူ၏–

"ကဿပ သတ္တဝါတို့ ဆုတ်ယုတ်၍ သူတော်ကောင်းတရား ကွယ်လျှင် သိက္ခာပုဒ်တို့ အလွန် များပြားကုန်လျက် အလွန်နည်းသော ရဟန်းတို့သာ အရဟတ္တဖိုလ်၌ တည်ကုန်၏၊ ကဿပ တရားအတု

အယောင် မပေါ်သေးသမျှ ကာလပတ်လုံး လောက၌ သူတော်ကောင်းတရား မကွယ်သေး၊ လောက၌ တရား အတုအယောင် ပေါ်သောအခါ သူတော်ကောင်းတရား ကွယ်လိမ့်မည်၊ ကဿပ ဥပမာသော်ကား လောက၌ ရွှေအတုမပေါ်သေးလျှင် ရွှေအစစ် မကွယ်သေး၊ ရွှေအတု ပေါ်သောအခါ ရွှေအစစ် ကွယ်သကဲ့သို့တည်း၊ ကဿပ မြေ, ရေ, လေ, မီး–ဓာတ်ကြီးတို့သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ စင်စစ်သော်ကား ဤသာသနာ၌ ဖြစ်ကုန်သော, မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့သာ သူတော်ကောင်းတရားကို ကွယ်စေကုန်၏၊ လှေသည် ဝန်ကို ဆောင်ယူခြင်းဖြင့်သာ နစ်မြုပ်ရသကဲ့သို့ ကဿပ ဤအတူသာလျှင် သူတော်ကောင်းတရား၏ ကွယ်ခြင်းသည် ဖြစ်၏၊ ကဿပ ဤသာသနာတော်၌ ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာတို့သည် ဘုရား, တရား, သံဃာ, အကျင့်သိက္ခာ, သမာဓိ တရားတို့၌ မရိုသေ မတုံ့ဝပ်ကုန်သည် ဖြစ်၍နေကုန်အံ့၊ ကဿပ အောက်သို့သက်စေတတ်သော ဤတရားငါးပါးတို့သည် သူတော်ကောင်းတရား မေးမှိန် ကွယ်ပျောက်ခြင်းငှာ ဖြစ်ကုန်၏"။

မြတ်စွာဘုရားသည် ရှင်မဟာကဿပကို အထက်ပါ သုတ္တန်တို့ဖြင့် ချီးမွမ်းထောပနာပြု၏၊ ထိုနောက် ယင်းကဿပသံယုတ်ကိုပင် အကြောင်းအထ္ထုပ္ပတ်ပြု၍ ရှင်မဟာကဿပကို ဓုတင်ဆောင်ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဟူသော ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားတော်မူလေသည်။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် ပိပ္ပလိဂူ၌ နေ၏၊ ထိုအခါ သူသည် သတ္တဝါတို့၏ ဖြစ်ခြင်း, သေခြင်း တရားကို ဆင်ခြင် စဉ်းစားနေ၏၊ မည်သို့ စဉ်းစားသော်လည်း သူ၏ဉာဏ်တွင် ပိုင်းခြားထင်ထင် သိမြင်ခြင်း မရှိချေ၊ ထိုကြောင့် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းမှနေ၍–"ကဿပ သတ္တဝါတို့၏ ဖြစ်ခြင်း သေခြင်း အပိုင်းအခြားကို သိရန်မှာ သင်၏ အရာ မဟုတ်ချေ၊ မမေ့လျော့ခြင်းသည်သာ သင်၏ အရာဖြစ်၏"–ဟု ဆုံးမပြီး တရား

ဟောကြား၏။

ပညာရှိသည် မမေ့မလျော့သော သတိဖြင့် မေ့လျော့ခြင်းကို ပယ်ဖျောက်၍ စိုးရိမ်ကြောင့်ကြ ကင်းစွာ ပညာတည်းဟူသော ပြာသာဒ်ပေါ်သို့ တက်ပြီး စိုးရိမ် ကြောင့်ကြ ရှိသော သတ္တဝါအပေါင်းကို ကြည့်၏၊ တောင်ထိပ်ပေါ်က လူသည် မြေပြင်က လူတို့ကို မြင်သကဲ့သို့ ပညာရှိသည် သူမိုက်တို့ကို မြင်ရ၏။

တစ်ရံသောအခါ ပိပ္ပလိဂူ၌ တစ်ပါးတည်း ကိန်းအောင်းနေသော ရှင်မဟာကဿပ၏ အထံသို့ ရဟန်းတစ်ပါး လာ၍နေ၏၊ ထိုရဟန်းသည် သူ၏အဆုံးအမကို မနာခံချေ၊ ဆုံးမသည်ကို ရန်ငြိုးဖွဲ့လျက် အရှင်မြတ် ဆွမ်းခံသွားနေစဉ် လိုဏ်ဂူကို မီးတိုက်ပြီး ထွက်သွား၏၊ ထိုသတင်းကို မြတ်စွာဘုရား ကြားသိတော်မူသောအခါ ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏–

တရားကျင့်သူသည် မိမိထက် မြတ်သူကိုလည်းကောင်း၊ မိမိနှင့် တန်းတူကိုလည်းကောင်း–အကယ်၍ မရပါလျှင် တစ်ယောက်တည်း ကျင့်ခြင်းကို မြဲစွာ ပြုရာ၏၊ သူမိုက်၌ အဆွေခင်ပွန်းအဖြစ် မရှိချေ။

တစ်ခါတွင်လည်း ရှင်မဟာကဿပသည် ပိပ္ပလိဂူ၌ နိရောဓသမာပတ် ဝင်စားနေ၏၊ သမာပတ်မှ ထသောအခါ ဆင်းရဲသားတို့အား ချီးမြှောက် မစသောအားဖြင့် ဆွမ်းခံအံ့ဟု ရာဇဂြိုဟ်မြို့သို့ ရှေးရှုလာ၏၊ ထိုအခါ သိကြားမင်းသည် ဆင်းရဲသား ရက်ကန်းသည်အိုယောင် ဆောင်ပြီး ဆွမ်းလှူကာ ကြွေးကြော်သွား၏၊ ထိုအသံကို မြတ်စွာဘုရား ကြားတော်မူ၍ ရဟန်းတို့အား တရားဟောတော်မူ၏–

ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ အနံ့သည် အနည်းငယ်မျှသာ၊ သီလရှိသူ၏ ကျော်စောသော အနံ့သည် လွန်ကဲ ထူးမြတ်၍ နတ်ဗြဟ္မာတိုင်အောင် ရနံ့လှိုင်၏။

ရှင်မဟာကဿပ၏ ဥဒါန်းကား ဤသို့တည်း–

ပရိသတ်အပေါင်း ခြံရံလျက် မနေရာ, ပရိသတ်အပေါင်း အခြံအရံဖြင့် နေသည်ရှိသော် စိတ်အနှောင့်အယှက် ရှိသည်ဖြစ်၍ အလိုဆန္ဒအမျိုးမျိုး ရှိသောလူအပေါင်းကို ချီးမြှောက်ရခြင်းသည် ဆင်းရဲ၏၊ ဤသို့အပြစ်ကို မြင်၍ ဂိုဏ်းဂဏ အသင်းအပင်းကို အလိုမရှိရာ။

ရဟန်းသည် မင်းမျိုးစသော အမျိုးတို့သို့ နီးနီးစပ်စပ် မချဉ်းကပ်ရာ၊ စိတ်အနှောင့်အယှက်ရှိသူသည် တည်ကြည်မှု သမာဓိကို ရခဲ၏၊ မိမိ၏ချမ်းသာကို ဆောင်ရွက်နိုင်သော ရဟန်းသည် အရသာ၌ တပ်မက်မောသည် ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်ခြင်း၌ ကြောင့်ကြစိုက်ပါက သီလစသော အကျိုးကို ဆိတ်သုဉ်းစေ၏။

တည်ကြည်သော စိတ်ရှိ၍ ခန္ဓာတို့၏ သဘောတရားကို ရှုသောယောဂါဝစရ ပုဂ္ဂိုလ်အား တရား၌ မွေ့လျော်မှု ဖြစ်သကဲ့သို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော တူရိယာဖြင့် ကာမဂုဏ်ငါးပါးခံစားသူအား တရား၌ မွေ့လျော်မှုမျိုး မဖြစ်နိုင်။

နှုတ်ခမ်းလှုပ်၍ ရွတ်ဖတ် သရဇ္ဈာယ်ကာမျှဖြင့်လည်း မိမိအကျိုးကို မသိမမြင်၊ ဦးခေါင်းမော့ကာ ခိုင်မာသော လည်ပင်းရှိသည်ဖြစ်၍ လှည့်လည်သွားလာလျက် ငါသာလျှင် မြတ်၏ဟု အောက်မေ့ မှတ်ထင်၏။

မသိ မလိမ္မာသူ မမြင့်မြတ်သူ ဖြစ်ပါလျက် မြင့်မြတ်သူနှင့် ထပ်တူပြု၍ မိမိကိုယ်ကို အောက်မေ့ မှတ်ထင်၏၊ ထိုသို့သဘောရှိသော ခက်မာတောင့်တင်းသော စိတ်ရှိသူကို ပညာရှိတို့ မချီးမွမ်းကုန်။

သီတင်းသုံးဖော်တို့အပေါ်၌ ရိုသေလေးမြတ်မှု မရှိသူသည် မြေကြီးသည် ကောင်းကင်မှ ဝေးသကဲ့သို့ သူတော်ကောင်းတရားမှ ဝေး၏။

ရှင်မဟာကဿပ ခုတင်အရာ၌ ဧတဒဂ် ရလေသည်ကား တစ်ပါးသော အရိယာ ရဟန္တာတို့သည် ခုတင် အကျင့်ဆောက်တည်သော်လည်း အမြဲ မဆောက်တည်ကုန်၊ တစ်ရံရောအခါ ရှင်သာရိပုတ္တာသည်

တပည့် ပဥ္စင်းငယ်တစ်ဦး ရွာတွင်းသို့ ဝင်လေသည့်အခိုက် မွန်းတည့်ခါနီးအောင်မှ မလာသောကြောင့် ပဥ္စင်းငယ် အစုမုန့်ကို ဘုဉ်းပေးနှင့်သည်၊ ပဥ္စင်းငယ်လည်း မွန်းမတည့်မီပင် ပြန်ရောက်လာလျှင်– "သင့် အစု မုန့်ကို ငါစားနှင့်သည်" ဟု ပြောဆိုသည်။

ထိုပဥ္စင်းငယ်သည် ဝမ်းမြောက် ဝမ်းသာသောစကားကို မဆိုလေ၊ "ကောင်းသော အရသာကို ဘယ်သူ မကြိုက်ဘဲရှိမည်နည်း"–ဟု မနှစ်သက်သော စကားကို ဆိုဘိ၏၊ ရှင်သာရိပုတ္တာသည် "မုန့်ကို စားမိသောကြောင့် ငါ အပြစ်တင် ခံရချေသည်"–ဟု ပရိနိဗ္ဗာန် ပြုသည်တိုင်အောင် မုန့်ကိုမစားဘဲ ရှောင်လေ၏၊ ထိုအခါမှစ၍ 'မုန့်မစား ရှင်သာရိပုတ္တာ'ဟု တွင်လေ၏၊ ဤသို့လျှင် တစ်ပါးသော အရိယပုဂ္ဂိုလ်တို့သည် ဓုတင်ကို အမြဲ မဆောက်တည်ကုန်၊ ရှင်မဟာကဿပသည်ကား ကိုယ်လည်း ဓုတင်ကို အမြဲ ဆောက်တည်သည်၊ သူတစ်ပါးကိုလည်း ဓုတင်ဖြင့် ဆုံးမသည်၊ ထိုကြောင့် ဓုတင်အရာ၌ ဧတဒဂ် ရလေသည်။

### ၅–အနုရုဒ္ဓ

"ဘိက္ခုတို့ ဒိဗ္ဗစက္ခု အဘိညာဉ်ရသော ငါ၏ သာဝကဘိက္ခုတို့တွင် အနုရုဒ္ဓသည် အမြတ်ဆုံး ဖြစ်၏"

ရှင်အနုရုဒ္ဓသည် ဆွမ်းခံသွားချိန်, ဆွမ်းစားချိန်တို့မှတစ်ပါး အခြားတစ်ပါးသောအချိန်တို့တွင် အလင်းရောင်ကို ပွားစေ၍ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သတ္တဝါတို့ကို ကြည့်လျက်သာလျှင် နေ၏၊ ဤသို့ နေ့ညဉ့်ပတ်လုံး လေ့လာအပ်သော စိဏ္ဏဝသီဘော် ရှိသောကြောင့် သူသည် ဒိဗ္ဗစက္ခုအရာ၌ အမြတ်ဆုံး ဧတဒဂ်ရခြင်း ဖြစ်၏။

ရှင်အနုရုဒ္ဓသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်တော်က စ၍ ဒိဗ္ဗစက္ခု ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ သူသည် သကျသာကီဝင် မင်းသား တစ်ပါး ဖြစ်၏၊

သုဒ္ဓေါဒန မင်းကြီး၏ညီတော် သုက္ကောဒနမင်း၌ မဟာနာမနှင့် အနုရုဒ္ဓဟူ၍ သားတော်နှစ်ပါးရှိ၏၊ ထိုတွင် အနုရုဒ္ဓမင်းသားကား အဆင်းလည်း လှ၏၊ ဘုန်းကံလည်း ကြီး၏၊ အလွန်လည်း သိမ်မွေ့နူးညံ့၏၊ အရွယ်သို့ ရောက်လတ်သော် လျောက်ပတ်သော အမျိုးသမီးနှင့်ထိမ်းမြား၍ စည်းစိမ် ချမ်းသာကို ကောင်းစွာခံစား၏၊ တစ်နေ့တွင် အစ်ကို မဟာနာမ မင်းသားက ဆိုလာ၏ –

"အနုရုဒ္ဓ ငါတို့ အမျိုးတွင် တစ်စုံတစ်ယောက်မျှ နောင်တော်ဘုရားထံ လိုက်၍ ရဟန်း မပြုကြပါ၊ တစ်ပါးသော အမျိုးမှ ရဟန်းပြုကြသည်ကား များလှလေပြီ၊ သင် ရဟန်းပြုလိုမူလည်း ပြုပါ၊ သို့မဟုတ် ငါသော်မူလည်း ရဟန်းပြုအံ့"

"ရဟန်းဟူသည် အဘယ်သို့ နေထိုင်ရပါသနည်း"

"အနုရုဒ္ဓ ရဟန်းမည်သည်ကား ဤလူ့ဘောင်မှ စွန့်ခွာ၍ဝေးရှောင်ပယ်ရှား၍ ဆံ မုတ်ဆိတ်များကို ဖြတ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက် သက်သက်သော သစ်သား, ကြိမ်ညောင်စောင်းတို့၌ တစ်ယောက်တည်းသာ လျောင်း၍ စားသောက်ဖွယ် လိုသောအခါ ရွာတွင်းသို့ သပိတ်ပိုက်လျက် လာသဖြင့် ဆွမ်းခံကာ စားရ၏"

"နောင်တော် ငါကား အလွန် သိမ်မွေ့နူးညံ့၏၊ ပင်ပန်းဆင်းရဲခြင်းကို သည်းမခံနိုင်၊ ဤမျှလောက် ကြမ်းတမ်းမှု ရဟန်းပြုနိုင်မည် မထင်၊ နောင်တော်သာ ပြုလိုလျှင် ပြုပါလော့"

"သင် ရဟန်း မပြုလိုသော် မိဘတို့၌ ပြုအပ်သော လူမှုကိစ္စကို လုံ့လပြု၍သာ ဆောင်ရွက်ပါလော့၊ ငါပင် ရဟန်းပြုတော့အံ့"

"နောင်တော် လူမှုကိစ္စဟူသည် အဘယ်သို့ ပြုရသနည်း"

"အနုရုဒ္ဓ ကောင်းစွာ မှတ်ပါဘိ–အရပ်ရပ်သော လူမှုကိစ္စတို့ တွင် လယ်လုပ်ရသော အမှုတစ်ခု၌ ရှေးဦးစွာ လယ်ယာတီထွင်လျက် မြေကို ညက်အောင် ထွန်ယက်ရာ၏၊ မိုးရေတင်ရန် ကံသင်းဆည်ရာ၏၊ ပြီးလျှင်

စပါး ကောက်ပဲမျိုးတို့ကို ကြဲရာ၏၊ ရေများလျှင် ဖောက်လွှဲ၍ ရေနည်းသော် သွင်းရာ၏၊ ကောက်ပင်ကြီးသောအခါ ကောင်းစွာ ယူ၍ စိုက်ရာ၏၊ စိုက်ပြီးသော် နွမ်းလျော်ခြင်း မရှိစေရအောင် ရေကို သွင်းရာ၏၊ ရေဟောင်း ရေပုပ်သော် ထုတ်ဖောက်ပစ်၍ ရေသစ် သွင်းရာ၏၊ အသီးအနှံဖြစ်သော အခါ စာငယ် ကျေးငှက်တို့ကိုလည်း ကန့်ကွက်စောင့်ရှောက်ရာ၏၊ ကောက်မှည့်သောအခါ ကောင်းစွာရိတ်၍ အလှိုင်းပြုရာ၏၊ ထို့နောက် စု၍ နယ်ရာ၏၊ ပြီးလျှင် ကောက်ရိုး အဖျင်းတို့ကို လွှင့်ရာ၏၊ ထိုနောက် စည့်, ကျီတိုက်ကြတို့ကို ပြု၍ ထားရာ၏၊ ပြီးလျှင် စင်ကြယ်စွာ ထောင်းဖွပ်၍ ဆန်ဖြစ်စေရာ၏၊ ဤကား စားရန် ထမင်း၌ ပြုထိုက်သော အရေးတည်း၊ ဝတ်ရန်ကိစ္စ၌လည်း ဤသို့ ပြုရာ၏၊ ရွှေငွေဘဏ္ဍာရခြင်း ကိစ္စ၌လည်း ဤသို့ ပြုရာ၏၊ နောင်နှစ် စားရကြောင်း, ဝတ်ရကြောင်းကိုလည်း ဤသို့ ကြံဆောင်ရာ၏"

"နောင်တော် လုပ်ငန်းတို့သည် မကုန်နိုင်၊ လုပ်ငန်းတို့၏ ပြီးဆုံးမှုသည် မထင်၊ ဘယ်အခါ လုပ်ငန်းတို့သည် ကုန်ဆုံးနိုင်အံ့နည်း၊ ဘယ်အခါ လုပ်ငန်းတို့၏ ပြီးဆုံးမှုသည် ထင်အံ့နည်း၊ ငါတို့သည် ဘယ်အခါ မကြောင့်ကြဘဲ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုန်လုံပြည့်စုံစွာ ခံစားနေရကုန်အံ့နည်း"

"အနုရုဒ္ဓ လုပ်ငန်းတို့သည် မကုန်နိုင်ကုန်၊ လုပ်ငန်းတို့၏ပြီးဆုံးမှုသည် မထင်၊ လုပ်ငန်း မကုန်ခင်ဘဲ ခမည်းတော်, ဘိုးတော်တို့ စံလွန်ကြကုန်သည်"

"သို့ဖြစ်ပါလျှင် နောင်တော်ပင် အိမ်၌နေကာ လူမှုကိစ္စကို သိရစ်ပါလော၊ ငါမူကား ရဟန်းပြုလုပ်ပါမည်"

ထိုနောက် သူသည် အမိထံ ခွင့်ပန်၍ သကျသာကီဝင်မင်းများ ဖြစ်ကြသော ဘဒ္ဒိယ, အာနန္ဒ, ဘဂု, ကိမိလ, ဒေဝဒတ္တ၊ ထို့ပြင် ဆတ္တာသည် ဥပါလိနှင့် အတူတကွ ရဟန်းပြု၏။

အနုရုဒ္ဓသည် ရဟန်းပြုပြီးလျှင် ရှင်သာရိပုတ္တာထံ၌ တရားယူကာ စေတိယတိုင်း ပါစိနဝံသ တောအုပ်သို့သွား၍ တရားအားထုတ်၏၊ ထိုအခါ သူသည် မဟာပုရိသ ဝိတက်ကို ကြံစည်၏–

(၁) လောကုတ္တရာ တရားသည် အလိုနည်းသူအားသာ ပြည့်စုံ၏၊ အလိုကြီးသူအား မပြည့်စုံ၊ (၂) ရောင့်ရဲလွယ်သူအားသာ ပြည့်စုံ၏၊ မရောင့်ရဲသူအား မပြည့်စုံ၊ (၃) ဆိတ်ငြိမ်မှုရှိသူအားသာ ပြည့်စုံ၏၊ အပေါင်းအဖော်၌ မွေ့လျော်သူအား မပြည့်စုံ၊ (၄) လုံ့လရှိသူအားသာ ပြည့်စုံ၏၊ ပျင်းရိသူအား မပြည့်စုံ၊ (၅) သတိရှိသူအားသာ ပြည့်စုံ၏၊ သတိလွတ်သူအား မပြည့်စုံ၊ (၆) စိတ် တည်ကြည်သူအားသာ ပြည့်စုံ၏၊ စိတ် မတည်ကြည်သူအား မပြည့်စုံ၊ (၇) ပညာရှိသူအားသာ ပြည့်စုံ၏၊ ပညာမဲ့သူအား မပြည့်စုံ–

ရှင်အနုရုဒ္ဓသည် ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကို ဆက်၍ မစဉ်းစားနိုင်သဖြင့် ပင်ပန်းနေ၏။ ထိုအခါ မြတ်စွာဘုရားကြွလာပြီး "အနုရုဒ္ဓ ကောင်းလေစွ၊ အနုရုဒ္ဓ ကောင်းလေစွ၊ သင်သည် မဟာပုရိသတို့၏ ဝိတက်ကို ကောင်းစွာသာလျှင် ကြံစည်နေ၏၊ ရှစ်ခုမြောက်သော မဟာပုရိသဝိတက်ကား ဤသို့တည်း"

(၈) ဤလောကုတ္တရာတရားသည် နိပ္ပာန်၌ မွေ့လျော်သူအားသာ ပြည့်စုံ၏၊ နိပ္ပာန်၌ မွေ့လျော်ခြင်း မရှိသူအား မပြည့်စုံ။

ထို့နောက် မြတ်စွာဘုရားသည် မဟာအရိယဝံသတရားလေးပါးကို ဆက်လက် ဟောကြားတော်မူ၏–

မြတ်သော, ရှေးကျသော, အရိယာတို့၏ အနွယ်ဖြစ်သောတရားတို့ကား လေးပါးတို့တည်း၊ ဤသာသနာ၌ ရဟန်းသည် ရတတ်သမျှသော သင်္ကန်း, ဆွမ်း, ကျောင်းဖြင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ဆိုလေ့ရှိ၏၊ ဤအကြောင်းတို့ကြောင့် မလျောက်ပတ် မအပ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ မရ၍လည်း မတောင့်တ၊ ရပြီး၍လည်း မမက်မော၊ မတွေ

ဝေ၊ တဏှာဖြင့်လည်း မလွှမ်းမိုး၊ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ ထွက်မြောက်ကြောင်းကို သိလျက် သုံးဆောင်၏၊ ထိုရတတ်သမျှသော သင်္ကန်း, ဆွမ်း, ကျောင်းဖြင့် ရောင့်ရဲခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက်၊ သူတစ်ပါးကို မရှုတ်ချ၊ ရဟန်းသည် ထိုရောင့်ရဲမှု၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်း မရှိ၊ ဆင်ခြင်ဉာဏ် သမ္ပဇဉ်ရှိ၏၊ သတိနှင့် ယှဉ်၏။

ရဟန်းတို့ နောက်တစ်မျိုးကား ရဟန်းသည် ဘာဝနာ၌ မွေ့လျော် ပျော်ပိုက်၏၊ ကာမစ္ဆန္ဒ စသည်ကို ပယ်ခြင်း၌ မွေ့လျော် ပျော်ပိုက်၏၊ ထို ဘာဝနာ၌ မွေ့လျော် ပျော်ပိုက်ခြင်းဖြင့်လည်းကောင်း, ထိုကာမစ္ဆန္ဒစသည်ကို ပယ်ခြင်း၌ မွေ့လျော်ပျော်ပိုက်ခြင်းဖြင့်လည်းကောင်း မိမိကိုယ်ကို မချီးမြှောက်၊ သူတစ်ပါးကို မရှုတ်ချ၊ ရဟန်းသည် ဘာဝနာပွားမှု, ပယ်မှု၌ ကျွမ်းကျင်၏၊ ပျင်းရိခြင်း မရှိ၊ ဆင်ခြင်ဉာဏ် သမ္ပဇဉ်ရှိ၏၊ သတိနှင့် ယှဉ်၏၊ ရဟန်းတို့ ဤတရားလေးမျိုးကို မပယ်အပ်ကုန်၊ ဗုဒ္ဓတို့ မပယ်ဖူးကုန်၊ ယခုလည်း မပယ်ကြကုန်၊ နောင်လည်း ပယ်လိမ့်မည် မဟုတ်ကုန်၊ ပညာရှိ သမဏ ဗြာဟ္မဏတို့ မကဲ့ရဲ့အပ်ကုန်။

"ရဟန်းတို့ ဤအရိယဝံသ တရားလေးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် မည်သည့်အရပ်၌ နေစေကာမူ သူကသာလျှင် မမွေ့လျော်ခြင်းကို နှိပ်စက်နိုင်ရာ၏။ သူ့ကို မမွေ့လျော်ခြင်းက မနှိပ်စက်နိုင်ရာ၊ အကြောင်းကား လုံ့လရှိသောရဟန်းသည် မမွေ့လျော်ခြင်း–မွေ့လျော်ခြင်းကို သည်းခံနိုင်သောကြောင့်တည်း"

မြတ်စွာဘုရားသည် ရှစ်ခုမြောက်သော မဟာပုရိသဝိတက်ကို ဖြည့်ပေး၍ ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်း, ဘာဝနာ၌ မွေ့လျော်ခြင်းဖြင့် တန်ဆာဆင်အပ်သော မဟာအရိယဝံသတရားကို ဟောကြားပြီး ပြန်ကြွသွား၏၊ ထိုခဏ၌ပင် ရှင်အနုရုဒ္ဓသည် ဝိဇ္ဇာသုံးပါးနှင့်တကွ ရဟန္တာ ဖြစ်သွား၏။

ထို့နောက် မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ်

ရဟန်းတို့အလယ်၌ –"ရဟန်းတို့ နတ်မျက်စိအလား ဝေခြားစွာဘိ တည်ရှိလေတုံ ရူပါရုံကို ချက်ကုန်ထင်ထင် သိမြင်တတ်ကုန်သော ငါ၏သာဝကတို့တွင် ဤအနုရုဒ္ဓသည် လွန်ကဲ၏"ဟု ဒိဗ္ဗစက္ခု ဧတဒဂ် ပေးတော်မူ၏။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဇာလိနီအမည်ရှိသော နတ်သမီးသည် ရှင်အနုရုဒ္ဓကို ရည်မှတ်၍ နတ်ပုဆိုးကို ပုံသကူ ပစ်၏၊ ထိုပုဆိုးကို သင်္ကန်းချုပ်သောအခါ မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ အလို့ငှာ ဆွမ်းခဲဖွယ်စသည်တို့ကို သူ၏တန်ခိုးဖြင့် ဆောင်ယူ၏၊ နတ်သမီးစောင်မသည်ကို မသိကြသောရဟန်းတို့သည် "ရှင်အနုရုဒ္ဓအား ပမာဏကို မသိဘဲ အလုပ်အကျွေးဒါယကာတို့ကို ပြောဘိသည်"–ဟု ကဲ့ရဲ့ကုန်၏၊ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား ရဟန္တာတို့၏သဘောတရားကို ဟောကြားတော်မူ၏။

"အာသဝေါကုန်သော ရဟန္တာသည် အာဟာရကို တပ်မက်သောအားဖြင့် မှီဝဲခြင်းမရှိ၊ သုညလွတ်မြောက်မှုနှင့် အကြောင်းကင်းသော လွတ်မြောက်မှု၌ ကျက်စား၏၊ ကောင်းကင်၌ ငှက်တို့သွားရာလမ်းကို မမြင်နိုင်သကဲ့သို့ သူ၏သွားရာလမ်းကို မမြင်နိုင်"

အခါတစ်ပါး ရှင်အနုရုဒ္ဓသည် ကောသလတိုင်း တောအုပ်တစ်ခု၌ နေ၏၊ ထိုအခါ ရှေးက မယားဖြစ်ဖူးသော နတ်သမီးတစ်ပါးသည် ရှင်အနုရုဒ္ဓထံသို့ ချဉ်းကပ်လျက်–

"ရှေးအခါက သင်နေဖူးသောအရပ်၌ စိတ်ကို တောင့်တလော့၊ အလုံးစုံသော ကာမဂုဏ်တို့နှင့် ပြည့်စုံသော တာဝတိံသာနတ်ပြည်၌ နတ်သမီးအပေါင်းတို့ဖြင့် ဝိုင်းအုံခြံရံအပ်သည်ဖြစ်၍ တင့်တယ်ခဲ့ဖူး၏"ဟု ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏။

"နတ်သမီးတို့သည်ကား သက္ကာယဒိဋ္ဌိ၌ တည်ကုန်သည်ဖြစ်၍ မကောင်းသော လားရာရှိကုန်၏၊ ထိုနတ်သမီးတို့သည်လည်း ဒုဂ္ဂတိဘုံသို့ ရောက်ရကုန်သေး၏၊ နတ်သမီးတို့ တောင့်တအပ်ကုန်သော တာဝတိံသာ

နတ်တို့သည်လည်း ဒုဂ္ဂတိဘုံသို့ ရောက်ရကုန်သေး၏"–ဟု အနုရုဒ္ဓက ပြန်ကြား၏။

"အကြင်သူတို့သည် များစွာသော အခြံအရံရှိသော တာဝတိံသာ နတ်ပြည်၌ နေကုန်သော နတ်သားတို့၏ နေရာဖြစ်သော နန္ဒဝန်ဥယျာဉ်ကို မမြင်ဘူးကုန်၊ ထိုသူတို့သည် ချမ်းသာကို မသိကုန်" ဟု နတ်သမီးက လျှောက်ဆို၏။

"အမိုက်မ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန်, ဖြစ်တတ် ပျက်တတ်သော သဘောရှိကုန်၏၊ ဖြစ်ကုန်ပြီး၍ ချုပ်ကုန်၏၊ ထိုသင်္ခါရ တရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာ ချမ်းသာ၏ဟု ရဟန္တာပုဂ္ဂိုလ် တို့၏စကားကို သင်မသိ၊ အို–နတ်သမီး နတ်ပြည်၌ ယခုအခါ ငါ၏ တစ်ဖန် ပဋိသန္ဓေနေခြင်းသည် မရှိတော့ပြီ, ပဋိသန္ဓေနေခြင်း သံသရာကုန် ပြီးပြီ၊ ယခုအခါတစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိတော့ပြီ"ဟု မိန့်ဆို၏။

ရှင်အနုရုဒ္ဓကျူးရင့်သော ဥဒါန်းကား ဤသို့တည်း –

ကခြင်း၊ သီခြင်းတို့ဖြင့် အပြည့်အစုံ စည်းစိမ်ခံစားလျက် စောင်း စသော တူရိယာသံတို့ဖြင့် နံနက်အခါတိုင်း၌ နိုးကြားစေအပ်သော ငါသည် ကိလေသာမာန်၏ အာရုံ ကာမဂုဏ်၌ မွေ့လျော်နေသည်ဖြစ်ရကား ကာမ ဂုဏ်ကို ခံစားခြင်းဖြင့် သံသရာမှ စင်ကြယ်မှုကို မရနိုင်ပေ။

အလိုလည်း ကြီး၏၊ ရောင့်ရဲခြင်းမှလည်း ကင်း၏၊ လူရဟန်းတို့ နှင့် မလျော်သော ရောနှောခြင်းဖြင့် ရောနှောလျက် ပျံ့လွင့်သောစိတ်ရှိသည် ဖြစ်၍နေသော ပုဂ္ဂိုလ်အား စိတ်၏ညစ်နွမ်းခြင်းကို ပြုတတ်ကုန်သော ယုတ် ညံ့သည့် အကုသိုလ်တရားတို့ ဖြစ်ကုန်၏။

သတိနှင့်လည်း ပြည့်စုံ၏၊ ပစ္စည်းလေးပါးတို့၌ အလိုနည်း၏၊ ရရသမျှသော ပစ္စည်းဖြင့် ရောင့်ရဲလွယ်၏၊ စိတ်ပျံ့လွင့်ခြင်းမှ ကင်း၏၊ ဝဋ်ကို ငြီးငွေ့သောတရား၌ မွေ့လျော်သည်ဖြစ်၍ နှစ်လိုဝမ်းမြောက်၍ အမြဲ

အားထုတ်အပ်သော လုံ့လရှိသည့် ပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်ကုန်သော သစ္စာလေးပါးကို သိခြင်းအဖို့၌ ဖြစ်ကုန်သော သတိပဋ္ဌာန်စသော တရားတို့ဖြစ်ကုန်၏၊ အာသဝေါကင်း၏။

ဒိဗ္ဗစက္ခုဉာဏ်ဟူသည်ကား မှန်ညင်းစေ့ကို မြင်းမိုရ်တောင်ဖြင့် အုပ်၍ထားသော်လည်း လက်ဝါးပြင်၌ တင်၍ထားသော သျှိသျှားသီးကဲ့သို့ မြင်နိုင်သော ဉာဏ်ကိုဆိုသည်၊ ထိုဒိဗ္ဗစက္ခုဉာဏ်ကို အသီးသီး သာဝကတို့လည်း ရကြသည်ချည်းပင်၊ သို့ရာတွင် ရှင်အနုရုဒ္ဓမှာ ဆွမ်းစားစဉ်အခါသာ လပ်တော့သည်၊ အခါခပ်သိမ်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဘုံသုံးပါး၌ သတ္တဝါကို မည်မစဲအောင် မြင်သည်၊ သို့ဖြစ်၍ သူတစ်ပါးထက် လေ့ကျက်ပွန်းတီးသောကြောင့် ဧတဒဂ်ရလေသည်၊ ဉာဏ်အမြင်မှာ သူတစ်ပါးနှင့် အတူတူပင်။

## ၆–ဘဒ္ဒိယ

"ဘိက္ခုတို့၊ မြတ်သော အမျိုး၌ ဖြစ်ကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ကာဠိဂေါဓာ အမည်ရှိသော သာကီဝင်မင်းသမီး၏သား ဘဒ္ဒိယသည် အမြတ်ဆုံးဖြစ်၏"

ရှင်ဘဒ္ဒိယသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်ကစ၍ အမျိုးမြတ်သော်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သုဒ္ဓေါဒနမင်း၏နှမတော် ကာဠိဂေါဓာအမည်ရှိသော မိဖုရား၏သားတော်ဖြစ်လာ၏၊ အရွယ်သို့ ရောက်သောအခါ ၁၅–ယူဇနာရှိသော အရပ်၌ ပဒေသရာဇ်မင်းအဖြစ်ကိုရ၍ မင်း၏စည်းစိမ်ကို ခံစားလျက်နေစဉ် ရှင်အနုရုဒ္ဓ အစရှိသော မင်းသားတို့နှင့် အတူတကွ ရဟန်းပြုခဲ့၏၊ ရဟန်းဖြစ်ပြီးလျှင် ခရီးစဉ်အတိုင်း ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါကပ်၏၊ ဤဝါတွင်းပင် ရှင်ဘဒ္ဒိယသည် ဝိဇ္ဇာသုံးပါးနှင့်တကွ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၏။

ရှင်ဘဒ္ဒိယသည် ရဟန်းတရားကို အားထုတ်လျက် တောတောင်

သစ်ပင်ရင်းစသော ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သောအခါ –"အဟောသုခံ, သြော် ချမ်းသာစွ, သြော် ချမ်းသာစွ"–ဟု မပြတ် ဥဒါန်းကျူးလေ့ရှိ၏၊ တစ်နေ့သောအခါ သံဃာတော်တို့ကြား၍ ဘုရားသခင်အား လျှောက်ကြားကြ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်ဘဒ္ဒိယကို ခေါ်၍မေး၏–

"ဘဒ္ဒိယ တောဖျား၊ တောင်ချောက်၊ သစ်ပင်အောက်သို့ရောက်တိုင်း ရောက်တိုင်းပင် သင် ဥဒါန်းကျူးသည် မှန်သလော"

"မှန်ပါသည် မြတ်စွာဘုရား"

"ဘဒ္ဒိယ သင် ဘယ်သို့သောအကျိုးဆက်ကို မြင်၍ ရွှင်ရွှင် လန်းလန်း ချမ်းသာစွဟူသော စကားကို ဆိုသနည်း"

"မြတ်စွာဘုရား ကျွန်ုပ်သည် ရှေး လူမင်းစည်းစိမ်နှင့် နေသောကာလ အိမ်တွင်း–အိမ်ပမှလည်းကောင်း, မြို့တွင်း–မြို့ပြင်မှလည်းကောင်း အစောင့်အရှောက်ကို များစွာထားလျက် သွားခြင်း, လာခြင်း, ဥယျာဉ်ဝင်ခြင်းစသည်ကို ပြုသောအခါ လွန်စွာ ထိတ်လန့်တုန်လှုပ်ရပါသည်၊ ကြက်သီးဖြိုက်ဖြိုက် ချွေးကြီး အိုက်မှု ကိုယ်၌ ကြောင့်ကြရပါသည်၊ ယခုမူကား တစ်ယောက်တည်းပင် သွား, လာ, ရပ်, ထိုင်ခြင်းကို ပြုသော်လည်း ကြောက်ရွံ့မှု မရှိပါ၊ ထို့ကြောင့် ဝမ်းမြောက်လှ၍ 'အဟောသုခံ–အဟောသုခံ' ဟု ဥဒါန်းကျူးမိပါသည်"

ထိုအခါ မြတ်စွာဘုရားလည်း ဤသို့ ဥဒါန်းကျူးတော်မူ၏–

"အကြင်သူ၏ ကိုယ်တွင်း၌ ပြစ်မှုနှောင့်ယှက် အမျက်စောင်မာန်တို့ မရှိ၊ ဘဝရှိ–မရှိကိုလည်း လွန်နိုင်၏၊ ဘေးကင်းသော, ချမ်းသာရှိသော, ငြိမ်သက်ခြင်းရှိသော, စိုးရိမ်ခြင်းလည်း မရှိသောထိုသူကို နတ်တို့သော်လည်း မြင်ရန် မစွမ်းနိုင်"

ရှင်ဘဒ္ဒိယ၏မယ်တော်သည် သာကီဝင်မင်းသမီးတို့တွင် အရွယ်အားဖြင့် အကြီးဆုံးလည်း ဖြစ်၏၊ ကိုယ်တိုင်လည်း သာကီဝင်မင်းတို့နေရာ ကောလိယမြို့ကို အုပ်စိုးသော မင်းဖြစ်၏၊ ထို့ပြင် ရှေးဆုတောင်း၏အစွမ်း

ဖြင့် ဘဝငါးရာတို့ပတ်လုံး မင်းမျိုး၌ ဖြစ်၏၊ ထို့ကြောင့် ရှင်ဘဒ္ဒိယသည် အမျိုးမြတ်သော တေဒဂ်ကို ရရှိခြင်းဖြစ်၏။

## ၇–လကုဏ္ဍက ဘဒ္ဒိယ

"ဘိက္ခုတို့ အသံသာယာကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် လကုဏ္ဍက ဘဒ္ဒိယသည် အမြတ်ဆုံးဖြစ်၏"

ရှင်လကုဏ္ဍက ဘဒ္ဒိယသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက် ကစ၍ အသံသာယာသောဆုကို တောင်းဆိုခဲ့၏။ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ သူသည် သာဝတ္ထိပြည် သူဌေးမျိုး၌ ဖြစ်၏။ အရွယ်သို့ ရောက်သောအခါ ဇေတဝန်ကျောင်းသို့သွား၍ မြတ်စွာဘုရား၏ တရားကို နာကြားရာမှ သဒ္ဓါတရားပေါက်ကာ ရဟန်းပြု၏၊ ထို့နောက် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူကာ ဝိပဿနာတရား ပွားများ၍ ရဟန္တာ အဖြစ်သို့ရောက်၏၊ သူ၏အမည်ရင်းမှာ ဘဒ္ဒိယဖြစ်၏၊ သို့ရာတွင် လွန်စွာ ပုကွ သေးငယ်သောကြောင့် သူ့ကို လကုဏ္ဍက ဘဒ္ဒိယဟု ခေါ်ဝေါ်ကြ၏။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းငယ် သာမဏေငယ်တို့သည် သူ၏ဦးခေါင်း နားရွက်တို့ကို ကိုင်ဆွဲလျက်– "ငါတို့ ဘထွေးဖြစ်သော မထေရ်သည် သာသနာ၌ မွေ့လျော်ပါ၏လော"– စသည်ဖြင့် ကျီစယ်ကြ၏၊ သို့ရာတွင် သူကား အမျက် မထွက်ပါချေ၊ ဆိတ်ဆိတ်နေ၏၊ ထိုအဖြစ်ကို မြတ်စွာဘုရား သိတော်မူ၍ သူ၏ ရဟန္တာ အဖြစ်ကို သိစေခြင်းငှာ ဤသို့ မိန့်ကြားတော်မူ၏–

တစ်ခဲနက် ကျောက်တောင်သည် လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

အခါတစ်ပါးလည်း လကုဏ္ဍက ဘဒ္ဒိယသည် ဘုရားသခင်ကို ဆည်းကပ်ရာမှ ဖဲသွား၏၊ ထိုခဏမှာပင် တောနေရဟန်းသုံးကျိပ်တို့ ရောက်လာ၍ မြတ်စွာဘုရားက မေးတော်မူ၏–

"ရဟန်းတို့ သင်တို့သည် ယခုပင် ငါ၏အပါးမှ ဖဲသွားသော မထေရ်ကြီးတစ်ပါးကို မြင်လိုက်ကြကုန်သလော"

"မြတ်စွာဘုရား ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်မျှသော မထေရ်ကြီးကို မမြင်ကြပါ၊ စင်စစ်သော်ကား သာမဏေငယ်တစ်ပါးကိုသာ မြင်တွေ့ရပါသည်"

"ရဟန်းတို့ သင်တို့မြင်ခဲ့ရသော သူသည် သာမဏေ မဟုတ်၊ မထေရ်ကြီးတစ်ပါး ဖြစ်၏"

"မြတ်စွာဘုရား သူသည် အလွန်သေးငယ်လှပါသည်"

"ရဟန်းတို့ ငါသည် ကြီးသောသူ၏ အဖြစ်ဖြင့်, မထေရ်ကြီးတို့၏ နေရာ၌ နေကာမျှဖြင့် မထေရ်ကြီးဟု မဆို၊ သစ္စာကို ထိုးထွင်း သိသဖြင့်, သတ္တဝါတို့အား မညှဉ်းဆဲသဖြင့် တည်ရှိသူကိုသာ မထေရ်ကြီးဟု ဆို၏"

ထို့နောက် မြတ်စွာဘုရားသည် ထိုတောနေ ရဟန်းသုံးကျိပ်တို့၏ အရဟတ္တဖိုလ် အကျိုးငှာ ဓမ္မတရားဟောကြားတော်မူ၏-

ခေါင်းဖြူကာမျှဖြင့် မထေရ်မဖြစ်၊ အသက်အရွယ်သာ ကြီးသူကို အချည်းနှီးသော သူအိုဟုသာ ခေါ်၏၊ သစ္စာလည်းရှိ၊ လောကထက်လွန်သော တရားလည်းရှိ၊ ထို့ပြင် သူတစ်ပါးကို နှိပ်စက် ညှဉ်းဆဲခြင်းမရှိ၊ သီလကိုလည်း စောင့်, ဣန္ဒြေကိုလည်းစောင့်လျက် အညစ်အကြေးကို ပယ်သည့် နိုင်မြဲသော ပညာရှိကိုသာလျှင် စင်စစ်မထေရ်ဟု ခေါ်၏။

တစ်နေ့သ၌ များစွာသော ရဟန်းတို့သည် နေ့သန့်ရာအရပ်၌ နေသောမြတ်စွာဘုရားထံ ချဉ်းကပ်ကြ၏၊ ထိုခဏ၌ ရှင်လကုဏ္ဍကဘဒ္ဒိယသည် မြတ်စွာဘုရားနှင့် မနီးမဝေးသော အရပ်မှလွန်၍ သွား၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့၏စရိုက်ကို သိ၍ ရှင်လကုဏ္ဍကဘဒ္ဒိယကို ညွှန်ပြ၍ ဤသို့မိန့်ကြားတော်မူ၏-

"ရဟန်းတို့ အမိ, အဖ, ရေမြေသနင်း မင်းနှစ်ပါး, အခွန်ဝန်နှင့် တကွ တိုင်းပြည်ကို သတ်ဖြတ်ဖျက်ဆီးသော ဗြာဟ္မဏသည် ဆင်းရဲကင်း၏၊ အမိ, အဖနှင့် ပုဏ္ဏားနှစ်ယောက်ကိုလည်း သတ်၍ ကျားရဲရှိသည့် ငါးခုမြောက်အတားအဆီးကို ပယ်ဖျက်သော ဗြာဟ္မဏသည် ဆင်းရဲခြင်း ကင်း၏"

အမိဟူသည် တဏှာ, အဖဟူသည် မာန, မင်းနှစ်ပါးနှင့် ပုဏ္ဏား နှစ်ယောက်ဟူသည် သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိ, အခွန်ဝန်မှာ အာယတန တစ်ဆယ့်နှစ်ပါး, ကျားရဲမှာ ဝိစိကိစ္ဆာ ဖြစ်၏၊ တဏှာ, မာန, ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အမိ, အဖ, မင်းပုဏ္ဏားနှင့် ကျားရဲတို့၌ တင်စား၍ ဟောကြားခြင်း ဖြစ်၏။

အခါတစ်ပါး ဘုရားရှင်သည် ရှင်လကုဏ္ဍကဘဒ္ဒိယ အဝေးမှ လာသည်ကို မြင်တော်မူ၍- "ရဟန်းတို့ သင်တို့သည် အဆင်းမလှသော ရှုချင်ဖွယ်မကောင်းသော ပုကွသော၊ ရဟန်းတို့၏ နှိပ်စက်ပြောဆိုခြင်းကို ခံနေရသောသဘောရှိလျက် လာနေသော ထိုရဟန်းကို မြင်ကုန်သလော" ဟု မေးတော်မူ၏။

"အရှင်ဘုရား မြင်ပါကုန်၏"

"ရဟန်းတို့ ဤရဟန်းသည် ကြီးသောတန်ခိုးရှိ၏၊ ကြီးသော အာနုဘော်ရှိ၏၊ ထိုရဟန်း ဝင်စားဖူးသော သမာပတ်ကိုရရန် မလွယ်၊ သူသည် အရဟတ္တဖိုလ် အကျိုးကို ထူးသောဉာဏ်ဖြင့် ရောက်လျက်နေ၏၊ ဟင်္သာ၊ ကြိုးကြာ၊ ဥဒေါင်း၊ ဆင်၊ ချေ၊ သမင်ဟု ဆိုအပ်ကုန်သော အလုံးစုံသော သတ္တဝါတို့သည် ခြင်္သေ့မှ ကြောက်ကုန်၏၊ ကိုယ်သဏ္ဌာန်၌မူကား တူမျှခြင်း မရှိချေ၊ ဤအတူသာလျှင် လူတို့၌ ငယ်ပင်ငယ်သော်လည်း ပညာ ရှိသောသူသည်သာ ထိုလူများအပေါင်းတွင် ကြီးမြတ်သူမည်၏၊ သူမိုက် သည် ကိုယ်သဏ္ဌာန်ကြီးသော်လည်း ကြီးမြတ်သူမမည်"

သူသည် အသံသာသည့် အရာ၌ ဧတဒဂ်ရသည်ကား ကရဝိက်ငှက်မင်း, ပြဟ္မာမင်းကဲ့သို့ ဘုရားမှတစ်ပါး အတုမရှိသောကြောင့်ဖြစ်၏။

## ၈–ပိဏ္ဍောလ ဘာရဒွါဇ

"ဘိက္ခုတို့ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ကြုံးဝါးနိုင်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ပိဏ္ဍောလ ဘာရဒွါဇသည် အမြတ်ဆုံးဖြစ်၏"

ရှင်ပိဏ္ဍောလ ဘာရဒွါဇသည် ရဟန္တာ ဖြစ်သည့်နေ့၌ သံကောက်သော့ကိုကိုင်လျက် တစ်ကျောင်းမှ တစ်ကျောင်း, ပရိဝုဏ်တစ်ခုမှ တစ်ခုသို့ လှည့်လည်သွားလာ၍ – "ငါ့ရှင်တို့ မဂ်၌လည်းကောင်း, ဖိုလ်၌လည်းကောင်း, ယုံမှားသံသယ ရှိသူသည် ငါ့ကိုမေးလော့" ဟု ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ကြုံးဝါးမြွက်ဆို၏၊ မြတ်စွာဘုရားရှေ့မှောက်တွင်လည်း "မြတ်စွာဘုရား ကျွန်ုပ်သည် ဤသာသနာ၌ ပြုဖွယ်ကိစ္စ၏အထွတ်အထိပ်သို့ ရောက်ပါပြီ" ဟု ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ကြုံးဝါးလျှောက်ကြား၏။

ထိုမထေရ်သည် ပဒုမုတ္တရာဘုရားရှင် လက်ထက်မှစ၍ ဤသို့သောဆုကို တောင့်တလာခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်၌ ရာဇဂြိုဟ်မြို့တွင် ပုဏ္ဏားမျိုး၌ဖြစ်၍ ဘာရဒွါဇဟု အမည်တွင်၏၊ သူသည် အရွယ်သို့ ရောက်သောအခါ ဗေဒသုံးကျမ်းကို တစ်ဖက်ကမ်းရောက် တတ်မြောက်၏၊ တပည့်ပေါင်းများစွာအား ဗေဒပို့ချပေး၏၊ ဆွမ်းခံသော အခါ တပည့်တို့နှင့် အတူလှည့်လည်လျက်– "ဘယ်မှာ ဆွမ်းရမည်နည်း၊ ဘယ်မှာ ယာဂုရမည်နည်း" ဟု ဆွမ်းခဲဖွယ်တို့ကို တောင့်တလေ့ရှိ၏၊ ထို့ကြောင့် သူ၏မူလအမည် ဘာရဒွါဇ၏ရှေ့၌ ပိဏ္ဍောလထည့်၍ ပိဏ္ဍောလ ဘာရဒွါဇဟု သူ့ကို ခေါ်ကြခြင်းဖြစ်၏။

တစ်နေ့သ၌ ရှင်ဘာရဒွါဇသည် ရာဇဂြိုဟ်သူဌေးတစ်ဦး ဝါးလုံး အဆင့်ဆင့်ဆင်လျက် အထက်ဝါးလုံးဖျား၌ တင်ထားသော စန္ဒကူးနှစ်သပိတ်ကို တန်ခိုးဖြင့် ယူ၏၊ ထို့နောက် ကောင်းချီးသြဘာပေးကြသော လူအပေါင်းခြံရံလျက် ကျောင်းတော်သို့သွားကာ မြတ်စွာဘုရားသခင်၏

လက်သို့ ဆက်ကပ်၏၊ ထိုအခါ မြတ်စွာဘုရားက "ဘာရဒွါဇ ဤသပိတ်ကို သင် ဘယ်မှရခဲ့သနည်း" ဟု မေး၏၊ ရှင်ဘာရဒွါဇက အကြောင်းကို လျှောက်ကြားသောအခါ "သင်သည် လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို လူအပေါင်းအားပြဘိ၏၊ သင်သည် မသင့်သော ဤအမှုကို ပြုဘိ၏" ဟု ကဲ့ရဲ့၍ "ရဟန်းတို့ လူတို့အား ကုသိုလ် ကမ္မပထ တရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာပြသော ရဟန်းသည် ဒုက္ကဋ်အာပတ်သို့ရောက်၏" ဟု သိက္ခာပုဒ်ပညတ်လိုက်၏။

အခါတစ်ပါး ရဟန်းများသည် ရှင်ဘာရဒွါဇ၏ ရဟန္တာဖြစ်လျှင်ဖြစ်ခြင်း ရဟန်းသံဃာအလယ်တွင် ရဲရင့်စွာ ကြုံးဝါးခြင်း၊ မြတ်စွာဘုရားရှေ့၌ပင် အရဟတ္တဖိုလ်ကို ပြောကြားခြင်း၊ လူအများကို ကြည်ညိုစေ၍ စန္ဒကူးနှစ်သပိတ်ကိုယူခြင်း၊ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုချီးကျူးပြ၏၊ ထိုအခါ မြတ်စွာဘုရားကလည်း သူ၏ဂုဏ်ကို ထောက်ခံတော်မူ၏–

"ရဟန်းတို့ ဘာရဒွါဇသည် သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ သုံးပါးတို့ကို ပွားများခြင်း– ကြိမ်ဖန်များစွာ ပွားများခြင်းတို့ကြောင့် ရဟန္တာအဖြစ်သို့ ရောက်၏"

ငါ၏အသက်ရှည်ခြင်းသည် မသင့်သော ရှာမှီးခြင်းဖြင့် အသက်ရှည်ခြင်း မဟုတ်၊ စားမျိုအပ်သော အစာသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကဲ့သို့ စိတ်၏ငြိမ်သက်မှုကို ပြုတတ်သည်မဟုတ်၊ ကိုယ်သည် အာဟာရလျှင် တည်ရာရှိ၏ဟု သိမြင်၍ ဆွမ်းခံလှည့်လည် သွားလာ၏။

ဒါယကာတို့ ရှိခိုးပူဇော်ခြင်းကို ညွှန်နှင့်တူ၏ဟူ၍ ပညာရှိတို့ ပြောဆိုကြကုန်၏၊ သိမ်မွေ့သော ငြောင့်နှင့်တူသော တဏှာကို လွန်စွာ နုတ်နိုင်ခဲ့သောကြောင့် ယုတ်မာသောယောကျ်ားသည် ပူဇော်သကာကို စွန့်နိုင်ခဲ၏။

## ၉–မန္တာဏိပုတ္တ ပုဏ္ဏ

"ဘိက္ခုတို့ တရားဟောတတ်ကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် မန္တာဏိ ပုဏ္ဏေးမ၏သား ပုဏ္ဏသည် အမြတ်ဆုံးဖြစ်၏"

ရှင်ပုဏ္ဏသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ တရားဟောတတ်သောဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ကပိလဝတ်ပြည်အနီး ဒေါနဝတ္ထုပုဏ္ဏားရွာ၌ ပုဏ္ဏားသူကြွယ်မျိုးတွင် ဖြစ်၏၊ ပုဏ္ဏဟု အမည်တွင်၏၊ ဦးရီးတော် ရှင်အညာသိကောဏ္ဍည ရဟန်းပြုပေး၍ ရဟန်းတရား ပွားများအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်၏။

အဟောအပြောကောင်းသော ရှင်ပုဏ္ဏ၏ထံတွင် ရဟန်းပြုသော အမျိုးကောင်းသား ငါးရာရှိ၏၊ ရှင်ပုဏ္ဏ၌ ချီးမွမ်းဖွယ်ရာ အကြောင်းဆယ်ပါးရှိ၏၊ သူသည် မိမိတပည့်တို့ကိုလည်း ထိုဆယ်ပါးတို့ဖြင့် ဆုံးမသွန်သင်၏၊ ထို့ကြောင့် သူ၏တပည့်အားလုံးပင် ရဟန္တာ ဖြစ်ကြ၏၊ သူ၏ ချီးမွမ်းဖွယ်ဆယ်ပါးကား ဤသို့တည်း –

(၁) အလိုနည်းခြင်း, (၂) ရောင့်ရဲလွယ်ခြင်း, (၃) ရှင်လူတို့နှင့် ကင်းဆိတ်ခြင်း, (၄) ရှင်လူတို့နှင့် မရောနှောခြင်း, (၅) ထက်မြက်သော လုံ့လရှိခြင်း, (၆) သီလနှင့် ပြည့်စုံခြင်း, (၇) သမာဓိနှင့် ပြည့်စုံခြင်း, (၈)ပညာနှင့် ပြည့်စုံခြင်း, (၉) လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း, (၁၀) အရဟတ္တဖိုလ်ကို ဆင်ခြင်သောဉာဏ်နှင့် ပြည့်စုံခြင်းတို့တည်း။ ရှင်ပုဏ္ဏသည် ဤချီးမွမ်းဖွယ် အကြောင်းအရာ ဆယ်ပါးတို့နှင့် မိမိလည်း ပြည့်စုံ၏၊ ရဟန်းတို့အားလည်း ထိုတရားဆယ်ပါးနှင့်စပ်သော စကားကို ဟောပြောတတ်၏။

ရှင်ပုဏ္ဏ၏ တပည့်တို့သည် ရဟန္တာဖြစ်ပြီးနောက် ဥပဇ္ဈာယ်ဆရာ၏ ခွင့်ပြုချက်အရ ဘုရားဖူးရန် သွားကြ၏၊ မြတ်စွာဘုရားထံသို့ ရောက်

သောအခါ ကပိလဝတ်ပြည်မှ လာကြောင်း, ရှင်ပုဏ္ဏာ၏ တပည့်တို့ဖြစ်ကြောင်း လျှောက်ထားကြ၏၊ ရှင်သာရိပုတ္တာသည် ထိုရဟန်းတို့ကို တွေ့မြင်ရ၍ အားရနှစ်သက်ခြင်းဖြစ်ကာ သူတို့၏ဆရာ ရှင်ပုဏ္ဏာကို ဖူးတွေ့လိုသောဆန္ဒဖြစ်ပေါ်လာ၏။

တစ်ရံသောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ သာဝတ္ထိသို့ကြွသွား၏၊ ထိုအကြောင်းကို ရှင်ပုဏ္ဏာကြားသိ၍ မြတ်စွာဘုရားအားသွား၍ဖူးတွေ့၏၊ သူသည် မြတ်စွာဘုရားထံမှ တရားနာပြီး အန္ဓဝန်တောသို့ သွားကာ သစ်ပင်ရင်း၌ထိုင်နေ၏၊ ထိုအခါ ရှင်သာရိပုတ္တာသည် ရှင်ပုဏ္ဏာ၏နောက်သို့ လိုက်ပြီးတွေ့ဆုံ၏၊ သူသည် ဝမ်းမြောက်ဝမ်းသာ စကားပြောပြီးနောက် ဝိသုဒ္ဓိတရား ခုနစ်ပါးကို မေး၏၊ ရှင်ပုဏ္ဏာလည်း ကောင်းစွာ ဖြေဆို၏။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းသံဃာတို့ အလယ်၌ ရှင်ပုဏ္ဏာအား ဓမ္မကထိကတို့တွင် အမြတ်ဆုံးဧတဒဂ် ပေးတော်မူလေသည်။

## ၁၀–မဟာကစ္စာန

"ဘိက္ခုတို့ အကျဉ်းအားဖြင့် ဟောကြားသောတရား၏အနက်ကို ဝေဖန်တတ်သော ငါ၏သာဝကဘိက္ခုတို့တွင် မဟာကစ္စာနသည် အမြတ်ဆုံးဖြစ်၏ "

အခြား တစ်ပါးသော သာဝကတို့သည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောကြားသော တရားတို့ကို သဒ္ဒါအားဖြင့်လည်းကောင်း, အနက်အားဖြင့်လည်းကောင်း တစ်ခုခု၏အစွမ်းဖြင့် သိနိုင်ကြ၏၊ ရှင်မဟာကစ္စာနကား သဒ္ဒါနှင့် အနက် နှစ်ချက်လုံး၏အစွမ်းဖြင့် အကျယ်သိနိုင်၏၊ ထို့ကြောင့် ဤဧတဒဂ်ကို ရခြင်းဖြစ်၏။

ရှင်မဟာကစ္စာနသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်ကပင် အကျဉ်းအားဖြင့် ဟောကြားသောတရားကို အကျယ်သိနိုင်သောဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက် ဥဇ္ဇေနီပြည်၌ ပုရောဟိတ်

အမျိုးတွင်ဖြစ်၍ အမည်မှာ ကစ္စာနဖြစ်၏၊ အရွယ်သို့ရောက်သောအခါ ဥဇ္ဇေနီပြည့်ရှင် ဘုရင်စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ်ဖြစ်၏၊ အခါတစ်ပါး မင်းကြီးသည် သူ့အား ဘုရားပင့်ရန် တိုက်တွန်း၏။

"ဆရာ ရာဇဂြိုဟ်သို့သွား၍ ဘုရားရှင်ကို ပင့်ဆောင်ပါလော့"

"မင်းကြီး ကျွန်ုပ် ရဟန်းပြုရပါမူ ပင့်ဆောင်နိုင်ရာ၏"

"ဆရာ အလိုရှိတိုင်းပင် ပြုပါလေ၊ ဘုရားသခင်ကိုသာ ပါအောင် ပင့်လော့"

ထိုအခါ ကစ္စာနပုရောဟိတ်သည် ရေးခြားလိမ္မာ ပညာကြီးသော ပုဏ္ဏားခုနစ်ယောက်ကိုခေါ်၍ ရာဇဂြိုဟ်ကို လာခဲ့၏၊ ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားတရားဟောခိုက်နှင့် ကြုံသဖြင့် ပရိသတ် အစွန်ကနေ၍ တရားနာ၏၊ ဒေသနာ၏အဆုံး၌ အလုံးစုံသော ပုဏ္ဏား ရှစ်ဦးတို့သည် ပဋိသမ္ဘိဒါ လေးပါး, အဘိညာဉ် ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်ကိုရ၍ ဧဟိဘိက္ခုရဟန္တာဖြစ်ကြ၏၊ ရှင်မဟာကစ္စာနသည် မိမိ ကိစ္စပြီးမြောက်သော် ဘုရားသခင်ကို ဥဇ္ဇေနီပြည်ခွင်သို့ ကြွစေချင်သော အခြင်းအရာဖြင့် ကာလ, သမယ, ဒေသခရီးကို ချီးမွမ်း၍ နားတော် လျှောက် ၏၊ ထိုအခါ မြတ်စွာဘုရား မိန့်ကြားတော်မူ၏—

"ကစ္စာန သင်တို့သာ ရှေးဦးစွာသွား၍ ဗုဒ္ဓပ္ပာဒကို ကြားကြလေ ဦးလော့၊ သင့်တင့်သောအခါမှ ငါလာအံ့"

ထိုအခါ ရှင်မဟာကစ္စာနသည် မိမိနှင့်အတူလာသော ရဟန္တာ ခုနစ်ဦးနှင့်တကွ ကောင်းကင်ခရီးဖြင့် ဥဇ္ဇေနီပြည်သို့ သွားလေ၏၊ အရှင် သည် မင်းကြီးနှင့်တကွ ဥဇ္ဇေနီပြည်၌ နေကုန်သော လူအပေါင်းတို့အား ဓမ္မတရား ဟောကြား၏၊ အလွန် သဒ္ဓါ ပသန္နကို ဖြစ်စေလျက် ရဟန်းပြု လိုသော မိန်းမယောကျ်ားတို့လည်း များစွာ ရဟန်းပြုတော်မူ၏၊ ထို့နောက် အရှင်သည် မြတ်စွာဘုရားထံသို့ ပြန်၏။

ထိုမထေရ်ကား အဆင်းအဝါလည်း သူတကာထက် သာလွန်၍ သပ္ပာယ်၏၊ လျင်သောပညာ, ထက်သောပညာ, နက်နဲသောပညာ, ထိုးထွင်းသောပညာ, ကြီးကျယ်များပြားသောပညာနှင့်လည်း ပြည့်စုံ၏၊ မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကသုံးပုံ၏ သံဝဏ္ဏနာဖြစ်သော သဒ္ဒါ, နိရုတ္တိ, နေတ္တိ, ပေဋကောပဒေသ ကျမ်းတို့ကိုလည်း ဟော၏၊ ထို့နောက် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရား ဟောကြားသော မဓုပိဏ္ဍိကသုတ်, ကစ္စာနပေယျာလ, ပါရာယနသုတ်တို့ကို အကျယ်ဖွင့်ဆိုသော အဋ္ဌုပ္ပတ်တွင် အဆိုပါဧတဒဂ်အရာ၌ ထားတော်မူခြင်း ဖြစ်၏။

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသောအခါ သိကြားမင်းသည် နတ်ပရိသတ်နှင့်အတူလာ၍ မြတ်စွာဘုရားနှင့်တကွ ရဟန်းတို့ကို နတ်၌ဖြစ်သော အမွှေးနံ့သာ ပန်းမာလာတို့ဖြင့် ပူဇော်၏၊ သိကြားမင်းသည် ရဟန်းတို့အလယ်၌ ရှင်မဟာကစ္စာနကို မတွေ့၍– "ကျွန်ုပ်၏အရှင်ကို မမြင်ပါလား" ဟု မေး၏၊ တွေ့သောအခါ ခြေကိုကိုင်၍ ဦးတိုက်၏၊ ထိုအကြောင်းကို ရဟန်းတို့ ပြောဆိုကြရာ မြတ်စွာဘုရားက နတ်တို့ ချစ်မြတ်နိုးသောတရားကို ဟောကြားတော်မူ၏–

"ကောင်းစွာ လေ့ကျင့်သင်ကြားပြီးသော မြင်းကဲ့သို့ ဣန္ဒြေတို့ကို ငြိမ်သက်တည်ကြည်အောင် ကောင်းစွာ စောင့်ရှောက်ပြီးသော, မာန်မာနကို ပယ်ပြီးသော, အာသဝေါကင်းစင်ပြီးသော, လောကဓံတရားကြောင့် တုန်လှုပ်ခြင်းမရှိသော ရဟန္တာကို နတ်တို့လည်း ချစ်ကုန်၏"

သူ၏ဥဒါန်းကား ဤသို့တည်း–

ရဟန်းတရား အားထုတ်မှု၏ဘေးရန်ဖြစ်သော အမှုကြီးငယ် အသွယ်သွယ်ကို မပြုရာ၊ ကလျာဏမိတ္တ မဟုတ်သူကို ကြဉ်ရှောင်ရာ၏၊ လှူဒါယကာတို့အတွက် ကြောင့်ကြမစိုက်ရာ၊ မိမိချမ်းသာကို ဆောင်ရွက်နိုင်သောရဟန်းသည် အရသာ၌ တပ်မက်မောသည်ဖြစ်၍ ဒါယကာတို့၌

ချဉ်းကပ်ကြောင့်ကြစိုက်ရသော ရဟန်းသည် သီလစသော အကျိုးကို ဆိတ်သုဉ်းစေ၏။

ဒါယကာတို့၏ ရှိခိုးပူဇော်မှုကို ရွှံ့ညွန်ဟူ၍လည်းကောင်း, သိမ်မွေ့၍ အနုတ်ခက်သော ဆူးငြောင့်တံသင်းဟူ၍လည်းကောင်း ဘုရားစသော အရိယာသူတော်ကောင်းတို့ ပြောကြားကုန်၏၊ ထိုပူဇော်သကာမျိုးကို စိတ်နေစိတ်ထား ယုတ်ညံ့သူသည် စွန့်နိုင်ခဲ၏။

သူတစ်ပါးတို့၏စကားများကြောင့် ခိုးသူမဖြစ်နိုင်၊ သူတစ်ပါးတို့၏ စကားကြောင့် သူတော်ကောင်းလည်း မဖြစ်နိုင်၊ သူတော်ကောင်းဟုတ်သည် မဟုတ်သည်ကို မိမိကိုယ်တိုင် သိသကဲ့သို့ နတ်တို့သည်လည်း သိကြကုန်၏။

ပညာရှိမှ တစ်ပါးသော သူတို့သည် ဤဇီဝလောက၌ ငါတို့သည် သေမင်းနိုင်ငံသို့ သွားရကုန်အံ့ဟု မသိကုန်၊ ပညာရှိတို့သည်ကား ဤဇီဝလောက၌ ငါတို့သည် သေမင်းနိုင်ငံသို့ သွားရောက်ကုန်အံ့ဟု သိသောကြောင့် သူတစ်ပါးတို့အား ညှဉ်းဆဲမှုတို့သည် ငြိမ်းကုန်၏။

ပညာရှိသူသည် ဥစ္စာပစ္စည်း ကုန်ခမ်းသော်လည်း အပြစ်မရှိသော အသက်မွေးခြင်းဖြင့် အသက်မွေးနိုင်၏၊ ပညာမဲ့သူသည် ဥစ္စာပစ္စည်းရှိသော်ငြားလည်း အသက်မမွေးနိုင်။

နားမပင်းသူသည် အသံအားလုံးကို နားဖြင့် ကြားရ၏၊ မကန်းသူသည် အဆင်းအားလုံးကို မျက်စိဖြင့် မြင်ရ၏၊ ပညာရှိသည် မြင်အပ်ကြားအပ်သော အာရုံအလုံးစုံကို စွန့်ပယ်ခြင်းငှာလည်း မထိုက်၊ သိမ်းယူထားခြင်းငှာလည်း မထိုက်။

ထို့ကြောင့် မျက်စိအမြင်နှင့် ပြည့်စုံသော်လည်း သူကန်းကဲ့သို့ဖြစ်ရာ၏၊ နားအကြားနှင့် ပြည့်စုံသော်လည်း နားပင်းသူကဲ့သို့ဖြစ်ရာ၏၊ ပညာရှိသော်လည်း သူအ,ကဲ့သို့ ဖြစ်ရာ၏၊ အားအစွမ်းနှင့် ပြည့်စုံသော်လည်း အားနည်းသူကဲ့သို့ ဖြစ်ရာ၏၊ မလိုလားအပ်သောအကြောင်းကိစ္စ ဖြစ်ပေါ်

သော် သူသေအိပ်သကဲ့သို့ အိပ်နေရာ၏။

## ၁၁– မဟာပန္ထက
## ၁၂– စူဠပန္ထက

"ဘိက္ခုတို့ စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းတတ်ကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် စူဠပန္ထကသည် အမြတ်ဆုံးဖြစ်၏"

"ဘိက္ခုတို့ ရူပါဝစရ ဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကြကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် စူဠပန္ထကသည် အမြတ်ဆုံးဖြစ်၏"

"ဘိက္ခုတို့ အရူပါဝစရ ဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် မဟာပန္ထကသည် အမြတ်ဆုံးဖြစ်၏"

စူဠပန္ထကကို စူဠပန်, မဟာပန္ထကကို မဟာပန်ဟု ခေါ်ကြ၏၊ သူတို့နှစ်ဦးသည် ညီနောင်တို့ ဖြစ်ကြ၏၊ ညီတော် စူဠပန်သည် ဧတဒဂ် နှစ်ချက်ရ၍ နောင်တော် မဟာပန်ကား ဧတဒဂ်တစ်ချက်သာရ၏၊ တစ်ပါးသော ရဟန်းတို့သည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းပါလျှင် နှစ်ကိုယ်–သုံးကိုယ်သာ ဖန်ဆင်းနိုင်ကြ၏၊ အများကြီး မဖန်ဆင်းနိုင်ကြ၊ တစ်ယောက်–နှစ်ယောက်တူညီစွာသာလျှင် ဖန်ဆင်းနိုင်ကြ၏၊ ထို့ပြင် အလုပ် တစ်မျိုးတည်းလုပ်နေသည်ကိုသာ ဖန်ဆင်းနိုင်ကြ၏၊ ရှင်စူဠပန်သည် အာဝဇ္ဇန်း တစ်ချက်တည်းဖြင့် ရဟန်းတစ်ထောင်ဖန်ဆင်းနိုင်၏၊ အလုပ်အမျိုးမျိုး လုပ်လျက် တစ်ယောက်နှင့်တစ်ယောက် မတူအောင်ဖန်ဆင်းနိုင်သော ကြောင့် မနောမယ ဧတဒဂ်ရခြင်းဖြစ်၏။

ထိုညီနောင် အရှင်နှစ်ပါးသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက် ကစ၍ ထိုဆုတို့ကို အသီးသီးတောင်းဆိုခဲ့ကြ၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ရောက်သောအခါ ရာဇဂြိုဟ်ပြည် သူဌေးမျိုး၌ အတူတကွ ညီနောင်ဖြစ်ကြ၏၊ နောင်တော် မဟာပန်သည် အဘိုးနှင့်အတူ မြတ်စွာ

ဘုရားတရားကို နာကြားရန် လိုက်ရာမှ ရဟန်းပြုလိုစိတ်ဖြစ်၍ အဘိုးထံ ခွင့်ပန်၏။

"အဘိုး ကျွန်ုပ် ရဟန်းပြုလိုပါသည်"

"ချစ်သား အကယ်၍ စွမ်းနိုင်မူ ပြုပါဘိ" ဟု အခွင့်ပေးပြီး မြတ်စွာဘုရားထံသို့ ပို့ပေး၏၊ မြတ်စွာဘုရားသည် ပိဏ္ဍပါတ်ဝတ်ဆောင် ရဟန်းတစ်ပါးကို ခေါ်၍ "ဤသူငယ်ကို ရှင်ပြုပေးလိုက်ပါ" ဟု စေခိုင်း၏၊ ထိုမထေရ်သည် မဟာပန်သူငယ်အား ဆံပင်, မွေးညင်း, ခြေသည်း–လက်သည်း, သွား, အရေဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍ ရှင်ပြုပေး၏၊ ထို့နောက် မဟာပန်သာမဏေသည် ဘုရားတရားတို့ကို သင်ကြား၏၊ အသက် ၂၀ ပြည့်သောအခါ ရဟန်းအဖြစ်ကိုရ၏၊ ရဟန်းဖြစ်သောအခါ ရဟန်းတရားကို ကြိုးစားအားထုတ်ရာ အရူပါဝစရဈာန် ၄–ပါးကိုရ၍ ဈာန်မှ ထသောအခါ ရဟန္တာအဖြစ်သို့ ရောက်သွား၏။

ရှင်မဟာပန်သည် ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာဖြင့် ကာလကို လွန်စေ၍– "ငါယခု ခံစားနေရသော ချမ်းသာကို ညီတော်စူဠပန်အား ပေးရမူကောင်းပေစွ" ဟု စဉ်းစား၍ အဘိုးထံသွားပြီး သူ၏အကြံကို ပြောပြ၏–

"ဒါယကာ အကယ်၍ သင်တို့ ခွင့်ပေးမူ စူဠပန်ကို ရဟန်းပြုပေးလိုပါသည်"

ရှင်မဟာပန်သည် အဘိုး၏ခွင့်ပြုချက်အရ ညီတော်စူဠပန်ကို ရဟန်းပြုပေးပြီး မြတ်စွာဘုရား၏ဂုဏ်တော်ဘွဲ့ဂါထာတစ်ပုဒ်ကို သင်ပေး၏၊ ဂါထာ၏အဓိပ္ပာယ်ကား ဤသို့တည်း–

နံနက်အခါ ပွင့်သော, သင်းပျံ့မွှေးကြိုင်ရနံ့လှိုင်သော ကောကနဒ အမည်ရှိသော ပဒုမ္မာကြာပန်းကဲ့သို့လည်းကောင်း, ကောင်းကင်၌ ထွန်းလင်း တောက်ပသော နေမင်းကဲ့သို့လည်းကောင်း, တင့်တယ်တော်မူသော, ကိုယ်မှ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော မြတ်စွာဘုရားကို ဖူးမြင်ပါလော့။

စူဠပန်သည် ဤဂါထာကို သင်ကြား၏၊ လေးလလွန်သော်လည်း မရသဖြင့် နောင်တော်မဟာပန်က ဆို၏–

"စူဠပန်... သင်သည် သာသနာနှင့် မတန်လေ၊ လေးလကျော်ကျက်မှတ်သင်ယူ၍ တစ်ဂါထာမျှ မရ၊ ရဟန်းတရားအားထုတ်သဖြင့် အဘယ်မှာ ရနိုင်မည်နည်း၊ လူထွက်ပါလော့"

စူဠပန်သည် လူမထွက်ချင်၍ ငိုကြွေးနေ၏၊ ထိုအခါ မြတ်စွာဘုရားကြွလာပြီး "စူဠပန် သင်၏နောင်တော်သည် တစ်ပါးသော ပုဂ္ဂိုလ်တို့၏အလိုဆန္ဒကို သိသောဉာဏ်မရှိ၊ သင်သည် ငါ၏ဝေနေယျဖြစ်၏" ဟု မိန့်ကြား၏၊ ထို့နောက် အဝတ်ဖြူပိုင်းကိုပေးပြီး "စူဠပန် ဤအဝတ်ကို လက်ဖြင့်ပွတ်ကာ 'ရဇော ဟရဏံ– ရဇော ဟရဏံ' ဟု ရွတ်ဆိုပွားလေလော့" ဟု မိန့်ကြား၏။

ရှင်စူဠပန်သည် မြတ်စွာဘုရားမိန့်ကြားသည့်အတိုင်း ပွားများလေရာ ဉာဏ်ရင့်ကျက်ခြင်းကို စွဲ၍– "ဤအဝတ်ပိုင်းသည် ပကတိအားဖြင့် ဖြူ၏၊ ငါ၏ ဥပါဒိန္နက ခန္ဓာကိုယ်ကို အမှီပြု၍ ညစ်နွမ်းရ၏၊ ဤငါ၏စိတ်သည်လည်း ဤသဘောအတိုင်းပင်ဖြစ်၏" ဟု ကြံစည်၏၊ တစ်ဖန်ဆက်၍ သမာဓိကို ပွားများလေရာ အရူပါဝစရ ဈာန်လေးပါးကို အခြေပြု၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ ရှင်စူဠပန်အား အရဟတ္တမဂ်ဖြင့်သာလျှင် ပိဋကတ်သုံးပုံနှင့် အဘိညာဉ် ခြောက်ပါးတို့ ရလေကုန်၏။

နောင်အခါတွင် မြတ်စွာဘုရားသည် အရိယာအပေါင်းခြံရံလျက် တရားဟော ပလ္လင်ထက်၌နေစဉ် စူဠပန်, မဟာပန်ညီနောင်နှစ်ပါးအား အသီးသီး ဧတဒဂ်အရာ၌ ထားတော်မူ၏၊ မဟာပန်သည် ညီတော် စူဠပန်ကို နှင်ထုတ်စဉ်အခါက– "ရဟန္တာဖြစ်သောမဟာပန်သည် အမျက်ဒေါသရှိယောင်တကား" ဟု ရဟန်းတို့စုပ်စွဲပြောဆိုကြ၏၊ ထိုစကားကို မြတ်စွာ

ဘုရားကြီးတော်မူ၍ ဤသို့ ဖြေရှင်းတော်မူ၏–

"ရဟန်းတို့ ရဟန္တာအား ရာဂအစရှိသော ကိလေသာတို့မရှိကုန်၊ ငါ၏သာဝက မဟာပန္ထကသည် အကျိုးကို ရှေးရှုခြင်းဖြင့်လည်းကောင်း, အကြောင်းကို ရှေးရှုခြင်းဖြင့်လည်းကောင်း စူဠပန္ထကကို နှင်ထုတ်ခြင်း ဖြစ်၏"

## ၁၃–သုဘူတိ

"ဘိက္ခုတို့ ကိလေသာ ကင်းသော နေခြင်းရှိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် သုဘူတိသည် အမြတ်ဆုံးဖြစ်၏"

"ဘိက္ခုတို့ မြတ်သော အလှူကို ခံထိုက်ကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် သုဘူတိသည် အမြတ်ဆုံးဖြစ်၏"

အခြားသော ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း ကိလေသာကင်းသော နေခြင်းဖြင့် နေကြပါကုန်၏၊ သို့ရာတွင် ရှင်သုဘူတိသည်ကား တရားဟောသော အစဉ်ဖြင့် ထိုဧတဒဂ်ကို ရခြင်းဖြစ်၏၊ မှန်၏–တစ်ပါးသော မထေရ်တို့ တရားဟောလျှင် ရည်ညွှန်းကာ ချီးမွမ်း–ကဲ့ရဲ့ပြီး ဟောကြ၏၊ ရှင်သုဘူတိကား ဘုရားဟောသောနည်းကို အစဉ်လျှောက်၍ ဘုရားတရားအတိုင်း မလွဲအောင် ဟော၍ ထိုဧတဒဂ်ကို ရခြင်းဖြစ်၏။

ထိုမှတစ်ပါး အခြားသော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း မြတ်သော အလှူခံထိုက်ကုန်၏၊ သို့ရာတွင် ရှင်သုဘူတိသည်ကား ဆွမ်းခံလျှင် မေတ္တာစျာန်ဝင်စား၍ စျာန်မှထကာ ဆွမ်းခံလေ့ရှိ၏၊ သို့မှ ဒါယကာတို့ အကျိုးများလိမ့်မည်ဟု ယုံကြည်၏၊ ထို့ကြောင့် ထိုဧတဒဂ်ကို ရခြင်းဖြစ်၏။

ရှင်သုဘူတိသည် ပဒုမုတ္တရာဘုရားသခင်လက်ထက်ကစ၍ ထိုဆုတို့ကို တောင်းဆိုခဲ့ခြင်းဖြစ်၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည် သုမနသူဌေး၏အိမ်၌ ဖြစ်၏၊ နောင်အခါ သုဘူတိ သူဌေးဖြစ်၏၊ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းဆောက်ပြီး ရေစက်ချသောအခါ

မြတ်စွာဘုရား၏တရားကို နာကြားရ၍ ရဟန်းပြုပြီး မာတိကာနှစ်စောင်ကို လေ့လာ၏၊ ကမ္မဋ္ဌာန်းတရား သင်ယူပြီးလျှင် တောသို့နေ၍ ရဟန်းတရားကို အားထုတ်၏၊ ဝိပဿနာကို ပွားများ၍ မေတ္တာစျာန်ကို အခြေခံကာ ရဟန္တာအဖြစ်သို့ ရောက်၏၊ သူသည် ဆိုခဲ့သည့်အတိုင်း တရားဟောလျှင် ချီးမွမ်းကဲ့ရဲ့မှုမပြုဘဲ ဓမ္မဒိဋ္ဌာန်ကျကျ ဟောလေ့ရှိ၏၊ ဆွမ်းခံလျှင်လည်း အိမ်တိုင်းအိမ်တိုင်း မေတ္တာစျာန်ဝင်စား၍ စျာန်ကထမှ ဆွမ်းခံလေ့ရှိ၏၊ ဤအကြောင်းနှစ်ပါးကိုစွဲ၍ ထိုဧတဒဂ်ဘွဲ့ထူးနှစ်ခုကို ရခြင်းဖြစ်၏။

## ၁၄–ခဒိရ ရေဝတ

"ဘိက္ခုတို့ တောကျောင်း၌ နေကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ခဒိရ ရေဝတသည် အမြတ်ဆုံးဖြစ်၏"

တစ်ပါးသော ရဟန်းတို့သည် တောကျောင်း၌ နေကြကုန်၏၊ သို့ရာတွင် ထိုရဟန်းတို့သည် တော၏မျှတမှု, ရေ၏မျှတမှု, ဆွမ်း၏မျှတမှုကို မှတ်၍ ရွေးချယ်ကာ တော၌နေကြ၏၊ ရှင်ရေဝတသည်ကား ထိုသို့မဟုတ်၊ ထိုမျှတမှုတို့ကို မယူမူ၍ ကြမ်းတမ်းသော ကျောက်တို့ဖြင့် မညီညွတ်သောခဒိရခေါ် ရှားတော၌ နေသောကြောင့် ထိုဧတဒဂ်ကို ရခြင်းဖြစ်၏။

ရှင်ရေဝတသည် ပဒုမုတ္တရ ဘုရားလက်ထက်တွင် ထိုဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် မဂဓတိုင်းနာလက ပုဏ္ဏားရွာ သာရီပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေ၍ ရှင်သာရိပုတ္တာ အမျှုးရှိသော နောင်တော်သုံးယောက်နှင့် စာလာအမျှုးရှိသော အစ်မသုံးယောက်တို့အောက် အငယ်ဆုံးဖြစ်၏၊ မယ်တော် သာရီ ပုဏ္ဏေးမသည် သားကြီး သုံးယောက်နှင့် သမီးကြီးသုံးယောက်တို့ ရဟန်းပြုသွားကြသည်ကို မကျေမနပ်ဖြစ်နေ၏၊ ထို့ကြောင့် အငယ်ဆုံးသားကိုလည်း ရဟန်းဖြစ်မည်စိုးရိမ်၍ ၇နှစ်သား အရွယ်ကပင် အမျိုးတူ အမျိုးသမီးငယ်တစ်ယောက်နှင့် ထိမ်းမြား၏။

မင်္ဂလာဆောင်ပွဲတွင် ဘိသိက်ဆရာက သတို့သမီး၏အဘွားကို ကန်တော့စေပြီး ဆုမွန်ကောင်းပေး၏ –

"သင်သည်လည်း သင်၏ အဘွားကဲ့သို့ အသက်ရှည်ပါစေ သတည်း။"

ထိုအခါ သတို့သားရေဝတသည် အဘွားကြီး၏ ရှုံ့တွနေသော ဇရာနှင့် သတို့သမီး၏နုပျိုရွှင်လက်နေသော အလှကို နှိုင်းစက်ကြည့်ပြီး စဉ်းစား၏ –

"ငါ၏ဇနီးလည်း ဤအဘွားကဲ့သို့ ဖြစ်မည်ဆိုပါလော၊ သို့ဖြစ်ပါလျှင် ငါသည် အမေ၏လမ်းစဉ်သို့ မလိုက်နိုင်ပါ၊ နောင်တော်အစ်မတော်တို့သည် ထို့ကြောင့်ပင် သူ၏လမ်းစဉ်ကို ဆန့်ကျင်သွားကြခြင်းဖြစ်ချိမ့်မည်၊ စင်စစ် ငါလည်း သူတို့နောက် လိုက်သင့်သည်"

ရေဝတသည် မင်္ဂလာပွဲမှအပြန် လမ်းခုလတ်ကပင် ထွက်ပြေး၏၊ သူသည် ပံသုကူစုတင်ဆောင် တောကျောင်းတစ်ကျောင်းသို့ ရောက်သွား၏၊ ရောက်လျှင် ရောက်ခြင်း လူဆိုး ဓားပြတို့၏ဘေးမှ အလွတ်ပြေးလာသူကဲ့သို့ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ရဟန်းတို့ထံ ရှင်အဖြစ်ကို တောင်းပန်၏၊ ထိုအခါ ရဟန်းတော်တို့က "အမိ–အဖခွင့်မပြုသူကို ရှင်ရဟန်းပြုမပေး" ဟု ဆိုကြ၏။

"အရှင်မြတ်တို့ဘုရား အကျွန်ုပ်သည် လူအမည် ဥပတိဿ, ရဟန်းဘွဲ့တော် သာရိပုတ္တ၏ညီငယ် ရေဝတပါဘုရား" ဟု လျှောက်လေမှ တစပဥ္စက ကမ္မဋ္ဌာန်းသင်ပေး၍ ရှင်ပြုပေးကြ၏၊ သူသည် ထိုရဟန်းတော်တို့ထံမှ ကမ္မဋ္ဌာန်းသင်ယူပြီး ခဒိရဝေါ် ရှားတောသို့သွားကာ – "ရဟန္တာမဖြစ်မခြင်း မြတ်စွာဘုရားကိုလည်းကောင်း, နောင်တော် သာရိပုတ္တကိုလည်းကောင်း, မဖူးမြော်" ဟု တရားကို ကြိုးစားအားထုတ်ရာ သုံးလလွန်လေ၏၊ ထို့နောက် တစ်ဖန် အထပ်ထပ် ဆက်လက်ကြိုးစား၍ စိတ်တည်ငြိမ်ခြင်းကို ရသဖြင့် ဝိပဿနာကို ပွားသဖြင့် ရဟန္တာအဆင့်ကို ရောက်သွားလေ၏။

ရေဝတ သာမဏေပြုကာ ရှားတော၌ တရားအားထုတ်နေကြောင်း သတင်းကို တောကျောင်းနေ ရဟန်းတို့က ရှင်သာရိပုတ္တာထံ ပေးပို့ကြ၏၊ ထိုသတင်းကို ရသောအခါ ရှင်သာရိပုတ္တာသည် ညီတော်ရေဝတထံသို့ သွားလိုကြောင်း မြတ်စွာဘုရားအား လျှောက်ကြား၏၊ သို့ရာတွင် မြတ်စွာဘုရား ခွင့်ပြုတော်မမူချေ၊ နှစ်ကြိမ်မြောက်တောင်းပန်သောအခါသည်း အခွင့်မရ၍ တဖန် သုံးကြိမ်မြောက် တောင်းပန်ပြန်၏၊ ထိုအခါ မြတ်စွာဘုရားကိုယ်တိုင် သာဝကရှစ်ကျိပ်တို့နှင့် အတူတကွ ရှင်ရေဝတထံသွား၍ ချီးမြှောက်တော်မူ၏၊ သူနေသော ရှားတောကို ရဟန်းတော်တို့ချီးမွမ်းကြ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏–

"ရွာမှာဖြစ်စေ, တောမှာဖြစ်စေ, ချိုင့်ဝှမ်းရာမှာ ဖြစ်စေ၊ ကုန်းမြေမှာဖြစ်စေ ရဟန္တာတို့နေလျှင် မွေ့လျော်ဖွယ်ကောင်း၏"

နောင်အခါ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အရိယာတို့ အလယ်၌ ရှားတော၌နေသော ခဒိရ ရေဝတကို တောကျောင်းနေ ဧတဒဂ် ပေးတော်မူလေသည်။

## ၁၅–ကင်္ခါရေဝတ

"ဘိက္ခုတို့ ဈာန်၌ မွေ့လျော်ကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ကင်္ခါရေဝတသည် အမြတ်ဆုံးဖြစ်၏"

ကင်္ခါရေဝတသည် မြတ်စွာဘုရားဝင်စားသော ဈာန်သမာပတ်အချို့မှတစ်ပါး များစွာသော ဈာန်သမာပတ်တို့ကို ဝင်စားနေနိုင်သောကြောင့် ဈာန်၌ မွေ့လျော်သော သာဝကရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ကို ရခြင်းဖြစ်၏။

ကင်္ခါဟူသည် ယုံမှားသံသယ ကုက္ကုစ္စဖြစ်၏၊ အခြားတစ်ပါးသော ရဟန်းတို့မှာလည်း ယုံမှား သံသယကုက္ကုစ္စရှိကြ၏၊ သို့ရာတွင် သူကား ဝိနည်းနှင့်စပ်၍အပ်သော ကပ္ပိယဝတ္ထု၌သော်လည်း ယုံမှားသံသယရှိသောကြောင့် သူ့ကို ကင်္ခါရေဝတဟု ခေါ်ကြခြင်းဖြစ်၏။

ရှင်ကင်္ခါရေဝတသည် ပဒုမုတ္တရဘုရားသခင်လက်ထက်မှ စ၍ ဤစျာန်၌ မွေ့လျော်မှုတွင် အမြတ်ဆုံး တေဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် သာဝတ္ထိပြည်သူဌေးမျိုး၌ ဖြစ်၏၊ တစ်နေ့သောအခါ မြတ်စွာဘုရား၏တရားကို နာကြားပြီး ရဟန်းပြု၏၊ ထို့နောက် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းသင်ယူပြီး အားထုတ်ရာ စျာန်ရ၏၊ တဖန် စျာန်ကို အခြေခံပြီး ဆက်လက် အားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်၏။

နောင်အခါ မြတ်စွာဘုရားသည် ကင်္ခါရေဝတ၏ စျာန်၌ မွေ့လျော်ခြင်းဂုဏ်ကိုယူ၍ စျာန်၌ မွေ့လျော်သော သာဝကဘိက္ခုတို့တွင် အမြတ်ဆုံးတေဒဂ်ကို ပေးတော်မူလေသည်။

## ၁၆–သောဏကောဠိဝိသ

"ဘိက္ခုတို့ ထက်သော လုံ့လရှိကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ကောဠိဝိသအနွယ်၌ဖြစ်သော သောဏသည် အမြတ်ဆုံးဖြစ်၏"

သူ၏အမည်ရင်းမှာ "သောဏ" ဖြစ်၏၊ ကောဠိဝိသ အမျိုးအနွယ်ဖြစ်၍ သောဏကောဠိဝိသဟု ခေါ်ခြင်းဖြစ်၏၊ စည်းစိမ်ဥစ္စာ ကုဋေကြွယ်ဝသောကြောင့် "သောဏကောဋိဝေဿ" ဟုလည်း ခေါ်ကြ၏။

အခြားတစ်ပါးသော ရဟန်းတို့လည်း လုံ့လဝီရိယရှိကြပါ၏၊ သို့ရာတွင် ရှင်သောဏကား တစ်ပါးသော ရဟန်းတို့ထက် ဝီရိယပြင်းထန်၏၊ ထို့ကြောင့် သူသည် "အာရဒ္ဓဝီရိယ" အရာ၌ တေဒဂ်ရခြင်းဖြစ်၏။

ရှင်သောဏသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ လုံ့လဝီရိယအရာ၌ တေဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်တွင် ကာဠစမ္ပာနဂိုရ်မြို့၌ ဖြစ်၏၊ မွေးဖွားစဉ်ကပင် ရွှေအဆင်းကဲ့သို့ရှိ၍ အသားအရည် နူးညံ့၏၊ ခြေဖဝါးတွင် အမွေးပေါက်၏။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ တရားဟောကြားတော်မူ၏၊ ထိုအခါ သောဏလုလင်သည် မြတ်စွာဘုရားတရားကို နာကြားပြီး ဤသို့

လျှောက်ကြား၏ –

"မြတ်စွာဘုရား ကျွန်ုပ်သည် ရှင်တော်ဘုရား ဟောကြားသော တရားကို သိပါ၏၊ ဤတရားကို အိမ်၌နေသဖြင့် စင်စစ်ပြည့်စုံစွာ ကျင့်ရန် မစွမ်းနိုင်ပါ၊ ထို့ကြောင့် ကျွန်ုပ်သည် ရဟန်းပြု၍ တရားကျင့်လိုပါသည် ဘုရား"

"သောဏ... သင့်ကို မိဘတို့က ခွင့်ပြုပါ၏လော"

"မြတ်စွာဘုရား မိဘတို့ထံ အခွင့် မပန်ရသေးပါ"

"သောဏ... ဗုဒ္ဓတို့သည် မိဘ ခွင့်မပြုသော သူတစ်ပါး၏ သား ကို ရှင်ရဟန်းပြု၍ မပေးပါ၊ သင် ရဟန်းပြုလိုလျှင် မိဘတို့ထံ ခွင့်ပန်ပါ လော့"

သောဏသည် အိမ်သို့ပြန်၍ မိဘထံ ခွင့်ပန်၏၊ အခွင့်ရလေလျှင် မြတ်စွာဘုရားသည် သူ့ကို ရဟန်းပြုပေး၏၊ ရဟန်းပြုပြီးသော်လည်း ဆွေမျိုးသားချင်းတို့သည်လည်းကောင်း, အခြားတစ်ပါးသော သူတို့သည် လည်းကောင်း–ထူးထူးဆန်းဆန်း ခြေဖဝါး၌ အမွေးပေါက်သော ရှင်သော ဏကို လာ၍ ကြည့်ကြ၏၊ ထိုအခါ သူက စဉ်းစား၏ –

"ငါ့ထံသို့ နေ့စဉ်လိုလိုပင် လူအများလာကြ၏၊ လူတို့ လာခြင်း သည် ကမ္မဋ္ဌာန်း ဝိပဿနာဘာဝနာ ပွားများခြင်းအလုပ်၌ အန္တရာယ်ဖြစ်၏၊ ထို့ကြောင့် ငါသည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရား သင်ကြားပြီး ယင်း တိုက်တော သုသာန်သို့ သွား၍ တရားကျင့်ရပါမူ လူတို့သည် သုသာန်ကို စက်ဆုတ်သဖြင့် လာကြတော့မည် မဟုတ်၊ သို့မှလည်း ငါ့အား ရဟန်း တရား လျှင်စွာ ရတော့မည်"

ထို့နောက် သူသည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားသင် ကြားပြီး ယင်းတိုက်တော သုသာန်သို့ သွား၍ အားထုတ်နေစဉ်– "ငါ၏ ကိုယ်သည် နူးညံ့၏၊ ချမ်းသာတစ်ခုဖြင့် ချမ်းသာတစ်ခုကို မရနိုင်၊ ကိုယ်ကို ပင်ပန်းစေ၍ အားထုတ်မှ ရပေမည်" –ဟု အကြံဖြစ်၏၊ ထို့နောက် သူသည်

ရပ်ခြင်း, စင်္ကြံသွားခြင်းဖြင့်သာလျှင် တရားအားထုတ်၏။

သို့ကြောင့် သူ၏ ခြေဖဝါးတို့မှ အဖုပေါက်ကုန်၏၊ အဖုတို့ ပေါက်ကွဲ၍ သွေးထွက်ကုန်၏၊ သွေးတို့သည် နွားသတ်ကုန်းကဲ့သို့ ဖြစ်ကုန်၏၊ စင်္ကြံတစ်ခုလုံး သွေးလိမ်းနေ၏၊ ခြေဖြင့် မသွားနိုင်သော် ဒူးထောက်၍ လက်တို့ဖြင့် လုံ့လပြု၍ သွားကာ တရားအားထုတ်၏၊ သို့ရာတွင် အရောင်အဝါမျှ မရသဖြင့်– "ငါသည် သူတစ်ပါးတို့ကဲ့သို့ပင် တရားကို လုံ့လကြိုးကုတ်အားထုတ်ပါသည်၊ သို့ရာတွင် ငါသည် မဂ်ဖိုလ်ကို ရခြင်းငှာ မတတ်နိုင်၊ စင်စစ် ငါသည် ဥဂ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့ မဟုတ်တန်ရာ၊ ဤဘဝမှာ တရားမရနိုင်သော 'ပဒပရမ' ပုဂ္ဂိုလ် ဖြစ်တန်ရာ၏၊ ငါအား ရဟန်းပြုသဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ လူထွက်၍ စည်းစိမ်ခံစားပြီး ကုသိုလ်ကောင်းမှုကို ကြိုးစား၍ ပြုအံ့" ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအခါ ရဟန်းအများခြံရံလျက် သွေးလိမ်းကျံလျက်ရှိသော ရှင်သောဏ တရားအားထုတ်ရာသို့ ကြွလာပြီး စောင်းဥပမာဖြင့် ဝီဏောပမသုတ်ကို ဟောတော်မူ၏၊ စောင်းကြိုး အလွန်တင်းခြင်း, အလွန်လျော့ခြင်း, မျှတခြင်းဟူသော စောင်း၏ ဥပမာဖြင့် ဝီရိယ အလွန်ပြင်းထန်ခြင်း, အလွန်လျော့ခြင်း, မျှတခြင်း၏ အကျိုးနှင့်အပြစ်ကို စိစစ်၍ ဝီရိယ ညီမျှရန် ကမ္မဋ္ဌာန်းပေးတော်မူ၏။

ရှင်သောဏသည် မြတ်စွာဘုရား၏ မျက်မှောက်၌ အဆုံးအမဩဝါဒကိုရ၍ မကြာမီပင် ရဟန္တာ ဖြစ်သွား၏၊ ထို့နောက် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ ရဟန်းအပေါင်းခြံရံလျက် တရားဟောတော်မူစဉ် ရှင်သောဏအား အာရဒ္ဓဝီရိယအရာ၌ ဧတဒဂ်ထားတော်မူလေသည်။

သူ၏ ဥဒါန်းကား ဤသို့တည်း–

ကျူပင်ကဲ့သို့ အချည်းနှီး တက်ကြွသောမာနရှိ၍ မေ့လျော့ခြင်းသို့ ပြင်ပအာယတနတို့၌ တပ်မက်မှု မကင်းသော ရဟန်းအား သီလ, သမာဓိ,

ပညာသည် ပြည့်စုံခြင်းသို့ မရောက်နိုင်။

ရဟန်းတို့ ပြုသင့်သော အမှုကိစ္စကို စွန့်ပယ်၍ ရဟန်းတို့ မပြုသင့်သော အမှုကိစ္စကိုမူကား ပြုလုပ်၏၊ ကျူပင်ကဲ့သို့ အချည်းနှီးတက်ကြွသော မာနရှိ၍ မေ့လျော့ခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၏ သန္တာန်၌ အာသဝတရားတို့ တိုးပွားကုန်၏။

ကာယဂတာသတိကို အမြဲမပြတ် ကောင်းစွာ အားထုတ်အပ်ကုန်သော ရဟန်းတို့သည် မပြုသင့်သောကိစ္စကို မပြုလုပ် မမှီဝဲကုန်၊ ပြုသင့်သောကိစ္စ၌ အမြဲပြုလေ့ရှိကုန်၏၊ အောက်မေ့မှု သတိ, ဆင်ခြင်ဉာဏ်သမ္ပဇဉ်နှင့် ပြည့်စုံကုန်သော ရဟန်းတို့၏ သန္တာန်၌ အာသဝေါတရားတို့သည် ပျက်စီးချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏။

## ၁၇–သောဏကုဋိကဏ္ဏ

"ဘိက္ခုတို့ စကားချိုသာစွာ ပြောဆိုတတ်ကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် ကုဋိကဏ္ဏသောဏသည် အမြတ်ဆုံးဖြစ်၏"

ထိုအရှင်၏ မူလအမည်မှာ 'သောဏ'ပင် ဖြစ်၏၊ ကုဋေ့တန်သော နားတောင်းကို ပန်ဆင်သောကြောင့် ကုဋိကဏ္ဏသောဏဟု ခေါ်ကြခြင်းဖြစ်၏၊ သူသည် မြတ်စွာဘုရားနှင့်အတူ ဂန္ဓကုဋီတိုက်တွင် နေလျက် မြတ်စွာဘုရားအား ချိုသာသော တရားစကားဟောကြား၏၊ ထိုအခါ မြတ်စွာဘုရားသည် သူ့အား ကောင်းချီးပေးပြီးလျှင် 'ကလျာဏဝါက္ကရဏ' အရာတွင် ဧတဒဂ်ထားခြင်း ဖြစ်၏။

ရှင်သောဏသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ ထိုဧတဒဂ်ဆုကို တောင်းဆိုခဲ့ခြင်း ဖြစ်၏၊ သူသည် ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ကုရရဃရမြို့တွင် မြတ်သောအမျိုး၌ ဖြစ်၏၊ မဟာကစ္စာနသည် သောဏ၏ မယ်တော်အိမ်တွင် အမြဲဆွမ်းခံနေ၏၊ ထို့ကြောင့် ကောဏလုလင်သည် မဟာကစ္စာနနှင့် အကျွမ်းဝင်ပြီး

လျှင် ရဟန်းပြုခြင်း ဖြစ်၏၊ ထိုနောက် မထေရ်၏ထံမှ ကမ္မဋ္ဌာန်းယူပြီး ဝိပဿနာ ပွားသော် ရဟန္တာ ဖြစ်သွား၏၊ သီတင်းဝါလ ကျွတ်သောအခါ ရှင်သောဏသည် ဘုရားဖူး သွားလိုကြောင်း ဥပဇ္ဈာယ်ဆရာထံ၌ ခွင့်ပန်၏၊ ထိုအခါ မဟာကစ္စာနက အခွင့်ပေး၍ ဤသို့မှာကြား၏–

"ငါ့ရှင် သောဏ သင်သွားသော် ဘုရားရှင်သည် သင့်အား ဂန္ဓကုဋီတိုက်တွင် အတူနေခွင့်ပြု၍ တရားဟောခိုင်းလိမ့်မည်၊ သင်သည် ငါ၏ထံမှ သင်ယူသော သုတ္တနိပါတ်တရား ဟောကြားရမည်၊ ဘုရားရှင်သည် သင်၏စကား၌ ကြည်ညို၍ သင့်အား ဆုပေးလိမ့်မည်၊ သင် ဆုယူသည် ရှိသော် ဝိနည်းမိုရ်နှင့်တကွ ငါးယောက်မြောက်သော ဂိုဏ်းဖြင့် ရဟန်းပြုပေးခွင့်၊ နေ့စဉ် ရေချိုးခွင့်၊ သားရေနွယ် အခင်း၊ အထပ်များစွာရှိသော ဖိနပ်စီးခွင့်၊ သင်္ကန်း ညဉ့်ကင်းခွင့်–ဤဆုငါးမျိုးကို တောင်းပါ၊ ငါ၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေကိုလည်း ရှိခိုးပါ"

ရှင်သောဏသည် ဥပဇ္ဈာယ်ဆရာ့ထံမှ အခွင့်ရသောအခါ မယ်တော်၏ အထံသို့ သွားပြန်၏၊ မယ်တော်ကလည်း– "ကောင်းပြီ ချစ်သား သင်ဘုရားဖူးသွားလျှင် ဤကမ္ဗလာကို ဆောင်ယူသွားပြီး မြတ်ဘုရား သီတင်းသုံးတော်မူသည့် ဂန္ဓကုဋီတိုက်တွင် မြေအခင်းပြုရန် လှူပါ"– ဟု ပြော၍ ကမ္ဗလာကို လှူလိုက်၏။

ထိုနောက် ရှင်သောဏသည် ကျောင်းအိပ်ရာ နေရာတို့ကို သိမ်းပြီး မြတ်စွာဘုရားထံ သွား၏၊ ရောက်လျှင် မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တင့်လျောက်ပတ်ရာ၌ နေ၏၊ မြတ်စွာဘုရားသည် ရှင်သောဏကို ဂန္ဓကုဋီတိုက်တွင် အတူနေခွင့်ပေး၍ တရားလည်း ဟောရန် တိုက်တွန်း၏၊ ရှင်သောဏသည် သုတ္တနိပါတ်ကို သာယာစွာ ရွတ်ဆိုဟောကြား၏၊ တရားဆုံးသောအခါ မြတ်စွာဘုရားက ကောင်းချီးနမော် သာခုခေါ်ပြီး လိုသောဆု တောင်းခွင့်ပြု၏၊ အရှင်လည်း ဆရာမှာသော ဆုကို တောင်းယူခဲ့၏၊ နောင်အခါတွင် မြတ်စွာဘုရားသည် အရိယာအပေါင်း ခြံရံလျက် ရှင်သောဏအား

'ကလျာဏ ဝါက္ကရဏ' တေဒဂ် ပေးတော်မူ၏။

## ၁၈–သီဝလိ

"ဘိက္ခုတို့ လာဘ်များကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် သီဝလိသည် အမြတ်ဆုံး ဖြစ်၏"

ရှင်သီဝလိသည် ပဒုမုတ္တရဘုရားသခင် လက်ထက်ကစ၍ လာဘ်လာဘများခြင်း တေဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ကောလိယမြို့တွင် သုပ္ပဝါသာ မင်းသမီး၏ သားတော်ဖြစ်၏၊ မယ်တော်၏ ဝမ်းတွင် ၇–နှစ်နေခဲ့ရ၍ ၇–ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမော တွေဝေခဲ့၏။

သုပ္ပဝါသာ မင်းသမီးသည် သားဖွားသည့်နေ့မှစ၍ ၇ ရက်တိုင်တိုင် အလှူကြီးပေး၏၊ သီဝလိသတို့သားသည် အမိဝမ်းတိုက်တွင် ၇ နှစ်နှင့် ၇ ရက် နေခဲ့ရ၍ မွေးဖွားပြီးလျှင် ၇ နှစ်အရွယ် ဖြစ်ရကား ဆွမ်းစားကြွလာသည့် ဘုရားအမှူးရှိသော သံဃာတို့နှင့် စကားပြောနိုင်၏၊ တစ်နေ့တွင် ရှင်သာရိပုတ္တက သူ့ကိုမေး၏–

"သူငယ် သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဒုက္ခ ကင်းပါ၏လော"

ထိုအခါ သီဝလိသူငယ်က လျှောက်ကြား၏–

"အရှင်ဘုရား သာရိပုတ္တ ကျွန်ုပ်အား အဘယ်မှာ ခန့်ကျန်းပါမည်နည်း၊ မျှတပါမည်နည်း၊ ကျွန်ုပ်သည် ၇ နှစ်ပတ်လုံး သွေးအိုင်ထဲ၌ နေခဲ့ရပါသည်"

"သူငယ် သင်သည် ဤမျှလောက် ကြီးမားသော ဒုက္ခစုကို ခံစားခဲ့ရလျှင် ထိုဒုက္ခတို့မှ လွတ်မြောက်ရန် ရဟန်း ပြုနိုင်ပါမည်လော"

"အရှင်ဘုရား မယ်တော်–ခမည်းတော်တို့က ခွင့်ပေးပါလျှင် ပြုချင်ပါသည်ဘုရား"

ထိုအခါ မယ်တော် သုပ္ပဝါသာသည် အလွန်ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ရှင်သာရိပုတ္တာအား လျှောက်ကြား၏–

"အရှင်မြတ်ဘုရား ကောင်းပါပြီ၊ ရှင်ပြု ပေးတော်မူပါဘုရား"

ထို့နောက် ရှင်သာရိပုတ္တာသည် သီဝလိ သတို့သားကို ကျောင်းသို့ခေါ်သွားပြီး ရှင်ပြုပေးလျက် မိန့်ကြားတော်မူ၏–

"ငါ့ရှင် သီဝလိ သင့်အား အခြားသော အဆုံးအမပေးရန် မလိုတော့ပါ၊ အမိ ဝမ်းတိုက်တွင် ၇–နှစ်ပတ်လုံး ခံစားခဲ့ရသည့် ဆင်းရဲဒုက္ခကို ဆင်ခြင်ပါလော့"

ထိုအခါ သီဝလိ သူငယ်က လျှောက်ကြား၏–

"အရှင်ဘုရား ရှင်ပြုပေးခြင်းသည်သာလျှင် အရှင်တို့၏ တာဝန်ဖြစ်ပါသည်၊ ကျွန်ုပ် ပြုလုပ်ရမည့် ကိစ္စသည် ကျွန်ုပ်၏ တာဝန်ဖြစ်ပါသည်"

ရှင်သီဝလိသည် ရှင်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ရဟန္တာ ဖြစ်သွား၏၊ သူ ရှင်ဖြစ်သည်ကစ၍ ရဟန်းသံဃာတို့အား ပစ္စည်းလေးပါးလိုတိုင်းရကုန်၏၊ မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရှင်သီဝလိသည် မြတ်စွာဘုရားအား လျှောက်ကြား၏–

"အရှင်ဘုရား ကျွန်ုပ်သည် မိမိ၏ ကုသိုလ်ကောင်းမှုကို စူးစမ်းလိုပါသည်၊ ကျွန်ုပ်အား ရဟန်းသံဃာငါးရာ ပေးတော်မူပါ"

မြတ်စွာဘုရား၏ ခွင့်ပြုတော်မူချက်အရ ရှင်သီဝလိသည် ရဟန်းသံဃာ ငါးရာနှင့်အတူတကွ ဟိမဝန္တာ တောအုပ်သို့ ရှေးရှုကြွသွား၏၊ နိဂြောဓတောအုပ်, ပဏ္ဍဝတောင်, အစိရဝတီမြစ်ကမ်း, သမုဒ္ဒရာကမ်းခြေ, ဟိမဝန္တာတော, ဆဒ္ဒန်အိုင်, ဂန္ဓမာဒနတောင်တို့တွင် ၇–ရက်စီ သီတင်းသုံးနေခဲ့၏။ လူသူမရှိသောအရပ်ဒေသတို့ ဖြစ်ကုန်သော်လည်း ရဟန်းသံဃာတို့အတွက် ဆွမ်းကွမ်းနှင့်ပတ်သက်၍ လုံးဝ အခက်အခဲ မရှိချေ၊ အချိန်ရောက်က နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ အသင့်ဖြစ်ကုန်၏၊ ဂန္ဓမာဒနတောင်၌နေစဉ် နာဂဒတ္တ အမည်ရှိသော နတ်မင်းက ၇–ရက်ပတ်

လုံး နို့ဆွမ်းဖြင့် လုပ်ကျွေး၏။

မြတ်စွာဘုရား အမှူးရှိသော သံဃာတို့သည် ရှင်သာရိပုတ္တ၏ ညီငယ် ခဒိရ ရေဝတထံသို့ အသွားတွင်လည်းကောင်း, ထိုမှအပြန်တွင်လည်းကောင်း ရှင်သီဝလိကို အကြောင်းပြု၍ ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို မတောင့်မတ ပြည့်စုံစွာရခဲ့၏၊ ထိုကြောင့် မြတ်စွာဘုရားသည် ရှင်သီဝလိအား လာဘ်လာဘများသူတို့တွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို ပေးခြင်း ဖြစ်လေသည်။

ရှင်သီဝလိသည် ရဟန္တာဖြစ်ပြီးနောက် ဤသို့ ဥဒါန်းဂါထာ ရွတ်ဆိုလေသည်–

ငါသည် နိဗ္ဗာန်ဟူသော အကျိုးကို အလိုရှိသည်ဖြစ်၍ ဝိဇ္ဇာ ၃–ပါးနှင့် ကိလေသာတို့မှ လွတ်မြောက်မှုကို တောင့်တရှာမှီးလျက် ဆိတ်ငြိမ်ရာ ကျောင်းသို့ ပုန်းအောင်းခိုဝင်ခဲ့ပြီ၊ ငါသည် ထောင်လွှားတက်ကြွမှု မာနကို စွန့်ပြီးဖြစ်ရကား ငါလိုလား ကြံစည်ခဲ့သော အကျိုးတို့သည် ယခုအခါ ငါ့အား ပြည့်စုံကုန်ပြီ။

## ၁၉–ဝက္ကလိ

"ဘိက္ခုတို့ သဒ္ဓါတရား အားကြီးကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ဝက္ကလိသည် အမြတ်ဆုံး ဖြစ်၏"

အခြားတစ်ပါးသော ရဟန်းတို့လည်း သဒ္ဓါတရား ရှိကြပါ၏၊ သို့ရာတွင် ရှင်ဝက္ကလိနှင့် စာပါက ထိုရဟန်းတို့၏သဒ္ဓါတရားမှာ အင်အား နည်းပါးသေး၏၊ ထိုကြောင့် သူသည် 'သဒ္ဓါဓိမုတ္တ' အရာတွင် ဧတဒဂ်ရခြင်း ဖြစ်၏။

ရှင်ဝက္ကလိသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ ထိုသဒ္ဓါဓိမုတ္တအရာ၌ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ အရွယ်သို့ ရောက်သောအခါ ဗေဒသုံးပုံ သင်ကြား တတ်မြောက်၏၊ မြတ်

ဗွာဘုရား ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်၌ လှည့်လည်ကြွသွား တော်မူသည်ကို ဖူးမြင်ရလေရာ ကြည်ညိုလှသဖြင့် မြတ်စွာဘုရားနောက်သို့ အစဉ်လိုက်၏၊ ကျောင်းသို့ ပြန်ကြွသောအခါလည်း နောက်ကလိုက်လျက် တရားဟောသောအခါ ရှေ့ဆုံးကနေပြီး ကြည်ညိုနေ၏။

ထိုနောက် သူသည်– 'အိမ်ရာတည်ထောင် လူ့ဘောင်၌ နေပါက အမြဲမပြတ် ဘုရားရှင်ကို ဖူးမြင်ခွင့်ရမည် မဟုတ်' –ဟု စဉ်းစားပြီး မြတ်စွာ ဘုရားထံ၌ ရဟန်းပြုခွင့်တောင်းကာ ရဟန်းပြုနေ၏၊ သူသည် ရဟန်းပြုပြီး သောအခါ ဘုရားဖူးရန် ပိုပြီး အခွင့်အရေးရ၏၊ အချိန်ရသမျှ ဘုရားရှင်ကို အစဉ်ကြည်ညိုနေ၏၊ သူ၏ ကြည်ညိုခြင်းမှာ အသင့်အတင့် နှလုံးသွင်းမှု ယောနိသော မနသိကာရ မရှိချေ၊ တရားမဲ့ သဒ္ဓါကြည်ညို မေတ္တာပိုခြင်း၊ ဖြစ်၏၊ မြတ်စွာဘုရားသည် သူ၏ ဉာဏ်ရင့်ကျက်ခြင်းကို စောင့်ဆိုင်းနေပြီး နောက်တစ်နေ့တွင် မိန့်ကြားတော်မူ၏–

"ဝက္ကလိ သင်သည် ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို ကြည့်နေ သဖြင့် ဘာယ်အကျိုးရှိမည်နည်း၊ တရားကို မြင်သူသည်သာ ဘုရားကို မြင် ၏၊ ထို့ကြောင့် သင်သည် တရားကိုသာ မြင်အောင်ကြည့်ပါ၊ ထိုအခါ သင်သည် ငါ့ကို အစဉ် တွေ့မြင်လိမ့်မည်"

သို့ရာတွင် ဝက္ကလိသည် ဘုရားရှင်ကို ဖူးမြင်လျက်ပင် ရှိ၏၊ အရိပ်အမြွက်မျှဖြင့် မရသဖြင့်–"ဝက္ကလိ သင် ဖဲလော့" –ဟု နှင်ထုတ်လိုက် ရ၏၊ ထိုအခါမှ ဝမ်းနည်းစွာနှင့် ဖဲသွား၏၊ သူသည် သုံးလတိုင်မျှ ဘုရား သခင်ကို ဖူးခွင့်မရဘဲ နေရ၏၊ ဤသို့ ဘုရားသခင်ကို မတွေ့မမြင်ရဘဲ နေရပါလျှင် သေရသည်က ကောင်းသေး၏ဟု အကြံဖြစ်ကာ ဂိဇ္ဈကုဋ် တောင်ပေါ်သို့ တက်သွား၏၊ တောင်ပေါ်မှ ခုန်ချပြီး သေရန် ဖြစ်၏၊ ထိုစဉ် တွင် မြတ်စွာဘုရားကြွလာပြီး မိန့်ကြားတော်မူ၏–

"များစွာ နှစ်သက် ဝမ်းမြောက်ခြင်းရှိသော သာသနာ၌ ကြည်ညို သော ရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော ချမ်းသာခြင်းတို့၏

အထွတ်အထိပ်ဖြစ်သော ငြိမ်သက်သော နိဗ္ဗာန်ကို ရရာ၏"

ထိုအခါ ရှင်ဝက္ကလိ အလွန်ပင် ရွှင်လန်းဝမ်းမြောက်သွား၏၊ တဖန် မြတ်စွာဘုရားသည် လက်ကိုဆန့်၍ ခေါ်တော်မူပြန်၏–

"ဝက္ကလိ လာလော့၊ မကြောက်လင့်၊ တထာဂတကို ရှုပါဘိ၊ ငါသည် သင့်ကို ရာဟု အသူရိန် ဖမ်းခြင်းခံရသော နေကဲ့သို့ ကိလေသာ ဖမ်းခြင်းမှ လွတ်မြောက်စေအံ့"

ထိုအခါ ရှင်ဝက္ကလိသည် တောင်ထိပ်၌ တည်လျက်သာလျှင် မြတ်စွာဘုရား၏ စကားကို ဆင်ခြင်၏၊ ထို့နောက် ပီတိကိုခွာသောအခါ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လျက်သာလျှင် တောင်ပေါ်မှ ဆင်း၍ မြတ်စွာဘုရားထံ ချဉ်းကပ်၏။

တစ်ပါးသော သူတို့ကိုကား သဒ္ဓါတရား တိုးပွားအောင် ပြုရ၏၊ ရှင်ဝက္ကလိအား သဒ္ဓါတရား ကြီးမားလွန်း၍ လျှော့ပါးအောင် ပြုရ၏၊ ထို့ကြောင့် နောင်အခါ မြတ်စွာဘုရားသည် သူ့အား သဒ္ဓါတရား လွန်ကဲသူတို့တွင် အမြတ်ဆုံး ဧတဒဂ်ပေးတော်မူခြင်း ဖြစ်၏။

အရှင်ဝက္ကလိသည် ရဟန္တာဖြစ်ပြီးနောက် ဤဂါထာတို့ကို ရွတ်ဆိုလေ၏–

ငါသည် ပြန့်ပြောများမြတ်သော နှစ်သက်မှု ပီတိ, ချမ်းသာမှု သုခဖြင့် ခန္ဓာကိုယ်ကို ပျံ့နှံ့စေလျက် ပစ္စည်း ၄–ပါး ခေါင်းပါး ရခဲခြင်းကို သည်းခံကာ တောကြီးမျက်မည်း၌ နေပါအံ့။

ထက်သန်သော လုံ့လရှိကုန်သော, နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ် ရှိကုန်၍ အခါခပ်သိမ်း မြဲမြံခိုင်ခံ့သော လုံ့လရှိကုန်လျက် အညီအညွတ် ဖြစ်ကုန်သော သီတင်းသုံးဖော်တို့ကို ကြည့်ရှုလျက် တောကြီးမျက်မည်း၌ နေပါအံ့။

သတ္တဝါအားလုံးတို့ထက် မြတ်တော်မူသော မြတ်သော ဆုံးမခြင်းဖြင့် ယဉ်ကျေးတော်မူသော အတုမရှိသော သမာဓိဖြင့် တည်ကြည်သော

မြတ်စွာဘုရားကို နေ့ရောညဉ့်ပါ မပျင်းမရိဘဲ အတန်တန် အောက်မေ့လျက် တောကြီးမျက်မည်း၌ နေပါအံ့။

## ၂၀–ရာဟုလ

"ဘိက္ခုတို့ အကျင့်သိက္ခာကို လိုလားကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် ရာဟုလသည် အမြတ်ဆုံး ဖြစ်၏"

ရာဟုလသည် ရှင်သာမဏေ ဖြစ်သောနေ့မှစ၍ သဲကို လက်နှင့် ဆုပ်ပြီးလျှင်– "ယနေ့ ငါသည် မြတ်စွာဘုရားထံမှ ဖြစ်စေ, ဆရာ ဥပဇ္ဈာယ်တို့၏ထံမှ ဖြစ်စေ ဤသဲလုံး အရေအတွက်မျှ ဆုံးမဩဝါဒကို ရပါမူ ကောင်းပေစွ"– ဟု တောင့်တ၏။

သူသည် ပဒုမုတ္တရာဘုရားသခင် လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင့်တခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ မြတ်စွာဘုရား၏ သားတော် ဖြစ်လာ၏၊ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်၍ ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွလာ၏၊ ထိုအခါ ယသောဓရာဒေဝီက သူ၏သားကို တိုက်တွန်း၏–

"ရာဟုလ ထိုရဟန်းသည် သင်၏ အဖတည်း၊ သင်သွားပြီး သူ့ထံ အမွေတောင်းချေ"

ထိုအခါ ရာဟုလသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး– "အရှင်ရဟန်း သင်၏အရိပ်သည် ချမ်းသာလေစွ" –ဟု ဆို၏၊ မြတ်စွာဘုရားသည် တစ်စုံတစ်ရာ ဘာမျှ မပြောဘဲ နေရာမှ ထသွား၏၊ ရာဟုလသည် နောက်မှလိုက်၍– "အရှင် ရဟန်း ကျွန်ုပ်အား အမွေပေးပါလော့" –ဟု တောင်း၏၊ ကျောင်းသို့ရောက်သော် မြတ်စွာဘုရားက ရှင်သာရိပုတ္တာအား– "သာရိပုတ္တာ ရာဟုလ အမွေတောင်းနေသည်၊ သူ့ကို ရှင်ပြုပေးလိုက်ပါ"– ဟု ဆို၏။

ထိုစဉ်အခါ သာသနာတွင် ရှင်သာမဏေ မရှိသေး၍ ရှင်သာရိပုတ္တာက မေးလျှောက်၏–

"မြတ်စွာဘုရား ရာဟုလ သတို့သားကို ကျွန်ုပ် ဘယ်သို့ ရှင်သာမဏေ ပြုပေးရပါမည်နည်း"

"သာရိပုတ္တ သရဏဂုံ သုံးပါးဖြင့် ရှင်သာမဏေပြုနိုင်၏၊ ပထမ ဆံရိတ်ပေးရမည်၊ ဒုတိယ သင်္ကန်းဝတ်ပေးရမည်၊ တတိယ လက်ဝဲတစ်ဖက် ပခုံးထက်၌ သင်္ကန်းတင်ကာ ဆောင့်ကြောင့်ထိုင်ပြီး ရဟန်းတို့ကို ရှိခိုးစေလျက် သရဏဂုံ သုံးကြိမ်ပေးရမည်၊ ယင်းသုံးပါး ပြည့်စုံလျှင် ရှင်သာမဏေ ဖြစ်၏"

သို့ဖြင့် ရာဟုလသည် ရှင်သာမဏေဖြစ်သောအခါ သီလ, သမာဓိ, ပညာ–သိက္ခာ သုံးပါးကို ကြိုးစားဆည်းပူး၏။ သူသည် ရေမရှိသော ရေအိုးတို့ကို ရေဖြည့်၏၊ အမှိုက်လှည်း၏၊ ရဟန်းတို့ တံမြက်လှည်းပြီး စုပုံထားသော အမှိုက်တို့ကို စွန့်ပစ်၏၊ မသင့်မလျော်သော တွေ့မြင်သမျှ သိမ်းဆည်းသိုမှီး၏၊ ရဟန်းတို့သည် ရှင်ရာဟုလ၏ ပြုမူပုံတို့ကို မြတ်နိုးလှ၍ သူခပ်သော ရေကို သွန်ပစ်၏၊ သူ တံမြက်လှည်းထားသော နေရာတွင် အမှိုက်များ ဖြန့်ကျဲထား၏၊ မသင့်လျော်၍ သူသိမ်းဆည်းထားသည်တို့ကို ပြန်၍ထားပြီး သူ့ကို အပြစ်တင်ကြ၏–

"သာမဏေ ရာဟုလသည် လွန်စွာပျင်း၏၊ ရေ မခပ်, အမှိုက် မလှည်း, မသင့်လျော်သည်တို့ကို သိုမှီး သိမ်းဆည်းခြင်း မရှိ"

ရှင်ရာဟုလသည် ဘာမျှ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မရှိဘဲ အသစ်တဖန် ထပ်မံ၍ ဖြည့်၏၊ အမှိုက် လှည်း၏၊ သိုမှီး သိမ်းဆည်း၏၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်ရာဟုလ၏ဂုဏ်ကို ပြခြင်းငှာ မိဂဇာတ်ကို ဟောကြားတော်မူ၏၊ ထို့နောက် ရာဟုလ ရှင်သာမဏေကို ဆုံးမရန် အမ္ဗလဋ္ဌိယရာဟုလောဝါဒသုတ်ကို ဟောတော်မူ၏၊ ရယ်မြူးလို၍မျှလည်း မဟုတ်–မမှန်သောစကားကို မပြော–မဆိုရန် ဖြစ်၏။

ရှင်ရာဟုလသည် အသက် ၁၈–နှစ်သို့ ရောက်သောအခါ မြတ်စွာဘုရားနောက်မှ ဆွမ်းခံလိုက်ရင်း မြတ်စွာဘုရား၏လည်းကောင်း,

မိမိ၏လည်းကောင်း ရုပ်ရည်ရူပကာယနှင့် ပြည့်စုံခြင်းကို အိုးအိမ်နှင့် ပတ်သက်သော ဂေဟာသိတ အကြံအစည် ဝိတက်ဖြစ်၏၊ ထိုအကြံကို မြတ်စွာဘုရားသိ၍– "ယံကိဉ္စိ ရာဟုလရူပံ" အစရှိသောနည်းဖြင့် မဟာရာဟုလောဝါဒသုတ်ကို ဟော၏၊ ထို့နောက် သူ၏ဉာဏ် ရင့်ကျက်ခြင်းကို သိ၍ စူဠရာဟုလောဝါဒသုတ်ကို ဟော၏၊ ဒေသနာအဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အရိယာသာဝကတို့၏ အလယ်၌ ရှင်ရာဟုလကို 'သိက္ခာကာမ' အရာ၌ ဧတဒဂ်ထားတော်မူလေသည်။

ရှင်ရာဟုလသည် ရဟန္တာဖြစ်ပြီးနောက် ဤသို့လျှင် ဥဒါန်းဂါထာတို့ကို ရွတ်ဆိုလေ၏။

သတ္တဝါ အပေါင်းတို့သည် ကာမတို့၌ ကန်းကုန်၏၊ တဏှာကွန်ရက်ဖြင့် အဖုံးလွှမ်းခံရကုန်၏၊ တဏှာအမိုးဖြင့် မိုးထားခြင်း ခံရကုန်၏၊ မြုံး၌ ဖွဲ့အပ်သော ငါးကဲ့သို့ မာရ်၏အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရကုန်၏။

ငါသည်ကား ကာမအနှောင်အဖွဲ့ကို ပယ်ကာ ကိလေသာ မာရ်အနှောင်အဖွဲ့ကို အရဟတ္တမဂ် ဓားသန်လျက်ဖြင့် အကြွင်းမဲ့ဖြတ်ပြီးလျှင် အဝိဇ္ဇာမြစ်ရင်းနှင့်တကွ တဏှာကို ပယ်နုတ်လျက် ငြိမ်းအေးပြီးသူ ဖြစ်၏။

## ၂၁–ရဋ္ဌပါလ

"ဘိက္ခုတို့ သဒ္ဓါအားဖြင့် ရဟန်းပြုကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ရဋ္ဌပါလသည် အမြတ်ဆုံး ဖြစ်၏"

အခြားတစ်ပါးသော ရဟန်းတို့သည်လည်း သဒ္ဓါတရားဖြင့် ရဟန်းပြုကြ၏၊ သို့ရာတွင် သူတို့သည် အများအားဖြင့် လွယ်ကူစွာ ရဟန်းပြုနိုင်ကြ၏၊ ရှင်ရဋ္ဌပါလ ရဟန်းပြုရာမှာကား လွယ်ကူခြင်း မရှိချေ၊ ခက်ခဲစွာ အသက်နှင့်လဲပြီး ပြုရ၏၊ ထိုကြောင့် ယင်းဧတဒဂ် ရခြင်းဖြစ်၏။

ရှင်ရဋ္ဌပါလသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်ကစ၍ 'သဒ္ဓါပဗ္ဗဇိတ' ဧတဒဂ်ကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်

ထက်သို့ ရောက်သောအခါ ကုရုတိုင်း ထုလ္လကောဋ္ဌိက နိဂုံး၌ အမျိုးကောင်းသား ဖြစ်လာ၏၊ သူသည် တစ်နေ့တွင် မြတ်စွာဘုရား ဟောသောတရားကို နာပြီး တရားပွဲအပြီး၌ မြတ်စွာဘုရားထံ ချဉ်းကပ်လျှောက်ကြား၏-

"မြတ်စွာဘုရား... အရှင်ဘုရား၏ တရားစကားတို့သည် စင်စစ်နက်နဲသိမ်မွေ့ကုန်၏၊ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင် မြင့်မြတ်သော တရားတို့ကို လူ့ဘောင်၌ နေ၍ ကျင့်ရန် မလွယ်ကူပါ၊ ထို့ကြောင့် မြတ်စွာဘုရား ကျွန်ုပ်အား ရဟန်း ပြုပေးတော်မူပါ"

"ရဋ္ဌပါလ... သင့်ကို မိဘတို့က ရဟန်းပြုရန် ခွင့်ပြုပြီးပါပြီလား"

"မြတ်စွာဘုရား... မိဘတို့က ရဟန်းပြုရန် ခွင့်မပြုသေးပါ"

"ရဋ္ဌပါလ...ဗုဒ္ဓတို့သည် မိဘတို့ ခွင့်မပြုသော သူတစ်ပါးသားကို ရဟန်းပြု မပေးကြပါ"

"မြတ်စွာဘုရား... ကျွန်ုပ်သည် မိဘတို့ထံမှ ခွင့်တောင်းပါမည်"

ထိုနောက် ရဋ္ဌပါလသည် မိဘတို့ထံ ပြန်၍ခွင့်ပန်၏-

"အိုအမိ-အဖတို့ ကျွန်ုပ်သည် ရဟန်းပြုချင်ပါသည်၊ ထို့ကြောင့် ရဟန်းပြုခွင့် ပေးကြပါ"

"အို ရဋ္ဌပါလ သင်သည် ငါတို့၏ တစ်ဦးတည်းသော သားဖြစ်၏၊ ချစ်အပ်-နှစ်သက်အပ်သူ, ချမ်းသာစွာ မွေးမြူကြီးပွားလာသူ ဖြစ်၏၊ သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင်သေပါမှ ငါတို့သည် အလိုမရှိဘဲ ခွဲခွာရပေမည်၊ အသက်ရှင်သော သင့်ကိုကား ဘယ်သို့ ခွဲခွာနိုင်အံ့နည်း"

ရဋ္ဌပါလသည် နှစ်ကြိမ်, သုံးကြိမ်တိုင်အောင် ထပ်၍ခွင့်ပန်၏၊ သို့ရာတွင် ဘယ်နည်းနှင့်မျှ အခွင့်ရပုံ မပေါ်သဖြင့် အခင်းမရှိသောမြေကြီးပေါ် လှဲချလိုက်ပြီး ကြွေးကြော်၏-

"ဤနေရာ၌သာလျှင် ငါ၏ သေခြင်းသော်လည်းကောင်း, ရဟန်းအဖြစ်သော်လည်းကောင်း ဖြစ်လိမ့်မည်"

အစာအာဟာရ မစားမသောက်ဘဲ မြေကြီးပေါ်၌ ရဋ္ဌပါလ အိပ်နေသည်မှာ ၇–ရက်ရှိလေပြီ၊ မိဘတို့ကလည်း အခွင့်မပြုချေ၊ ထိုအခါ သူ၏ မိတ်ဆွေများလာပြီး ဖြားယောင်းကြ၏–

"အဆွေရဋ္ဌပါလ ထပါလော့၊ အစာအာဟာရ စားသောက်ပါလော့၊ ပျော်ပျော်ပါးပါး ကာမဂုဏ် ခံစားပြီး ကုသိုလ်ကောင်းမှုပြုနိုင်ပါသည်၊ သင်၏မိဘတို့အနေဖြင့်ကား ဘယ်နည်းနှင့်မျှ ရဟန်းပြုခွင့် ပေးကြမည် မဟုတ်ပါ"

မည်သို့ပင်ဆိုစေကာမူ ရဋ္ဌပါလသည် တစ်စုံတစ်ရာ ပြန်ကြား ပြောဆိုခြင်း မရှိချေ၊ ဆိတ်ဆိတ်နေ၏၊ ထိုအခါ သူ၏မိတ်ဆွေတို့သည် သူ၏ မိဘများထံ သွားပြီး အရေးဆိုကြပြန်၏–

"အကယ်၍ သင်တို့ ရဟန်းပြုခွင့် မပေးပါလျှင် ရဋ္ဌပါလသည် အမှန်ပင် သေသွားလိမ့်မည်၊ ရဟန်းပြုခွင့် ပေးပါလျှင် သင်တို့သားကို သင်တို့ မြင်လိုက မြင်ရပေဦးမည်၊ ရဟန်းဘဝ၌ မပျော်မွေ့လျှင်လည်း သင်တို့ထံ ပြန်လာလိမ့်မည်၊ ဤအတိုင်း ကြည့်နေပါလျှင် သူ မုချ အသေ ခံတော့မည်"

"သို့ဖြစ်ပါလျှင် အမောင်တို့ ရဋ္ဌပါလ ရဟန်းပြုရန် ငါတို့ ခွင့်ပြုကြပါ၏၊ သို့ရာတွင် ရဟန်းပြုပြီးနောက် မိဘတို့ကို အတွေ့ခံရပါမည်"

ရဋ္ဌပါလသည် ရဟန်းပြုခွင့်ရသောအခါ ၇–ရက်တိုင်မျှ အစားအသောက် မစားမသောက်ရသည်ကို အမှတ်မထားဘဲ ချက်ချင်းပင် မြတ်စွာဘုရားထံ သွားပြီး လျှောက်ကြား၏–

"မြတ်စွာဘုရား ကျွန်ုပ်ကို မိဘတို့က ရဟန်းပြုခွင့် ပေးကြပါပြီ၊ ကျွန်ုပ်ကို ရဟန်းပြုပေးတော်မူပါဘုရား"

မြတ်စွာဘုရားသည် ရဟန်းပြုပေး၏၊ ရဋ္ဌပါလ ရဟန်းပြု၍ မကြာမီ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ကြွလေရာ ရှင်ရဋ္ဌပါလလည်း

အတူတကွ လိုက်ပါလာသည်၊ သူသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တစ်ပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ဖြစ်၍နေသော် ရဟန်းပြုကြသော အမျိုးကောင်းသားတို့ လိုလားသည့် အတုမရှိသော အကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ် ချမ်းသာကိုရသဖြင့် ရဟန္တာဖြစ်သွား၏၊ ထို့နောက် ရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ကြား၏–

"မြတ်စွာဘုရား... အကယ်၍ မြတ်စွာဘုရား ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ်သည် မိဘတို့ကို အတွေ့ခံလိုပါသည်"

"ရဋ္ဌပါလ ယခုအခါ မိဘတို့ကို အတွေ့ခံရန် အချိန်ကို သင်သိ၏၊ မိဘတို့နှင့် တွေ့ဆုံရန်မှာ သင်၏ အလိုအတိုင်းပင်ဖြစ်၏"

မြတ်စွာဘုရားသည် ရှင်ရဋ္ဌပါလ၏ အခြေအနေကို ကောင်းစွာ သိသဖြင့် လွတ်လပ်စွာပင် ခွင့်လွှတ်လိုက်ခြင်းဖြစ်၏၊ သူသည် မြတ်စွာဘုရားထံမှ အခွင့်ရလျှင် သပိတ်သင်္ကန်းကို ယူဆောင်၍ မိဘရပ်ထံသို့ ရှေးရှုပြန်ခဲ့၏၊ ဆွမ်းခံချိန်တွင် အိမ်စဉ်အတိုင်း ဆွမ်းရပ်၏၊ သူ၏ မိဘအိမ်ရှေ့သို့ ရောက်သောအခါ အဖေက ဆဲဆို၏–

"ဦးပြည်း ရဟန်းယုတ်တို့သည် ငါ့သားကို သွေးဆောင်သွားကြ၏"

ကျွန်မတစ်ယောက်သည် မနေ့ညက ကျန်နေသည့် မုယောမုန့်အသိုးတို့ကို စွန့်ပစ်ရန် ထွက်လာ၍ ရှင်ရဋ္ဌပါလက ပြောပြ၏–

"အဘယ်နှမ ဤမုန့်တို့ကို စွန့်ပစ်မည် ဖြစ်ပါက ငါ၏ သပိတ်ထဲသို့ လောင်းပါလော့"

ကျွန်မသည် ရဟန်း၏ ပုံပန်းသဏ္ဌာန် ဟန်အမူအရာကို အကဲခတ်ကာ အိမ်သို့ အမြန်ပြန်ပြီး မိဘတို့အား အကြောင်းကြား၏–

"အရှင်တို့ မသိကြပါလော၊ အရှင်တို့၏သား ရဋ္ဌပါလရောက်နေပြီ"

"ဟယ်... ကျွန်မ ငါတို့သား ရဋ္ဌပါလ အဘယ်မှာနည်း"

ယခုပင် စွန့်ပစ်မည့် မုယောမုန့်အသိုးတို့ကို တောင်းခံသွားကြောင်း ပြောပြ၍ သူတို့သည် ရဟာန်း၏နောက်သို့ လိုက်ကြ၏၊ ရှင်ရဋ္ဌပါလသည် သင့်လျော်သောတစ်နေရာတွင် ထိုင်၍ မုန့်ဆွမ်းစားနေ၏၊ ထိုအခါ သူတို့က ပြောကြ၏ –

"ရဋ္ဌပါလ အဘယ်ကြောင့် မုန့်အသိုးတို့ကို စားနေဘိသနည်း၊ အိမ်တွင် ကောင်းမွန်သောအစာအာဟာရအများအပြားရှိပါသည်၊ အိမ်သို့ လိုက်ခဲ့ပါဘိ"

"ဒါယကာ ယနေ့ ငါ့အတွက် ဆွမ်းကိစ္စ ပြီးပါပြီ"

"သို့ဖြစ်ပါလျှင် နက်ဖြန်အတွက် ငါ၏ဆွမ်းကို လက်ခံပါလော့"

ရှင်ရဋ္ဌပါလသည်ဆိတ်ဆိတ်နေခြင်းဖြင့်လက်ခံလိုက်၏၊ နောက်တစ်နေ့ ဆွမ်းစားချိန်သို့ ရောက်သောအခါ ရှင်ရဋ္ဌပါလသည် သင်္ကန်းရုံ၍ သပိတ်ပိုက်ကာ မိဘအိမ်သို့ ကြွ၏၊ ထိုအခါ သူ၏အဖသည် ဖျာတို့ဖြင့် လွှမ်းဖုံးထားသော အပုံကြီးနှစ်ပုံကို ဖွင့်လှစ်ပြီး ပြောပြ၏ –

"ရဋ္ဌပါလ... ဤရွှေပုံ ငွေပုံတို့သည် သင်၏အမိဘက်မှ ပါလာသော မိန်းမသားဥစ္စာမျှတည်း၊ အဖဘက်မှ ပါလာသောဥစ္စာသည်ကား တခြား ရှိသေးသည်၊ အဘိုး အဘေးမှ ဆင်းသက်လာသော ဥစ္စာတို့လည်း တခြား ရှိပါသေးသည်၊ ရဋ္ဌပါလ ဤဥစ္စာတို့ကို ဘယ်သို့ ပြုမည်နည်း"

"ဒါယကာကြီး အကယ်၍ ငါ့စကားကို လိုက်နာပါမူ ဤဥစ္စာတို့အတွက် အခက်အခဲ ရှိမည်မဟုတ်ပါ"

"ရဋ္ဌပါလ ပြောပြပါလော၊ ဤဥစ္စာတို့အတွက် ငါ့မှာခက်နေ၏"

"ဒါယကာကြီး ဤအတွက် မခက်အောင် ဤသို့ပြုပါ၊ ဤဥစ္စာတို့ကို လှည်းများဖြင့် တင်ဆောင်ပြီး ဂင်္ဂါမြစ်ကမ်းသို့ သွားပါလေ၊ ရောက်လျှင် အလုံးစုံအကုန် မြစ်ထဲ စွန့်ပစ်လိုက်ပါဘိ၊ ထိုသို့ပြုပါလျှင် သင့်အား ပူဆွေးမှု၊ ငိုကြွေးမှု ဆင်းရဲပင်ပန်းမှုတို့ ဖြစ်တော့မည် မဟုတ်ပါ"

ထိုအခါ ရှင်ရဋ္ဌပါလ၏ မယားဟောင်းများသည် တောက်ပသော အဆင်းတန်ဆာတို့ကို ဆင်ယင်လျက် အခန်းတွင်းမှ ထွက်လာပြီး သူ၏ခြေကို ဖက်ကြကာ ငိုကြွေး တောင်းပန်ကြ၏–

"အရှင့်သား အရှင်သည် နတ်ဒေဝီတို့ကို လိုလားတောင့်တလျက် မြတ်သောအကျင့်ကို ကျင့်ဘိ၏၊ ထိုနတ်ဒေဝီတို့ကား ဘယ်သို့သဘော ရှိပါကုန်သနည်း"

"အဘယ် နှမတို့ ငါသည် နတ်ဒေဝီတို့ကို ရလို၍ မြတ်သော အကျင့်ကို ကျင့်သည် မဟုတ်ပါ"

သူတို့သည် ရှင်ရဋ္ဌပါလ ဆက်လက်ပြီး ရှင်းပြမည်ကို လက်မခံနိုင်ကြချေ၊ အဘယ်နှမဟု ခေါ်သဖြင့် "အရှင်သည် ငါတို့အပေါ် မယားစိတ် မရှိတော့ပြီ" ဟု ကောင်းစွာသိကြ၍ မိန်းမောသွားကုန်၏၊ ထို့နောက် သူသည် အဖအား ပြောပြ၏–

"ဒါယကာ ဆွမ်းလှူမည်ဖြစ်ပါက လှူပါလော့၊ သင်သည် ငါ့အား မညှဉ်းဆဲပါလင့်"

ရှင်ရဋ္ဌပါလသည် ဆွမ်းစားပြီးသောအခါ "သားမုဆိုးသည် ပိုက်ကို ထောင်ထား၏၊ သားကောင်သည် ပိုက်ကို မထိပါးစေဘဲ အစာကို စားလျက် သားမုဆိုး မြည်တမ်းနေစဉ် ဖဲသွားလေ၏" ဟု ဆိုကာ နေ့သန့်စင်ရန်အတွက် မိဂစီရဉယျာဉ်သို့ ကြွသွား၏၊ ထိုအခါ ကောရဗျမင်းသည် ဥယျာဉ်လှည့်လည်ခိုက်နှင့်ကြုံ၍ အရှင့်ထံ ချဉ်းကပ်ဝတ်ပြု၏–

"ရှင်ရဋ္ဌပါလ သင်သည် ဤ ဆင်ကုန်းနှီးပေါ်မှာ ထိုင်ပါလော့"

"မဟာရာဇ ငါသည် မိမိနေရာ၌ ထိုင်နေပါသည်"

"ရှင်ရဋ္ဌပါလ အိုသောသူ, နာသောသူ, စည်းစိမ် ဥစ္စာပျက်စီးသူ, ဆွေမျိုး ပျက်စီးသူတို့သာ ရဟန်းပြုကြ၏၊ သင်၌ ထိုပျက်စီးခြင်း လေးမျိုးတို့ မရှိကုန်၊ သင်သည် အဘယ်အကျိုးကို သိမြင်၍ ရဟန်းပြုဘိသနည်း"

"မဟာရာဇ 'အိုခြင်း–သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် အမြဲ မတည်၊ လူအပေါင်းသည် ခိုကိုးရာ မရှိ၊ အားထားရာ မရှိ၊ ကိုယ်ပိုင် ဥစ္စာမရှိ၊ အလုံးစုံသော ဥစ္စာကိုစွန့်လွှတ်၍ သွားရ၏၊ လူအပေါင်းသည် အလိုမပြည့်၊ ယုတ်လျော့လျက်သာ ရှိ၏၊ ရောင့်ရဲမှု မရှိသော တဏှာ၏ကျေးကျွန်တည်း' ဟု မြတ်စွာဘုရား ဟောကြားသောတရားကို နာကြားရန် ငါသည် ရဟန်းပြုခြင်း ဖြစ်ပါသည်"

ကောရဗျမင်းကြီး၏ တောင်းပန်ချက်အရ ရှင်ရဋ္ဌပါလသည် အောက်ပါ တရားစကားတို့ကို ဆက်လက်ဟောကြားလေသည်–

မဟာရာဇ လောက၌ ဥစ္စာရှိသူတို့ကို ငါမြင်ရသည်မှာ သူတို့သည် မောဟဖက်၍ ရပြီး ဥစ္စာကို မစွန့်ရက်ကြ၊ လောဘတက်၍ သိမ်းဆည်းမှုသာ ပြုကြ၏၊ ကာမဂုဏ်တို့ကို တိုး၍တိုး၍သာ တောင့်တကုန်၏။

မင်းသည်လည်း ရန်သူအပေါင်းကို ဖိနှိပ်၍ သမုဒ္ဒရာ အဆုံးရှိသော မြေအပြင်ကို အောင်နိုင်အုပ်စိုးရသူဖြစ်လျက် ရောင့်ရဲခြင်း မရှိချေ၊ သမုဒ္ဒရာ၏ ဟိုဘက်ကိုပါ လိုလား တောင့်တ၏။

မင်းသည်လည်းကောင်း, အခြားသူများသည်လည်းကောင်း တပ်မက်မှုဖြင့်သာ သေခြင်းသို့ ရောက်ကုန်၏၊ အလိုဆန္ဒပြည့်သည်မရှိ၊ ယုတ်လျော့ကုန်လျက်သာ ကိုယ်ခန္ဓာကို စွန့်ကြရ၏၊ လောက၌ ကာမဂုဏ်တို့ဖြင့် ရောင့်ရဲမှု မရှိသည်သာတည်း။

သေသူကို ရည်ညွှန်း၍ ဆွေမျိုးတို့သည် ဆံပင်တို့ကို ဖြန့်ကြဲလျက် ငိုကြွေး မြည်တမ်းကြ၏၊ ထို့နောက် အဝတ် ရစ်ပတ်ထားသော သူသေကို အိမ်မှ ထုတ်ဆောင်ပြီးလျှင် ထင်းပုံသို့ ယူဆောင်ကာ မီးတိုက်ကြ၏။

သေသူသည် စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ခဲ့၍ အဝတ်တစ်ထည်ဖြင့်သာ မီးတိုက်ခံရ၏၊ တံကျင်တို့ဖြင့် ထိုးဆွခြင်း ခံရ၏၊ ဆွေမျိုး မိတ်ဆွေတို့သည် သေသူ၏အားထားမှီခိုရာတို့ မဖြစ်ကြကုန်။

အမွေခံတို့သည် သေသူ၏ ဥစ္စာတို့ကို ဆောင်ကုန်၏၊ သေသော

သတ္တဝါကား ကံအားလျော်စွာ လားရ၏၊ သားသမီးဖြစ်စေ, လင်–မယား ဖြစ်စေ, တိုင်းနိုင်ငံဖြစ်စေ မည်သည့်အရာမျှ သေသူ့နောက်သို့ အစဉ် မလိုက်ကြကုန်။

အသက်ရှည်မှုကို ဉစ္စာပေး၍ မရနိုင်၊ စည်းစိမ် ပေးသဖြင့်လည်း အိုခြင်းကို မဖယ်ရှားနိုင်၊ ဤအသက်ကား အမြဲ မရှိ၊ ဖောက်ပြန်သော သဘောရှိ၏ဟု ပညာရှိတို့ ဆိုကြ၏။

ချမ်းသာသူတို့သည်လည်းကောင်း, ဆင်းရဲသူတို့သည်လည်းကောင်း သေခြင်းအတွေ့ကို တွေ့ကြရ၏၊ ထို့အတူ သူမိုက်နှင့် ပညာရှိတို့လည်း တွေ့ကြရ၏၊ သို့ရာတွင် သူမိုက်ကား တုန်လှုပ် ချောက်ချားကာ သေရာ ညောင်စောင်း၌ အိပ်ရ၏၊ ပညာရှိကား တုန်လှုပ်ခြင်း မရှိချေ။

ထို့ကြောင့် ပညာသည်သာ ဉစ္စာထက် မြတ်၏၊ ပညာဖြင့် ကိစ္စအားလုံး ပြီးဆုံးရာ အရဟတ္တဖိုလ်ကို ရနိုင်၏၊ သူမိုက်တို့သည် ကိစ္စမပြီးသောကြောင့်သာလျှင် ဘဝကြီးငယ်တို့၌ မကောင်းမှုတို့ကို ပြုမိကုန်၏။

ဘဝအဆက်ဆက် ကျင်လည်၍ အမိဝမ်းတိုက်သို့လည်းကောင်း, တမလွန်လောကသို့လည်းကောင်း ကပ်ရောက်ရ၏၊ ပညာမရှိသူ၏စကားကို ပညာမဲ့သူတို့ အလွန်ယုံကြည်၍ အမိဝမ်းတိုက်၊ သို့မဟုတ် တမလွန်လောကသို့ ကပ်ရောက်ရ၏။

စည်းရိုး ခြံစပ်အဝ၌ ခိုးတတ်သောသူယုတ်မာကို မိမိယုတ်မာမှုကညှဉ်းဆဲသကဲ့သို့ ထိုအတူ တမလွန်လောက၌ အကုသိုလ်ရှိသည့် သတ္တဝါအပေါင်းကို မိမိ အမှုကပင် ညှဉ်းဆဲ၏။

မဟာရာဇ… ကာမဂုဏ် ငါးပါးတို့သည် ဆန်းကြယ်ကုန်၏၊ သာယာဖွယ်ကဲ့သို့ ဖြစ်ကုန်၏၊ မွေ့လျော်ဖွယ်ကဲ့သို့ ဖြစ်ကုန်၏၊ အထူးထူးသောအားဖြင့် စိတ်ကို မွှေနှောက်တတ်ကုန်၏၊ ထိုကာမဂုဏ်တို့၌ အပြစ်ကို မြင်သောကြောင့် ငါ ရဟန်းပြု၏။

မဟာရာဇ... ကြီးကြီး-ငယ်ငယ် သစ်သီးတို့ ကြွေကျကုန်သကဲ့သို့ ကြီးကြီး-ငယ်ငယ် လူတို့ သေကြ၏၊ ထို့ကြောင့် မချွတ်မယွင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ရဟန်းအဖြစ်သည်သာ မြတ်၏။

ထို့နောက် ရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြန်ကြွသွား၏၊ နောင်အခါ မြတ်စွာဘုရားသည် အရိယာသာဝကတို့၏အလယ်၌ ရှင်ရဋ္ဌပါလအား "သဒ္ဓါပဗ္ဗဇိတ" အရာ၌ ဧတဒဂ် ပေးတော်မူလေသည်။

## ၂၂-ကုဏ္ဍဓာန

"ဘိက္ခုတို့ စာရေးတံမဲကို ပထမ ယူတတ်ကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် ကုဏ္ဍဓာနသည် အမြတ်ဆုံး ဖြစ်၏"

ရှင်ကုဏ္ဍဓာနသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ စာရေးတံမဲ ပထမ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ရောက်သောအခါ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ အမည်မှာ ဓာန ဖြစ်၏၊ အရွယ်သို့ရောက်သောအခါ ဝေဒ သုံးပုံ သင်ကြား တတ်မြောက်၏၊ ထို့နောက် မြတ်စွာဘုရား၏ တရားကို နာကြားရ၍ ရဟန်း ပြုခြင်းဖြစ်၏၊ သူ၏အမည်ရင်းမှာ "ဓာန" ဖြစ်၏၊ သို့ရာတွင် ထိုအမည်၏ ရှေ့တွင် ကုဏ္ဍဟု ထည့်သွင်း ခေါ်ဆိုကြခြင်းကား ဤသို့တည်း။

ရှင်ဓာနသည် ရဟန်းပြုပြီး များမကြာမီ သူ၏နောက်သို့ လှပ တင့်တယ် ပျိုရွယ်သော မိန်းမတစ်ယောက် အမြဲလိုက်နေ၏၊ သူ့နေရာ ဌာနသို့ တစ်စုံတစ်ယောက်လာလျှင် ထိုမိန်းမသည် ပုန်းကွယ်၍ ထွက်သွား၏၊ တစ်နေရာသို့ သွားလျှင်လည်း နောက်ကလိုက်၏၊ ဆွမ်းခံသွားရာမှပင် နောက်ကလိုက်သဖြင့် ဆွမ်းလောင်းသူတို့က "ဤကား အရှင်ဘုရား အတွက်, ဤကား အရှင်၏အဖော်မအတွက်" ဟု ပြောင်လှောင်ပြောဆိုကာ ဆွမ်းလောင်းကြ၏၊ ထိုကြောင့် သာမဏေနှင့် ရဟန်းငယ်တို့က သူ့ကို

ကုဏ္ဍာဟု ခေါ်ကြ၏၊ ကုဏ္ဍာ၏အမိပွာယ်မှာ ကြူးသူဖြစ်၏၊ အစားအစာနှင့် ပတ်သက်လျှင် အစားကြူးသူ၊ သေအရက်နှင့် ပတ်သက်လျှင်လည်း သေကြူးသူ၊ လောင်းကစားနှင့် ပတ်သက်လျှင်လည်း ကစားကြူးသူ စသည်ဖြစ်၏၊ သူ့ကို ကုဏ္ဍာဓာနဟု ခေါ်ဆိုကြခြင်းမှာ မိန်းမကြူး၍ ဖြစ်၏၊ မိမိမိန်းမကြူးသည် မဟုတ်ပါဘဲလျက် ကုဏ္ဍာဟု ခေါ်ကြသဖြင့် တစ်ခါတွင် ဒေါသဖြစ်ကာ "ငါ ကုဏ္ဍာ မဟုတ်၊ သင်တို့သာ ကုဏ္ဍာ၊ သင်တို့၏ ဥပဇ္ဈာယ်ဆရာသာ ကုဏ္ဍာ" ဟု ပြော၏၊ ထိုအခါ မြတ်စွာဘုရားက သူ့ကိုခေါ်၍ဆုံးမ၏–

"ရဟန်း သင်သည် ဒေါသ မဖြစ်လင့်၊ သင်သည် ရှေးဘဝက ရဟန်းတစ်ပါးကို သူတစ်ပါး အထင်မှားအောင် မိန်းမယောင်ဆောင်ကာ နှောင့်ပြောင်ခဲ့ဖူးသည်၊ သို့ကြောင့် ထိုအကုသိုလ်ကံသည် သင်၏နောက်က အရိပ်ပမာ အစဉ် လိုက်နေခြင်းဖြစ်သည်၊ ယခုတစ်ဖန် ယုတ်မာသော အကုသိုလ်ကံကို အဘယ်ကြောင့် ပြုပြန်သနည်း၊ ဘယ်သူ့ကိုမျှ ကြမ်းကြုတ်သော စကားမဆိုလင့်၊ သင်ဆိုလျှင် တစ်ဖန် သူက တုံ့ပြန်၍ဆိုရာ၏၊ စင်စစ် ချုပ်ချယ်သော စကားမည်သည် ပင်ပန်းဆင်းရဲ၏၊ သင့် အပေါ် ဒဏ်ပြန်မှုတို့ ရောက်လာပေကုန်ရာ၏၊ အနားကို ဖြတ်ထားသော ကြေးနန်းခွက်ခွင်းသည် အသံမထွက်သကဲ့သို့ အသံ တိတ်ဆိတ်သည်ဖြစ်၍ မိမိကိုယ်ကိုနေရန် အကယ်၍ စွမ်းနိုင်လျှင် သင်သည် နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏၊ သင့်အား ချုပ်ချယ်ခြင်းသည် မရှိတော့ချေ"

ကောသလမင်းကြီးသည် ထိုအရှင်နှင့် အဆင်းလှသော မိန်းမ၏ သတင်းကို ကြားရ၍ အထောက်တော်တို့ဖြင့် သေချာစွာ ထောက်လှမ်းစေခဲ့၏၊ တကယ့် မိန်းမအစစ်မဟုတ်ကြောင်း ကောင်းစွာ သိသောအခါ ဝန်ချတောင်းပန်၏–

"အရှင်မြတ်... အရှင့်အား ဤအကုသိုလ်ကံကြောင့် ဆွမ်းကွမ်း ပင်ပန်းဆင်းရဲမည် ထင်ပါသည်၊ ယနေ့မှစ၍ အရပ်တစ်ပါးသို့ ဆွမ်းခံ

မသွားပါလင့်၊ ကျွန်ုပ်ထံမှာ ပစ္စည်းလေးပါး ခံယူပါလော့"

ထိုအခါ ရှင်ကုဏ္ဍဓာနသည် သဟာယ မျှတ၍ စိတ်တည်ငြိမ်၏၊ သို့ဖြင့် ဝိပဿနာတရား ပွားများရာ ရဟန္တာ ဖြစ်သွား၏၊ ထိုအခါမှစ၍ ထိုမိန်းမသည် ကွယ်ပျောက်သွားသောဟူ၏။

မဟာသုဘဒ္ဒါသည် ဥဂ္ဂမြို့တွင် မိစ္ဆာဒိဋ္ဌိအမျိုး၌ နေရ၏၊ တစ်နေ့တွင် သူသည် ဥပုသ်ဆောက်တည်ပြီး မြတ်လေးပန်းတို့ကို ကောင်းကင်သို့ မြှောက်ကာ သစ္စာဓိဋ္ဌာန်ပြု၏–

"ဤပန်းတို့သည် အခြားတစ်ပါး၌ မတည်မူ၍ မြတ်စွာဘုရားအထက်၌ မျက်နှာကျက်သဖွယ် တည်ပါစေသတည်း၊ မြတ်စွာဘုရားသည် ဤအမှတ်သညာဖြင့် နက်ဖြန် ရဟန်းငါးရာနှင့်အတူတကွ ကြွလာပြီး ငါ၏ဆွမ်းကို ခံယူခြင်းဖြင့် ငါ့ကို သနားစောင့်ရှောက် ချီးမြှောက်တော်မူပါစေသတည်း"

နောက်တစ်နေ့တွင် မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား မိန့်ကြား၏–

"ငါ့ရှင်တို့ ယနေ့ မြတ်စွာဘုရား ရပ်ဝေးသို့ ဆွမ်းခံကြွမည်ဖြစ်ပါသည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ နောက်သို့ ဆွမ်းခံလိုက်ရန် စာရေးတံမဲကို အရိယာ သာဝကတို့သာ ယူကြပါကုန်"

ထိုအခါ ရှင်ကုဏ္ဍဓာနသည် "ငါ့ရှင်အာနန္ဒ စာရေးတံမဲယူခဲ့လော့" ဟု လက်ဆန့်ကာ ရှေးဦးစွာ တောင်းဆို၏၊ ရှင်အာနန္ဒာသည် ကုဏ္ဍဓာနက စာရေးတံမဲကို ရှေးဦးစွာ တောင်းခံနေကြောင်း မြတ်စွာဘုရားအား လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက ဆုံးဖြတ်၏–

"အာနန္ဒ ဆောင်စေသူအား ပေးပါလော့"

မြတ်စွာဘုရား အမိန့်အတိုင်း ရှင်အာနန္ဒာသည် စာရေးတံမဲတို့ကို ဝေရန် ဆောင်ယူခဲ့၏၊ ထိုအခါ ရှင်ကုဏ္ဍဓာနသည် ကောင်းကင်သို့တက်ကာ ဤသို့ဆို၏–

"ငါ့ရှင် အာနန္ဒ ဆောင်ခဲ့လော့၊ ဘုရားရှင်သည် ငါ့ကို သိမြင်၏၊ ငါကဲ့သို့သောသူ ပထမ စာရေးတံမဲ ယူသည်ကို မြတ်စွာဘုရား မတားမြစ်ပါ"

ရှင်ကုဏ္ဍဓာန ရဟန္တာဖြစ်ကြောင်းမှာ ထင်ရှားနေသဖြင့် အာနန္ဒလည်း သူ့အား ရှေးဦးစွာပင် စာရေးတံမဲ ပေးလိုက်၏၊ ထိုအရှင်သည် စူဠသုဘဒ္ဒါပင့်ဖိတ်၍ သာကေတမြို့သို့ မြတ်စွာဘုရားကြွရာ၌၎င်း, သုနာ ပရန္တတိုင်းသို့ ကြွရာ၌လည်း၎င်း၊ ထို့အတူပင် ရဟန္တာ ငါးရာတို့အနက် ရှေးဦးစွာ စာရေးတံမဲကို တောင်းယူခဲ့လေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့အား ပထမစာရေးတံ ခံယူသော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ် ပေးခြင်းဖြစ်၏။

## ၂၃–ဝင်္ဂီသ

"ဘိက္ခုတို့ ဆန်းကြယ်သောဉာဏ် ပဋိဘာန်ရှိကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ဝင်္ဂီသသည် အမြတ်ဆုံးဖြစ်၏"

ရှင်ဝင်္ဂီသသည် မြတ်စွာဘုရားထံသို့ သွားတိုင်း မြတ်စွာဘုရားအား မြင်ရာအရပ်မှစ၍ လ, နေ, ကောင်းကင်, သမုဒ္ဒရာ, ဆင်, ခြင်္သေ့ စသည်တို့နှင့် နှိုင်းယှဉ်၍ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ဖွဲ့ဆိုလေ့ရှိ၏၊ ထို့ကြောင့် သူ့အား ဤဧတဒဂ်ဘွဲ့ကို ပေးခြင်းဖြစ်၏။

သူသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်မှစ၍ ဤဧတဒဂ်ဘွဲ့ရပါရန် ဆုတောင်းခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုး၌ဖြစ်၍ ဝင်္ဂီသဟု အမည်တွင်၏၊ ဝေဒသုံးပုံကို အာဂုံဆောင်၍ ဆဝသီသမန္တန်ကို တတ်ကျွမ်း၏၊ သူသည် ဆဝသီသမန္တန်ဖြင့် လူ၏ဦးခေါင်းရိုးကို လက်သည်းဖြင့် ခေါက်၍ "ဤသူသည် ငရဲ၌ဖြစ်၏၊ ဤသူသည် လူ့ပြည်၌ဖြစ်၏၊ ဤသူသည် နတ်ပြည်၌ဖြစ်၏" စသည် ဟောပြောနိုင်၏၊ ထို့ကြောင့် လူတို့သည် သူ့ကို လောက

တွင် အမြတ်ဆုံးအဖြစ်ဖြင့် မြှောက်စား ပူဇော်ကြ၏။

ရဟန်း ဂေါတမ လွန်စွာ ပညာကြီး၏ဟူသော သတင်းစကားကို မကြာခဏ ကြားရ၍ ဝင်္ဂီသသည် မြတ်စွာဘုရားနှင့် တွေ့ဆုံရန် ဇေတဝန်ကျောင်းသို့ ရောက်လာ၏၊ မြတ်စွာဘုရားလည်း သူ၏ ကျော်စောထင်ရှားသော သတင်းစကားကို ကြားသိထား၏၊ ထို့ကြောင့် သူ၏လွတ်မြောက်ရေးအတွက် စတင်နှုတ်ဆက်၏–

"ဝင်္ဂီသ သင်သည် တစ်စုံတစ်ရာ အတတ်ပညာ တတ်ပါသလော"

"ရဟန်း ဂေါတမ ငါသည် ဆဝသီသမန္တန်ကို တတ်ပါသည်"

"ထိုမန္တန်ဖြင့် ဘယ်အရာကို သိနိုင်ပါသနည်း"

"သေသူတို့၏ ဦးခေါင်းရိုးကို ခေါက်ကာမျှဖြင့် ထိုသူ အဘယ်ဘုံဘဝသို့ ရောက်နေကြောင်း ကောင်းစွာ သိနိုင်ပါသည်"

ထိုအခါ မြတ်စွာဘုရားသည် ငရဲရောက်သူ, လူ့ဘဝရောက်သူ, နတ်ပြည်ရောက်သူ, တိရစ္ဆာန်ဖြစ်သူတို့၏ ဦးခေါင်းတို့ကို ပြ၏၊ ဝင်္ဂီသသည် လက်ဖြင့် ခေါက်ရုံဖြင့် မှန်စွာ ဖြေဆိုနိုင်၏၊ တဖန် မြတ်စွာဘုရားသည် သူ့အား ရဟန္တာ၏ ဦးခေါင်းရိုးကို ပြ၏၊ ထိုအခါ မဖြေဆိုနိုင်၍ ချွေးကျကာ ကြံမှိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားက မေး၏–

"ဝင်္ဂီသ သင် ပင်ပန်းသလော"

"အရှင်ဂေါတမ ပင်ပန်းလှပါသည်၊ ဤသတ္တဝါ၏ဖြစ်ရာ ဘုံဘဝကို ပြောမပြနိုင်ပါ"

"ဝင်္ဂီသ ငါသည် ဤအကြောင်းကိုလည်း သိ၏၊ ဤထက် လွန်မြတ်သော အကြောင်းကိုလည်း သိ၏၊ အလုံးစုံသော အခြင်းအရာအားဖြင့် သတ္တဝါတို့၏ စုတိ–ပဋိသန္ဓေနှင့် ကပ်ငြိမှုမရှိသော ပဋိပတ်အကျင့်ဖြင့်

ကောင်းစွာ ရောက်ပြီးသော သစ္စာလေးပါးကို သိသည့်ပုဂ္ဂိုလ်အား မကောင်းမှုကို အပပြုပြီးသူဟု ငါဆို၏၊ ရဟန္တာ ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်, ဂန္ဓဗ္ဗနှင့် လူတို့ မသိကြကုန်၊ အာသဝေါ ကုန်ပြီးသော, ကိလေသာမရှိသော ပုဂ္ဂိုလ်ကို မကောင်းမှု အပပြုပြီးသူဟု ငါဆို၏"

"အရှင် ဂေါတမ ဝိဇ္ဇာဖြင့် ဝိဇ္ဇာကို ပေးသူအား မဆုတ်ယုတ်ပါ၊ ကျွန်ုပ်သည် မိမိ သိသော ဆဝသီသမန္တန်ကို အရှင့်အား ပေးပါမည်၊ အရှင့်၏မန္တန်ကို ကျွန်ုပ်အား ပေးပါလော့"

"ဝါသေဋ္ဌ ဗုဒ္ဓတို့သည် မန္တန်လဲလှယ်မှု မပြုကြပါ၊ ငါတို့နှင့် အသွင်တူသူကို သင်ကြားပေးပါသည်"

"အရှင်ဂေါတမ အရှင်တို့၏ ထုံးတမ်းစဉ်လာအတိုင်း လိုက်နာပါမည်၊ မန္တန်ကိုသာ သင်ကြားပေးပါလော့"

မြတ်စွာဘုရားသည် ဝါသေဋ္ဌအား ရဟန်းပြုပေးပြီးလျှင် ဤသို့ မိန့်ကြားတော်မူ၏ –

"ဝါသေဋ္ဌ သင်တို့၏ အဖိုးတန်မန္တန်ကို သင်ကြားသူသည် ရှေးဦးစွာ ပရိဝါသ်နေရသည် မဟုတ်လော၊ ထို့အတူ ငါတို့၏မန္တန်ကို သင်ကြားသူလည်း ရှေးဦးစွာ ပရိဝါသ် နေရမည်"

"အရှင်ဂေါတမ ကျွန်ုပ် ပရိဝါသ် နေပါမည်"

ထိုအခါ မြတ်စွာဘုရားသည် သူ့အား လူ၏ ဆံပင်, အမွေး, ခြေသည်း–လက်သည်း, သွား, အရေ, အသား–အစရှိသော ၃၂–ပါးသော ကောဋ္ဌာသ အစိတ်အပိုင်းတို့ကို သင်ကြားပေး၏၊ သင်ကြားနေစဉ်ပင် မိန်းမတို့ကို မြင်၍ တပ်မက်ခြင်းရာဂသည် သူ၏စိတ်ကို ဖျက်ဆီး၏၊ ထိုအခါ ဝါသေဋ္ဌသည် သူ၏အဖြစ်ကို သူကိုယ်တိုင် ဆန်းစစ် ဝေဖန်၏ –

ငါ့အား သာသနာ၌ မမွေ့လျော်ခြင်းသည် ဖြစ်၏၊ တပ်မက်ခြင်း ရာဂသည် ငါ၏စိတ်ကို ဖျက်ဆီးနေ၏၊ ငါ့အား အရမတော်, ကောင်းစွာ ရခြင်းသည် မဖြစ်၊ ငါ့အား ရဟန်းအဖြစ်ကို မကောင်းသဖြင့် ရ၏၊ ကောင်း

စွာရခြင်း မဖြစ်ပါတကား။

ဤရာဂ ဖြစ်ပေါ်လာရာ၌ ငါ့အား မမွေ့လျော်ခြင်းကို ပယ်ဖျောက်၍ မွေ့လျော်ခြင်း ဖြစ်စေနိုင်သူကို ဘယ်မှာ ရပါမည်နည်း၊ ငါကိုယ်တိုင်ပင် မမွေ့လျော်ခြင်းကို ပယ်ဖျောက်၍ မွေ့လျော်ခြင်းကို ဖြစ်စေနိုင်မှ ကောင်းပေစွ။

ရဟန်းဖြစ်၍ ငြိမ်သက်နေသော ငါ့ကို ကာမဝိတက်တို့သည် ပြေးဝင်လာကုန်၏၊ ဤခက်ထန် ကြမ်းကြုတ်မှုတို့သည် မည်းနက်သော မာရ်မင်း၏ အသင်းအပင်းမှ ပြေးဝင်လာကုန်၏။

သင်ပြီးသော လေးအတတ်ရှိကုန်သော, ခိုင်ခန့်သောလေးကို စွဲကိုင်ကုန်သော လေးသမားကြီး ဖြစ်ကုန်သော, မပြေးတတ်ကုန်သော, ထင်ရှားကုန်သော–တစ်ထောင်မျှသော မင်းသားတို့သည် ထက်ဝန်းကျင်မှ ဝိုင်းအုံကြရာ၏။

ဤလေးသည်တော် တစ်ထောင်ထက် အလွန် ရှုပါရုံစသော မြားငါးစင်းတို့ကို တစ်ပြိုင်နက် ပစ်လွှတ်ခြင်းငှာ စွမ်းနိုင်ကုန်သော မိန်းမတို့သည် အကယ်၍ ဤသို့လာကုန်သော်လည်း မိမိတရား၌ တည်နေသော ငါ့ကို တုန်လှုပ်ရန် စွမ်းနိုင်မည် မဟုတ်။

မှန်ပါသည်၊ ငါသည် နိဗ္ဗာန်ရကြောင်း ဝိပဿနာကို နေမင်း၏ အဆွေဖြစ်သော မြတ်စွာဘုရားထံမှ ယင်းသို့ ကြားနာရဖူး၏၊ ထိုနိဗ္ဗာန်ရကြောင်းဖြစ်သော ဝိပဿနာ၌ ငါ့စိတ် မွေ့လျော်ခြင်း ရှိ၏။

ဟယ် ကိလေသာယုတ် ဤသို့နေသော ငါ့ကို အကယ်၍ ကပ်လာလျှင် ဟယ် သေစေတတ်သော ကိလေသာယုတ် ငါ သွားရာလမ်းကို မမြင်ရသော အခြင်းအရာကို ငါပြုမည်။

အခါတစ်ပါး ရှင်အာနန္ဒသည် ရှင်ဝင်္ဂီသအား နောက်လိုက်ရဟန်းပြု၍ နန်းတွင်းသို့ ဆွမ်းခံဝင်၏၊ ရှင်ဝင်္ဂီသသည် နန်းတွင်းသူတို့ကို စိတ်ဖောက်ပြန်သဖြင့် ရှင်အာနန္ဒထံ အကူအညီတောင်းခံရ၏–

"အရှင် အာနန္ဒ ကျွန်ုပ်အား ရာဂမီး လောင်နေပါသည်၊ ကျွန်ုပ်၏ စိတ်သည် ထက်ဝန်းကျင်မှ လောင်မြိုက်နေပါ၏၊ တောင်းပန်ပါ၏၊ ကျွန်ုပ်အား သနားသဖြင့် ရာဂငြိမ်းကြောင်း တရားဟောကြားပါ"

"ငါ့ရှင် ဝင်္ဂီသ အမှတ်သညာ ဖောက်ပြန်ခြင်းကြောင့် သင်၏ စိတ်သည် ထက်ဝန်းကျင်မှ လောင်မြိုက်ခြင်း ခံရ၏၊ ထို့ကြောင့် တင့်တယ်၏ဟူ၍ ရာဂနှင့်စပ်သော အမှတ်နိမိတ်ကို ဖယ်ခွာပါလော့၊ သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခအားဖြင့် ရှုလော့၊ အတ္တအားဖြင့် မရှုလင့်၊ ပြင်းစွာ တပ်မက်မှုရာဂကို ငြိမ်းစေလော့၊ အဖန်တလဲလဲ မလောင်မြိုက်စေလင့်၊ မတင့်တယ်သောအားဖြင့် စိတ်ကိုပွားလော့၊ တစ်ခုတည်းသော အာရုံရှိသော တည်ကြည်မှု သမာဓိကို ပွားစေလော့၊ ကိုယ်အစုဌ်ဖြစ်သော သတိကို ဖြစ်စေလော့၊ ရာဂ၌ ငြီးငွေ့မှုများသူဖြစ်ပါလော့၊ နိမိတ်ကင်းသောအားဖြင့် ဝိပဿနာကိုလည်း ပွားများပါ၊ ကိန်းအောင်းနေသော မာနကို ပယ်စွန့်လော့၊ ထောင်လွှားမှု မာနကို ပယ်စွန့်ခြင်းကြောင့် ရာဂစသည်မှ ငြိမ်းသည်ဖြစ်၍ လှည့်လည်ရလိမ့်မည်"

ထို့နောက် ရှင်ဝင်္ဂီသသည် ဤသို့လျှင် မိမိကိုယ်ကို မိမိ ဝေဖန်သုံးသပ်နိုင်ခဲ့၏–

ဂေါတမအနွယ်ဖြစ်သော ဟယ် ဝင်္ဂီသ မာနကို ပယ်လော့၊ မာန၏ သွားရာ လမ်းခရီးကိုလည်း အကြွင်းမရှိ ပယ်ဘိလော့၊ မာနသွားရာလမ်းခရီး၌ တွေဝေ၍ ရှည်လျားစွာ ကာလပတ်လုံး နလုံး မသာမယာ ဖြစ်ခဲ့ရ၏။

ကျေးဇူးကို ချေဖျက်ကုန်သော သတ္တဝါတို့သည် မာန နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ငရဲသို့ လားရကုန်၏၊ သူတို့သည် မာန နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ငရဲသို့ လားရကုန်၏၊ သူတို့သည် မာန နှိပ်စက်၍ ရှည်မြင့်စွာသော ကာလပတ်လုံး စိုးရိမ်ရကုန်၏။

မဂ်ဖြင့် ကိလေသာကို အောင်မြင်ပြီးသော ကောင်းစွာကျင့်သော

ရဟန်းသည် တစ်ရံတစ်ဆစ်မျှ မစိုးရိမ်ရ၊ ကျော်စောခြင်း, ချမ်းသာခြင်းကို ခံစားရ၏၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ထိုပုဂ္ဂိုလ်ကို တရားရှိသူဟု ဆိုအပ်သည်။

ထို့ကြောင့် ဤသာသနာ၌ ဒေါသတည်းဟူသော ပြောင့်တံသင်းကင်းသော, ဝီရိယနှင့် ပြည့်စုံသော, စင်ကြယ်သောသူသည် အပိတ်အပင် နီဝရဏတို့ကိုပယ်၍, မာနကိုလည်း အကြွင်းမဲ့ပယ်၍ ငြိမ်းပြီးဖြစ်သောကြောင့် အသိဉာဏ် မဂ်ဝိဇ္ဇာဖြင့် ကိလေသာတို့၏ အဆုံးကို ပြု၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ရဟန်းတို့အား စကားအရာ အင်္ဂါလေးတန်နှင့် ပတ်သက်၍ ဟောကြားတော်မူ၏–

"ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် ကောင်းစွာဆိုအပ်သော စကား, တရားနှင့် ညီသောစကား, ချစ်ဖွယ်သောစကားနှင့် မှန်ကန်သော စကားတို့ကိုသာ ဆိုရာ၏"

ထိုအခါ ရှင်ဝင်္ဂီသသည် နေရာမှထ၍ မြတ်စွာဘုရားအား လက်အုပ်ချီကာ ဤသို့လျှောက်ကြား၏–

မိမိကိုယ်ကိုလည်း မပူပန်, သူတစ်ပါးကိုလည်း မညှဉ်းဆဲသော စကားကိုသာ စင်စစ် အရိယာတို့ ဆိုရာ၏၊ ထိုစကားသည်သာ ကောင်းစွာ ဆိုအပ်သော စကားမည်၏။

ချစ်ခင်ဖွယ်သော စကားကိုသာလျှင် ဆိုရာ၏၊ နှစ်လိုဖွယ်သော စကားကိုသာ ဆိုရာ၏၊ သူတစ်ပါးတို့အား ဆိုသည်ရှိသော် မနှစ်သက်ဖွယ်ယုတ်မာသော စကားတို့ကို မဆိုမူ၍ ချစ်ဖွယ်သော စကားကိုသာ ဆိုရာ၏။

မှန်သော စကားတို့သည် စင်စစ် အမြိုက်သုဓာနှင့် တူကုန်၏၊ ဤမှန်သောစကားကို ပြောခြင်းသဘောသည် ရှေးရိုးစဉ်လာ ဖြစ်၏၊ မှန်သောစကား၌လည်းကောင်း, အကျိုး၌လည်းကောင်း, အကြောင်း၌လည်းကောင်း တည်ကုန်၏ဟု သူတော်ကောင်းတို့ ဆိုကုန်၏။

မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်ရန်, ဆင်းရဲ၏ အဆုံးကို

ပြုရန် ဘေးမရှိသော စကားကို ဆို၏၊ စင်စစ် ထိုစကားသည်သာ စကား တကာတို့ထက် မြတ်၏။

ရှင်ဝင်္ဂီသသည် ဤသို့လျှင်သံဃာတို့၏အလယ်၌လည်းကောင်း၊ မိမိတစ်ဦးတည်း မြတ်စွာဘုရားနှင့် တွေ့ဆုံရာ၌လည်းကောင်း သက်ဆိုင်ရာ အချက်အလက်ကို ရုတ်တရက် ဖွဲ့ဆိုလေ့ရှိသည့်ပြင် အခြား အရိယာ သာဝက အရှင်တို့၏ဂုဏ်အထူးတို့ကိုလည်း သီကျူးတတ်၏၊ ထို့ကြောင့် မြတ်စွာ ဘုရားသည် သူ့အား 'ပဋိဘာနဝန္တ' အရာ၌ ဧတဒဂ် ပေးတော်မူခြင်း ဖြစ်၏။

## ၂၄-ဥပသေန ဝင်္ဂန္တ ပုတ္တ

"ဘိက္ခုတို့ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ဝင်္ဂန္တ ပုဏ္ဏား၏သား ဥပသေနသည် အမြတ်ဆုံးဖြစ်၏"

ရှင်ဥပသေနသည် မိမိလည်း ကြည်ညိုဖွယ် ဆောင်၏၊ ထက် ဝန်းကျင် မိမိ ပရိသတ်ကိုလည်း ကြည်ညိုဖွယ် ဆောင်စေနိုင်၏၊ ထို့ကြောင့် ဤဧတဒဂ်ကို ရခြင်းဖြစ်၏။

သူသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်ကစ၍ ဤဧတဒဂ် ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်ရောက်သောအခါ နာလက ပုဏ္ဏားရွာ သာရိပုဏ္ဏေးမ၏ ဝမ်း၌ ဖြစ်၏၊ ဥပသေန အမည်ရှိ၏၊ သူ၏အစ်ကိုသည် အမိ သာရီ၏သားဟူသော သာရိပုတ္တအမည်ဖြင့် ထင်ရှား၍ သူ့ကိုကား အဖဝင်္ဂန္တ၏သားဟူသော ဝင်္ဂန္တပုတ္တဟု ခေါ်ကြ၏။

ဥပသေနသည် အရွယ်သို့ရောက်သောအခါ ရဟန်းပြု၍- "အရိယာတို့၏ဝမ်းကို ဖြည့်အံ့" ဟူသော ရည်ရွယ်ချက်ဖြင့် အမျိုးကောင်းသား တစ်ယောက်ကို ရဟန်းပြုပေး၏၊ သူသည် မိမိအလုပ်ကို မြတ်စွာဘုရား နှစ်သိမ့်လိမ့်မည်အထင်နှင့် တပည့်ကိုခေါ်၍ မြတ်စွာဘုရားထံ သွား၏၊ ထိုအခါ မြတ်စွာဘုရား မေးတော်မူ၏-

"ဥပသေန သင် ဘယ်နှဝါ ရပြီလဲ"

"မြတ်စွာဘုရား ကျွန်ုပ် နဝါ ရပါပြီဘုရား"

"သင်၏တပည့် ဘယ်နဝါ ရပြီလဲ"

"တစ်ဝါ ရပါပြီ မြတ်စွာဘုရား"

"အချည်းနှီးဖြစ်သော ယောကျာ်း၊ သင်သည် အလွန် လျင်မြန်စွာ ပစ္စည်းဥစ္စာ ရရန်အတွက် လှည့်လည်ဘိ၏"

ထိုအခါ ရှင်ဥပသေနသည် မိမိရည်ရွယ်ချက်နှင့် မြတ်စွာဘုရား၏ အလိုဆန္ဒ မညီမှုကြောင်းကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားရ၍ အထိတ် တလန့်ဖြစ်သွားပြီး မိမိအမှားကို ပြင်ရန် ဆုံးဖြတ်လိုက်၏–

"မြတ်စွာဘုရား၏ လပြည့်ဝန်းသဖွယ် အသရေရှိသော ခံတွင်း ဖြင့် ငါ့အား ကောင်းချီးပေးစေရမည်"

သူသည် ထိုနေ့ကပင် စတင်ပြီး ဝိပဿနာ အလုပ်ကို ကြိုးစား အားထုတ်ရန် တောကျောင်းသို့ ရွှေ့ပြောင်းသွား၏၊ နေ့စဉ် ဆွမ်းခံ၏၊ ပံသကူ သင်္ကန်းကို ဆောင်၏၊ မိမိထံ ရှင်ရဟန်း ပြုသူတို့အားလည်း မိမိ ကဲ့သို့ ကျင့်ကြံအားထုတ်ပါမည်ဟု ဝန်ခံမှသာ ရှင်ရဟန်းပြုပေး၏၊ သို့ဖြင့် သူ၏ ပရိသတ်မှာ သူကဲ့သို့ပင် ကြည်ညိုစဖွယ် တင့်တယ်လျက် ဤသို့ ဥဒါန်းကျူးရင့်၏–

ရဟန်းသည် လူတို့မှ ကင်းဆိတ်၍ ကြွေးကြော်သံ မရှိသော ခြင်္သေ့ ကျားသစ်စသော သားရဲတို့ မှီဝဲရာ တောကျောင်း၌ တစ်ယောက် တည်း ကိန်းအောင်း မှီဝဲရာ၏။

ရဟန်းသည် စိတ်ကို နှိမ့်ချ၍ စက္ကူစသော တံခါးတို့ကို လုံခြုံ စေလျက် ကောင်းစွာ စောင့်ရှောက်ကာ အစဉ်အတိုင်း တစ်အိမ်မှ တစ်အိမ်သို့ ဆွမ်းခံရာ၏၊ ကြမ်းတမ်းသော ဆွမ်းဖြင့်လည်း ရောင့်ရဲ နှစ်သက်ရာ၏။

ရဟန်းသည် ရသော ပစ္စည်းမှတစ်ပါး အခြားတစ်ပါး ချိုချဉ် စသော အရသာကိုလည်းကောင်း, များစွာကိုလည်းကောင်း မတောင့်တရာ၊ အရသာတို့၌ တပ်မက်မောသော ရဟန်း၏စိတ်သည် သမာဓိစျာန်၌ မမွေ့

လျော်နိုင်။

ရဟန်းသည် အလိုနည်းသည် ဖြစ်၍လည်းကောင်း, ရောင့်ရဲသည် ဖြစ်၍လည်းကောင်း, ဆိတ်ငြိမ်ရာ အရပ်၌လည်းကောင်း နေရာ၏၊ အိမ်ရာထောင်သော လူတို့နှင့်လည်းကောင်း, အိမ်ရာမထောင်သော ရဟန်းတို့နှင့်လည်းကောင်း မရောနှောဘဲ နေရာ၏။

ရဟန်းသည် ပညာတတ်သော်လည်း ပညာမဲ့ကဲ့သို့ လည်းကောင်း, သူအ မဟုတ်သော်လည်း သူအ ကဲ့သို့လည်းကောင်း မိမိကိုယ်ကို ပြုရာ၏၊ အမြဲမပြတ် အားထုတ်ခြင်းနှင့် ပြည့်စုံသူ, အခါခပ်သိမ်းဘာဝနာ၌ အမြဲယှဉ်သူ ဖြစ်ရာ၏၊ ဆင်းရဲ၏အဆုံး နိဗ္ဗာန်သို့ မရောက်သေးသမျှ ဝီရိယကို မစွန့်လွှတ်ရာ။

သို့ဖြင့် ရှင်ဥပသေနသည် ဆယ်ဝါရသောအခါ သူ၏ထံတွင် ရဟန်းသံဃာ ငါးရာမျှ ခြံရံလျက်ရှိရာ၏၊ တစ်နေ့တွင် သူသည် ပရိသတ် ငါးရာမျှနှင့် အတူတကွ မြတ်စွာဘုရား သီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ သွား၏၊ ထိုအခါ မြတ်စွာဘုရားသည် သူနှင့်တကွ သူ၏ပရိသတ်ကို အလွန်အားရနှစ်သက်စွာ ကြည့်တော်မူလျက် မေးတော်မူ၏–

"ဥပသေန သင်၏ပရိသတ်သည် ကြည်ညိုဖွယ် ရှိပေစွ၊ ဥပသေန သင်သည် ဤပရိသတ်ကို ဘယ်ကဲ့သို့ ဆုံးမသွန်သင်သနည်း"

"မြတ်စွာဘုရား ကျွန်ုပ်ထံ ရှင်ရဟန်းအဖြစ် တောင်းဆိုပါက 'ငါ့ရှင် ငါသည် တောကျောင်း၌ နေ၏၊ ဆွမ်းခံစား၏၊ ပံ့သကူ ဆောင်၏၊ အကယ်၍ သင်လည်း ငါကဲ့သို့ နေနိုင်ပါမူ ရှင်ရဟန်း ပြုပေးမည်' ဟု ဆိုပါသည်၊ မြတ်စွာဘုရား ကျွန်ုပ်သည် ဤသို့လျှင် ပရိသတ်ကို ဆုံးမပါသည်"

"ဥပသေန ကောင်းပေစွ၊ ဥပသေန ကောင်းပေစွ၊ သင်သည် ပရိသတ်ကို ကောင်းစွာသာလျှင် ဆုံးမပေ၏၊ ဥပသေန သင်သည် သာဝတ္ထိမြို့နေ ရဟန်းသံဃာတို့၏ ကတိကဝတ်ကို သိပါ၏လော"

"မြတ်စွာဘုရား ထိုဝတ်ကို ကျွန်ုပ်တို့ မသိကြပါ"

"ဥပသေန သာဝတ္ထိမြို့နေ ရဟန်းသံဃာတို့သည်– 'ငါ့ရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေရန် အလိုရှိတော်မူပါသည်၊ ဆွမ်းပို့သော ရဟန်းမှတစ်ပါး မည်သူမျှ မြတ်စွာဘုရားထံ မချဉ်းကပ်ရ၊ အကယ်၍ ရဟန်းသည် ချဉ်းကပ်ပါက ပါစိတ်အာပတ်ကို ဒေသနာကြားရမည်' ဟု ကတိကဝတ် ပြုထားကြ၏"

"မြတ်စွာဘုရား သာဝတ္ထိမြို့နေ ရဟန်းသံဃာတို့သည် မိမိတို့ ပြုသော ကတိကဝတ်ဖြင့် ထင်ရှားကြပါလိမ့်မည်၊ ကျွန်ုပ်တို့ကား မြတ်စွာဘုရား ပညတ်ခြင်း မရှိသောအရာကို ပညတ်ခြင်း မပြုကြပါ၊ ပညတ်ပြီးသည်များကိုမူ မချိုးဖျက်ကြပါ၊ ပညတ်တော်မူတိုင်းသော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြပါသည်"

"ဥပသေန ကောင်းပေစွ၊ ဥပသေန ကောင်းပေစွ၊ တထာဂတ ပညတ်ခြင်း မပြုသေးသော အရာကို ပညတ်ခြင်း မပြုအပ်၊ ပညတ်တိုင်းသော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရမည်၊ ဥပသေန တောကျောင်းနေ ရဟန်း, အမြဲဆွမ်းခံသော ရဟန်း, ပံ့သကူဆောင် ရဟန်းတို့သည် အလိုရှိတိုင်း ငါ့ကိုတွေ့ရန် ချဉ်းကပ်ကြပါစေ"

ထိုသတင်းကို ကြားရသောအခါ အခြားသောရဟန်းတို့သည်လည်း မြတ်စွာဘုရားထံ အလိုရှိတိုင်း ချဉ်းကပ်စေနိုင်ရန်အတွက် တောကျောင်း၌ နေကြ၏၊ အမြဲ ဆွမ်းခံကြ၏၊ ပံ့သကူဆောင်ကြ၏၊ မြတ်စွာဘုရားသည် ထို့ကြောင့် နောင်အခါ အရိယာ သာဝကတို့၏ အလယ်၌ ရှင်ဥပသေနကို သမန္တပါသာဒိက ဧတဒဂ် ပေးတော်မူလေသည်။

## ၂၅–မလ္လ ပုတ္တ ဒဗ္ဗ

"ဘိက္ခုတို့ ကျောင်း, အိပ်ရာ, နေရာ ခင်းကျင်း စီမံတတ်ကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် မလ္လမင်း၏သား ဒဗ္ဗသည် အမြတ်ဆုံး ဖြစ်၏"

ရှင်ဒဗ္ဗသည် ကျောင်းတိုက်ကြီး ၁၈–တိုက်ကို နေ့စဉ် ဝတ်မပျက် သုတ်သင် ခင်းကျင်း စီမံ၏၊ ထိုတွင် တံခါး မဖွင့်ရသေးသော ကျောင်း, တံမြက် မလှည်းရသေးသောနေရာ, မသုတ်သင်ရသေးသော ညောင်စောင်း အင်ပျဉ်, ရေ မဖြည့်ရသေးသောအိုးဟူ၍ မရှိချေ။

သူသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်မှစ၍ ထိုဆုကို တောင်း ဆိုလာခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ အနု ပိယမြို့ မလ္လမင်းမျိုး၌ ဖြစ်၏၊ သူ့ကို ဖွားမြင်မည့်ဆဲဆဲ၌ အမိသေဆုံး၍ မီး သင်္ဂြိုဟ်၏၊ အမိ၏ဝမ်းကို မီးလောင်သောအခါတွင်မှ သားငယ်သည် ဝမ်းမှ သမန်းမြက်ချုံပေါ်သို့ ကျလာ၏၊ ထို့ကြောင့် သူ့ကို ဒဗ္ဗဟု ခေါ်ကြခြင်းဖြစ်၏။

ဒဗ္ဗသတို့သား ၇–နှစ်သားအရွယ်တွင် မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်း ခြံရံလျက် မလ္လတိုင်း အနုပိယမြို့သို့ ဒေသစာရီ ကြွချီလာ၏၊ ထိုအခါ ဒဗ္ဗသည် ဘုရားသခင်ကို တွေ့မြင်ရလျှင် သဒ္ဓါ ကြည်ညိုသဖြင့် အုပ်ထိန်းသူ အဘွားထံ၌ ခွင့်ပန်ပြီး ရှင်သာမဏေ ပြု၏၊ သူ၏ကံကြမ္မာ ပါရမီအားလျော်စွာ ရှင်ပြုရန် ဆံချပြီးသည်နှင့်တစ်ပြိုင်နက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွား၏။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်သို့ကြွ၍ ဝါဆိုရန် နီးလတ် သော် 'ဤသာမဏေသည် အသက်အရွယ် ငယ်သော်လည်း ကြီးသော အရာ၌ ထိုက်တန်၏' ဟု အကြံဖြစ်ကာ ရဟန်းပြုပေးတော်မူ၏၊ ရှင်ဒဗ္ဗ သည် ရဟန်းကိစ္စ ပြုဖွယ် မရှိသဖြင့် မြတ်စွာဘုရားထံ ရှိခိုးတောင်းပန်၏–

"မြတ်စွာဘုရား ကျွန်ုပ်အား သနားတော်မူသဖြင့် ရဟန်းသံဃာ တို့၏ ကျောင်း၊ အိပ်ရာ၊ နေရာ သုတ်သင် ခင်းကျင်း သိုမှီး သိမ်းဆည်းသည့် တာဝန် ပေးတော်မူပါဘုရား"

မြတ်စွာဘုရားလည်း သူ၏နောင်ရေးကို မြော်တွေးပြီးလျှင် ကောင်းချီးပေးကာ အခွင့်ပေးလိုက်၏၊ ထိုအခါ ရှင်ဒဗ္ဗသည် ကျောင်း၊ အိပ်ရာ နေရာတို့ကို ကောင်းစွာ ရှင်းလင်း သုတ်သင်ပြီး ရဟန်းသံဃာတို့ကို စနစ်

တကျ နေရာချထား၏၊ သုတ္တန်ဆောင် ရဟန်းတို့ အချင်းချင်း အညီအညွတ် သုတ္တန် ရွတ်ဆိုနိုင်ကြစေရန်, ဝိနည်းဆောင် ရဟန်းတို့ အချင်းချင်း ဝိနည်း ညှိနှိုင်းကြစေရန်, ဓမ္မကထိက ရဟန်းတို့ အချင်းချင်း ဓမ္မတရားဆွေးနွေး နိုင်ကြစေရန်, ဈာန်ဝင်စားလေ့ရှိသော ရဟန်းတို့ အချင်းချင်း အနှောင့် အယှက် ကင်းစေရန် တပေါင်းတည်း အိပ်ရာနေရာ ခင်းပေး၏၊ မင်ဖိုလ်နှင့် ဗီလာဖြစ်သောစကားကို ပြောဆိုတတ်သည့် ရဟန်းတို့ကိုလည်း ဤ မွေ့ လျော်မှုဖြင့် နေကြစေရန် အတူတကွ အိပ်ရာ နေရာပေး၏။

အချိန်မတော် အခါမှ ရောက်လာသော ဧည့်သည် အာဂန္တုရဟန်း တို့အားလည်း ရှင်ဒဗ္ဗသည် တေဇောကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကို ဝင်စား၍ ထိုအလင်းရောင်ဖြင့် အိပ်ရာနေရာ ခင်းကျင်း ပြင်ဆင်ပေး၏၊ အချို့သော ရဟန်းသံဃာတို့သည် သူ၏တန်ခိုးတော်ဇော် အာနုဘော်ကို ကြည့်လိုသဖြင့် "ငါ့ရှင် ဒဗ္ဗ ငါတို့အား ဂိဇ္ဈကုဋ်တောင်၌ အိပ်ရာ နေရာ ခင်းပေးပါ" ဟု ဆိုကြ၏၊ အချို့ကလည်း "ငါ့ရှင် ဒဗ္ဗ ငါတို့အား စောရ ပပါတ ချောက်၌ နေရာခင်းပေးပါ" ဟု ဆိုကြ၏၊ အချို့ကလည်း "ငါ့ရှင် ဒဗ္ဗ ငါတို့အား ဣသိဂိလိတောင်ကာလဂူ၌ နေရာခင်းပေးပါ" ဟု ဆိုကြ၏။

ရှင်ဒဗ္ဗသည် ရဟန်းတို့ အလိုရှိသည့်အတိုင်း စိတ်တိုင်းကျ ဖြစ်စေ ရန် သုတ်သင် ရှင်းလင်း ခင်းကျင်း ပြင်ဆင်ပေး၏၊ နောင်အခါ မြတ်စွာ ဘုရားသည် ဤသို့လျှင် ရဟန်းသံဃာတို့၏ စိတ်တိုင်းကျဖြစ်စေရန် ကျောင်း၊ အိပ်ရာ၊ နေရာ ခင်းကျင်းပေးမှုနှင့် ပတ်သက်၍ ရှင်ဒဗ္ဗအား အရိယာ သာဝကတို့အလယ်၌ တေဒဂ်ပေးခြင်း ဖြစ်လေသည်။

## ၂၆–ပိလိန္ဒဝစ္ဆ

"ဘိက္ခုတို့ နတ်တို့ ချစ်မြတ်နိုးကုန်သော ငါ၏ သာဝကဘိက္ခု တို့တွင် ပိလိန္ဒဝစ္ဆသည် အမြတ်ဆုံး ဖြစ်၏"

ရှင်ပိလိန္ဒဝစ္ဆသည် ဘုရားမပွင့်သော တစ်ကမ္ဘာတွင် စကြာမင်း ဖြစ်၍ လူတို့အား ငါးပါးသီလ၌ တည်စေ၍ နတ်ပြည်သို့ ရောက်စေခဲ့၏၊ များသောအားဖြင့် ကာမာဝစရနတ်ပြည်သို့ ရောက်သော နတ်တို့သည် သူ၏ သြဝါဒကြောင့် ဖြစ်ကုန်၏၊ နတ်တို့သည် မိမိတို့ ရရှိသော စည်းစိမ်ကို ဆင်ခြင်သော် အရှင်ကို အမှီပြု၍ ရခဲ့ကြောင်း ကောင်းစွာသိမြင်ကြ၏၊ ထို့ကြောင့် သူတို့သည် အရှင်ကို ချစ်မြတ်နိုးကြ၏။

သူသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ ဤဆုကို တောင်းဆိုလာခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သော အခါ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုး၌ဖြစ်၍ ပိလိန္ဒဝစ္ဆဟု အမည်တွင်၏၊ သူသည် အရွယ်သို့ ရောက်သောအခါ မြတ်စွာဘုရား၏ တရားကို နာကြား ရန် ရဟန်းပြုပြီး ဝိပဿနာတရား ပွားများအားထုတ်နေ၏။

ရှင်ပိလိန္ဒဝစ္ဆသည် ရှင်လူရဟန်းတို့နှင့် ဆက်ဆန်ပြောဆိုရာတွင်– "သူယုတ် လာလော့၊ သူယုတ် သွားလော့၊ သူယုတ်ယူခဲ့လော့၊ သူယုတ် ဆောင်သွားလော့" အစရှိသည်ဖြင့် သူယုတ်ဟူသော ဝေါဟာရဖြင့် ခေါ်ဝေါ် လေ့ရှိ၏၊ ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက် ကြားကြ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား သူ၏အကြောင်း ကို ဖြေရှင်းပေးတော်မူ၏–

"ရဟန်းတို့ အရိယာတို့မည်သည် ကြမ်းကြုတ်သော ဖရုသဝါစာ ကို မဆိုကြချေ၊ သင်တို့သည် ပိလိန္ဒဝစ္ဆကို မကဲ့ရဲ့ကြလင့်၊ သူသည် ဒေါသ စိတ်ဖြင့် သူယုတ်ဟု ခေါ်ဆိုခြင်း မဟုတ်ချေ၊ ရဟန်းတို့ သူသည် ဘဝငါးရာ ပတ်လုံး သူယုတ်ဟု ခေါ်လေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့၏၊ ရှည်ကြာသော ကာလပတ်လုံး သူယုတ်ဟူသော ဝေါဟာရဖြင့် လေ့ကျက်ခြင်းအစွမ်းဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်၏၊ အရိယာတို့၏ အခေါ်အဝေါ် အပြောအဆိုသည် ကြမ်း တမ်းသော်လည်း စေတနာမပါသောကြောင့် စင်ကြယ်သည်၊ အနည်းငယ် မျှသော အပြစ်ကိုမျှ မရအပ်"

တစ်နေ့သ၌ ရှင်ပိလိန္ဒဝစ္ဆသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်သော် လှည်းမောင်းလာသူ တစ်ဦးကို တွေ့၍– "ဟယ်သူယုတ် သင်၏လှည်းပေါ်က ခြင်းတို့တွင် ဘယ်အရာဝတ္ထုတို့ပါနည်း" ဟု မေး၏၊ ထိုအခါ လှည်းသမားသည် သူ့ကို သူယုတ်ဟု ခေါ်ရမည်လောဟု အမျက်ထွက်ကာ– "ကြွက်ချေးတွေ"– ဟု ဖြေဆိုလိုက်၏။

"ဟယ် သူယုတ် သင်ဆိုသည့်အတိုင်း ဖြစ်လိမ့်မည်" –ဟု အရှင်ကဆို၍ သွား၏၊ အတန်ကြာသော် လှည်းသမားသည် သူ၏ခြင်းတို့ကို ပြန်၍ ကြည့်၏၊ ပိတ်ချင်းတို့မှာ အလုံးစုံ ကြွက်ချေးတို့ဖြစ်ကုန်၍ အကြီးအကျယ် စိတ်ပျက်နေ၏၊ ထို့နောက် လူတစ်ယောက်၏ အကြံပေးချက်အရ ခြင်းတစ်လုံးကို ထမ်းကာ အရှင်၏နောက်သို့ လိုက်သွား၏၊ အပန်းတကြီး လိုက်လာသောသူကို အရှင်က ဆီး၍မေး၏–

"ဟယ် သူယုတ် သင်၏ခြင်းထဲတွင် ဘယ် အရာဝတ္ထုတို့နည်း"

"အရှင်မြတ်ဘုရား ကျွန်ုပ်၏ ခြင်းတို့တွင် ပိတ်ချင်းသီးများ ဖြစ်ပါကုန်သည် ဘုရား"

"ဟယ် သူယုတ် ပိတ်ချင်းသီးဖြစ်လျှင် ပိတ်ချင်းသီးတို့ပင် ဖြစ်လိမ့်မည်"

ထိုအခါ ကြွက်ချေးတို့သည် ပိတ်ချင်းသီးများ ပြန်၍ ဖြစ်ကုန်၏၊ သူရသော ဇာတဂ်မှာ နတ်တို့ ချစ်မြတ်နိုးသော 'ဒေဝါနံပိယမနာပ' ဖြစ်၏။ သို့ရာတွင် အဋ္ဌကထာ, ဋီကာဆရာတို့သည် သူ၏ နှုတ်ကြမ်းခြင်းကိုသာ ရှေ့တန်းတင်၍ ဖွင့်ဆို၏၊ အကြောင်းအရာတို့နှင့် ဇာတဂ်မှာ ဆန့်ကျင်ဘက်ဖြစ်နေ၏၊ သို့ရာတွင် ဤအကြောင်းအရာတို့ဖြင့် ရဟန္တာတို့ စရိုက်ဝါသနာအလျောက် ကြမ်းတမ်းသောစကား ပြောဆိုသော်လည်း စေတနာ မပါကြောင်း သိရ၏၊ ကိုယ်တိုင်မှု အပြစ်ဒေါသမဖြစ်သော်လည်း မခံနိုင်၍ ပြန်လှန်ချေပသူတို့အား အပြစ်ဒဏ်ခံရသည်လည်း ထင်ရှား၏။

## ၂၇–ဗာဟိယ ဒါရုစိယ

"ဘိက္ခုတို့ မင်္ဂဖိုလ် အသိဉာဏ်ကို လျင်မြန်စွာရကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ဗာဟိယတိုင်းသား ဒါရုစိယသည် အမြတ်ဆုံးဖြစ်၏"

ရှင်ဗာဟိယ ဒါရုစိယသည် ပဒုမုတ္တရဘုရားသခင်လက်ထက်က စ၍ ထိုဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ဗာဟိယတိုင်း၌ ဖြစ်၍ အရွယ်သို့ ရောက်သောအခါ အိုးအိမ်တည်ထောင်ကာ နေ၏၊ တစ်ရံသောအခါ ကုန်သွယ်ရန် သင်္ဘောဖြင့် သမုဒ္ဒရာခရီးသို့ သွား၏၊ လမ်းတွင် သင်္ဘောပျက်လေရာ သစ်သားပိုင်း တစ်ခုကို အမှီပြု၍ သုပ္ပာရက အမည်ရှိသော သင်္ဘောဆိပ်သို့ ရောက်သွား၏၊ ထိုတွင် သူသည် အဝတ်မဝတ်သော အစေလကတက္ကတွန်းတို့ကဲ့သို့ ပျဉ်ချပ်တို့ကို စပ်၍ ဝတ်ကာ ဆွမ်းခံ၏၊ လူတို့သည် သူ့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် ရိုသေစွာ လုပ်ကျွေးကြ၏၊ သို့ဖြင့် ကာလအတန်ကြာသော် သူက စဉ်းစား၏–

'လောကတွင် ရဟန္တာဟူ၍ ရှိ၏၊ ထိုရဟန္တာတို့တွင် ငါသည် တစ်ပါး အပါအဝင် ဖြစ်၏'

ထိုအခါ အနာဂါမ်ဖြစ်သော ဗြဟ္မာကြီးတစ်ဦးသည် သူ၏စိတ် အကြံကို သိ၍ သူ့ထံ ချဉ်းကပ်ပြီး သတိပေး၏–

"ဗာဟိယ သင်သည် ရဟန္တာ မဟုတ်၊ အရဟတ္တမဂ်သို့လည်း သင်မရောက်၊ ရဟန္တာဖြစ်ကြောင်း အရဟတ္တမဂ်သို့ရောက်ကြောင်း အကျင့် လည်း သင့်မှာ မရှိ၊ ယခု ဘုရားပွင့်နေပြီ၊ သာဝတ္ထိပြည်တွင် သီတင်းသုံး လျက် ဓမ္မတရား ဟောကြားနေ၏၊ သင်သွား၍ ဖူးတွေ့ပါလေ"

ထိုအခါ ဗာဟိယသည် အထိတ်တလန့် ဖြစ်သွားပြီး ထွက်မြောက် ရာကို ရှာတော့အံ့ဟု ယူဇနာ ၁၂၀–ရှိသော ခရီးကို လမ်းတွင် တစ်ညသာ အိပ်ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ အရောက်သွား၏၊ ကျောင်းပြင် ၌ ရဟန်းတော်အချို့ စင်္ကြံသွားနေသည်ကို တွေ့ရ၍ မေးလျှောက်၏–

"အရှင်တို့ ယခုအခါ မြတ်စွာဘုရား ဘယ်မှာ သီတင်းသုံးပါသလဲ၊ ကျွန်ုပ် မြတ်စွာဘုရားကို ဖူးတွေ့လိုပါသည်"

"ယခုအခါ မြတ်စွာဘုရားသခင် မြို့တွင်းမှာ ဆွမ်းခံဝင်နေပါသည်"- ဟု ရဟန်းတို့က ပြော၏၊ ထိုအခါ ဗာဟိယသည် ချက်ချင်းပင် မြတ်စွာဘုရားနောက်သို့ လိုက်၏၊ နေမင်းအသွင် မြို့တွင်း၌ ဆွမ်းခံဝင်နေသော မြတ်စွာဘုရားကို တွေ့မြင်လေလျှင် ခြေကိုကိုင်ကာ တောင်းပန်၏ -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ကျွန်ုပ်အား တရားဟောပါ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ကျွန်ုပ်အား တရားဟောပါ၊ ကျွန်ုပ်သည် မြတ်စွာဘုရား၏တရားကို နာရပါလျှင် ရှည်ကြာသော နေ့ညဥ့်တို့ပတ်လုံး စီးပွားချမ်းသာ ဖြစ်ပါလိမ့်မည်"

"ဗာဟိယ အခါမဟုတ်သေး၊ ယခုအခါ မြို့တွင်းမှာ ဆွမ်းခံဝင်နေသည်"

"ဘုန်းကြီးသော မြတ်စွာဘုရား မြတ်စွာဘုရား၏လည်းကောင်း၊ ကျွန်ုပ်၏လည်းကောင်း အသက်အန္တရာယ်ကို မသိနိုင်ပါ၊ ကျွန်ုပ်အား တရားဟောပါ၊ ကျွန်ုပ်သည် မြတ်စွာဘုရား၏ တရားကို နာရပါလျှင် စီးပွားချမ်းသာ ဖြစ်ပါလိမ့်မည်"

ဒုတိယအကြိမ် တောင်းပန်သောအခါ၌လည်း မြတ်စွာဘုရား ငြင်းပယ်ပြန်၍ တတိယအကြိမ် ထပ်မံ တောင်းပန်ပြန်၏၊ ထိုအခါ မြတ်စွာဘုရားသည် တရားသက်ဝင် ဆင်ခြင်နိုင်သော သူ့အဖြစ်ကို သိ၍ ဤသို့ နည်းပေး၏ -

"သို့ဖြစ်လျှင် ဗာဟိယ သင် ဤသို့ ကျင့်၊ မြင်ရာ၌ မြင်ကာမျှ ဖြစ်မည်၊ ကြားရာ၌ ကြားကာမျှ ဖြစ်မည်၊ တွေ့ရာ၌ တွေ့ကာမျှ ဖြစ်မည်၊ သိရာ၌ သိကာမျှ ဖြစ်မည်ဟု ကျင့်ပါဘိ၊ ဗာဟိယ သင် ဤသို့ကျင့်လျှင် ရာဂ စသည်နှင့်တကွ ဖြစ်တော့မည် မဟုတ်၊ ဗာဟိယ ထိုအခါ သင်သည် ရူပါရုံ စသည်တို့၌ နှစ်သက်တော့မည် မဟုတ်, ပြစ်မှားတော့မည် မဟုတ်,

တွေဝေတော့မည် မဟုတ်, ဗာဟိယ ထိုအခါ သင်သည် ဤမျက်မှောက် ဘဝလည်း ဖြစ်တော့မည် မဟုတ်၊ တမလွန်ဘဝလည်း ဖြစ်တော့မည် မဟုတ်၊ ဘဝနှစ်မျိုးလုံး ဖြစ်တော့မည် မဟုတ်၊ ယင်းသည်လျှင် ဆင်းရဲ၏ အဆုံးတည်း"

ဗာဟိယသည် ဒေသနာကို အစဉ်လျှောက်၍ ဉာဏ်ကို စေလွှတ်၏၊ ဒေသနာ၏အဆုံး၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်သွား၏၊ ထိုအခါ မြတ်စွာဘုရားအား လျှောက်ကြား၏–

"မြတ်စွာဘုရား ကျွန်ုပ်အား အစဉ်သနားသဖြင့် ရဟန်းပြုပေးပါ"

"ဗာဟိယ သပိတ်သင်္ကန်း မရှိသူအား ဗုဒ္ဓတို့ ရဟန်းပြုပေးခြင်း မရှိပါ၊ သင် ရဟန်းပြုလိုက သပိတ်သင်္ကန်း ရှာလေဦး"

ဗာဟိယသည် ရဟန်းပြုရန်အတွက် သပိတ်သင်္ကန်းအရှာထွက်၏၊ ထိုအခါ သားငယ်ရှိသော နွားမတစ်ကောင်သည် သူ့ကို ဇော်သတ်လိုက်၏၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှထွက်သော် လမ်းခရီးအကြား၌ ဗာဟိယ၏ အလောင်းကို တွေ့မြင်၍ ရဟန်းတို့ကို မိန့်တော်မူ၏–

"ရဟန်းတို့ ဗာဟိယတိုင်းသား ဒါရုစိယ၏ အလောင်းကို ကောက်ယူကြလော့၊ ညောင်စောင်းပေါ်တင်ပြီး မီးသင်္ဂြိုဟ်ကြလော့၊ စေတီလည်း တည်ကုန်ကြလော့၊ ရဟန်းတို့ သင်တို့၏ သီတင်းသုံးဖော်သည် ပရိနိဗ္ဗာန် ဝင်စံလေပြီ"

"မြတ်စွာဘုရား အရှင်ဘုရား ဟောကြားသော တရားမှာ အနည်းငယ်သာတည်း၊ အဘယ်သို့လျှင် ဗာဟိယသည် ဤမျှဖြင့် တရားအထူးကို ရဘိသနည်း"

"ရဟန်းတို့ သင်တို့သည် ဘယ်သို့ ဆိုကြသနည်း၊ တထာဂတ၏ တရားကို အနည်းငယ်ဟုလည်းကောင်း, အများဟုလည်းကောင်း အတိုင်းအရှည် သတ်မှတ်ခြင်း မပြုသင့်၊ အကျိုးရှိပါသော် တစ်ပုဒ်တစ်ဂါထာပင် ဖြစ်ပါသော်လည်း မြတ်၏၊ အကျိုးမရှိပါက များသော်လည်း

အချည်းနှီးသာတည်း"

ထို့နောက် မြတ်စွာဘုရားသည် အရိယာ သံဃာတို့၏ အလယ်၌ ဗာဟိယတိုင်းသား ရှင်ဒါရုစိယကို မင်္ဂဖိုလ်ကို လျင်မြန်စွာရသော ခိပ္ပ ဘိညာ အရာ၌ ဇေတဒဂ် ထားတော်မူလေသည်။

## ၂၈–ကုမာရ ကဿပ

"ဘိက္ခုတို့ ဆန်းကြယ်စွာ တရားဟောကြားကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ကုမာရကဿပသည် အမြတ်ဆုံးဖြစ်၏"

ရှင်ကုမာရကဿပသည် တစ်ယောက်တည်းကို တရားဟော သော်လည်း များစွာသော ဥပမာအကြောင်းအရာတို့ဖြင့် တန်ဆာဆင်၍ ဟောကြား၏၊ ထို့ကြောင့် သူသည် ဤဇေတဒဂ်ကို ရခြင်းဖြစ်၏။

သူသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်ကစ၍ ဤဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည် အမျိုးသမီးတစ်ယောက်၏ဝမ်း၌ ပဋိသန္ဓေတည်နေ၏၊ ထို အမျိုးသမီးသည် အပျိုဘဝကပင် ဘိက္ခုနီပြုလုပ်လိုသော်လည်း အကြောင်း မညီညွတ်ခဲ့ချေ၊ လင့်အိမ်ရောက်မှ လင်၏ ခွင့်ပြုချက်ဖြင့် ဘိက္ခုနီ ပြုလုပ်ရ ၏၊ ဘိက္ခုနီဖြစ်၍ လ အတန်ကြာသောအခါ ကိုယ်ဝန်ရင့်လာသဖြင့် အခြား ဘိက္ခုနီတို့က ရှင်ဒေဝဒတ္တအား လျှောက်ကြ၏၊ ရှင်ဒေဝဒတ္တက ဘိက္ခုနီ မဖြစ်တော့ဟု ဆုံးဖြတ်၏၊ မြတ်စွာဘုရားထံသို့ ရောက်သောအခါ ဝိနည်း ဇေတဒဂ်ရ ရှင်ဥပါလိကို တာဝန်ပေး၏၊ ရှင်ဥပါလိသည် ကျောင်းအစ်မကြီး ဝိသာခါအား စစ်ဆေးစေ၏–

"ဤကိုယ်ဝန်သည် ဘိက္ခုနီဖြစ်မှ ရသောကိုယ်ဝန် မဟုတ်၊ လူ့ အဖြစ်က ရခဲ့သော ကိုယ်ဝန်ဖြစ်ပါသည်"– ဟု ဝိသာခါ လျှောက်ကြားချက် အရ ရှင်ဥပါလိသည် သူ့အား အပြစ်ကင်းသော ဘိက္ခုနီအဖြစ် ဆက်လက် တည်ရှိစေရန် အဆုံးအဖြတ်ပေး၏၊ သို့ဖြင့် အချိန်အခါ ကျသောအခါ ဘိက္ခုနီသည် သားကလေးဖွားမြင်၏၊ ထိုသားငယ်ကို ကောသလမင်းကြီး

က မွေးမြူပေး၏၊ အမည်မှာ 'ကဿပ' ဖြစ်၏၊ အရွယ်ရောက်သောအခါ မြတ်စွာဘုရားထံ ပို့ဆောင်၍ ရှင်သာမဏေပြုပေး၏။

ဗုဒ္ဓသာသနာတွင် ကဿပအမည်ဖြင့် ရဟန်း သာမဏေအများပင် ရှိနေကုန်၏၊ မြတ်စွာဘုရားက "ကဿပကို ခေါ်ချေ၊ ဤသစ်သီးကို ကဿပအား ပေးလော့၊ ဤခဲဖွယ်ကို ကဿပအား ပေးလော့" ဟု ဆိုသော် "အဘယ် ကဿပအား ခေါ်ရမည်နည်း၊ ပေးရမည်နည်း" ဟု ပြန်၍ လျှောက်၏၊ ထိုအခါ "ကုမာရ(သူငယ်)ကဿပ"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏၊ ထို့ကြောင့် သူ့ကို ကြီးသည့်တိုင်အောင် ကုမာရကဿပဟု ခေါ်ကြကုန်၏။

တစ်ရံသောအခါ ရှင်ကုမာရကဿပသည် အန္ဓဝန်တော၌ တရားအားထုတ်နေစဉ် အနာဂါမ် ဗြဟ္မာကြီးတစ်ယောက် ညဉ့်အခါ ရောက်လာပြီး ရှင်ကုမာရကဿပအား ဤသို့ ပြောပြ၏–

"ရဟန်း ညဉ့်အခါ အခိုးလွှတ်၍ နေ့၌ တောက်ပသော တောင်ပို့ကို ပုဏ္ဏားက ပညာရှိအား ဓားလက်နက်ဖြင့် တူးစေ၏၊ ပညာရှိသည် ဓားလက်နက်ဖြင့် ထိုတောင်ပို့ကို တူးရာ ရှေးဦးစွာ တံခါးကျည် မင်းတုပ်ကို တွေ့ရ၏၊ ပညာရှိသည် ပုဏ္ဏား၏စေခိုင်း တိုက်တွန်းချက်အရ ဆက်လက်တူးရာ ဖား, လမ်းနှစ်သွယ်, ဆပ်ပြာရေစစ်, လိပ်, သန်လျက်နှင့် စဉ်းတီတုံး, သားတစ်ကို အဆင့်ဆင့် တွေ့ရ၏။ ထို့နောက် နဂါးကိုတွေ့သောအခါ ပုဏ္ဏားက ပညာရှိအား နဂါးကို ရှိခိုးလော့ဟု တိုက်တွန်းပါသည်၊ ရဟန်း သင်သည် ဤပြဿနာကို မြတ်စွာဘုရားအား လျှောက်ကြားပါလေ၊ မြတ်စွာဘုရား ဖြေဆိုတော်မူသည့်အတိုင်း မှတ်သားပါလော့"

ရှင်ကုမာရကဿပသည် ထိုညဉ့်ကို လွန်သော် မြတ်စွာဘုရားထံ ချဉ်းကပ် လျှောက်ကြား၏၊ မြတ်စွာဘုရားလည်း ပြဿနာတို့ကို တစ်ပါးစီ ခွဲခြား ဖြေကြားတော်မူ၏။

"ရဟန်းတောင်ပို့ဟူသော ဤအမည်သည် မဟာဘုတ်လေးပါးတို့ကြောင့်ဖြစ်သော ဤကိုယ်ကာယတည်း၊ နေ့ကပြုထားသောအမှုကို

အာရုံပြု၍ ကြံစည်ခြင်းသည် ညဥ့်၌ အခိုးလွတ်ခြင်းတည်း၊ ညဥ့်က ကြံစည် စိတ်ကူးမှုတို့ကို ကိုယ်နှုတ်စိတ်ဖြင့် အားထုတ်ခြင်းသည် နေ့၌ တောက်ပ ခြင်းတည်း၊ ပုဏ္ဏားဟူသည် ဗုဒ္ဓ၏အမည်တည်း၊ ပညာရှိကား ကျင့်ဆဲ သေက္ခရဟန်းတည်း၊ တံခါးကျည် မင်းတုပ်ဟူသည် မသိမှုအဝိဇ္ဇာ၏ အမည်တည်း၊ ဖားဟူသည် အားကြီးသော အမျက်ထွက်ခြင်းတည်း၊ လမ်း နှစ်ခွဟူသည် တွေးတော ယုံမှားခြင်း၏ အမည်တည်း၊ ဆပ်ပြာရေစစ်ဟူ သည် ကာမ၌ လိုချင်ခြင်း၊ ပျက်စီးစေလိုခြင်း၊ ထိုင်းမှိုင်းပျင်းလွင့်ခြင်း၊ နောင်တ ရခြင်း၊ တွေးတောယုံမှားခြင်း" ဟူသော အပိတ်အပင် ငါးမျိုးတို့၏အမည် တည်း၊ လိပ်ဟူသည် ဖောက်ပြန်၊ ခံစား၊ မှတ်သား၊ ပြုပြင်စီရင်၊ အထူးသိမှု ဟူသော စွဲယူအပ်သောခန္ဓာငါးပါးတို့၏အမည်တည်း၊ သန်လျက်နှင့် စဉ်း တီတုံး ဟူသည် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်တို့ဖြင့် အထူး သိအပ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမ ဂုဏ် ငါးပါးတို့တည်း၊ သားတစ်ဟူသည် နှစ်သက်တပ်စွန်းခြင်း နန္ဒီ ရာဂ တည်း၊ နဂါးဟူသည် ရဟန္တာတည်း"

ရှင်ကုမာရကဿပသည် မြတ်စွာဘုရား ဖြေရှင်းတော်မူသည့် အတိုင်း မှတ်သား၍ အန္ဓဝန်တောသို့ သွား၍ ဝိပဿနာဝမ်းတိုက်ကို ယူပြီး အားထုတ်ရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်သွား၏။

အခါတစ်ပါး ရှင်ကုမာရကဿပသည် ရဟန်း သံဃာငါးရာမျှ နှင့်အတူတကွ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ရာ သေတဗျမြို့၏ မြောက်ဘက် ယင်းတိုက်တော၌ နေစဉ် ပါယာသိ မြို့စားသည် သေတဗျမြို့ ေန ပုဏ္ဏားတို့ ခြံရံလျက် သူ၏ထံ ချဉ်းကပ်ပြီး လျှောက်၏–

"ရှင်ကဿပ ကျွန်ုပ်သည် ဤသို့ ဆိုလေ့ရှိပါ၏၊ ဤသို့ ယူလေ့ ရှိပါ၏၊ ဤအကြောင်းကြောင့်လည်း တစ်ပါးသော လောကသည် မရှိ၊ သေ၍ တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ– မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိဟု ယူလေ့ရှိပါသည်"

"မြို့စား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ဖြေပါလော့၊ မြို့စား ထိုအရာကို ဘယ်သို့ ထင်သနည်း၊ ဤ လ–နေတို့သည် ဤလောက၌ ဖြစ်ကုန်သလော၊ တစ်ပါးသော လောက၌ ဖြစ်ကုန်သလော၊ ထို လ–နေတို့သည် နတ်တို့ ဖြစ်ကုန်သလော၊ လူတို့ ဖြစ်ကုန်သလော"

"ရှင်ကဿပ ဤ လ–နေတို့သည် တစ်ပါးသော လောက၌ ဖြစ်ပါကုန်၏၊ ဤလောက၌ မဖြစ်ပါကုန်၊ ထို လ–နေတို့သည် နတ်တို့ ဖြစ်ပါကုန်၏၊ လူတို့ မဟုတ်ပါကုန်"

ဤသို့ အစရှိသည်ဖြင့် ရှင်ကုမာရကဿပသည် အဆန်းတကြယ် အသွယ်သွယ်သော ဥပမာတို့ဖြင့် ဟောပြောတတ်သောကြောင့် မြတ်စွာဘုရားသည် သူ့အား အရိယာတို့အလယ်၌ စိတ္တကထိက အရာဌာန၌ ဧတဒဂ် ထားတော်မူခြင်း ဖြစ်လေသည်။

## ၂၉–မဟာ ကောဋ္ဌိက

"ဘိက္ခုတို့ ပဋိသမ္ဘိဒါ လေးပါးသို့ ရောက်ကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် မဟာကောဋ္ဌိကသည် အမြတ်ဆုံး ဖြစ်၏"

ဤအရှင်သည် မိမိ ပဋိသမ္ဘိဒါတို့၏ လေ့လာသော ဝသီဘော်၏ အစွမ်းဖြင့် လွန်စွာ ထင်ရှားသော သာဝကတို့ထံလည်းကောင်း, မြတ်စွာဘုရားထံလည်းကောင်း ချဉ်းကပ်၍ ပြဿနာမေးသော် ပဋိသမ္ဘိဒါတို့၌သာ မေးလေ့ရှိ၏၊ ထိုကြောင့် သူသည် ဤဧတဒဂ်ကို ရခြင်းဖြစ်၏။

သူသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ အမည်မှာ ကောဋ္ဌိကဖြစ်၏၊ ဗေဒသုံးပုံ တတ်မြောက်၏၊ တစ်နေ့တွင် မြတ်စွာဘုရား၏တရားကို နာကြား၍ သဒ္ဓါတရားဖြစ်ပြီး ရဟန်းပြု၏၊ ရဟန်းပြုသည့်နေ့မှစ၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်ရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့

ရောက်သွား၏၊ ပဋိသမ္ဘိဒါတို့၌ လေ့လာသော ဝသီဘော်ရှိသည်ဖြစ်၍ မေးသော် ပဋိသမ္ဘိဒါလေးပါးတို့၌သာ မေးလေ့ရှိ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ ရှင်မဟာကောဋ္ဌိကသည် ညနေချမ်းအခါ ကိန်းအောင်းရာမှထ၍ ရှင်သာရိပုတ္တထံ ချဉ်းကပ်မေးလျှောက်၏ –

"ငါ့ရှင် ပညာမဲ့သူဟုဆိုရာ အဘယ်ကြောင့် ပညာမဲ့သူဟု ဆိုရပါသနည်း"

"ငါ့ရှင် အပြားအားဖြင့် မသိတတ်သောကြောင့် ပညာမဲ့သူဟု ဆိုရ၏"

"အဘယ်သို့ အပြားအားဖြင့် မသိတတ်ပါသနည်း"

"ဤကား ဆင်းရဲ, ဤကား ဆင်းရဲဖြစ်ကြောင်း, ဤကား ဆင်းရဲချုပ်ရာ, ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဟု အပြားအားဖြင့် မသိတတ်ခြင်း ဖြစ်သည်"

"ငါ့ရှင် ပညာရှိသူဟုဆိုရာ အဘယ်ကြောင့် ပညာရှိသူဟု ဆိုရပါသနည်း"

"ငါ့ရှင် အပြားအားဖြင့် သိတတ်သောကြောင့် ပညာရှိသူဟု ဆိုရ၏"

"အဘယ်သို့လျှင် အပြားအားဖြင့် သိတတ်သနည်း"

"ဤကား ဆင်းရဲ, ဤကား ဆင်းရဲ ဖြစ်ကြောင်း, ဤကား ဆင်းရဲချုပ်ရာ, ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဟု အပြားအားဖြင့် သိတတ်ခြင်း ဖြစ်သည်"

"ငါ့ရှင် ဝိညာဏ်ဟုဆိုရာ အဘယ်ကြောင့် ဝိညာဏ်ဟု ဆိုသနည်း"

"ငါ့ရှင် အထူးသိတတ်သောကြောင့် ဝိညာဏ်ဟု ဆိုရ၏"

"အဘယ်သို့ အထူး သိတတ်သနည်း"

"ချမ်းသာဟုလည်းကောင်း, ဆင်းရဲဟုလည်းကောင်း, ချမ်းသာ

မဟုတ်ဟုလည်းကောင်း, ဆင်းရဲ မဟုတ်ဟုလည်းကောင်း အထူး သိတတ်၏"

"ငါ့ရှင် ပညာ, ဝိညာဏ်တို့သည် ရောနှောကုန်သလော၊ သို့မဟုတ် မရောနှောကုန်သလော၊ ဤတရားတို့ကို အသီးသီးပြု၍ ခြားနားချက်ကို ပညတ်ရန် ရနိုင်ပါသလော"

"ငါ့ရှင် ပညာ, ဝိညာဏ်တို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ဤတရားတို့ကို အသီးသီးပြု၍ ခြားနားချက်ကို ပညတ်ရန် မရနိုင်ပေ၊ ငါ့ရှင် အပြားအားဖြင့် သိသောတရားကိုပင် အထူးသိ၏၊ အထူးသိသော တရားကိုပင် အပြားအားဖြင့် သိ၏"

"ငါ့ရှင် ပညာနှင့် ဝိညာဏ်၏ခြားနားမှုကား အဘယ်နည်း"

"ငါ့ရှင် ပညာကို ပွားများရ၏၊ ဝိညာဏ်ကို ပိုင်းခြား၍ သိရ၏၊ ဤသည်ကား ထိုတရားနှစ်ပါး၏ ခြားနားချက်တည်း"

"ငါ့ရှင် ဝေဒနာဟုဆိုရာ အဘယ်ကြောင့် ဝေဒနာဟု ဆိုသနည်း"

"ငါ့ရှင် ခံစားတတ်သောကြောင့် ဝေဒနာဟုဆို၏"

"အဘယ်သို့ ခံစားတတ်သနည်း"

"ချမ်းသာကိုလည်းကောင်း, ဆင်းရဲကိုလည်းကောင်း, ချမ်းသာ–ဆင်းရဲ မဟုတ်သည်ကိုလည်းကောင်း ခံစားတတ်၏"

"ငါ့ရှင် သညာဟုဆိုရာ အဘယ်ကြောင့် သညာဟု ဆိုသနည်း"

"ငါ့ရှင် မှတ်သားတတ်သောကြောင့် သညာဟု ဆို၏"

"အဘယ်ကြောင့် မှတ်သားတတ်သနည်း"

"ညို, ရွှေ, ဖြူ, နီသော အရာတို့ကို မှတ်သားတတ်၏"

"ငါ့ရှင် ဝေဒနာ, ပညာ, ဝိညာဏ်တို့သည် ရောနှောကုန်သလော၊ သို့မဟုတ် မရောနှောကုန်သလော၊ ဤတရားတို့ကို အသီးသီးပြု၍ ခြားနားချက်ကို ပညတ်ရန် ရနိုင်ပါသလော"

"ငါ့ရှင် ဤတရားတို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ငါ့ရှင် အာရုံကိုပင် ခံစား၏၊ ခံစားသောအာရုံကိုပင် မှတ်သား၏၊

မှတ်သားသော အာရုံကိုပင် အထူးသိတတ်၏"

"ငါ့ရှင် သိသင့်သောတရားကို အဘယ်ဖြင့် အပြားအားဖြင့် သိတတ်သနည်း"

"ငါ့ရှင် သိသင့်သောတရားကို ပညာမျက်စိဖြင့် အပြားအားဖြင့် သိတတ်၏"

"ငါ့ရှင် ပညာသည် အဘယ် အကျိုးရှိသနည်း"

"ငါ့ရှင် ပညာသည် အထူးသိခြင်း, ပိုင်းခြား၍ သိခြင်း, ပယ်စွန့်ခြင်း အကျိုးရှိ၏"

"ငါ့ရှင် သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်းတို့ကား အဘယ်တို့ပါနည်း"

"ငါ့ရှင် သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်းတို့ကား သူတစ်ပါးတို့ တရားသံနှင့် အသင့်အားဖြင့် နှလုံးသွင်းခြင်း နှစ်ပါးတို့တည်း"

"ငါ့ရှင် ဘယ်အကြောင်း အင်္ဂါတို့၏ အထောက်အပံ့ကိုရသော သမ္မာဒိဋ္ဌိသည် လွတ်မြောက်မှု အရဟတ္တဖိုလ်စိတ်, ပညာ အကျိုးအာနိသင် ရှိသနည်း"

"ငါ့ရှင် ဤသာသနာ၌ သမ္မာဒိဋ္ဌိသည် စောင့်စည်းမှုသီလ, တရားနာကြားမှု, ကမ္မဋ္ဌာန်း ဆွေးနွေးမှု, ဈာန် သမာပတ် သမထ, အထူးထူး ရှုမှု ဝိပဿနာ အထောက်အပံ့ကိုရသော သမ္မာဒိဋ္ဌိသည် လွတ်မြောက်သော အရဟတ္တဖိုလ်စိတ် ပညာအကျိုး အာနိသင်ရှိ၏"

ရှင်မဟာကောဋ္ဌိကသည် ဤသို့စသည်ဖြင့် ပဋိသမ္ဘိဒါနှင့် ပတ်သက်သော ပြဿနာကို မေးမြန်းတတ်သောကြောင့် သူ့ကို ဓေဒဂ်အရာ၌ ထားခြင်းဖြစ်လေသည်။

## ၃၀–အာနန္ဒ

"ဘိက္ခုတို့ အကြားအမြင်များကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် အာနန္ဒသည် အမြတ်ဆုံး ဖြစ်၏"

"ဘိက္ခုတို့ ငါ၏စကားကို ကြာမြင့်စွာ ဆောင်နိုင်သည့် သတိရှိကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် အာနန္ဒသည် အမြတ်ဆုံးဖြစ်၏"

"ဘိက္ခုတို့ ငါဟောကြားသည့်အတိုင်း အလုံးစုံသော ပုဒ်တို့ကို သိစွမ်းနိုင်သည့် ပညာရှိကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် အာနန္ဒသည် အမြတ်ဆုံးဖြစ်၏"

"ဘိက္ခုတို့ ငါ၏စကားကို သင်ခြင်း, ဆောင်ခြင်း, သရဇ္ဈာယ်ခြင်းတို့၌ လုံ့လရှိကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် အာနန္ဒသည် အမြတ်ဆုံး ဖြစ်၏"

"ဘိက္ခုတို့ ငါ့ကို ဆည်းကပ်လုပ်ကျွေးခြင်းတို့၌ လုံ့လရှိကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် အာနန္ဒသည် အမြတ်ဆုံးဖြစ်၏"

တစ်ပါးသော သာဝကတို့လည်း ဗဟုသုတရှိကုန်၏၊ သတိရှိကုန်၏၊ ပုဒ်တို့ကို သိစွမ်းနိုင်ကုန်၏၊ လုံ့လရှိကုန်၏၊ မြတ်စွာဘုရားအား လုပ်ကျွေးကုန်၏၊ သို့ရာတွင် ရှင်အာနန္ဒသည် မြတ်စွာဘုရား၏စကားကို သင်ယူသည်ရှိသော် ဗုဒ္ဓသာသနာ၌ 'ဘဏ္ဍာဂါရိက' အရာ၌ တည်၍ သင်၏၊ မြတ်စွာဘုရား၏စကားကို ကြာမြင့်စွာ ဆောင်စွမ်းနိုင်သော သတိသည်လည်း တစ်ပါးသော သာဝကတို့ထက် အားကြီး၏၊ သူသည် ခြေတစ်လှမ်း၌ တည်၍ ခြောက်သောင်းသော ပုဒ်တို့ကို မြတ်စွာဘုရား ဟောသောနည်းဖြင့် သိနိုင်၏၊ ဘုရားစကားကို သင်ယူခြင်း ဝီရိယ, သရဇ္ဈာယ်ခြင်း ဝီရိယ, ဆောင်ခြင်း ဝီရိယ, မြတ်စွာဘုရားအား လုပ်ကျွေးခြင်းဝီရိယတို့သည် တစ်ပါးသော သာဝကတို့နှင့် မတူချေ၊ သူသည် မြတ်စွာဘုရား၏ အလုပ်အကျွေးအရာ ရသည့်နေ့မှစ၍ လုံ့လဝီရိယထား၍ လုပ်ကျွေး၏၊

ဤသို့သော အကြောင်းတို့ကြောင့် ဧတဒဂ် ငါးတန် ရှင်အာနန်ဟု အမည်တွင်ခြင်းဖြစ်၏။

သူသည် ပဒုမုတ္တရ ဘုရားရှင်၏လက်ထက်ကစ၍ ဤဧတဒဂ် ငါးတန်ဆုကို ပန်ခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ အမိတောဒန သကျ၏အိမ်၌ ဖြစ်၏၊ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ပထမဦးစွာ ကြွတော်မူလာ၏၊ ထိုအခါ မြတ်စွာဘုရား၏ အခြံအရံအတွက် ဘဒ္ဒိယစသော သကျမင်းသားတို့နှင့်အတူ ရဟန်းပြု၏၊ ထိုနောက် သူသည် မန္တာဏီ ပုဏ္ဏေးမ၏သား ရှင်ပုဏ္ဏ၏တရားကို နာကြား၍ သောတာပန်ဖြစ်၏၊ သူသည် ဆရာပုဏ္ဏ၏ဂုဏ်ကို ချီးမွမ်းသောအားဖြင့် "ငါ့ရှင်တို့ မန္တာဏီ ပုဏ္ဏေးမ၏သား ပုဏ္ဏသည် သီတင်းငယ်ဖြစ်သော ငါတို့အား လွန်စွာ ကျေးဇူးများ၏၊ သူသည် ငါတို့ကို ဤသြဝါဒဖြင့် ဆုံးမ၏" ဟု ရှင်ပုဏ္ဏ ဟောသော တရားကို ရဟန်းတို့အား ပြန်လည်ဟောကြား၏။

မြတ်စွာဘုရားတွင် ပထမဗောဓိခေါ် ဝါ ၂၀–အတွင်း အလုပ်အကျွေး အမြဲ မရှိပေ၊ အလုပ်အကျွေး ဖြစ်ဖူးသူတို့မှာ နာဂသမာလ, နာဂိတ, ဥပဝါဏ, သုနက္ခတ္တ, စုန္ဒ, သာဂတ, ရာဓ, မေဃိယတို့ ဖြစ်ကုန်၏။

ထိုတွင် အခါတစ်ပါး မြတ်စွာဘုရားသည် နာဂသမာလနှင့်အတူ ခရီးရှည်သွား၏၊ လမ်းနှစ်ခွသို့ ရောက်သောအခါ ထိုရဟန်းသည် မြတ်စွာဘုရား ကြွသွားမည်လမ်းမှ ဖဲ၍ ဆို၏–

"မြတ်စွာဘုရား ကျွန်ုပ် ဤလမ်းဖြင့် သွားပါအံ့"

"ရဟန်း လာလော့၊ ဤလမ်းဖြင့် သွားမည်"

"မြတ်စွာဘုရား တိုက်တွန်းပါ၏၊ အရှင်တို့၏ သပိတ်သင်္ကန်းတို့ကို ယူပါ၊ ကျွန်ုပ်သည် ဤလမ်းဖြင့် သွားပါမည်" ဟု ဆို၍ သပိတ်သင်္ကန်းတို့ကို မြေ၌ချထားရန် အားထုတ်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်း ယူခဲ့လော့" ဟုဆို၍ သပိတ်သင်္ကန်းတို့ကို ယူပြီး တစ်ပါးတည်း ကြွသွား၏။

နာဂသမာလ သွားသောလမ်းမှာ သူခိုးပေါသော လမ်းဖြစ်၏၊ အတန်သွားမိသောအခါ ခိုးသားတို့သည် သူ၏ဦးခေါင်းကို ရိုက်ပြီး သပိတ်သင်္ကန်းတို့ကို ယူထားလိုက်ကြ၏၊ ထိုအခါမှ သူသည် "ငါ့အား ဘုရားသာလျှင် ကိုးကွယ်ရာရှိ၏၊ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိ" ဟု ကြံ၍ သွေးအလိမ်းလိမ်းဖြင့် ဘုရားထံ ပြန်လာ၏။

အခါတစ်ပါးလည်း မြတ်စွာဘုရားသည် ရှင်မေဃိယနှင့်အတူ ဇန္တုရွာသို့ ဆွမ်းခံကြွသွား၏၊ မြစ်ကမ်းနား၌ သာယာကြည်နူးဖွယ်ကောင်းသော သရက်ဥယျာဉ်ကို တွေ့မြင်၍ မြတ်စွာဘုရားအား လျှောက်ကြား၏ –

"မြတ်စွာဘုရား အရှင်တို့၏ သပိတ်သင်္ကန်းကို ယူတော်မူပါ၊ ကျွန်ုပ်သည် ထိုသရက်ဥယျာဉ်သို့ဝင်၍ တရားအားထုတ်နေပါမည်"

မြတ်စွာဘုရားသည် သုံးကြိမ်တိုင်အောင် တားမြစ်၏၊ သို့ရာတွင် မရပေ၊ သရက်ဥယျာဉ်တွင်းဝင်၍ တရားအားထုတ်၏၊ အကုသိုလ် အကြံအစည်တို့ အစဉ်တစိုက် နှိပ်စက်ခြင်းခံရ၍ ပြန်လာပြီး ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား၏၊ မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ရောက်သောအခါ ရဟန်းတို့ကို ခေါ်၍ မိန့်တော်မူ၏ –

"ရဟန်းတို့ ယခုအခါ ငါအိုပြီ၊ အချို့ရဟန်းတို့သည် ဤလမ်းဖြင့်သွားမည်ဟုဆိုသော် အခြားလမ်းဖြင့် သွားကြ၏၊ အချို့ရဟန်းတို့သည်လည်း ငါ၏သပိတ်သင်္ကန်းတို့ကို မြေ၌ ချထားကုန်၏၊ ထို့ကြောင့် ငါ၏အတွက် အမြဲလုပ်ကျွေးမည့် ရဟန်းကို သိကြကုန်လော့"

မြတ်စွာဘုရားစကားကို ကြားသောအခါ ရဟန်းတို့အား ဓမ္မသံဝေဂ ဖြစ်ကြ၏၊ ထိုတွင် ရှင်သာရိပုတ္တာသည် နေရာမှထ၍ မြတ်စွာဘုရားအား ရှိခိုး လျှောက်ကြား၏ –

"မြတ်စွာဘုရား ကျွန်ုပ်သည် မြတ်စွာဘုရားအား လုပ်ကျွေးပါမည်"

"သာရိပုတ္တာ မသင့်၊ သင်ရှိသည့် အရပ် မျက်နှာသည် မဆိတ်သုဉ်း၊ သင်၏အဆုံးအမသည် ဗုဒ္ဓတို့၏ အဆုံးအမနှင့်တူ၏၊ ငါသည် သင်၏လုပ်ကျွေးမှုကို အလိုမရှိ"

မြတ်စွာဘုရားသည် ရှင်သာရိပုတ္တာအား ငြင်းပယ်လိုက်၏၊ ထိုအခါ အခွင့်အရေးကောင်းကို အလွတ်မခံလိုသော မဟာမောဂ္ဂလ္လာန အစရှိသော မဟာသာဝက ရှစ်ဆယ်တို့သည် အသီးသီးထ၍ မြတ်စွာဘုရားအား ရှိခိုးပြီး အလုပ်–အကျွေးအဖြစ် ခွင့်ပြုပါရန် တောင်းပန် လျှောက်ကြားကြ၏၊ သို့ရာတွင် မြတ်စွာဘုရားသည် ဘယ်သူ့ကိုမျှ ခွင့်ပြုလက်ခံခြင်းမရှိချေ၊ အလုံးစုံ အကုန်ငြင်းပယ်တော်မူ၏၊ ထိုတွင် ရှင်အာနန္ဒာသည် တစ်စုံတစ်ရာ ဘာမျှ လျှောက်ကြားခြင်း မရှိချေ၊ တုဏှိဘာဝေ ဆိတ်ဆိတ်နေ၍ ရဟန်းတို့က တိုက်တွန်းကြ၏–

"ငါ့ရှင် အာနန္ဒ ရဟန်းသံဃာ အများအပြားပင် မြတ်စွာဘုရား၏ အလုပ်အကျွေးအဖြစ် လျှောက်ကြားကြပါသည်၊ သင် မမြင်–မကြားသလော"

"ဤအရာသည် အကယ်၍ တောင်း၍ရသော အရာဖြစ်ပါက အဘယ်သို့လျှင် တန်ဖိုးရှိတော့မည်နည်း၊ ငါ့ကို ဘုရားသခင် မမြင်ဘဲ ရှိပါမည်လော၊ အကယ်၍ သူ ငါ့ကို နှစ်သက်ပါလျှင် 'အာနန္ဒ ငါ့ကို လုပ်ကျွေးလော့' ဟု အမိန့်ပေးမည် ဖြစ်ပါသည်"

ထိုအခါ မြတ်စွာဘုရား မိန့်ကြားတော်မူ၏–

"ရဟန်းတို့ အာနန္ဒကို သူတစ်ပါးတို့ မတိုက်တွန်းသင့်၊ အာနန္ဒသည် အလိုအလျောက် သိ၍သာလျှင် ငါ့ကို လုပ်ကျွေးလိမ့်မည်"

ထိုအခါ ရဟန်းတို့က "ငါ့ရှင် အာနန္ဒ ထလော့၊ မြတ်စွာဘုရားထံ အလုပ်အကျွေးအရာကို တောင်းဆိုပါလော့" ဟု တိုက်တွန်းကြ၏၊ ထိုအခါ ရှင်အာနန္ဒသည် နေရာမှထ၍ ရှိခိုးလျှောက်ကြား၏–

"မြတ်စွာဘုရား အရှင်သည် အကယ်၍ ကျွန်ုပ်အား မိမိရသည့် မွန်မြတ်သောဆွမ်းကို မပေးအံ့၊ မွန်မြတ်သောသင်္ကန်းကို မပေးအံ့၊ ဂန္ဓကုဋီတိုက်တွင် အတူနေခွင့် မပေးအံ့၊ ပင့်ဖိတ်ရာသို့ ခေါ်၍ မသွားအံ့– ဤသို့ ဖြစ်ပါလျှင် ကျွန်ုပ်သည် အရှင့်ကို လုပ်ကျွေးပါမည်"

"အာနန္ဒ သင်သည် အဘယ်အပြစ်ကို မြင်၍ ဤလေးမျိုးကို ပယ်ရသနည်း"

"အကယ်၍ မြတ်စွာဘုရားသည် ဤဝတ္ထုတို့ကို ရပါလျှင် 'အာနန္ဒသည် မြတ်စွာဘုရား ရတိုင်းသော မွန်မြတ်သော ဆွမ်းသင်္ကန်းတို့ကို သုံးဆောင်၏၊ ဂန္ဓကုဋီတိုက်တွင် အတူနေ၏၊ ပင့်ဖိတ်ရာသို့ အတူလိုက်၏၊ ဤလာဘ်ကိုရ၍ ဘုရားကို လုပ်ကျွေး၏၊ ဤသို့ဖြစ်ပါလျှင် ဘယ်မှာ ဝန်လေးအံ့နည်း' ဟု ပြောဆိုပြစ်တင်မှုကို မြင်၍ ပယ်ခြင်း ဖြစ်ပါသည်"

"ထို့ပြင် မြတ်စွာဘုရားသည် အကယ်၍ ကျွန်ုပ်လက်ခံထားသော ပင့်ဖိတ်ခြင်းကို ကြွရောက်ချီးမြှောက်ပါလျှင်၊ တိုင်းတစ်ပါး–ဇနပုဒ်တစ်ပါးမှ ဘုရားဖူးလာသော ပရိသတ်ကို ဖူးမြော်ခွင့်ပေးပါလျှင်၊ ကျွန်ုပ် ယုံမှားသံသယရှိသော ပြဿနာကို ချဉ်းကပ် လျှောက်ကြားခွင့်ရပါလျှင်၊ မျက်ကွယ်၌ ဟောကြားသောတရားတို့ကို အလုံးစုံ ပြန်လည်ဟောကြားပါလျှင် ကျွန်ုပ်သည် မြတ်စွာဘုရားကို လုပ်ကျွေးပါမည်"

"အာနန္ဒ သင်သည် ဘယ်အကျိုးကို မြင်၍ ဤလေးမျိုးကို တောင်းဆိုပါသနည်း"

"မြတ်စွာဘုရား ကျွန်ုပ်အား အကယ်၍ ရွေးသုံးပါးကို မပေးပါလျှင် 'အာနန္ဒသည် အလုပ်အကျွေးပြုပါသော်လည်း ဤမျှလောက်ပင် ဘုရား၏ချီးမြှောက်မှုကိုမရ' ဟု ပြောကြပါမည်၊ ထို့ပြင် မြတ်စွာဘုရား၏ မျက်ကွယ်တွင် ကျွန်ုပ်ကို 'ငါ့ရှင် အာနန္ဒ ဤတရားကို မြတ်စွာဘုရား ဘယ်မှာ ဟောကြားပါသနည်း' ဟု မေးကြပါလိမ့်မည်၊ ထိုအခါ ပြည့်စုံစွာ မဖြေနိုင်ပါလျှင် 'ဤမျှလောက်ကိုပင် အာနန္ဒ မသိ၊ အဘယ်ကြောင့် သင်

သည် အရိပ်သဖွယ် ဘုရားနှင့်မခွာဘဲ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး လှည့်လည်ဘိသနည်း' ဟု ပြောကြပါလိမ့်မည်၊ ဤအကျိုး အာနိသင်ကို မြင်၍ ဤလေးပါးကို တောင်းဆိုခြင်း ဖြစ်ပါသည်"

"အာနန္ဒ ကောင်းလေစွ၊ အာနန္ဒ ကောင်းလေစွ၊ ငါ၏ထံမှ သင် အလိုရှိသော ဆုရှစ်ပါးသည် သင့်အား ပြည့်စုံစေလော့"

ရှင်အာနန္ဒသည် အလုပ်အကျွေးအရာကို ရသောနေ့မှစ၍ မြတ်စွာဘုရားအား ရေပူ–ရေချမ်းနှစ်မျိုးဖြင့်လည်းကောင်း၊ ဒန်ပူ အကြီးအလတ်–အသေး သုံးမျိုးဖြင့်လည်းကောင်း၊ ခြေဆုပ် လက်နယ်ပြုခြင်း၊ ကျောကုန်း ချေးတွန်းခြင်းတို့ဖြင့်လည်းကောင်း၊ ဂန္ဓကုဋီတိုက်ကို တံမြက်လှည်းခြင်း စသည် ကိစ္စတို့ဖြင့်လည်းကောင်း လုပ်ကျွေး၏၊ ဤအချိန်တွင် မြတ်စွာဘုရားအား ဘယ်အရာသည် ရသင့်၏၊ ဤအရာကို ပြုပေးသင့်၏ဟု ကြံစည်လျက် နေ့အဖို့တွင် အနီး၌ နေ၏၊ ညအခါတွင် ဆီမီးတိုင်ကို ကိုင်ဆောင်၍ ဂန္ဓကုဋီပရိဝုဏ်ကို ညတိုင်း တစ်ညလျှင် ကိုးကြိမ် လှည့်လည်၏၊ အကယ်၍ ငိုက်မျဉ်းလျှင် မြတ်စွာဘုရားခေါ်က စကား မပြန်နိုင်မည်စိုး၍ ညအခါ ဆီမီးတိုင်ကို အမြဲ ကိုင်ဆောင်ထား၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် နောင်အခါ အရိယာ သာဝကတို့၏ အလယ်၌ သူ့အား ဗဟုသုတ, သတိမန္တ, ဂတိမန္တ, ဓိတိမန္တ, ဥပဋ္ဌာက ဟူသော ဧတဒဂ် ငါးချက်ကို ပေးတော်မူခြင်းဖြစ်၏။

သူ၏ ဥဒါန်းကား ဤသို့တည်း–

ပညာရှိသည် ကုန်းတိုက် ချောပစ်တတ်သူနှင့်လည်းကောင်း၊ အမျက်ထွက်လေ့ရှိသူ, ဝန်တိုသူနှင့်လည်းကောင်း၊ သတ္တဝါတို့ ပျက်စီးခြင်းကို လိုလားနှစ်သက်သူနှင့်လည်းကောင်း ပေါင်းဖော်ခြင်းမပြုရာ၊ သူယုတ်မာနှင့် ပေါင်းဖော်ရခြင်းသည် ယုတ်မာ၏။

ပညာရှိသည် ကံ ကံ၏အကျိုးကို ယုံကြည်မှုရှိသူ, သီလကို ချစ်မြတ်နိုးသူနှင့်လည်းကောင်း၊ ဉာဏ်ပညာပြည့်စုံသူ အကြားအမြင်များသူနှင့်

လည်းကောင်း ပေါင်းဖော်ရာ၏၊ ပညာရှိ သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် ကောင်းမြတ်လှ၏။

အကြားအမြင် နည်းပါးသော ယောကျ်ားသည် နွားလားကဲ့သို့ ကြီးပွား၏၊ အသားတို့သာ တိုးပွားကုန်၏ ပညာသည်ကား မတိုးပွား။

အကြားအမြင်များသူသည် အကြားအမြင်နည်းသူကို အကြားအမြင်ဖြင့် မထေမဲ့မြင်ပြု၏၊ သူကန်းသည် အမိုက်တိုက်၌ ဆီမီးအိမ်ကို ဆောင်သကဲ့သို့ ငါ၏ဉာဏ်ကို ထင်လာ၏။

အကြားအမြင်များသူကို မှီဝဲဆည်းကပ်ရာ၏၊ မှီဝဲဆည်းကပ်၍ ရအပ်သော အကြားအမြင်ကိုလည်း မပျောက်မပျက်စေရာ၊ အကြားအမြင်သည် မဂ်ဟူသော မြတ်သောအကျင့်၏ ပဓာနအကြောင်းရင်းဖြစ်၍ ရှေးဦးစွာ ပရိယတ္တိဓမ္မကို ဆောင်ရာ၏။

တရားလျှင် မွေ့လျော်ရာရှိသော တရား၌ မွေ့လျော်သော တရားကို အဖန်ဖန် ဆင်ခြင်သော တရားကို အဖန်ဖန် အောက်မေ့သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ရဟန်းသည် ခဏတိုင်းခဏတိုင်း အသက်အပိုင်းအခြား နည်းပါးကုန်ခမ်းနေသည် ဖြစ်ပါလျက် ရဟန်းတရားကို အားမထုတ်ငြားအံ့, ခန္ဓာကိုယ် မြတ်နိုးမှု၌သာ အလေးပြုနေသော မွန်မြတ်သော အာဟာရ စသည်ဖြင့် မိမိကိုယ်၏ ချမ်းသာမှု၌ တပ်နေသော ရဟန်းအား ရဟန်းအဖြစ်ဖြင့် ချမ်းသာစွာ နေရခြင်း အဘယ်မှာ ရှိအံ့နည်း။

မြတ်စွာဘုရားတည်းဟူသော ဆရာ ကွယ်လွန်ခြင်းကြောင့် အဆွေခင်ပွန်းကောင်းမှ ကင်းကွာရသော ငါ့အား ကာယဂတာ သတိကဲ့သို့ အကျိုးစီးပွားကို ဆောင်တတ်သော အဆွေခင်ပွန်းကောင်း မရှိတော့ချေ။

## ၃၁–ဥရုဝေလ ကဿပ

"ဘိက္ခုတို့ ပရိသတ်များကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် ဥရုဝေလကဿပသည် အမြတ်ဆုံးဖြစ်၏"

တစ်ပါးသော ရဟန်းတို့အား ရံခါ အခြံအရံများ၏၊ ရံခါ နည်း၏၊ ဤ ရှင်ဥရုဝေလ ကဿပကား ညီနှောင်နှစ်ပါးတို့နှင့်အတူ အမြဲပင် ရဟန်း တစ်ထောင် အခြံအရံရှိ၏၊ ထိုတွင် တစ်ပါး–တစ်ပါး၌ တစ်ပါး–တစ်ပါးစီ ရဟန်းပြုသော် ရဟန်းနှစ်ထောင် ဖြစ်၏၊ နှစ်ပါး–နှစ်ပါးစီ ရဟန်းပြုသော် သုံးထောင်ဖြစ်ကုန်၏၊ ထို့ကြောင့် ဤဧတဒဂ် ရခြင်းဖြစ်၏။

သူသည် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်ကစ၍ ဤဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ပုဏ္ဏားမျိုး၌ဖြစ်၍ အမျိုးအနွယ်၏အစွမ်းဖြင့် ကဿပဟု ခေါ်ကြ၏၊ နောင် အခါ ဥရုဝေလ တောအုပ်၌ ရသေ့ရဟန်းပြု၍ နေသောကြောင့် ဥရုဝေလ ကဿပအမည်ဖြင့် ထင်ရှား၏၊ သူ့တွင် ကဿပအမည်နှင့်ပင် ညီနှစ်ယောက် ရှိသေး၏၊ တစ်ယောက်သည် မြစ်ကမ်းပါး၌နေ၍ နဒီကဿပ, နောက် တစ်ယောက်ကား ဂယာ၌နေ၍ ဂယာကဿပဟု အမည်တွင်၏၊ ကဿပ ညီနောင် သုံးယောက်တို့သည် အသီးသီး တပည့် အခြံအရံများစွာနှင့်တကွ ရသေ့ရဟန်းပြုကာ လွတ်မြောက်မှုကို ရှာဖွေနေကြ၏။

ထိုရသေ့တို့သည် ချမ်းအေးသော ဆောင်းဥတု ညဉ့်အခါ ဤ အကျင့်ဖြင့် စင်ကြယ်၏ဟု ဂယာဆိပ်၌ ငုပ်လည်း ငုပ်ကြကုန်၏၊ ပေါ် လည်း ပေါ်ကြကုန်၏၊ ငုပ်ခြင်း ပေါ်ခြင်းကိုလည်း ပြုကြကုန်၏၊ ရေကို ခပ်၍လည်း သွန်းလောင်းကြကုန်၏၊ မီးကိုလည်း ပူဇော်ကြကုန်၏၊ မြတ်စွာ ဘုရားသည် သူတို့ကို ကြည့်၍ ဤသို့ ဥဒါန်း ကျူးရင့်တော်မူ၏–

"ဤဂယာမြစ်ဆိပ်၌ များစွာသော လူအပေါင်းတို့ ရေချိုး၏၊ ရေ ကြောင့် စင်ကြယ်ခြင်းကား မဖြစ်နိုင်၊ သစ္စာနှင့်မဂ်ဖိုလ်တရားရှိသော ပုဂ္ဂိုလ် သည် စင်ကြယ်၏၊ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏ မည်၏"

တစ်နေ့တွင် မြတ်စွာဘုရားသည် ဥရုဝေလကဿပ၏ ကျောင်း သခ်မ်းသို့ ချဉ်းကပ်၍ အခွင့်တောင်း၏–

"ကဿပ... ဝန်မလေးပါမူ သင်၏ကျောင်းအနီး မီးဖိုခန်း၌ တည်းခိုပါရစေ"

"ဂေါတမ... ငါ့အတွက် ဝန်မလေးပါ၊ သို့ရာတွင် ဤမီးဖိုခန်း၌ အလွန်ကြမ်းတမ်းသော နဂါးကြီး ရှိနေပါသည်"

"ကဿပ... နဂါးအတွက် ကိစ္စမရှိပါ၊ သင် ခွင့်ပြုလျှင် ငါ တည်းခိုချင်ပါသည်"

မြတ်စွာဘုရားသည် အခွင့်ရသောအခါ မီးဖိုသို့ဝင်ကာ ကောင်းစွာခင်းထားသော မြက်အခင်း၌ ထိုင်၍ အာနာပါန ကမ္မဋ္ဌာန်းကို ရှေးရှုပြုကာ နေတော်မူ၏၊ နံနက် မိုးသောက်အလင်းရောက်သောအခါ နဂါးကို သပိတ်၌ ထည့်ပြီးလျှင် "ကဿပ ဤကား သင်တို့၏ နဂါး မဟုတ်လော"ဟု မေး၏။

ဥရုဝေလကဿပသည် မြတ်စွာဘုရား၏တန်ခိုးကို မြင်ရ၍ ရှင်ပြကြည်ညိုစွာ ပြောကြား၏။

"အရှင် ဂေါတမ ဤအရပ်မှာပင် အစဉ်ထာဝရ နေပါဘိ၊ ဆွမ်းအတွက် ငါတို့ ဝန်ခံပါသည်၊ ငါတို့ပင် လုပ်ကျွေးပါမည်"

"ကဿပ ရှစ်ပါးသော အရာ၌ သက်ာမကင်း ယုံမှားခြင်းကိုမျှ လွန်မြောက်အောင် ထွက်ပေါက် မရသေးသူကို အဝတ်မဆီး အချည်းနှီး အကျင့်ဖြင့် စင်ကြယ်နိုင်မည်မဟုတ်၊ ဆံကျစ်ထိုးပြီး ကျင့်သဖြင့်လည်း စင်ကြယ်နိုင်မည်မဟုတ်၊ ကိုယ်ကို မသုတ်သင်ဘဲ ရွှံ့ညွန် အလိမ်းလိမ်းနေအောင် ကျင့်သဖြင့်လည်း စင်ကြယ်မည်မဟုတ်၊ အစာ အာဟာရ မစားမသောက်ဘဲ ကျင့်သဖြင့်လည်း စင်ကြယ်မည် မဟုတ်၊ ရေငုပ် မီးလှုံ တုံးခုန် ဖယ်ခုတ် ဆူးချုံပုတ်၌ အိပ်ပြီး ကျင့်သဖြင့်လည်း စင်ကြယ်မည်မဟုတ်၊ စင်စစ် ဝိစိကိစ္ဆာ ခြောင့်တံသင်းကို နုတ်ပယ်ပြီး ဗောဓိပက္ခိယ တရားကို အားထုတ်မှ မဂ်ဖိုလ်ကို ရပေမည်"

ထိုအခါ ဥရုဝေလ ကဿပသည် အခြံအရံများနှင့်တကွ မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းခံ၏၊ မြတ်စွာဘုရားလည်း သူတို့ကို 'ဧဟိ

ဘိက္ခု ရဟန်း ပြုပေးတော်မူ၏၊ ထို့နောက် သူ၏ညီ ကဿပနှစ်ယောက်လည်း အခြံအရံများနှင့်တကွ ရောက်လာပြီး ရဟန်းပြုကြပြန်၏၊ မြတ်စွာဘုရားသည် ဥရုဝေလ ကဿပစသည် ညီနောင် ရှင်တစ်ထောင်ကို ခေါ်၍ ဂယာသီသသို့ ကြွတော်မူ၏၊ ထိုတွင် ကျောက်ဖျာပေါ်ထိုင်လျက် 'အာဒိတ္တပရိယာယသုတ်' ကို ဟောကြား၏၊ အကြောင်းကား သူတို့သည် မီးကို လုပ်ကျွေးသူများ ဖြစ်ကြ၏၊ ထို့ကြောင့် ဘဝကို မီးပုံကြီးအဖြစ် တင်စား၍ ဟောကြားခြင်းဖြစ်၏၊ သို့ဖြင့် သူတို့ အလုံးစုံတရားကို ယုံမှားမရှိ သိမြင်သွားကြ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတစ်ထောင်ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏၊ ထိုအခါ ဗိမ္ဗိသာရမင်းနှင့်တကွ ပုဏ္ဏားသူကြွယ်တို့ ဘုရားနှင့်တကွသော ရဟန်းတို့ကို ကြိုဆိုလျက် ရှိခိုးပူဇော်ကြ၏၊ သို့ရာတွင် မြတ်စွာဘုရားနှင့် ဥရုဝေလ ကဿပ ဘယ်သူက ဆရာ, ဘယ်သူက တပည့်ဟု သူတို့ မသိကြချေ၊ များစွာသော သူတို့သည် ဥရုဝေလကဿပကို ဆရာ, မြတ်စွာဘုရားကို တပည့်ဟု မှတ်ထင်နေကြ၏၊ အကြောင်းကား ရှင်ကဿပသည် ကာလကြာမြင့်စွာကပင် ဂိုဏ်းဆရာကြီးအဖြစ်ဖြင့် နာမည်ကျော်ကြားလူသိများနေလျက် အခြံအရံပရိသတ်လည်း များသောကြောင့်ဖြစ်၏၊ လူအများ အထင်မှားနေသည်ကို မြတ်စွာဘုရားသိတော်မူ၍ ရှင်ကဿပအား အမှတ်သညာပေးလိုက်၏၊ ထိုအခါ ရှင်ကဿပသည် နေရာမှ ထကာ မြတ်စွာဘုရားအား ရှိခိုး၏၊ ပရိသတ်အားလုံး တွေ့မြင်စေရန် ကောင်းကင်သို့ ပျံတက်ပြီး မြတ်စွာဘုရားအား ပူဇော်ပြီး လျှောက်ကြား၏–

"လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား ဆရာအရှင်အား တပည့်ဖြစ်သော အကျွန်ုပ် ရှိသေမြတ်နိုးစွာ ရှိခိုးပူဇော်ပါသည် အရှင်မြတ်ဘုရား"

ထို့နောက် မြတ်စွာဘုရားသည် တရား ဟောတော်မူ၏၊ ဒေသနာအဆုံး၌ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ များစွာသော ပုဏ္ဏားသူကြွယ်တို့

သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ များစွာသောသူတို့ ဥပါသကအဖြစ် လျှောက်ကြ၏၊ ဥရုဝေလကဿပ၏ အခြံအရံတစ်ထောင်မျှသော ရဟန်းတို့လည်း ရဟန်းကိစ္စ၏အထွတ်အထိပ်သို့ ရောက်နေကြ၏၊ ရဟန်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြုဖွယ်မရှိတော့သဖြင့် ဥရုဝေလကဿပ၏ အထံမှာသာလျှင် အမြဲ ခြံရံလျက် နေကြ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့အား မဟာပရိသတ်အရာ၌ ဧတဒဂ်ထားတော်မူခြင်း ဖြစ်လေသည်။

ဥရုဝေလ၊ ကဿပက–
စသည်ညီနောင်၊ ရှင်တစ်ထောင်အား
တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွာ၍
အရာနောင်တော်၊ ပါအောင်ခေါ်ပြီး
ပြည်ကျော်နဂိုရ်၊ ရာဇဂြိုဟ်တွင်
ရောက်တုံကျင်မှ၊ ဖူးမြင်လာရောင်း
တစ်သိန်းပေါင်းနှင့်၊ နှစ်သောင်းမကြွင်း
ဗိမ္ဗိမင်းကို၊ လင်းစေမျက်မှောက်
အမိုက်ဖျောက်၍၊ ရောက်တုံထိုခါ
ဝါလနီးသော်၊ စောမီးရှင်မွန်
ဝေဠုဝန်၌၊ တစ်ဖန်ပျော်မိန်း
ငြိမ်သက်ကိန်းသည်၊ ရှင်ဖိန်းမင်ဖိုလ်ပီတိတည်း။

## ၃၂–ကာဠုဒါယီ

“ဘိက္ခုတို့ ဆွေမျိုးတို့ကို ကြည်ညိုစေတတ်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ကာဠုဒါယီသည် အမြတ်ဆုံးဖြစ်၏”

ရှင်ကာဠုဒါယီသည် ပဒုမုတ္တရာဘုရားသခင်လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ကပိလဝတ်ပြည် အမတ်မျိုး၌ ဖြစ်၏၊ မြတ်စွာဘုရားနှင့် အတူတကွ ဖွားမြင်သော ဖွားဘက်တော်လည်း ဖြစ်၏၊ မြတ်စွာဘုရား၏

ဖွားဘက်တော်တို့မှာ ဗောဓိပင်, ရာဟုလ မယ်တော် (ယသော်ဓရာ), ရွှေအိုးကြီးလေးလုံး, စီးတော်မြင်း ကဏ္ဍက, မြင်းထိန်း ဆန္န, ကာဠုဒါယီ- ဟူ၍ ခုနစ်ဦးတို့ ဖြစ်ကြ၏၊ ကာဠုဒါယီ၏ ငယ်မည်မှာ ဥဒါယီဖြစ်၏၊ ဗုဒ္ဓသာသနာ၌ အခြား ဥဒါယီများလည်း ရှိလေရာ အသားညိုသော သူ့ကို ကာဠုဒါယီဟု ခေါ်ကြ၏။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ရာဇဂြိုဟ်ပြည်တွင် ဝါဆိုနေ၏၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် မြတ်စွာဘုရားပင့်ရန် အခြံအရံ ယောကျ်ားတစ်ထောင်ဖြင့် အမတ်တစ်ယောက် စေလွှတ်လိုက်၏၊ ထိုအမတ်သည် ပြန်ချိန်တန်သော်လည်း မပြန်သဖြင့် တစ်ဖန်ထပ်မံ၍ ထို့အတူ အမတ်တစ်ယောက် စေလွှတ်ပြန်၏၊ ထိုအမတ်လည်း ပြန်မလာချေ၊ သတင်းမျှ မကြားရသဖြင့် ထို့အတူ အမတ်တစ်ယောက် စေလွှတ်ပြန်၏၊ ဤသို့လျှင် ကိုးကြိမ်တိုင်မျှ စေလွှတ်၏၊ အလုံးစုံ ရဟန်းဖြစ်ကုန်၍ တစ်ဖန် ဖွားဘက်တော် ကာဠုဒါယီကို စေလွှတ်ပြန်၏။

ကာဠုဒါယီနှင့် သူ၏အခြံအရံများ ရာဇဂြိုဟ်ပြည်သို့ ရောက်သွားကြသောအခါ မြတ်စွာဘုရား တရားဟောကြားနေ၏၊ သူတို့လည်း ခရီးရောက်မဆိုက် ဝင်၍ တရားနာကြရာ တရားအဆုံးတွင် တရားသဘောကို ထိုးထွင်းသိမြင်ကြသဖြင့် အသီးသီး 'ဟေ်ိဘိက္ခု' ဟု ခေါ်ဝေါ်ခြင်းကို ခံကြရ၏၊ ထို့နောက် ဆောင်းအကုန် နွေအစ ဝသန္တကာလသို့ရောက်သောအခါ ကာဠုဒါယီသည် တောတောင် သဘာဝတို့ လှပကြည်နူးဖွယ် ကောင်းပုံတို့ကို ဖွဲ့ဆို လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားက "ဥဒါယီ သင်သည် အဘယ်ကြောင့်.ရာသီဖွဲ့ ဂါထာတို့ကို သီဆိုပါသနည်း" ဟု မေးတော်မူ၏။

"မြတ်စွာဘုရား ခမည်းတော် မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကြပါသည်"

"သို့ဖြစ်က ဥဒါယီ ရဟန်းသံဃာတို့ ခရီးသွားဝတ်ပြုရန် နှိုးဆော်ပါဘိ"

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတော်ပေါင်းနှစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်မှ ထွက်တော်မူ၏၊ ယင်းသို့ ဘုရားကြွတော်မူလျှင် ရှင်ကာဠုဒါယီလည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းစကား ကြားသိစေရန် မြတ်စွာဘုရားအလျင်ပင် ကောင်းကင်ခရီးဖြင့် ကြွသွားလေ၍ မင်းကြီး ရှေ့တွင် ထင်ရှားပြပေ၏၊ မင်းကြီးလည်း ရှင်ကာဠုဒါယီကို မြင်လျှင် ရွှင်လန်းသောစိတ်ရှိရကား "ငါ့သား ဥဒါယီ သင်တို့ဆရာ ဗုဒ္ဓသည် ဤသို့ပင် အသွင်အပြင်ရှိသလော၊ သင်ကဲ့သို့ပင် ကောင်းကင်ခရီးကို ပျံနိုင်သလော၊ ယခုအခါ အဘယ်မှာရှိသနည်း" စသည်ဖြင့် မေးမြန်း၏။

"မင်းကြီး မီးပွား ပမာဏရှိသော ပိုးမြည်မြူး၏ အရောင်နှင့် နေ အရောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့လည်းကောင်း, နွားဦးချိုနှင့် မြင်းမိုရ်တောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့လည်းကောင်း ငါတို့မျှနှင့် ဗုဒ္ဓအရုပ် အဝါကို အဘယ်မျှ နှိုင်းခိုင်းထိုက်မည်နည်း၊ မင်းကြီး၏သား ဗုဒ္ဓ၏ အသွင်ကား ခြောက်ပါးသော ရောင်ခြည်တော် အဝန်းဖြင့် ထွန်းပလျက် တက်သစ်သောနေလုလင် တစ်ထောင်၏အရောင် အသရေထက်လည်း ကဲထက်လွန်မြတ်၏၊ ဣသရိယ စသော ဘုန်းတော်ခြောက်ပါး, လောကီ တန်ခိုး ရှစ်ပါး, လောကုတ္တရာတန်ခိုး ရှစ်ပါး တရားအပေါင်းနှင့် ပြည့်စုံ သည်ဖြစ်၍-၃၁-ဘုံတွင် တစ်စုံတစ်ယောက်သောသူမျှ အတုမရှိ၊ အနန္တ စကြဝဠာဝိသယခေတ် ကုန်အောင်ကို မျက်တောင် တစ်ခတ်, လျှပ် တစ်ပြက်မျှဖြင့်လည်း ကြွလည်ပြန်ခေါက် ရောက်တော်မူနိုင်၏"

ဤသို့စသည်ဖြင့် အစိန္တေယျဖြစ်သော ဂုဏ်တော်, တန်ခိုးတော်ကို ချီးကျူးမြွက်ကြား၍ ဘုရားသခင်သည် အရှင်မင်းကြီး ဖူးမြင်စေခြင်းငှာ သံဃာတော် နှစ်သောင်းနှင့်တကွ ကြွတော်မူလာပြီ၊ ယနေ့ မည်သည့်စခန်း ကို ရောက်ပြီဟု ကြား၏၊ မင်းကြီးလည်း အလွန်အားရတော်မူ၍ ရှင်ကာဠု ဒါယီအား ဘောဇဉ်ငါးပါးတို့ဖြင့် ကောင်းစွာ လုပ်ကျွေးပြီးသော် ဗုဒ္ဓအလို့ငှာ မွန်မြတ်သော ဘောဇဉ်တို့ကို ပြင်ဆင် ကပ်လှူပြီး လျှောက်ကြား၏-

"ကျွန်ုပ်၏သား ဗုဒ္ဓသည် ကျွန်ုပ်တို့မြို့သို့ ရောက်သည်တိုင်အောင် ကျွန်ုပ် နန်းတော်က ဆွမ်းကိုသာ ဆောင်၍ လုပ်ကျွေးတော်မူပါ"

အရှင်လည်း ထိုဆွမ်းကို ဆောင်လျက် ကောင်းကင်ခရီးဖြင့် ကြွ၍ မြတ်စွာဘုရားအား ကပ်ပေး၏၊ ဤသို့သောနည်းဖြင့် ကာဠုဒါယီသည် နေ့တိုင်း နန်းတော်မှဆွမ်းကို ဆောင်၍ လုပ်ကျွေးရကား ခရီးအကြား၌ ဘုရားသခင်သည် မင်းကြီး၏ဆွမ်းကိုသာ ဘုဉ်းပေးတော်မူရ၏၊ ထို့ကြောင့် ရှင်ကာဠုဒါယီကို ကုလပ္ပသာဒကအရာ၌ ဧတဒဂ် ထားတော်မူခြင်းဖြစ်၏၊ ဘုရားသခင်လည်း တစ်နေ့ တစ်ယူဇနာစီကြွ၍ နှစ်လမြောက်သဖြင့် ကပိလဝတ်ပြည်သို့ ရောက်တော်မူ၏၊ ထိုအခါ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်မင်းတို့သည်လည်း ဘုရားသခင်နှင့်လျော်သောနေရာကို ရွေးချယ်စိစစ်၍ နိဂြောဓမင်းသား၏ ဥယျာဉ်အလယ် မွေ့လျော်ဖွယ်ရှိသော အရပ်၌ လျောက်ပတ်ကောင်းမွန်စွာ ကျောင်းတော်ကို ဆောက်၍ လှူဒါန်းကုန်သဖြင့် ထိုနိဂြောဓာရုံကျောင်း၌ နေတော်မူရ၏။

သမန္တစက္ခု၊ သဗ္ဗညုကား
ကာဠုဒါယီ၊ ပြည်ကပီသို့
အညီဘုရား တပည့်သားနှင့်
သွားစချင်ဖွယ်၊ ရတုနွယ်၍
ခြောက်ဆယ်မျှလောက်၊ ချီးမွမ်းမြောက်သား
ပြန်လျှောက်ဂါထာ၊ ကြားသောခါလျှင်
ရဟန္တာရှင်ကျော်၊ နှစ်သောင်းခေါ်၍
ကျောင်းတော်ဗိမာန်၊ ဝေဠုဝန်မှ
ကပိလမည်ရှောင်း၊ ပြည်တော်ဟောင်းသို့
ချမ်းဆောင်လပြယ်၊ တပေါင်းဝယ်၌
ခြောက်ဆယ်ယူဇနာ၊ ဝေးစွာခရီး
သွားလေပြီးသော် . . .

## ၃၃–ဗာကုလ

"ဘိက္ခုတို့ အနာရောဂါ ကင်းကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် ဗာကုလသည် အမြတ်ဆုံးဖြစ်၏"

ရှင်ဗာကုလသည် ပဒုမုတ္တရာဘုရားသခင်လက်ထက်ကစ၍ အနာရောဂါကင်းသော 'အပ္ပါဗာဓ'တေဒင်္ဂဆုကိုတောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ကောသမ္ဗီပြည်တွင် သူဌေးမျိုး၌ပဋိသန္ဓေတည်နေ၏၊ ထိုစဉ်ကပင် ထိုအမျိုး၌ လာဘ်ပေါ်များ၏၊ ဖွားမြင်သောအခါ အမေက သူငယ်ကို ယမုနာမြစ်၌ ရေချိုးစေ၏၊ အကြောင်းကား ဖွားမြင်စကလေးကို ယမုနာမြစ်၌ ရေချိုးပေးပါက ကျန်းမာ၍ အသက်ရှည်သမျှ ကာလပတ်လုံး ချမ်းသာ၏ဟု အစဉ်အလာရှိသောကြောင့် ဖြစ်၏။

အထိန်းတို့သည် သူငယ်ကို ယူဆောင်၍ မြစ်ဆိပ်သို့ သွားကြ၏၊ သူတို့သည် မြစ်တွင်းဆင်းကာ ရေကူးကြ၏၊ ရေငုပ်ကြ၏၊ ပျော်ပျော်ပါးပါး ရေကစားကြစဉ် ငါးကြီးတစ်ကောင်သည် သူငယ်ကို အစာထင်၍ မျိုသွား၏၊ သို့ရာတွင် ဘုန်းကံရှိသော သူငယ်သည် ဆင်းရဲခြင်းသို့ မရောက်ဘဲ အိပ်ရာတိုက်ခန်း၌ အိပ်ရဘိသကဲ့သို့ ဖြစ်၏၊ ငါးသည် သူငယ်၏အာနုဘော်ကြောင့် ပူလောင်၍ အဟုန်ဖြင့် ပြေးလေရာ ဗာရာဏသီပြည် တံငါသည်တို့ ပိုက်ကွန်၌ မိ၏၊ ထိုငါးကြီးကို ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးအိမ်က ဝယ်သွား၏၊ သူဌေးသည် ငါးဝမ်းတွင်းမှ ကလေးကို တွေ့ရ၍ မင်းကြီးထံသွား၍ လျှောက်၏–

"အရှင်မင်းကြီး ကျွန်ုပ်သည် ငါးဝမ်းထဲမှ သူငယ်ကို ရပါသည်၊ မည်သို့ ပြုလုပ်ရပါမည်နည်း"

"သူဌေး သူငယ်သည် ဘုန်းရှိ၏၊ ငါး၏ဝမ်းတွင်း ရောက်နေရသော်လည်း အနာရောဂါကင်းစွာနေရ၏၊ သူငယ်ကို ကောင်းစွာ မွေးမြူသင့်၏"

သို့ဖြင့် ကာလကြာသော် ထိုသတင်းကို မိဘတို့ကြား၍ လိုက်လာ

ပြီး မိမိတို့သားကို ပေးပါရန် တောင်းဆိုကြ၏၊ ဗာရာဏသီသူဌေးသည် မပေးနိုင်ကြောင်းကို ပြောပြ၏၊ သို့ဖြင့် ရှင်ဘုရင်ထံသို့ ရောက်၏၊ မင်းကြီးသည် အကြောင်းအရာ အလုံးစုံကို အကုန်စစ်ဆေးပြီး ဤသို့ ဆုံးဖြတ်၏။

"ဤအမိသည် ဆယ်လလွယ်၍ မွေးရသောကြောင့် အမိမဟုတ်ဟု မဆိုနိုင်၊ ငါးကို ဝယ်သော်လည်း အပပြု၍ ဝယ်သည်မဟုတ်၊ ငါးဝမ်းထဲမှ ရအပ်သောကြောင့် ဤအမိကိုလည်း အမိမဟုတ်ဟု မဆိုနိုင်၊ သို့ကြောင့် သူငယ်သည် အမျိုးနှစ်ပါးတို့၏ အမွေခံ ဖြစ်ရမည်"

ထိုအခါမှစ၍ အမျိုးနှစ်ပါးတို့သည် စီးပွားဥစ္စာလွန်စွာ တိုးပွားကုန်၏၊ သူငယ်အားလည်း အမျိုး နှစ်ပါးတို့ ကြီးပွားစေအပ်သောကြောင့် "ဒွေကုလ" ဟု ခေါ်လိုလျက် 'ဗာကုလ ခေါ်ဆိုကြ၏၊ သူသည် အရွယ်သို့ ရောက်သောအခါ ကောသမ္ဗီနှင့် ဗာရာဏသီနှစ်မြို့တို့၌ ပြာသာဒ်သုံးဆောင်တို့ကို ဆောက်၍ ကချေသည်တို့နှင့် ထားကုန်၏၊ တစ်မြို့တွင် လေးလနေ၏၊ ဤနည်းဖြင့် အနှစ်ရှစ်ဆယ်ပတ်လုံး ကုန်လွန်စေ၏၊ ထို့နောက် မြတ်စွာဘုရားပွင့်တော်မူ၍ ကောသမ္ဗီသို့ရောက်သော် ဗာကုလသည် မြတ်စွာဘုရားထံ သွား၍ တရားနာလေရာ သဒ္ဓါတရားဖြစ်ပြီး ရဟန်းပြု၏၊ ရဟန်းပြု၍ ရှစ်ရက်မြောက်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏။

ရှင်ဗာကုလသည် ရဟန္တာဖြစ်ပြီးနောက် မြို့နှစ်မြို့တို့၌ လူ့ဘဝက အလုပ်အကျွေးမိန်းမတို့သည် မိမိတို့၏အမျိုးအိမ်အသီးသီး ပြန်နေကြပြီး အဝတ် သင်္ကန်းချုပ်လုပ်လှူဒါန်းကြ၏၊ သူသည် ကောသမ္ဗီမြို့သူတို့ လှူသော သင်္ကန်းကို ၁၅–ရက်သုံးဆောင်၍ ဗာရာဏသီမြို့သူတို့ လှူသော သင်္ကန်းကို ၁၅–ရက် သုံးဆောင်၏၊ ဤနည်းဖြင့် မြို့နှစ်မြို့တွင် အမြတ်ဆုံး ဟူသမျှကို သူ၏ထံသို့သာလျှင် ဆက်ကပ် လှူဒါန်းကြ၏၊ သူသည် အနှစ် ၈၀–တို့ပတ်လုံး အိမ်ရာတည်ထောင် လူ့ဘောင်၌နေစဉ် လက်နှစ်ချောင်းဖြင့် နံ့သာခဲ–နံ့သာမှုန့်ကိုယူ၍ နမ်းကာမျှ ကာလလောက် တစ်စုံတစ်ရာ အနာရောဂါ မဖြစ်ခဲ့ချေ၊ အနှစ်ရှစ်ဆယ်ပတ်လုံး ချမ်းသာစွာ ရဟန်းအဖြစ်နှင့်

နေ၏၊ ရဟန်းဘဝ၌လည်း သူ့အား အနည်းငယ်မျှသော အနာရောဂါသည် လည်းကောင်း၊ ပစ္စည်းလေးပါး ချို့တဲ့မှုသည်လည်းကောင်း တစ်ရံတစ်ဆစ် မျှ မဖြစ်ချေ၊ သူသည် နောက်ဆုံး ပရိနိဗ္ဗာန် ပြုကာနီး၌ ရှေးလူဖြစ်စဉ်က သူငယ်ချင်းဖြစ်သော အစေလက ကဿပအား မိမိ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ–ချမ်းသာခြင်းကို ပြသည်၏အစွမ်းဖြင့် အလုံးစုံသော ဗာကုလသုတ်ကို ဟောကြား၏။

မြတ်စွာဘုရားသည် ရှင်ဗာကုလအား အရိယာသာဝကတို့၏ အလယ်၌ အနာရောဂါကင်းခြင်း အပ္ပာဗာဓအရာ၌ ဧတဒဂ် ထားတော်မူလေသည်။

အနုပါဒိသေသ နိဗ္ဗာနဓာတ် မဝင်မီ သူသည် ဤသို့လျှင် ဥဒါန်းစကား မြွက်ကြားခဲ့၏–

ငယ်ရွယ်စဉ် ရှေးအခါက ပြုသင့်ပြုထိုက်သော အမှုကိစ္စတို့ကို နောင်အိုမင်းသောအခါမှ ပြုလုပ်ရန် အလိုရှိသူသည် ချမ်းသာတည်ရာ အဖြာဖြာမှ ဆုတ်ယုတ်ရ၏၊ နောင်တ တစ်ဖန်လည်း ပူပန်ရ၏။

မိမိပြုလုပ်သော အမှုကိစ္စကိုသာ ပြောဆိုရာ၏၊ မပြု မလုပ်သော အမှုကိစ္စကို မပြောမဆိုရာ၊ မပြုလုပ်ဘဲ ပြောဆိုသူကို ပညာရှိတို့ သိကြကုန်၏၊ အထင် မကြီးကြကုန်။

## ၃၄–သောဘိတ

"ဘိက္ခုတို့ ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ငါ၏သာဝကဘိက္ခုတို့တွင် သောဘိတသည် အမြတ်ဆုံးဖြစ်၏"

ရှင်သောဘိတသည် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အစဉ်အားဖြင့် အောက်မေ့သည်ရှိသော် ကမ္ဘာငါးရာတို့ပတ်လုံး အသညီဘဝ၌ စိတ်မရှိသော ပဋိသန္ဓေနည်းအားဖြင့် ကောင်းကင်၌ ခြေရာကို ပြသကဲ့သို့ ယူ၏၊ ထို့ကြောင့် ယင်းဧတဒဂ်ကို ရခြင်းဖြစ်၏၊ သူသည် ထိုဆုကို ပဒုမုတ္တရ

ဘုရားသခင် လက်ထက်ကစ၍ ပန်ဆင်ခဲ့၏။

ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ ဖြစ်၏၊ သောဘိတဟု အမည်တွင်၏၊ သူသည် အခါတစ်ပါး မြတ်စွာဘုရား၏ တရားကို နာကြား၍ သဒ္ဓါတရားဖြစ်ကာ ရဟန်းပြု၏၊ ဝိပဿနာတရားပွားလေရာ ရဟန္တာဖြစ်၍ ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အစဉ်လျှောက်၍ မြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၌ လေ့လာ အပ်သော ဝသီတော်ရှိ၏။

ရှင်သောဘိတသည် အစဉ်အတိုင်း မိမိဖြစ်ရာဌာနကို ပြန်လည် အောက်မေ့သော် အသညီဘဝ၌ စိတ်မရှိသော ပဋိသန္ဓေတိုင်အောင် မြင်၏၊ ထို့နောက် အခြားကမ္ဘာ ငါးရာတို့၌ ဖြစ်ခြင်းကို မမြင်၊ အဆုံး၌ စုတိကို မြင်၍ "ဤသည်ကား အဘယ်နည်း" ဟု ဆင်ခြင်သော် နည်း၏အစွမ်းဖြင့် အသညီဘဝ ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်၏၊ ဤအကြောင်း အတ္ထုပ္ပတ်ကြောင့် မြတ်စွာဘုရားသည် သူ့အား ပုဗ္ဗေနိဝါသ အနုဿရဏအရာ၌ ဧတဒဂ် ထား တော်မူ၏။

## ၃၅-ဥပါလိ

"ဘိက္ခုတို့ ဝိနည်းကို ဆောင်ကုန်သော ငါ၏သာဝကဘိက္ခုတို့ တွင် ဥပါလိသည် အမြတ်ဆုံး ဖြစ်၏"

ရှင်ဥပါလိသည် ပဒုမုတ္တရာဘုရားသခင် လက်ထက်ကစတင်၍ ဤဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက် သောအခါ ဆတ္တာသည် အိမ်၌ ပဋိသန္ဓေတည်နေ၏၊ ဥပါလိဟု အမည်တွင် ၏၊ သူသည် အရွယ်သို့ ရောက်သောအခါ သာကီဝင်မင်းသားတို့နှင့် အတူ တကွ အကျွမ်းတဝင် ချစ်ခင်ရင်းနှီးစွာနေ၏။

အခါတစ်ပါး မြတ်စွာဘုရား အနုပိယ သရက်ဥယျာဉ်၌ နေတော် မူစဉ် သာကီဝင်ဖြစ်သော ဘဒ္ဒိယ, အနုရုဒ္ဓ, အာနန္ဒ, ဘဂု, ကိမိလ, ဒေဝဒတ္တ တို့သည် ဆတ္တာသည် ဥပါလိကို ခေါ်၍ မြတ်စွာဘုရားထံတွင် ရဟန်းခံရန်

သွားကြ၏၊ သူတို့သည် ရှေးအခါက ဥယျာဉ်မြေသို့ ထွက်သကဲ့သို့ စစ်အင်္ဂါလေးပါးဖြင့် ထွက်ကြ၏၊ သူတို့သည် အဝေးသို့ သွားပြီးလျှင် စစ်တပ်ကို ပြန်ဆုတ်စေ၏၊ ထို့နောက် နိုင်ငံတစ်ပါးသို့ ရောက်သောအခါ အဝတ်တန်ဆာတို့ကို ချွတ်ကာ ဥပါလိအား ပေး၍ ပြောပြ၏–

"အချင်း ဥပါလိ သင်သည် ယခုအခါ ပြန်ပါလေလော့၊ ဤမျှသော အဝတ်တန်ဆာ ရတနာတို့သည် သင့်အား အသက်မွေးနိုင်လောက်၏"

ထိုအခါ ဥပါလိသည် မင်းသားတို့၏အဝတ်တန်ဆာတို့ကို ထုပ်ပိုး၍ ပြန်ခဲ့၏၊ အတန်သွားမိသောအခါ ဤသို့ စဉ်းစားမိ၏–

"သာကီဝင်မင်းသားတို့သည် ကြမ်းတမ်းကုန်၏၊ မင်းသားတို့ကို ထွက်သွားစေကုန်၏ဟု ငါ့ကို သတ်သော်လည်း သတ်ရာ၏၊ ဤသာကီဝင်မင်းသားတို့ပင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသေး၏၊ ငါမူကား အဘယ်နည်း"

ဥပါလိသည် ဤသို့ အကြံဖြစ်ပြီးနောက် ထိုအဝတ်တန်ဆာ ရတနာထုပ်ကို သစ်ပင်၌ ဆွဲကာ– "တွေ့မြင်သူအား ပေးလှူပြီးဖြစ်၏၊ မည်သူမဆို ဆောင်ယူနိုင်၏" ဟု စာရေးထားပြီးလျှင် မင်းသားတို့နောက်သို့ အမီလိုက်၏၊ မင်းသားတို့ကလည်း "အချင်းဥပါလိ ယင်းသို့ လိုက်ခြင်းသည် ကောင်းသောပြုမှုခြင်းဖြစ်၏၊ မှန်သည် သာကီဝင်မင်းသားတို့သည် ကြမ်းတမ်းကုန်၏၊ ငါတို့နှင့် ပတ်သက်၍ သင့်ကို သတ်ချင်သတ်မည်" ဟု ဆိုကာ အတူခေါ်ဆောင်သွားကြ၏၊ သို့ဖြင့် မြတ်စွာဘုရားထံသို့ ရောက်သောအခါ မင်းသားတို့က လျှောက်ကြားကြ၏။

"မြတ်စွာဘုရား ကျွန်ုပ်တို့ သာကီဝင်တို့မည်သည် မာန်မာနကို မှီပါကုန်၏၊ အရှင်မြတ်ဘုရား ဤဆတ္တာသည် ဥပါလိသည် ရှည်မြင့်စွာသော ကာလပတ်လုံး ကျွန်ုပ်တို့၏အလုပ်အကျွေး ဖြစ်ခဲ့ပါသည်၊ သို့ကြောင့် သူ့ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ၊ ကျွန်ုပ်တို့သည် သူ့အား ရှိခိုးခြင်း,

ခရီးဦးကြိုခြင်း, လက်အုပ်ချီခြင်း, ရိုသေခြင်း ပြုပါမည်၊ သို့မှလည်း ကျွန်ုပ်တို့၏ သာကီယ မာန်မာန လျှော့ကျပါမည်"

မြတ်စွာဘုရားလည်း သူတို့၏အလိုဆန္ဒအတိုင်း ဆတ္တာသည် ဥပါလိကိုပင် ရှေးဦးစွာ ရဟန်းပြုပေး၏၊ ထို့နောက်မှ သာကီဝင်မင်းသား ခြောက်ယောက်တို့ကို ရဟန်းပြုပေး၏၊ ရှင်ဥပါလိသည် ရဟန်းဖြစ်သော အခါ ကမ္မဋ္ဌာန်းတရားကို သင်ကြားပြီး "မြတ်စွာဘုရား ကျွန်ုပ်အား တောကျောင်း၌ နေခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရား မိန့်ကြားတော်မူ၏ –

"ဥပါလိ တောကျောင်း၌ နေပါလျှင် သင်သည် ဝိပဿနာဓုရတရားတစ်ပါးကိုသာ တိုးပွားစေနိုင်မည်၊ ငါထံ၌ နေပါမူကား ဝိပဿနာဓုရအပြင် ဂန္ထဓုရတရားကိုပါ တိုးပွားစေနိုင်မည်"

ရှင်ဥပါလိသည် မြတ်စွာဘုရား၏စကားကို ဝန်ခံလိုက်နာ၍ ဝိပဿနာတရားကို ကြိုးစားအားထုတ်ရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ ထို့နောက် မြတ်စွာဘုရားကိုယ်တိုင်ပင် သူ့အား ဝိနယ ပိဋက အလုံးစုံကို အကုန် သင်ကြားပေး၏၊ ဗုဒ္ဓသာသနာ၌ ဂိနည်းအရာတွင် ရှင်ဥပါလိသာ ပဓာန ဖြစ်၏၊ ဝိနည်းသိက္ခာပုဒ်နှင့် ပတ်သက်လျှင် သူ၏ ဆုံးဖြတ်ချက်ကို ခံယူရ၏။

တစ်ရံသောအခါ ဘာရုကစ္ဆက သင်္ဘောဆိပ်နေ ရဟန်းတစ်ပါးသည် "မယားဟောင်းအား မေထုန်အကျင့် ပြုကျင့်မှီဝဲသည်" ဟု အိပ်မက်၏၊ ရဟန်းသည် ထို့ကြောင့် မိမိ ရဟန်းမဟုတ်တော့၊ ပါရာဇိက ကျလေပြီဟု နှလုံးမသာမယာဖြစ်ကာ လူထွက်တော့အံ့ဟု ဘာရုကစ္ဆက သင်္ဘောဆိပ်သို့ သွား၏၊ လမ်းခရီးအကြား၌ ရှင်ဥပါလိနှင့်တွေ့၍ အကြောင်းကို လျှောက်ကြား၏၊ ထိုအခါ ရှင်ဥပါလိက "အိပ်မက်ဖြင့် အာပတ်မသင့်"ဟု ဆုံးဖြတ်၏။

တစ်ရံသောအခါ ဝေသာလီမြို့၌ ရှင်အဇ္ဇုကာ၏ အလုပ်အကျွေး

ဒါယကာအား သားနှင့်တူရှိ၏၊ တစ်နေ့တွင် ဒါယကာသည် ရှင်အဓ္ဓုက အား "အရှင်ဘုရား ဤသူငယ် နှစ်ယောက်တွင် သဒ္ဓါတရားရှိ၍ ရတနာ သုံးပါးကို ကြည်ညိုသော သူငယ်အား ဤဥစ္စာစု၏ အခွင့်အရေးကို ပြော ကြားတော်မူပါ" ဟု လျှောက်ကြား၏။

ဒါယကာ၏ တူသည် သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည် ညိုသူဖြစ်ရကား ရှင်အဓ္ဓုကသည် ထိုဥစ္စာစု၏အခွင့်အရေးကို တူဖြစ် သူအား ပြောကြား၏၊ ထိုသူငယ်သည် ထိုဥစ္စာစုဖြင့် ရောင်းဝယ်ဖောက်ကားမှု ဥစ္စာစု ကိုလည်း တည်စေ၏၊ အလှူဒါနလည်း ပြု၏၊ ထိုအခါ ထိုဒါယကာ၏ သားသည် ရှင်အာနန္ဒအား လျှောက်ကြား၏–

"အရှင်ဘုရားအာနန္ဒ သားနှင့်တူ အဘယ်သူသည် အဖ၏ အမွေ ကို ခံယူရပါသနည်း"

"ငါ့ရှင် ဒါယကာ... သားသည် အဖ၏ အမွေခံ ဖြစ်၏"

"အရှင်ဘုရား ဤရှင်အဓ္ဓုကသည် ကျွန်ုပ်၏ ဥစ္စာနှစ်ကို ကျွန်ုပ် တို့၏ ယောက်ဖ အဖတူအား ညွှန်ကြားပါ၏"

"ငါ့ရှင် ဒါယကာ သို့ဖြစ်ပါလျှင် အဓ္ဓုကသည် ရဟန်း မဟုတ် တော့ပါ"

ထိုအကြောင်းကို ရှင်ဥပါလိ ကြားသိလေရာ ရှင်အာနန္ဒကို ခေါ်၍ ပြော၏–

"ငါ့ရှင် အာနန္ဒ ဤရှင်အဓ္ဓုကသည် ဤဥစ္စာစု၏အခွင့်အရေးကို ဤမည်သောသူအား ညွှန်ကြားပါဟု ဥစ္စာရှင်က မှာထား၍ ထိုသူငယ်အား ညွှန်ကြား၏၊ ငါ့ရှင်အာနန္ဒ ထို့ကြောင့် ရှင်အဓ္ဓုကအား အာပတ် မသင့်, အပြစ်မရှိ"

နောင်အခါ မြတ်စွာဘုရားသည် ရှင်ဥပါလိအား "ဝိနည်း အဆုံး

အဖြတ်တွင် သဗ္ဗညုတဉာဏ်နှင့်အတူ နီးနှော၍ ဆုံးဖြတ်ဘိ၏" ဟု ဝိနယ ရေအရာ၌ ဧတဒဂ် ပေးတော်မူ၏၊ သူ၏ ဥဒါန်းကား ဤသို့တည်း။

ယုံကြည်မှု သဒ္ဓါဖြင့် ငယ်ရွယ်စဉ်ကပင် ရဟန်းပြုသူသည် စင်ကြယ်သော အသက်မွေးခြင်း ရှိကုန်သော, ပျင်းရိခြင်းမှ ကင်းကုန်သော, အဆွေခင်ပွန်းကောင်းတို့ကို မှီဝဲရာ၏၊ အပ်သည်-မအပ်သည်တို့၌ လိမ္မာသည်ဖြစ်၍ ပစ္စည်းလေးပါးတို့၌ တောင့်တမှု ကင်းလျက် ကျင့်ရာ၏။

## ၃၆-နန္ဒက

"ဘိက္ခုတို့ ဘိက္ခုနီတို့ကို ဆုံးမကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် နန္ဒကသည် အမြတ်ဆုံး ဖြစ်၏"

ရှင်နန္ဒကသည် ပဒုမုတ္တရဘုရားလက်ထက်ကစ၍ ဘိက္ခုနောဝါဒက ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်တွင် သာဝတ္ထိပြည်၌ ဖြစ်၍ အရွယ်ရောက်လတ်သော် မြတ်စွာဘုရား၏ တရားနာကြားရ၍ သဒ္ဓါတရားဖြစ်ကာ ရဟန်းပြု၏၊ ထိုနောက် ဝိပဿနာတရားပွားများရာ ရဟန္တာဖြစ်သွား၏၊ သူသည် ပုဗ္ဗေနိဝါသဉာဏ်၌ လေ့လာသောဝသီဘော်ရှိ၏၊ ခပ်သိမ်းသောသတ္တဝါတို့၏စိတ်ကို ယူ၍သာလျှင် တရားဟောစွမ်းနိုင်၏ဟု ကျော်ကြားသော မဟာထေရ် ဖြစ်၏။

တစ်ရံသောအခါ သာကီဝင်မင်းတို့သည် ရောဟိဏီမြစ်ရေနှင့် ပတ်သက်၍ပြဿနာဖြစ်ကြ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုပြဿနာကို ဖြေရှင်းပြီး သာကီဝင်မင်းသား ငါးရာတို့ကို ရဟန်းပြုပေး၏၊ ထိုနောက် သူတို့ကို ကုဏာလအိုင်သို့ ခေါ်သွားပြီးလျှင် ကုဏာလဇာတ်ကို ဟောကြား၍ သောတာပန်ဖြစ်စေ၏၊ တဖန် မဟာသမယသုတ်ကို ဟောကြားသဖြင့် အလုံးစုံ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

ရဟန်းပြုသွားကုန်သော မင်းသားတို့၏ မယားဟောင်းတို့သည် "ယခုအခါ ငါတို့ မည်သို့ ပြုကြမည်နည်း" ဟု တိုင်ပင်ကြပြီးလျှင် အားလုံးသဘောတူ မိထွေးတော် ဂေါတမီထံ ချဉ်းကပ်၍ ဘိက္ခုနီ ပြုလုပ်ကြ၏၊

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့သည် ဘိက္ခုနီတို့ကို အလှည့်ကျ ဆုံးမကြရမည်" ဟု အမိန့်ပေး၏၊ ထို့ကြောင့် ရဟန်းတို့သည် သူတို့အား အလှည့်ကျ ဆုံးမ ဩဝါဒ ပေးကြရ၏။

တစ်နေ့တွင် ရှင်နန္ဒက၏ အလှည့်ကျ၏၊ သို့ရာတွင် သူသည် မိမိအလှည့်ကို အခြားရဟန်းတစ်ပါးအား တောင်းပန်ပြီး စေလွှတ်၏၊ အကြောင်းကား သူသည် လွန်လေပြီးသောအတိတ်ဘဝက မင်းကေရာဇ် ဖြစ်ခဲ့ဖူး၏၊ ထိုစဉ်အခါက ဤဘိက္ခုနီငါးရာတို့သည် သူ၏ ခြေရင်း အလုပ် အကျွေးမောင်းမ မိဿံ အခြံအရံတို့ ဖြစ်ခဲ့ကုန်၏၊ အကယ်၍ မိမိသည် သူတို့အလယ်၌ ဆုံးမ ဩဝါဒပေးနေပါသော် ပုဗ္ဗေနိဝါသဉာဏ်ရသော ရဟန်းတို့က "ရှင်နန္ဒကသည် ယခုတိုင်အောင် မောင်းမတို့ကို မစွန့်သေး၊ မောင်းမတို့၏အလယ်၌ တင့်တယ်ပေစွတကား" ဟု ဆိုကုန်ရာ၏၊ သူသည် ဤသို့အကြံဖြစ်၍ ဘိက္ခုနီတို့အား ဩဝါဒမပေးခြင်း ဖြစ်၏။

သို့ရာတွင် ဘိက္ခုနီတို့ကား ရှင်နန္ဒက၏ ဩဝါဒကို လိုလား တောင့်တကြ၏၊ "ရှင်နန္ဒကသည် ငါတို့အား အဘယ်ကြောင့် ဩဝါဒ မပေးသနည်း" ဟု ဆိုကြ၏၊ ထိုစကားကို မြတ်စွာဘုရား ကြားသိတော်မူ၍ "မိမိအလှည့်ကို ရောက်လျှင် တစ်ပါးသောရဟန်းကို မစေလွှတ်ရ၊ ကိုယ် တိုင်သွား၍ ဘိက္ခုနီတို့အား ဩဝါဒပေးရမည်" ဟု မိန့်ကြား၏၊ ထို့ကြောင့် ရှင်နန္ဒကသည် မိမိအလှည့်သို့ ရောက်သောအခါ ကိုယ်တိုင်သွား၍ ဘိက္ခုနီ တို့အား ဩဝါဒပေးရ၏၊ အာယတန ၆–ပါးဖြင့် တန်ဆာဆင်သော ဩဝါဒ ဖြင့် ဘိက္ခုနီအားလုံး သောတာပန် ဖြစ်သွားကြ၏။

မြတ်စွာဘုရားသည် ဘယ်သူ တရားဟောသဖြင့် ဤဘိက္ခုနီတို့ အထက်မဂ်ဖိုလ်ကို ရကြမည်နည်းဟု ဆင်ခြင်သော် ရှင်နန္ဒကကို မြင်တော် မူ၍ နောက်တစ်နေ့လည်း ရှင်နန္ဒကထံသို့သာလျှင် တရားနာကြရန် စေ လွှတ်တော်မူ၏၊ သူတို့သည် ထိုအခါ အလုံးစုံ ရဟန္တာအဖြစ်သို့ ရောက်သွား ကုန်၏၊ ထို့နောက် သူတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၏၊

ထိုအခါ မြတ်စွာဘုရားသည် တရား၏အကျိုးအာနိသင်ရှိသည်ကို သိတော်မူ၍ "ယမန်နေ့က နန္ဒက၏ တရားဒေသနာတော်သည် ၁၄–ရက် လနှင့်တူ၏၊ ယနေ့ သူ၏ တရားဒေသနာသည် ၁၅–ရက် လနှင့် တူ၏" ဟုဆို၍ ကောင်းချီးနမော် သာဓုခေါ်၏၊ ထိုအကြောင်းကို အတ္ထုပ္ပတ်ပြု၍ ရှင်နန္ဒကအား ဘိက္ခုနောဝါဒကအရာ၌ ဧတဒဂ် ပေးတော်မူလေသည်။

## ၃၇–နန္ဒ

"ဘိက္ခုတို့ ဣန္ဒြေကို စောင့်စည်းကုန်သော ငါ၏သာဝကဘိက္ခုတို့တွင် နန္ဒသည် အမြတ်ဆုံးဖြစ်၏"

မြတ်စွာဘုရား၏ သာဝကတို့သည် ဣန္ဒြေကို စောင့်စည်းကြ၏၊ ဣန္ဒြေ မစောင့်စည်းသော ရဟန်းဟူ၍ မရှိချေ၊ ထိုတွင် ရှင်နန္ဒသည် မည်သည့်အရပ်မျက်နှာကို ကြည့်သည်ဖြစ်စေ သမ္ပဇဉ်လေးပါးဖြင့် ပိုင်းခြားခြင်းမရှိဘဲ ကြည့်ရှုခြင်း မရှိချေ၊ ထို့ကြောင့် သူသည် ဤဧတဒဂ်ကို ရခြင်းဖြစ်၏။

ရှင်နန္ဒသည် ပဒုမုတ္တရဘုရားသခင် လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ကပိလဝတ်ပြည် မဟာပဇာပတိ ဂေါတမီဝမ်း၌ ပဋိသန္ဓေ တည်နေ၏၊ မြတ်စွာဘုရား ရာဇဂြိုဟ်မှ ကပိလဝတ်ပြည်သို့ ကြွ၍ ခမည်းတော်မင်းကြီးအား သောတာပန်အဖြစ်တည်စေ၏၊ နောက်တစ်နေ့၌ ယသော်ဓရာအား ဩဝါဒပေး၏၊ နောက်တစ်နေ့တွင် နန္ဒမင်းသား၏ လက်ထပ် မင်္ဂလာပွဲသို့ကြွ၍ နန္ဒကို သပိတ်ယူစေ၍ ကျောင်းတော်သို့ ခေါ်ဆောင်သွား၏။

နန္ဒသည် ဘိသိက်မင်္ဂလာပွဲကို စွဲလမ်းနှစ်သက်ခြင်း မရှိ၊ ထိုပွဲကသူ့ကို နှိပ်စက်ခြင်း မရှိ၊ စင်စစ်သော်ကား သပိတ်ပိုက်၍ ဘုရားနောက်လိုက်သောအခါ မင်္ဂလာသတို့သမီးဇနပဒကလျာဏီက ပြာသာဒ်ပေါ်မှ လေထောက်ပြတင်းဖွင့်၍ "မြန်မြန်ပြန်ခဲ့ပါ မောင်မောင်" ဟု မှာလိုက်သောစကားကိုသာ အစဉ်ကြားနေ၏၊ ထိုစကားကသာ သူ့ကို ပူပန်စေ၏၊

တစ်နေရာမှ ပြန်လှွတ်လိမ့်မည်ဟု မျှော်လင့်သော်လည်း မြတ်စွာဘုရားသည် သူ့ကို ပြန်မလွှတ်ချေ၊ ကျောင်းသို့အရောက် ခေါ်ဆောင်သွားပြီး ရဟန်းပြုပေး၏၊ ငြင်းပယ်ရန် မဝံ့၍ ရဟန်းပြုရသော်လည်း ကြင်ယာတော်အသစ်စက်စက်၏မှာကြားချက်မှာ သူ၏နားက မထွက်ချေ၊ ထိုစကားကိုသာ အထပ်ထပ် ကြားယောင်နေ၏၊ အမှတ်ရနေ၏၊ ထို့ပြင် ဇနပဒကလျာဏီ အနီး၌ လာ၍ ထိုင်နေသကဲ့သို့ ထင်၏။

ရှင်နန္ဒသည် ရဟန်းအဖြစ်၌ မပျော်မွေ့ခြင်း နှိပ်စက်၍ သက်သာမှုကို ရှာ၏၊ တစ်နေရာသို့ ထွက်သွား၏၊ အတန်သွားမိသောအခါ တောအုပ်တစ်ခုသို့ ရောက်၏၊ ထိုမှလွန်လျှင် မြတ်စွာဘုရား ရှေ့မှ လာ၍ ရပ်သကဲ့သို့ ထင်၏၊ ထိုအခါ သူသည် မီးထဲ၌ ထည့်လိုက်သော ကြက်တောင်ကဲ့သို့ ပြန်နစ်၍ မိမိနေရာသို့ ပြန်ခဲ့၏၊ မြတ်စွာဘုရားသည် နန္ဒ၏ အဖြစ်ကို စိစစ်၏– "နန္ဒသည် အလွန်လျှင် မေ့လျော့၍ နေ၏၊ မမွေ့လျော်ခြင်းကို ငြိမ်းရန် မစွမ်းနိုင် ဖြစ်နေ၏၊ သူ၏စိတ်ကို ငြိမ်းရန် ပြုသင့်၏" ဟု အကြံဖြစ်၍ ခေါ်၍ ပြော၏–

"နန္ဒ လာလှည့်၊ နတ်ပြည်ကို သွားကြမည်"

"မြတ်စွာဘုရား ကျွန်ုပ်သည် ဘယ်သို့လျှင် တန်ခိုးဖြင့် သွားရမည့် နတ်ပြည်သို့ လိုက်နိုင်ပါမည်နည်း"

"နန္ဒ သင်သွားလိုသည့်စိတ်ကိုသာ ဖြစ်စေပါဘိ၊ သွားပါလျှင် နတ်တို့ကို တွေ့မြင်ရလိမ့်မည်"

ရှင်နန္ဒသည် မြတ်စွာဘုရား၏အာနုဘော်ဖြင့် ဘုရားနှင့်အတူတကွ နတ်ပြည်သို့ လိုက်သွား၏၊ သိကြားမင်း ဗိမာန်တွင် နတ်သမီး ငါးရာကို တွေ့မြင်ရ၏၊ ထိုအခါ မြတ်စွာဘုရားက မေး၏–

"နန္ဒ ဤနတ်သမီးတို့သည် လှသလော သို့မဟုတ် ဇနပဒကလျာဏီက လှသလော"

"မြတ်စွာဘုရား ဤနတ်သမီးတို့နှင့် ထောက်စာပါလျှင် ဇနပဒ

ကလျာဏီသည် နှာခေါင်း နားရွက် ပြတ်နေသော မျောက်မကဲ့သို့ ထင်ရပါသည်"

"နန္ဒ ဤသို့သဘောရှိသော နတ်သမီးတို့သည် ရဟန်း တရားအားထုတ်သူတို့အား ရရန်အတွက် မခက်ကုန်"

"မြတ်စွာဘုရား အကယ်၍ ဤနတ်သမီးတို့ကိုရရန် တာဝန်ခံပါလျှင် ကျွန်ုပ် ရဟန်းတရား အားထုတ်ပါမည်"

"နန္ဒ သင်သည် လွတ်လွတ်လပ်လပ် ရဲရဲရင့်ရင့်သာ ရဟန်းတရားကို အားထုတ်ပါဘိ၊ အကယ်၍ သင်သည် ပဋိသန္ဓေနေမှုနှင့်တကွ သေသည်ဖြစ်အံ့၊ ငါသည် ထိုနတ်သမီးတို့ကို ရရန် အာမခံသည်"

ဤသို့ ပြောပြပြီး နတ်ပြည်တွင် ရှင်နန္ဒ၏ အလိုဆန္ဒအတိုင်း လှည့်လည်ကာ ဇေတဝန်ကျောင်းသို့ ပြန်ကြွ၏၊ ထိုအခါမှစ၍ နန္ဒသည် နတ်သမီးတို့ကို ရရန် ရည်ညွှန်းလျက် နေ့ရောညဉ့်ပါ ရဟန်းတရားကို အားထုတ်၏၊ ထိုစဉ် ရဟန်းများ ပြောစကားကို ကြားရ၏–

"နန္ဒသည် သူခစားတည်း၊ အဝယ်သမားတည်း၊ နတ်သမီးတို့ကို လိုချင်သောကြောင့် ရဟန်းတရားကို ကျင့်နေ၏၊ မြတ်စွာဘုရားသည် ခိုခြေအဆင်းရှိသော နတ်သမီးတို့ကို ရစေမည်ဟု သူ့အား တာဝန်ခံထားသတတ်"

ထိုစကားတို့ကို ကြားရ၍ "ဤရဟန်းတို့သည် သူတစ်ပါးကို ပြောသည်မဟုတ်၊ ငါ့ကို အကြောင်းပြု၍ ပြောကုန်၏၊ ငါ၏ အလုပ်သည် မသင့်လျော်"ဟု ရှင်နန္ဒ အကြံဖြစ်၏၊ ထို့နောက် သူသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ လျှောက်ကြား၏–

"မြတ်စွာဘုရား အရှင်ဘုရားသည် ကျွန်ုပ်အား ခိုခြေအဆင်းနှင့်တူကုန်သော နတ်သမီးတို့ကို ရရန် တာဝန်ခံခဲ့ပါသည်၊ မြတ်စွာဘုရား အရှင်ဘုရားကို ကျွန်ုပ် ယခု ထိုဝန်ခံချက်မှ လွှတ်ပါသည်"

"နန္ဒ လက်လိပ်ထိုး သက်န်းတို့ကို ဝတ်ရုံခြင်း, မျက်စိတို့ကို

မျက်ရေးကွင်းခြင်း, အရောင်ထွက်သည့် သပိတ်တို့ကို ဆောင်ခြင်းတို့သည် ယုံကြည်မှုသဒ္ဓါတရားနှင့် ရဟန်းပြုသော အမျိုးကောင်းသား သင့်အား မလျော်ကပ်ပတ်၊ တောဥ်နေခြင်း, အမြဲဆွမ်းခံစားခြင်း, ပုံ့သကူ စုတင် ဆောက်တည်ခြင်း, ကာမဂုဏ်တို့၌ မငဲ့ကွက်မူ၍ နေခြင်းသည်သာလျှင် ယုံကြည်မှု သဒ္ဓါတရားနှင့်ရဟန်းပြုသော သင့်အား လျောက်ပတ်၏၊ အာရညကင်စုတင်ကို ဆောက်တည်သော, ပံ့သကူစုတင်ကို ဆောက်တည် သော, မထင်မရှား ဆွမ်းခံ၍ရသော ဆွမ်းဖြင့် မျှတရောင့်ရဲသော, ကာမဂုဏ် တို့၌ ငဲ့ကွက်ခြင်းမရှိသော သင့်ကို ဘယ်အခါ ငါမြင်ရပါမည်နည်း"

ထိုအခါ ရှင်နန္ဒသည် မြတ်စွာဘုရား၏အလိုကျ ဝိပဿနာ တရားကို ပွားများအားထုတ်၏၊ သူရဟန္တာ ဖြစ်သောအခါ မထင်ရှားသော နတ်သားတစ်ယောက် မြတ်စွာဘုရားကို သွား၍ လျှောက်၏၊ မြတ်စွာဘုရား ကိုယ်တိုင်လည်း ရှင်နန္ဒ ရဟန္တာဖြစ်ကြောင်း သိပြီးဖြစ်၏၊ ထိုအခါ သူသည် သမ္မဇဉ်တရားလေးပါးနှင့်ကင်း၍ အရပ်မျက်နှာတို့ကို ကြည့်ရှုခြင်း မရှိတော့ ချေ၊ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့အား ဣန္ဒြိယဂုတ္တဒွါရအရာ၌ ဧတဒဂ် ထားတော်မူခြင်းဖြစ်၏။

## ၃၈–မဟာကပ္ပိန

"ဘိက္ခုတို့ ဘိက္ခုတို့ကို ဆုံးမတတ်သော ငါ၏သာဝကဘိက္ခု တို့တွင် မဟာကပ္ပိနသည် အမြတ်ဆုံးဖြစ်၏"

ရှင်မဟာကပ္ပိနသည် တစ်စုတစ်ပေါင်းတည်း တရားဟောရာ တွင် ရဟန်းတစ်ထောင် အရဟတ္တဖိုလ်သို့ ရောက်သောကြောင့် ဤဘိက္ခု ဩဝါဒ ဧတဒဂ်ရခြင်းဖြစ်၏၊ သူသည် ပဒုမုတ္တရဘုရားသခင်လက်ထက် ကစ၍ ဤဆုကို တောင်းဆိုလာခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက် သို့ရောက်သောအခါ ပစ္စန္တရာဇ်အရပ် ကုက္ကုဋဝတီမြို့တွင် မင်းမျိုး၌ ဖြစ်၏၊ ခမည်းတော်မင်းကြီးလွန်သော် မင်းအဖြစ်ကိုရ၏၊ ဒေဝီမှာ အနောဇာဖြစ်၏၊

လွန်စွာ ဗဟုသုတလိုလားသောမင်းဖြစ်၏၊ နေ့စဉ် နံနက်စောစော မြို့၏ အရပ်လေးမျက်နှာကို တမန်စေလွှတ်ကာ "အကြားအမြင် ရှိကုန်သော၊ အကြားအမြင်ကို ဆောင်ကုန်သော သူတို့ကို တွေ့မြင်ရာအရပ်မှ အမြန် လာ၍ ပြောကြားကုန်လော့" ဟု မှာကြားထား၏။

တစ်ရံသောအခါ သာဝတ္ထိပြည်မှ ကုန်သည်တို့သည် ကုက္ကုဋ ဝတီမြို့သို့ ကုန်စည်ကူးသန်းရောင်းဝယ်ရန် ရောက်လာပြီး မဟာကပ္ပိန မင်းကြီးထံ လက်ဆောင်ပဏ္ဏာတို့ဖြင့် အခစားဝင်ကြ၏၊ ထိုအခါ ဗဟု သုတ လိုလားမြတ်နိုးသော မင်းကြီးက သူတို့အား စူးစမ်း၏–

"ကုန်သည်တို့ သင်တို့သည် အဘယ်အရပ်က လာကြသနည်း"

"အရှင်မင်းကြီး ကျွန်ုပ်တို့သည် သာဝတ္ထိမှ လာကြပါသည်"

"သင်တို့၏ ဒေသတွင် တစ်စုံတစ်ရာ သတင်းထူး ရှိပါသလော"

"ရှိပါသည် အရှင်မင်းကြီး ထိုသတင်းကို အချည်းနှီးသော ခံတွင်း ဖြင့် ပြောပြရန် မသင့်လျော်ပါ"

ထိုအခါ မဟာကပ္ပိန မင်းကြီးသည် ရွှေကရားဖြင့် ရေပေး၏၊ သူတို့သည် ခံတွင်းကို ကောင်းစွာ ဆေးကြောပြီး မြတ်စွာဘုရားရှိရာအရပ် သို့ ရှေးရှု လက်အုပ်ချီလျက် မင်းကြီးအား လျှောက်ကြား၏–

"အရှင်မင်းကြီး ကျွန်ုပ်တို့၏ဒေသတွင် ဘုရားရတနာ ပွင့်ထွန်း နေပါသည်"

မင်းကြီးသည် 'ဘုရား' ဟူသော စကားကို ကြားကာမျှ၌လျှင် တစ်ကိုယ်လုံး ပီတိလွှမ်းဖုံးသွား၏၊ ဘုရားဟူသောပုဒ်သည် အတိုင်းအရှည် မရှိ၊ နှိုင်းယှဉ်စရာ မရှိ၊ နှိုင်းယှဉ်ခြင်းငှာ မတတ်ကောင်းဟု ကြံတွေးလျက် ကုန်သည်တို့အား ဆုငွေတစ်သိန်းပေးပြီး မေးပြန်၏–

"ထို့နောက် ဘယ်သို့သော သတင်းထူးရှိပါသေးသနည်း"

"အရှင်မင်းကြီး တရားရတနာ ဖြစ်ပေါ်နေပါသည်"

ထိုအခါလည်း မင်းကြီးသည် ဆုငွေတစ်သိန်းပေး၍ မေးပြန်၏–

"ထိုနောက် ဘယ်သို့သော သတင်းထူး ရှိပါသေးသနည်း"

"အရှင်မင်းကြီး သံဃာရတနာ ဖြစ်ပါနေပါသည်"

မင်းကြီးသည် သံဃာရတနာအတွက် ဆုငွေတစ်သိန်းပေးပြီးလျှင် ကုန်သည်တို့အား အနောဇာဒေဝီထံသို့ စေလွှတ်လိုက်၏။ ထိုသူတို့ မိဖုရားကြီးထံသို့ သွားကြသောအခါ မင်းကြီးက အမတ်တို့ကို မေး၏–

"အမတ်တို့ လောက၌ ဘုရားပွင့်တော်မူပြီ၊ သင်တို့ ဘယ်သို့ပြုကြမည်နည်း"

"အရှင်မင်းကြီး အဘယ်သို့ ပြုလိုပါသနည်း"

"အမတ်တို့ ငါမူကား ဘုရားထံသွားပြီး ရဟန်းပြုပါမည်"

"အရှင်မင်းကြီး ကျွန်ုပ်တို့လည်း ရဟန်းပြုကြပါမည်"

ချက်ချင်းပင် မင်းကြီးနှင့်တကွသော အမတ်တို့သည် တိုင်းနိုင်ငံ အိုးအိမ် စည်းစိမ် ဥစ္စာ ရတနာတို့ကို လုံးဝငဲ့ကွက်ခြင်း မရှိမူ၍ မြင်းကိုယ်စီစီး၍သာလျှင် ထွက်ကြ၏၊ အနောဇာဒေဝီလည်း မိမိထံ ရောက်လာသော ကုန်သည်တို့ကို မင်းကြီးနည်းတူ မေးပြီးလျှင် ဘုရား, တရား, သံဃာ–ရတနာသုံးပါးကို ရည်စူး၍ တစ်ပါးလျှင် သုံးသိန်းစီ ကိုးသိန်း ပူဇော်၏၊ ထို့နောက် သူသည် မင်းကြီးထံသွားပြီး ရဟန်းပြုရန်အတွက် ခွင့်ပန်ရန် အကြံဖြစ်၍ မင်းချင်းတို့ကိုခေါ်၍ မေး၏–

"အမောင်တို့ ယခုအခါ မင်းကြီး ဘယ်မှာ ရှိသနည်း"

"အရှင် မိဖုရားကြီး ယခုအခါ မင်းကြီးသည် အမတ်တို့နှင့် အတူတကွ ရဟန်းပြုရန် ထွက်သွားပါပြီ"

ထိုအခါ မိဖုရားကြီးသည် အမတ်တို့၏ ဇနီးတို့ကို ခေါ်ကာ အကြောင်းကို ပြောပြပြီး မေး၏–

"အမိတို့ ယခုအခါ ငါတို့ ဘယ်သို့ ပြုသင့်ကြပါသနည်း"

"အရှင် မိဖုရားခေါင်ကြီး ဘယ်သို့ ပြုလိုပါသနည်း"

"အမိတို့ ငါ ရဟန်းပြုမည်၊ သူတို့၏ အန်ဖတ်ကို ငါ၏ လျှာဖျား

ပေါ် မတင်လိုပါ"

"အရှင် မိဖုရားခေါင်ကြီးအတူ ကျွန်ုပ်တို့လည်း ရဟန်းပြုကြပါမည်"

သူတို့လည်း ချက်ချင်းပင် ရထားတို့ဖြင့် ပြည်မှ ထွက်ကြ၏၊ မြတ်စွာဘုရားသည် ယနေ့ မဟာကပ္ပိနမင်း၊ မိဖုရား၊ အမတ်များနှင့် အမတ်ဇနီးများ၏ ရဟန်းအဖြစ်ကို ဆင်ခြင်လျက် စန္ဒဘာဂမြစ်အနီး ညောင်ပင်အောက်၌ ထိုင်၍ စောင့်နေ၏။

မင်းကြီးသည် အမတ်တစ်ထောင်နှင့်အတူ ဂင်္ဂါမြစ်သို့ ရောက်သော် မြစ်ရေ ပြည့်နေ၏၊ ထိုအခါ မင်းကြီးက ဓိဋ္ဌာန်၏–

"ဂင်္ဂါမြစ်သည် ရေပြည့်နေ၏၊ ကြမ်းတမ်းသော ငါး လိပ်တို့ဖြင့် ပြည့်နေ၏၊ ငါတို့တွင် အမှုလုပ်တို့ မပါသဖြင့် ဖောင်လုပ်ရန် မတတ်နိုင်ကြကုန်၊ မြတ်စွာဘုရား၏ ဂုဏ်သည် အဝီစိမှ အထက် ဘဝဂ်တိုင်အောင် ပျံ့နှံ့ ကျော်စော၏။ အကယ်၍ ထိုမြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ အစစ်ကေန်ဖြစ်ပါက ဤမြင်းတို့သည် မြစ်ကို ကူးနိုင်ကြပါစေသတည်း"

ထိုနောက် မင်းကြီးသည် မြင်းစီးလျက်ပင် မြစ်ကိုကူး၏၊ အမတ်တို့လည်း နောက်မှ လိုက်၍ ကူးကြ၏၊ မြင်းခွာကိုပင် ရေ မစွတ်ချေ၊ သူတို့သည် မြစ်ကို ကူးစဉ် မြတ်စွာဘုရား၏ ရောင်ခြည်တော်တို့ကို ဖူးတွေ့ကြရ၏၊ ထို့ကြောင့် သူတို့သည် ညောင်ပင်ရင်း၌ ကမ္ဘဋ္ဌာန်းကိုရှေးရှု သတိကိုဖြစ်စေလျက် ထိုင်နေသော မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါ "ဤအရှင်သည် ငါတို့ ရည်မှန်းပြီး ရဟန်းပြုသော မြတ်စွာဘုရားပင်တည်း"– ဟု တထစ်ချ ဆုံးဖြတ်ပြီး ရှိခိုးပူဇော်ကြ၏၊ မြတ်စွာဘုရားကလည်း လက်ကို ဆန့်တန်း၍– "ရဟန်းတို့ လာကြကုန်လော့၊ တရားကို ကောင်းစွာ ဟောအပ်၏၊ အလုံးစုံသော ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန် အကျိုးငှာ မြတ်သော အကျင့်ကို ကျင့်ကြကုန်လော့"– ဟု မိန့်တော်မူ၏။

အနောဇာဒေဝီနှင့် အမတ်ဇနီးတို့လည်း မြစ်ကို သစ္စာဓိဋ္ဌာန်ပြုပြီး

ကူးကြကာ မြတ်စွာဘုရား ထံမှောက်သို့ ရောက်ကြ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဥပ္ပလဝဏ္ဏာထေရီကို အဓိဋ္ဌာန်ဖြင့် ခေါ်ပြီး အနော့ဇာဒေဝီနှင့် အမတ် ဇနီးတို့ကို ရဟန်းပြုပေးကာ ဘိက္ခုနီကျောင်းသို့ ထည့်လိုက်၏၊ မြတ်စွာဘုရားသည်လည်း ရဟန်းတစ်ထောင် ခြံရံလျက် ဇေတဝန်ကျောင်းသို့ ကြွသွား၏။

ရှင်မဟာကပ္ပိနသည် မိမိ ရဟန်းကိစ္စ ပြီးသည်ကို သိ၍ ကြောင့်ကြမဲ့သာလျှင် ဖလသမာပတ်ချမ်းသာဖြင့် လွန်စေလျက် တော, သစ်ပင်ရင်း, ဆိတ်ငြိမ်ရာသို့ ကပ်လျက်လည်း "အဟောသုခံ–အဟောသုခံ"– ဟု မပြတ် ဥဒါန်းကျူးရင့်၏၊ ရဟန်းတို့က ရှင်မဟာကပ္ပိနသည် ရှေးက မင်းတို့၏ စည်းစိမ်သုခကို အောက်မေ့လျက် 'ချမ်းသာပေစွ' ဟု ဥဒါန်းကျူးသည် ထင်ကြ၏၊ ထိုကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုသဘော တရားတို့ ဟောကြားတော်မူ၏–

"တရား အရသာကို သောက်သုံးသူသည် ချမ်းသာစွာ အိပ်ရ၏၊ ပညာရှိသော သူသည် ဘုရားအစရှိသော အရိယာတို့ ဟောကြားသော ဗောဓိပက္ခိယ တရား၌ သန့်ရှင်း ကြည်လင်သော စိတ်ဖြင့် အခါခပ်သိမ်း မွေ့လျော်ရ၏"

တစ်ရံသောအခါ မြတ်စွာဘုရားသည် ရှင်မဟာကပ္ပိန၏ တပည့် ရဟန်းတစ်ထောင်ကို ခေါ်၍ မေး၏–

"ရဟန်းတို့ သင်တို့၏ဆရာ ကပ္ပိနသည် သင်တို့အား တရား ဟောကြားသလော"

"မြတ်စွာဘုရား ကျွန်ုပ်တို့၏ ဆရာသည် ကျွန်ုပ်တို့အား တရား မဟောကြားပါ၊ သူသည် ကြောင့်ကြမဲ့ မျက်မှောက်ချမ်းသာကို ခံစားနေပါသည်၊ တစ်စုံတစ်ရာ ဩဝါဒ မပေးပါ"

ထိုအခါ မြတ်စွာဘုရားသည် ရှင်မဟာကပ္ပိနကို ခေါ်၍ မေး၏–

"ကပ္ပိန သင်သည် တပည့်တို့အား ဩဝါဒမျှပင် မပေးဟု ဆို

သည် မှန်သလော"

"မှန်ပါသည် မြတ်စွာဘုရား"

"ကပ္ပိန ဤသို့ မပြုလင့်၊ ယနေ့မှစ၍ တပည့်တို့အား တရား ဟောကြားပါလော့"

"မြတ်စွာဘုရား ကောင်းပါပြီ"

ထိုအခါ ရှင်မဟာကပ္ပိနသည် သူ၏ တပည့်ရဟန်းတို့အား တရား ဟောကြား၏၊ တစ်ကြိမ်တည်းနှင့်ပင် ရဟန်းတစ်ထောင်လုံး ရဟန္တာ ဖြစ်ကုန်၏၊ နောင်အခါ မြတ်စွာဘုရားသည် ထိုအတ္ထုပ္ပတ်ကို အကြောင်း ပြု၍ သူ့အား ဘိက္ခုဩဝါဒက အရာ၌ ဧတဒဂ်ပေးခြင်း ဖြစ်၏။

အခါတစ်ပါး ရှင်မဟာကပ္ပိနသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်ကြားတော်မူ၏–

"ရဟန်းတို့ တန်ခိုးအာနုဘော်ကြီးသော ရဟန်း မဝင်စားဖူးသော သမာပတ်ကို ရရန် မလွယ်ကူ၊ အမျိုးအနွယ်ကို စိစစ်လေ့ရှိသော လူအပေါင်း တို့တွင် မင်းမျိုးသည် မြတ်၏၊ အသိပညာတည်းဟူသော ဝိဇ္ဇာ, အကျင့် တည်း ဟူသော စရဏနှင့်ပြည့်စုံသူသည် နတ်လူအပေါင်းတို့၌ မြတ်၏၊ နေသည် နေ့အခါ၌သာ တောက်ပနိုင်၏၊ လသည် ညဥ့်အခါ၌သာ တောက်ပနိုင်၏၊ မင်းသည် ချပ်ဝတ်တန်ဆာ ဝတ်ဆင်မှသာ တောက်ပ၏၊ ရဟန္တာသည် ဈာန်ဝင်စားမှသာ တောက်ပနိုင်၏၊ မြတ်စွာဘုရားသည်ကား အခါခပ်သိမ်း တန်ခိုးဖြင့် တောက်ပနိုင်၏"

အခါတစ်ပါးလည်း ရှင်မဟာကပ္ပိန၏ တပည့်ရဟန်း နှစ်ပါးကို ရည်ညွှန်း၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ ဟောကြားတော် မူ၏–

"ရဟန်းတို့ စင်စစ် သူငယ်ချင်း ဖြစ်ကုန်သော ဤရဟန်းတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ညီညွတ်သောသဘောရှိကုန်၏၊ သူတို့၏ သူတော်ကောင်းတရားသည် တထာဂတ ဟောကြားသော သူတော်

ကောင်းတရားနှင့် ညီညွတ်၏၊ အရိယာတို့ ဟောကြားသော တရားဖြင့် မဟာကပ္ပိန ကောင်းစွာဆုံးမအပ်ကုန်သော ထိုရဟန်းတို့သည် စင်စစ် ဗိုလ်ပါနှင့်တကွသော ကိလေသာကို အောင်၍ အဆုံးစွန်သော ကိုယ်ကို ဆောင်ကုန်၏”

သူ၏ ဥဒါန်းကား ဤသို့တည်း–

အကျိုးရှိသော ကိစ္စ အကျိုးမရှိသော ကိစ္စဟူသော ကိစ္စနှစ်ပါးကို မရောက်မီ ရှေးဦးကပင် ဆင်ခြင်ကြည့်ရှုသူ၏ အကျိုးစီးပွားကို အလိုမရှိသူ ရန်သူတို့သည်လည်းကောင်း၊ အလိုရှိသူ အဆွေခင်ပွန်းတို့သည် လည်းကောင်း အကျိုးရှိ အကျိုးမဲ့ကို ပြုလုပ်ရန် လမ်းပေါက်ကို ရှာသော်လည်း မတွေ့ မမြင်နိုင်။

ပညာမည်သည်ကား ကြားမြင်တိုင်းသော အရာကို ဆုံးဖြတ်နိုင်ခြင်း သဘောရှိ၏၊ ပညာသည် မျက်မှောက် မျက်ကွယ် ကျော်စောသတင်း ပွံ့နှံ့ခြင်းကို ပွားစေနိုင်၏၊ ဤလောက၌ ပညာရှိသောသူသည် ဆင်းရဲ ဒုက္ခထဲမှသော်လည်း ချမ်းသာတို့ကို ရနိုင်၏။

သဘောတရားသည် ယခုအခါ၌သာ ဖြစ်သည် မဟုတ်၊ အံ့ဖွယ် သရဲလည်း မရှိ၊ အထူးအဆန်း ဖြစ်သည်လည်း မဟုတ်၊ သင်္ခါရ လောက၌ ဖြစ်လည်း ဖြစ်ဖူးရာ၏၊ သေလည်း သေရာ၏၊ ဖြစ်ခြင်း သေခြင်းသဘော ရှိသော သင်္ခါရလောက၌ အဘယ့်ကြောင့်လျှင် အထူးအဆန်း ဖြစ်ရာ အံ့နည်း။

မွေးဖွားလာသော သတ္တဝါတို့၏ အသက်ရှင်သည်မှ အခြားမဲ့၌ သေခြင်းသည် မြဲ၏၊ လောက၌ ဖြစ်တိုင်း ဖြစ်တိုင်းသော သတ္တဝါတို့သည် သေကြကုန်၏၊ သတ္တဝါတို့သည် စင်စစ် ဤသို့သဘော ရှိကုန်၏။

## ၃၉-သာဂတ

ဘိက္ခုတို့ တေဇောဓာတ် ဝင်စားရာ၌ ကျွမ်းကျင်ကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် သာဂတသည် အမြတ်ဆုံးဖြစ်၏"

ရှင်သာဂတသည် တေဇောဓာတ် သမာပတ်ဖြင့် အမ္ဗတိတ္ထ အမည်ရှိသော နဂါး၏ တန်ခိုးကို လွှမ်းမိုး၍ ဆုံးမနိုင်သောကြောင့် ဤ ဇာတဂ်ကို ရခြင်းဖြစ်၏၊ သူသည် ပဒုမုတ္တရဘုရားလက်ထက်ကစ၍ ဤ ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သော အခါ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုး၌ ဖြစ်၍ သာဂတဟု အမည်တွင်၏၊ သူသည် အရွယ်သို့ ရောက်သောအခါ မြတ်စွာဘုရား၏ တရားကို နာရ၍ သဒ္ဓါတရား ဖြစ်ကာ ရဟန်းပြု၏၊ ထိုနောက် သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ ထိုသမာပတ်တို့၌ လေ့လာသော ဝသီဘော်သို့ ရောက်၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ဒေသစာရီ လှည့်လည်သည် ရှိသော် ကောသမ္ဗီမြို့သို့ ရောက်၏၊ ထိုမြို့တွင် အလွန်ဆိုးသွမ်း ကြမ်းတမ်းသော နဂါးကြီးတစ်ကောင် ရှိ၏၊ သူသည် အခါမဲ့၌လည်း မိုးကို ရွာစေ၏၊ အချိန်အခါမှာလည်း မိုး မရွာစေရန် ပြုတတ်၏၊ ထို့ကြောင့် လူတို့သည် နဂါးနေရန် ဗိမာန်ဆောက်၍ ပူဇော်ကြရ၏၊ မြတ်စွာဘုရားသည် ရဟန်း အပေါင်းခြံရံလျက် ထိုအရပ်၌ ညဉ့်အိပ်ရန် အကြံဖြစ်၏၊ ထိုအခါ ရှင်သာဂတသည် နဂါးကို ဆုံးမပြီး မြတ်စွာဘုရားအတွက် နေရာ စီရင်ရန် ရှေးဦးစွာ သွားပြီး ဗိမာန်အတွင်း ဝင်နေ၏။

ထိုအခါ နဂါး အမျက်ထွက်၍- "ငါ၏ ဗိမာန်သို့ ဝင်သူကား အဘယ်သူနည်း"- ဟု အခိုးလွှတ်၏၊ ရဟန်းလည်း ထိုထက် ပို၍ အခိုး လွှတ်၏၊ နဂါးသည် ပိုမို အမျက်ထွက်လျက် ပိုမို လွန်ကဲစွာ အခိုးလွှတ်၏၊ ရဟန်းလည်း ထိုထက်အလွန် အခိုး လွှတ်လေရာ နဂါး၏ တန်ခိုးကို ပိုင်း ခြားနိုင်၏၊ ထိုအခါ နဂါးသည် ရဟန်း၏ ခြေရင်း၌ ရှိခိုးလျှောက်ကြား၏-

"အရှင် အရှင်တို့အား ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏"

"ငါ့အား ကိုးကွယ်ရာဟု ဆည်းကပ်ရန် မလိုပါ၊ မြတ်စွာဘုရား အား ကိုးကွယ်ရာဟု ဆည်းကပ်ပါဘိ"

"ကောင်းပါပြီ အရှင်"– ဟု ဝန်ခံပြီးလျှင် နဂါးသည် ထိုနေ့မှစ၍ သရဏဂုံ၌ တည်၏၊ တစ်စုံတစ်ယောက်ကိုမျှ မညှင်းဆဲ၊ အချိန်မှန်စွာ မိုးရွာ၍ ကောက်ပဲသီးနှံ နှစ်စဉ် ပြည့်စုံကုန်၏၊ ကောသမ္ဗီပြည်သူတို့သည် ရှင်သာဂတ အမှတ်ထွာ နဂါးကို ဆုံးမအပ်ပြီ၊ မကြာမီ မြတ်စွာဘုရား ကြွလာလိမ့်မည် မျှော်လင့်လျက် ကြီးစွာသော ပူဇော်သကာတို့ကို စီရင်ကြ၏၊ သူတို့သည် ရှင်သာဂတအားလည်း လျှောက်ကြားကြ၏–

"အရှင် အရှင်တို့အား ရခဲ၍ နှစ်သက်သော ဘယ်အရာကို စီမံ ပေးရပါမည်နည်း"

ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့က ဖြေဆိုကြ၏–

"ဒါယကာတို့ ခိုခြေအဆင်းရှိသော ကြည်လင်သော အရက် သည် ရဟန်းတို့အား ရခဲ၍ နှစ်သက်အပ်သော အရာဖြစ်၏၊ ထိုအရက်ကို စီရင်ပါလော့"

ထိုသူတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းဆိုးတို့၏ စကားဖြင့် အရက်ကို စီရင် ပြီး နောက်နေ့ ရှင်သာဂတ ဆွမ်းခံကြွသော် အိမ်တိုင်းအိမ်တိုင်း အရက် အနည်း ငယ်စီ ဆက်ကပ်ကြ၏၊ အိမ်တိုင်းမှ အရက် အနည်းငယ်စီ သောက်၍ သွား လျှင် အစာအာဟာရ မရှိသဖြင့် သတိလွတ်၍ အမှိုက်ပုံ၌ အိပ်နေ၏၊ မြတ်စွာ ဘုရား ဆွမ်းစားပြီး၍ ကြွတော်မူလေရာ တွေ့မြင်၍– "ရဟန်းတို့ သာဂတကို ကောက်ယူကြလော့"–ဟု မိန့်တော်မူ၏၊ ရဟန်းတို့သည် ရှင်သာဂတကို ကောက်ယူခဲ့ကြ၏၊ အရာမ်သို့ရောက်သော် မြတ်စွာဘုရားဘက်သို့ ဦးခေါင်း ပြု၍ ထားကုန်၏၊ သို့ရာတွင် ပြန်လှန် လူးလိမ့်၍ မြတ်စွာ ဘုရားဘက်သို့ ခြေပြု၍သာနေ၏၊ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ကို မေးတော်မူ၏–

"ရဟန်းတို့ သာဂတသည် ရှေးအခါက တထာဂတ၌ ရိုသေ တုပ်ဝပ်ခြင်း ရှိသည်မဟုတ်လော"

"မှန်ပါသည် မြတ်စွာဘုရား"

"ရဟန်းတို့ ယခုအခါ သာဂတသည် တထာဂတ၌ ရှိသေတုပ်ဝပ်ခြင်း ရှိသေးသလော"

"မြတ်စွာဘုရား... မရှိတော့ပါ"

"ရဟန်းတို့ သာဂတသည် အမ္ဗတိတ္ထ နဂါးနှင့် စစ်ထိုးခဲ့သည် မဟုတ်လော"

"မှန်ပါသည် မြတ်စွာဘုရား"

"ရဟန်းတို့ ယခုအခါ သာဂတသည် အမ္ဗတိတ္ထနဂါးနှင့် စစ်ထိုးနိုင်ပါဦးမည်လော"

"အရှင်ဘုရား သူသည် နဂါးနှင့် စစ်မထိုးနိုင်တော့ပါ"

"ရဟန်းတို့ သို့ဖြစ်ပါလျှင် သောက်ပါက မေ့လျော့တတ်သော အရက်ကို ရဟန်းတို့ သောက်ရန် သင့်ပါသလော"

"မြတ်စွာဘုရား သောက်ရန် မသင့်ပါ"

ထိုအခါမှစ၍ မြတ်စွာဘုရားသည် ရဟန်းတို့ အရက်မသောက်ရန် သိက္ခာပုဒ် ပညတ်တော်မူ၏၊ ရှင်သာဂတသည် နောက်တစ်နေ့ သတိရသော် မိမိပြုခဲ့သည့် အကြောင်းကို သိ၍ ဒေသနာကြားပြီးလျှင် မြတ်စွာဘုရားအား ကန်တော့၏၊ သူသည် သံဝေဂဖြစ်၍ ဝိပဿနာ ပွားများရာ ရဟန္တာဖြစ်သွား၏၊ ထို့နောက် မြတ်စွာဘုရားသည် ရှင်သာဂတအား တေဇောဓာတုကုသလ အရာ၌ ဧတဒဂ် ထားတော်မူလေသည်။

## ၄၀–ရာဓ

"ဘိက္ခုတို့ တရားကို ထင်မြင်လွယ်သောဉာဏ် ပဋိဘာန်နှင့် ပြည့်စုံကုန်သော ငါ၏သာဝက ဘိက္ခုတို့တွင် ရာဓသည် အမြတ်ဆုံး ဖြစ်၏"

ရှင်ရာဓသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်ကစ၍ ဤဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ

ရာဇဂြိုဟ်ပြည်တွင် ပုဏ္ဏားမျိုး၌ဖြစ်၍ ရာဓဟုအမည်တွင်၏၊ သူသည် အို မင်း မစွမ်းဖြစ်သောအခါ ကြွင်းကျန်သောအချိန်ကို ရဟန်းပြု၍ ကုန်လွန်စေအံ့ဟု ကြံ၍ ရဟန်းတို့ထံ ရဟန်းပြုခွင့် တောင်း၏၊ သို့ရာတွင် အိုမင်း မစွမ်းဖြစ်သော သူ့အား ဘယ်ရဟန်းကမှ ရဟန်းပြု မပေးကြချေ၊ တစ်နေ့တွင် ပုဏ္ဏားသည် မြတ်စွာဘုရားထံချဉ်းကပ်၏၊ ထိုအခါ မြတ်စွာဘုရားက သူ့ကို မေး၏–

"ပုဏ္ဏား သင့်ကို သားသမီးတို့က လုပ်ကျွေးကြသလော"

"ရှင်ဂေါတမ အဘယ်မှာ လုပ်ကျွေးပါမည်နည်း၊ အိုမင်း မစွမ်းဖြစ်၍ ပစ်ချထားကြပါသည်"

"ပုဏ္ဏား သို့ဖြစ်လျှင် ရဟန်းပြုသင့်သည် မဟုတ်ပါလော"

"ရှင်ဂေါတမ ကျွန်ုပ်အား ဘယ်သူ ရဟန်းပြုပေးမည်နည်း၊ အိုမင်း မစွမ်းဖြစ်ပါ၍ ဘယ်သူမှ ရဟန်း ပြုမပေးကြပါ"

မြတ်စွာဘုရားသည် ရှင်သာရိပုတ္တာအား ရဟန်းပြုပေးရန် အမှတ်သညာပေး၏၊ ထိုအခါ ရှင်သာရိပုတ္တာသည် ပုဏ္ဏားအိုကြီးရာဓကို ရဟန်းပြုပေးပြီး ရွာငယ်တစ်ခုသို့ ခေါ်ဆောင်သွား၏၊ သူသည် မိမိရသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးကိုလည်း ပေး၏၊ သို့ဖြင့် ရှင်ရာဓသည် မှတ၍ ရဟန်းတရားကို ကောင်းစွာ အားထုတ်နိုင်၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်သွား၏၊ ထို့နောက် ရှင်သာရိပုတ္တာသည် ရှင်ရာဓကို ခေါ်၍ မြတ်စွာဘုရားကို ဖူးမျှော်ရန်လာ၏၊ ထိုအခါ မြတ်စွာဘုရားက မေး၏–

"သာရိပုတ္တာ သင့်ကို ငါ တပည့်တစ်ယောက် အပ်လိုက်၏၊ သူသည် ဘယ်သို့နည်း၊ သာသနာမှ ငြီးငွေ့သွားပြီလော"

"မြတ်စွာဘုရား သာသနာ၌ အလွန်မွေ့လျော်သော ရဟန်းမည်သည် ဤရှင်ရာဓကဲ့သို့ပင် ဖြစ်ရပါသည်"

ထိုအခါ မြတ်စွာဘုရားသည် ရှင်ရာဓကို သက်သေတည်၍ ရဟန်းတို့အား တရားဟောကြား၏–

"ဘိက္ခုတို့ ရဟန်းမည်သည်ကား ရာဇကဲ့သို့ ပြောဆိုဆုံးမလွယ်သူ ဖြစ်ရာ၏၊ အပြစ်ကို ပြ၍ ဆုံးမသဖြင့်လည်း အမျက်မထွက်အပ်၊ အဆုံးအမပေးသူကို ရွှေအိုးကို ညွှန်ကြားသူကဲ့သို့ ဆည်းကပ်ရာ၏၊ ထိုသို့ သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူအား အထူးသဖြင့် မွန်မြတ်၏"

နောင်အခါတွင် မြတ်စွာဘုရားသည် ရှင်ရာဓအား ပဋိဘာနေယျက အရာ၌ ဧတဒဂ် ထားတော်မူ၏၊ သူ၏ ဥဒါန်းစကားမှာ ဤသို့တည်း-

ကောင်းစွာ မိုးအပ်ခြင်းမရှိသောအိမ်ကို မိုးရေမိုးပေါက်သည် ထိုးဖောက် စီးကျသကဲ့သို့ သမထ ဝိပဿနာဘာဝနာတို့ဖြင့် မပွားများအပ်သော စိတ်ကို ရာဂစသော ကိလေသာတို့သည် ထိုးဖောက် ယိုစီးကုန်၏။

ကောင်းစွာ မိုးအပ်သော အိမ်ကို မိုးရေ မိုးပေါက်သည် မထိုးဖောက် မစီးကျနိုင်သကဲ့သို့ သမထဝိပဿနာဘာဝနာတို့ဖြင့် ကောင်းစွာပွားများအပ်သော စိတ်ကို ရာဂစသော ကိလေသာတို့သည် မထိုးဖောက် မယိုစီးနိုင်ကုန်။

## ၄၁–မောဃရာဇ

"ဘိက္ခုတို့ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် မောဃရာဇသည် အမြတ်ဆုံးဖြစ်၏"

ရှင်မောဃရာဇသည် ဓား, အပ်ချည်, ဆိုးရေ–ဟူသော ခေါင်းပါးခြင်း သုံးမျိုးနှင့် ပြည့်စုံသော ပံ့သကူသင်္ကန်းကို ဆောင်သောကြောင့် ဤဧတဒဂ်ကို ရခြင်းဖြစ်၏၊ သူသည် ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ ဤဆုကို တောင်းဆိုလာခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ ဖြစ်၍ မောဃရာဇဟု အမည်တွင်၏၊ သူသည် အရွယ်သို့ရောက်သော် ဗာဝရိယ ရသေ့ကြီး၏ ပညာရှိ တပည့်ရသေ့တို့တွင် တစ်ဦးအပါအဝင်ဖြစ်၏။

ဗာဝရိယ ရသေ့ကြီးသည် ဂေါဓာဝရီမြစ်ကမ်းတွင် ရသေ့ပေါင်းများစွာဖြင့် နေ၏၊ သူ...ည် တစ်နေ့တွင် တပည့်တို့ကို ခေါ်၍ ပြော၏–

"တပည့်တို့ လောက၌ ဘုရားပွင့်ပြီဟု ကြားသိရသည်၊ သင်တို့ သွား၍ ဘုရား ဟုတ်–မဟုတ် သိအောင် ပြုကြပါ၊ ထိုနောက် ငါ့ထံ ပြန်ပြီး ပြောကြပါ၊ အကယ်၍ ဘုရားစင်စစ် ဧကန်ဖြစ်ပါက ငါသည် ဘုရားထံ သွားပါမည်၊ သို့ရာတွင် ငါကား အိုမင်းမစွမ်းဖြစ်ပါ၍ အသက်အန္တရာယ်ကို သိနိုင်ခဲ၏၊ သင်တို့သည် အမြန်သွား၍ စူးစမ်းကြလော့"

ထိုနောက် ရသေ့များစွာတို့သည် အဇိတ လုလင်ကို အကြီးအမှူးပြု၍ တပည့်ကြီး ၁၆–ယောက်တို့နှင့်အတူ ခရီးထွက်ကြ၏၊ မြတ်စွာဘုရားကို ပြဿနာမေးရန် သွားခြင်းဖြစ်၍ ပရိသတ် အများအပြားပင် သူတို့နှင့်အတူတကွ လိုက်ကြ၏၊ မြတ်စွာဘုရားလည်း ပရိသတ် များပြားကြောင်းကြိုတင်သိနှင့်၍ ပါသာဏ စေတီ ကျောက်ဖျာအပြင်၌ ထိုင်လျက် စောင့်နေ၏၊ အဇိတ လုလင်သည် မြတ်စွာဘုရား၏ ရူပကာယ၏ပြည့်စုံခြင်းကို မြင်၍– "ဤယောကျ်ားသည် လောက၌ ဝဋ္ဋတည်းဟူသော အမိုးကို ဖျက်ဆီးပြီးသော ဘုရား စင်စစ် ဖြစ်လိမ့်မည်" ဟု ဆင်ခြင်၍ သူ၏ဆရာ စိမ်ပေးလိုက်သော မုဒ္ဓဖာလနပြဿနာကို စိတ်ဖြင့်သာလျှင် မေးလျက် မြတ်စွာဘုရားထံ ချဉ်းကပ်၏။

ထိုရသေ့ ပရိသတ်ကို အုပ်ချုပ်သော အဇိတ လုလင်နှင့်အတူ တပည့်ကြီး ၁၆–ယောက်တွင် မောဃရာဇလုလင်လည်း ပါဝင်၏၊ သူသည် "ငါကား အလုံးစုံသော သူတို့ထက် ပညာရှိ၏" ဟူသော မာနဖြင့် ခက်ထန်၏၊ သူသည် အဇိတကိုသာ အကြီးအကဲအဖြစ်ဖြင့် ဦးစားပေး၏၊ အခြားသူတို့အား အမှုမထားချေ၊ ထိုကြောင့် အဇိတ မေးလျှောက်ပြီးသော အခါ ဒုတိယအဖြစ်ဖြင့် ပြဿနာမေးရန် သူထ၏၊ ထိုအခါ မြတ်စွာဘုရားက သူ့ကို တားမြစ်လိုက်၏–

"မောဃရာဇ လုလင် သင် ရပ်လော့၊ တစ်ပါးသော လုလင်တို့သာလျှင် မေးပါစေ"

ထိုအခါ အခြားသော လုလင်တို့ အသီးသီး ပြဿနာမေးလျှောက်ကြ၏၊ သူသည် ကိုးယောက်မြောက် အဖြစ်ဖြင့် ပြဿနာမေးရန် ထပြန်၏၊ ထိုအခါ၌လည်း မြတ်စွာဘုရား တားမြစ်ပြန်၏၊ ၁၅–ယောက်မြောက် အဖြစ်ဖြင့် ထ၍မေးသောအခါ မြတ်စွာဘုရား ကောင်းစွာဖြေကြားလိုက်၏၊ မောဃရာဇသည် ဒေသနာ၏အဆုံး၌ အလုံးစုံသော ရသေ့တို့နှင့်အတူ တကွ ရဟန္တာ ဖြစ်သွား၏၊ သူတို့ အလုံးစုံ ဧဟိဘိက္ခုရဟန်းအဖြစ် ရကြ ကုန်၏။

ရှင်မောဃရာဇသည် ထိုအခါမှစ၍ ညစ်နွမ်း ခေါင်းပါးသော သင်္ကန်းကိုသာ ဆောင်၏၊ အမှိုက် တံမြက်ချေးစု စသည်၌ အဝတ်နွမ်း အဝတ်စကိုရှာ၍ သူတစ်ပါး စွန့်ပစ်လေပြီးသော ဆိုးရည်ခေါက်ကို ကြိုကာ ဆိုးသော သင်္ကန်းဖြစ်၏၊ ထိုကြောင့် မြတ်စွာဘုရားသည် သူ့အား လူခစီဝရ ဓရ အရာ၌ တေဒဂ်ထားတော်မူခြင်း ဖြစ်လေသည်။

# ထေရီ ဘိက္ခုနီ

## ၁–မဟာဂေါတမီ

"ဘိက္ခုတို့ ညဉ့်၏အပိုင်းအခြားကို သိကုန်သော ငါ၏သာဝိကာ ဘိက္ခုနီတို့တွင် မဟာဂေါတမီသည် အမြတ်ဆုံးဖြစ်၏"

မဟာဂေါတမီသည် ပဒုမုတ္တရဘုရားရှင်လက်ထက်ကစ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ဒေဝဒဟမြို့ မဟာသုပ္ပဗုဒ္ဓ၏အိမ်၌ ပဋိသန္ဓေတည်နေ၏၊ အမည်မှာ ဂေါတမီဖြစ်၏၊ မဟာမာယာ၏ ညီမငယ်တည်း။

ဗေဒင် မန္တန် တတ်ကျွမ်းသော ပုဏ္ဏားတို့သည် ထိုညီအစ်မ နှစ် ဖော်၏လက္ခဏာကို ကြည့်ပြီး "ဤသတို့သမီးနှစ်ယောက်တို့၏ ဝမ်း၌ သန္ဓေနေသော သူငယ်တို့သည် စကြာမင်းဖြစ်လိမ့်မည်" ဟု ဟောကုန်၏၊ အရွယ်သို့ရောက်သော် ထိုသတို့သမီးနှစ်ယောက်စလုံးကို သုဒ္ဓေါဒနမင်းကြီး ဆောင်ယူသိမ်းပိုက်၏၊ နောင်အခါ မြတ်စွာဘုရားသည် မဟာမာယာ၏ ဝမ်း၌ ပဋိသန္ဓေယူ၏၊ ဖွားမြင်၍ ခုနစ်ရက်မြောက်တွင် မဟာမာယာ နတ် ရွာစံ၍ မဟာပဇာပတိ အဂ္ဂမဟေသီဖြစ်၏၊ ထိုအခါ နန္ဒကို ဖွားမြင်၏၊ သူသည် မိမိသားရင်းကို နို့ထိန်းတို့နှင့် ထား၍ သူကိုယ်တိုင်မူ ဘုရားလောင်း ကို မွေးမြူ၏။

နောင်အခါ ဘုရားလောင်းသည် ဘုရားအဖြစ်သို့ရောက်၍ ကပိလဝတ်ပြည်သို့ ကြွလာပြီး ခမည်းတော် မင်းကြီးအား တရားဟောရာ သောတာပန်တည်၏၊ ဒုတိယနေ့တွင် နန္ဒအား ရဟန်းပြု၍ သတ္တမနေ့တွင် ရာဟုလကို ရှင်ပြု၏၊ ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီကို ကြွသွား၏၊ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူအောက်၌ပင် ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်ဝင်စံလေရာ မြတ်စွာဘုရားသခင် တစ်ဖန်ကြွလာရပြန်၏၊ မဟာဂေါတမီသည် ရဟန်းပြုသွားသော သာကီဝင်မင်းသားတို့ဇနီး သာကီဝင်မင်းသမီးငါးရာတို့နှင့်အတူတကွ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရဟန်းပြုခွင့်တောင်းပန်၏ –

"မြတ်စွာဘုရား ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာ၌ ရဟန်းအဖြစ်ကို ရလိုကြပါသည်၊ ကျွန်ုပ်တို့အား ဘိက္ခုနီ ပြုခွင့်ပေးတော်မူပါ"

"ဂေါတမီ ဗုဒ္ဓသာသနာ၌ မာတုဂါမတို့ ရဟန်းပြုရန်မသင့်၊ ပြုသဖြင့်လည်း ရှည်မြင့်စွာ မစင်ကြယ်ရာသောကြောင့် ဂေါတမီရဟန်းအဖြစ်၌ သင် မနှစ်သက်လင့်"

မဟာဂေါတမီသည် ဤသို့လျှင် သုံးကြိမ်တိုင်မျှ ခွင့်တောင်း၏၊ မြတ်စွာဘုရားလည်း ဤသို့လျှင် သုံးကြိမ်တိုင်အောင်ပင် ငြင်းပယ်ပြီးနောက် ဝေသာလီပြည်သို့ ပြန်ကြွသွား၏၊ သာကီဝင်မင်းသမီးများနှင့် မဟာဂေါတမီသည် ပူဆာလိုက်လှဲ ဆင်းရဲငြိုငြင်သော နှလုံးဖြင့် ယူကြုံးမရ ငှာသငိုယိုကာ ကျန်ရစ်ကုန်၏၊ သူတို့သည် ဤသို့လျှင် လူအဖြစ်နှင့် ဆက်လက်နေရန် မစွမ်းနိုင်ကြသဖြင့် မိမိတို့ဘာသာ ဘိက္ခုနီပြုလုပ်ပြီး ဝေသာလီသို့ လိုက်ကြ၏။

သူတို့သည် ဝေသာလီသို့ရောက်လျှင် မြတ်စွာဘုရားရှိရာ မဟာဝုန်တော ကူဋာဂါရသို့ကပ်၍ ကျောင်းတံခါးဝဝယ် ခရီးပြင်းစွာ လာခဲ့ရခြင်းကြောင့် လွန်စွာပင်ပန်းလှသဖြင့် ပြင်းပြစွာ ငိုယိုလျက် နေကုန်၏၊ သူတို့ ငိုသံတို့ကို ရှင်အာနန္ဒာကြား၍ ထွက်ကြည့်၏၊ မဟာဂေါတမီနှင့် မင်းသမီးများကို တွေ့ရ၍ မေး၏ –

"ဂေါတမီ အဘယ်ကြောင့် ငိုဘိသနည်း၊ ဝေးလံ ကြမ်းတမ်း ဤသည့်လမ်းကို ပင်ပန်းဆင်းရဲစွာ အဘယ်ကြောင့် လာဘိသနည်း"

"ရှင်အာနန္ဒ ဗုဒ္ဓသာသနာ၌ ကျွန်ုပ်တို့သည် ရဟန်းအဖြစ်ကို ရလိုကြပါသည်၊ ထို့ကြောင့် မြတ်စွာဘုရားထံ ခွင့်တောင်းရန် လာခြင်းဖြစ်ပါသည်"

"ဂေါတမီ သို့ဖြစ်ပါလျှင် မြတ်စွာဘုရားထံ ကျွန်ုပ်သွား၍ လျှောက်ပါဦးမည်၊ ဤအရပ်၌ပင် ခေတ္တ နေကြပါဦးလော့"

ထိုနောက် ရှင်အာနန္ဒသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး မဟာဂေါတမီနှင့် သာကီဝင်မင်းသမီးတို့ သူတို့ဘာသာ ရဟန်းပြုပြီး၊ ဤသို့ရောက်နေကြောင်း လျှောက်ကြားပြီး တောင်းပန်၏–

"မြတ်စွာဘုရား အရှင်မြတ်သည် ဗုဒ္ဓသာသနာ၌ မာတုဂါမတို့ ရဟန်းပြုရန် ခွင့်ပေးစေချင်ပါသည်"

"အာနန္ဒ မသင့်လျော်၊ ဗုဒ္ဓသာသနာ၌ မာတုဂါမတို့ ရဟန်းပြုခြင်းကို သင် မနှစ်သက်လင့်"

ရှင်အာနန္ဒသည် ဤသို့လျှင် သုံးကြိမ်တိုင်တိုင် တောင်းပန်၏၊ မြတ်စွာဘုရားလည်း ဤသို့လျှင် သုံးကြိမ်တိုင်တိုင် ငြင်းပယ်၏၊ ထိုအခါ ရှင်အာနန္ဒသည် သူ့အား ယုံမှားခြင်းကို ဖြစ်စေသော ပြဿနာတစ်ရပ်ကို မေးလျှောက်၏–

"မြတ်စွာဘုရား မာတုဂါမတို့ ဗုဒ္ဓသာသနာ၌ ရှင်ရဟန်းပြု၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်တန်ပါသလော"

"အာနန္ဒ သူတို့သည်လည်း မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်၏"

"မြတ်စွာဘုရား သို့ဖြစ်ပါလျှင် ဂေါတမီသည် အရှင်ဘုရားအား ကျေးဇူးများလှပါ၏၊ အရှင်၏ မိထွေးပါတည်း၊ ခြေဖြင့် သွားနိုင်သည်အထိ ချီပိုက်ခဲ့ပါသည်၊ နို့ချို တိုက်ကျွေးခဲ့ပါသည်၊ တောင်းပန်ပါသည် အရှင်ဘုရား ဗုဒ္ဓသာသနာ၌ မာတုဂါမတို့ကိုလည်း ရှင်–ရဟန်းပြုခွင့် ပေးစေချင်ပါသည်"

"အာနန္ဒ ဂေါတမီသည် ဂရုဓမ္မတရား ရှစ်ပါးကို အကယ်၍ လေးစားမြတ်နိုးစွာ အသက်ထက်ဆုံး လိုက်နာပါမည်ဟု ဝန်ခံပါမူ သူ့အတွက် ပဉ္စင်းခံခြင်း ဖြစ်ပါစေလော့"

ဂရုဓမ္မတရား ရှစ်ပါးကား အဘယ်နည်း–

(၁) ဘိက္ခုနီသည် ပဉ္စင်းဖြစ်၍ ဝါတစ်ရာရှိသော်လည်း ယနေ့ ပဉ္စင်းဖြစ်သော ဘိက္ခုကို ခရီးဦးကြိုခြင်း၊ ရှိခိုးခြင်းအမှုကို ပြုရမည်။

(၂) ဘိက္ခုမရှိသော ကျောင်း၌ ဝါမဆိုရ။

(၃) လခွဲ (၁၅ ရက်)တိုင်း ဘိက္ခုသံဃာထံ ဥပုသ် မေးခြင်း၊ အဆုံးအမ ဩဝါဒခံရန် ချဉ်းကပ်ခြင်းဟူသော ဤနှစ်ပါးကို လိုလား တောင့်တရမည်။

(၄) ဝါကျွတ်လျှင် ဘိက္ခု၊ ဘိက္ခုနီဟူသော နှစ်ဖက်သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော အကြောင်းသုံးပါးတို့ဖြင့် ဖိတ်ကြားရမည်။

(၅) သံဃာဒိသိက် အာပတ်သို့ ရောက်သော် ဘိက္ခု၊ ဘိက္ခုနီဟူသော နှစ်ဖက်သံဃာ၌ ပက္ခမာနတ်ကို ကျင့်ရမည်။

(၆) ၂–နှစ်ပတ်လုံး တရား ၆–ပါးကျင့်ပြီးသော သိက္ခမာန်အား ဘိက္ခု၊ ဘိက္ခုနီဟူသော နှစ်ဖက်သော သံဃာ၌ ပဉ္စင်းခံရမည်။

(၇) ဘိက္ခုကို တစ်စုံတစ်ခုသော အကြောင်းဖြင့် မဆဲရေးအပ်။

(၈) ဘိက္ခုတို့ အပေါ်၌ ဘိက္ခုနီတို့၏ ပြောဆိုခွင့်ကို ပိတ်ပင်အပ်၏။

ဤကား ဂရုဓမ္မ ရှစ်ပါးတည်း၊ ရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ၌ ဂရုဓမ္မတရားရှစ်ပါးကို သင်ကြားပြီးနောက် မဟာဂေါတမီထံသို့ သွားပြီး မြတ်စွာဘုရား မိန့်ကြားသည့်အတိုင်း ပြောပြ၏၊ ထိုအခါ သူက ဝမ်းမြောက်စွာပြန်ကြား လျှောက်ထား၏–

"အရှင်ဘုရား အာနန္ဒ ငယ်ရွယ် နုပျိုလျက် တန်ဆာဆင်လေ့ရှိသော လုလင်ပျို၊ လုံမပျိုတို့သည် ဦးခေါင်းဆေးပြီးလျှင် ကြာပန်း၊ မိုးစွေပန်းကို လက်နှစ်ဖက်တို့ဖြင့် ယုယမြတ်နိုးစွာ ဦးခေါင်း၌ ထားသကဲ့သို့ အရှင်

အာနန္ဒ ကျွန်ုပ်သည် ဤဂရုဓံတရားတို့ကို ဝန်ခံပါ၏၊ အသက်ထက်ဆုံး စောင့်သုံးပါမည်၊ မကျူးလွန်ပါ"

မဟာဂေါတမီကား ဤသို့လျှင် ဂရုဓံတရား ရှစ်ပါးကို ဝန်ခံလိုက်သည်နှင့်တစ်ပြိုင်နက် ရဟန်းအဖြစ်သို့ ရောက်သွား၏၊ သူသည် ရဟန်းဖြစ်ပြီးနောက် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရှိခိုးလျက် တစ်နေရာ၌ ထိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သူ့အား ဓမ္မတရားဟောကြား၏၊ ထို့နောက် သူသည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း သင်ကြားပြီး တရားအားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ အခြားသော သာကီဝင်မင်းသမီးဘိက္ခုနီတို့ကား နန္ဒကောဝါဒသုတ်၏ အဆုံး၌ ရဟန္တာဖြစ်ကြ၏၊ ထို့နောက် မြတ်စွာဘုရားသည် အရိယာသာဝကတို့၏အလယ်၌ မဟာဂေါတမီထေရီအား ရတ္တညူဧတဒဂ်အရာ၌ ထားတော်မူ၏၊ ဘိက္ခုနီတို့တွင် သူသည် ရှေးဦးစွာ ရဟန်းဖြစ်သူဟု ဆိုလိုခြင်းဖြစ်၏။

## ၂–ခေမာ

"ဘိက္ခုတို့ ကြီးမြတ်သော ပညာနှင့်ပြည့်စုံကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် ခေမာသည် အမြတ်ဆုံးဖြစ်၏"

ခေမာထေရီသည် ပဒုမုတ္တရာဘုရားသခင် လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ မဒ္ဒတိုင်းသာဂလပြည်မင်းမျိုး၌ဖြစ်၍ ခေမာဟု အမည်တွင်၏၊ သူသည် အရွယ်သို့ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏မိဖုရားဖြစ်၏၊ ရုပ်အဆင်းလှ၍ ရုပ်အဆင်းလှပခြင်း၌ မာန်ယစ်၏၊ ထို့ကြောင့် သူသည် မြတ်စွာဘုရားထံမှောက်သို့ တစ်ခေါက်မျှ မရောက်ချေ၊ အကြောင်းကား မြတ်စွာဘုရားသည် ရုပ်အဆင်း၌ အပြစ်ပြ၍ ဆုံးမသည်ဟု ကြားသောကြောင့်ဖြစ်၏–

ဗိမ္ဗိသာရမင်းကြီးက စဉ်းစား၏–

"ငါသည် မြတ်စွာဘုရား၏ အလုပ်အကျွေး ဒါယကာဖြစ်၏၊ ငါကဲ့သို့သော အရိယာတပည့်၏ အဂ္ဂမဟေသီသည် မြတ်စွာဘုရား၏ ထံမှောက်သို့ မရောက်သည်မှာ မသင့်ချေ"

ထို့နောက် သူသည် အလှမက်သော မိဖုရားအား အလှဖြင့်ဆွဲဆောင် ခေါ်ယူရန် စဉ်းစားပြီး ကဗျာဆရာတို့နှင့် တိုင်ပင်၏၊ ကဗျာဆရာတို့သည် ဝေဠုဝန်ကျောင်းကဗျာကို ဖွဲ့ဆိုပေးကုန်၏–

ရမ္မံ ဝေဠုဝနံ ယေန, န ဒိဋ္ဌံ သုဂတာလယံ၊

န တေ ဒိဋ္ဌာ နန္ဒနံ တေန, ဣတိ မညာမသေ မယံ။

သဟာယကာ– အိုခင်ပွန်းတို့, ယေန–အကြင်သူသည်, ရမ္မံ–မွေ့လျော်ဖွယ်ရှိသော, သုဂတာလယံ–မြတ်စွာဘုရား စံရာဖြစ်သော, ဝေဠုဝနံ–ဝေဠုဝန်ကို, န ဒိဋ္ဌံ–မမြင်ဖူး၊ တေန–ထိုသူသည်, နန္ဒနံ–နန္ဒဝန်ကို, န ဒိဋ္ဌံ ဣတိ–မမြင်ဖူးဟု, မယံ–ငါတို့သည်, မညာမသေ–မှတ်ထင်ကုန်၏။

ယေန ဝေဠုဝနံ ဒိဋ္ဌံ, နရ နန္ဒန နန္ဒနံ၊

သုဒိဋ္ဌံ နန္ဒနံ တေန, အမရိန္ဒ သုနန္ဒနံ။

ယေန–အကြင်သူသည်, နရနန္ဒနံ–လူအပေါင်းတို့ နှစ်လိုပါသော, နန္ဒနံ–နန္ဒဝန် မည်သော, ဝေဠုဝနံ–ဝေဠုဝန်ကို, ဒိဋ္ဌံ–မြင်ဖူးအံ့, တေန–ထိုသူသည်, အမရိန္ဒ သုနန္ဒနံ–နတ်သိကြားတို့ နှစ်လိုပါသော, နန္ဒနံ–နန္ဒဝန်ကို, သုဒိဋ္ဌံ–ကောင်းစွာ မြင်ဖူးသည် မည်၏။

ဝိဟာယ နန္ဒနံ ဒေဝါ, ဩတရိတွာ မဟီတလံ၊

ရမ္မံ ဝေဠုဝနံ ဒိသွာ, န တပ္ပေန္တိ သုဝိမှိတာ။

ဒေဝါ–နတ်တို့သည်, နန္ဒနံ–နန္ဒဝန်ကို, ဝိဟာယ–စွန့်ခဲ့၍, မဟီတလံ–မြေအပြင်သို့, ဩတရိတွာ–သက်လာကုန်၍, ရမ္မံ–မွေ့လျော်ဖွယ်ရှိသော, ဝေဠုဝနံ–ဝေဠုဝန်ကို, ဒိသွာ–မြင်ကုန်၍, သုဝိမှိတာ–လွန်စွာ အံ့ဩကုန်လျက်, န တပ္ပေန္တိ–ရောင့်ရဲမပြေ ဖြစ်ကြလေ၏။

ရာဇပုညေန နိဗ္ဗတ္တံ, ဗုဒ္ဓပုညေန ဘူသိတံ၊

ကော ဝတ္တာ တာဿ နိဿေသံ, ဝနဿ ဂုဏာသင်္ခယံ။

ရာဇပုညေန–မင်း၏ဘုန်းကံကြောင့်, နိဗ္ဗတ္တံ–ဖြစ်သော, ဗုဒ္ဓပုညေန–ဗုဒ္ဓ၏ဘုန်းကံဖြင့်, ဘူသိတံ–တန်ဆာဆင်အပ်သော, တဿ–ထိုဥယျာဉ်၏, နိဿေသံ–အကြွင်းမဲ့သော, ဂုဏာသင်္ခယံ–ဂုဏ်အပေါင်းကို, ကော–အဘယ်သူသည်, ဝတ္တာ–ဆိုနိုင်ပါမည်နည်း။

ရာဇဂြိုဟ်ပြည်သူတို့သည် ဝေဠုဝန်ကဗျာကို မြတ်နိုးစွာသီဆိုကြ၏၊ ကဗျာ၏ဆွဲဆောင်မှုကြောင့် ခေမာမိဖုရားသည် ဝေဠုဝန်ကို သွားလိုသဖြင့် မင်းကြီးထံ ပန်ကြား၏–

"အရှင်မင်းကြီး ကျွန်ုပ် ဝေဠုဝန်သို့ သွားချင်ပါသည်"

'အဘယ်မိဖုရား သွားလိုက သွားပါဘိ၊ လွန်စွာ မွေ့လျော်ဖွယ်ကောင်းပါသည်၊ ဘုရားသခင်ကိုလည်း ဖူးမြင်ခဲ့ပါလော့"

မိဖုရားသည် မင်းကြီး၏စကားကို တစ်စုံတစ်ရာပြန်ကြားဝန်ခံခြင်း မပြုဘဲ ထွက်ခဲ့၏၊ ထိုနောက် အခြံအရံများနှင့် ဥယျာဉ်သို့သွား၏၊ တစ်နေ့လုံး ဥယျာဉ်တွင်းဝယ် လှည့်လည် ပျော်ပါးကစားနေ၏၊ ညချမ်းအခါရောက်မှ ပြန်ရန် ပြင်ဆင်၏၊ ထိုအခါ သူ၏ အခြံအရံအစောင့်အရှောက်တို့သည် မင်းကြီး၏အမိန့်အာဏာဖြင့် သူ့ကို မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားကြ၏။

ထိုအခါ မြတ်စွာဘုရားအပါးတွင် လွန်စွာချောမောသော လုံမပျိုတစ်ယောက် ယပ်လေခပ်ကာ နေ၏၊ ခေမာမိဖုရားသည် ထိုသတို့သမီးကို တွေ့မြင်ရသောအခါ အံ့သြသွား၏–

"မြတ်စွာဘုရား အပါး၌ ဤမျှလှသော နတ်ကညာပင် ခစားနေဘိ၏၊ ငါသည် သူ၏ခြေရင်း အလုပ်အကျွေးပင် ဖြစ်ရန် မထိုက်တန်ချေ"

ခေမာမိဖုရား၏မျက်လုံးတို့သည် အလှရည်ကို သောက်သုံးယစ်မူးနေ၏၊ ကြည့်နေစဉ်ပင် အလှမယ်၏ အရွယ်သည် တဖြည်းဖြည်းပြောင်းလဲသွား၏၊ ပထမ အရွယ်ကိုလွန်၍ မဇ္ဈိမအရွယ်၌ တည်၏၊ တစ်ဖန်

ပစ္ဆိမအရှယ်သို့ ပြောင်းလဲပြီး အရေများတွန့်သွား၏၊ ဆံပင်တွေ ဖြူဖွေးပြီး သွားများ ကြွေကျကုန်၏၊ ထိုနောက် ယပ်ဝန်းနှင့် အတူတကွ လဲကျသွား၏၊ ထိုအခါ မြတ်စွာဘုရား သူ့ကို နှုတ်ဆက်တော်မူ၏–

အာတုရံ အသုစိံ ပူတိံ, ပဿ ခေမေ သမုဿယံ၊

ဥဂ္ဃရန္တံ ပဃရန္တံ, ဗာလာနံ အဘိနန္ဒိတံ။

ခေမေ–ခေမာ, အာတုရံ–နာကျင်တတ်သော, အသုစိံ–မစင်ကြယ်သော, ပူတိံ–ပုပ်သော, သမုဿယံ–ကိုယ်ကို, ပဿ–ရှုလော့၊ ဥဂ္ဃရန္တံ–အထက်သို့ပေါက်ထွက်ယိုစီးတတ်သော၊ ပဃရန္တံ–အောက်သို့လျှောကျ ယိုစီးတတ်သော ခန္ဓာကိုယ်ကို၊ ဗာလာနံ–သူမိုက်တို့သည်, အဘိနန္ဒိတံ–လွန်စွာနှစ်သက်အပ်လေ၏။

"ခေမာ ထိုကြောင့် ဤခန္ဓာကိုယ်ကို မတင့်တယ်သောအသုဘဟူ၍ စိတ်ကို ပွားစေလော့၊ တစ်ခုတည်းသော အာရုံရှိသော, ကောင်းစွာ တည်ကြည်သော စိတ်ကို ပွားစေလော့၊ သင်၏သတိသည် ဆံပင် မွေးညင်း စသော ကာယဂတာ၌သာ လေ့လာလော့၊ များစွာ ငြီးငွေ့ပါလော့၊ ဤအတူ ငါလည်း ဖောက်ပြန်လိမ့်မည်ဟု နှလုံးသွင်းလော့၊ အတွင်း–အပ ကိုယ်ကာယ၌ နှစ်သက်ခြင်း တဏှာ ကင်းစေလော့၊ အနိစ္စကို ပွားလော့၊ ကိုယ်တွင်း၌ ကိန်းအောင်းသော မာနကို စွန့်လော့၊ ထိုမာနကို စွန့်ခြင်းကြောင့် ငြိမ်းအေး၍ လှည့်လည်ရမည်၊ ခေမာ ပင့်ကူသည် မိမိ ပြုလုပ်သောကွန်ယက်အမျှင်ကို အစဉ်တစိုက် လိုက်သကဲ့သို့ ရာဂရမ္မက်ဖြင့် နှစ်သက် တပ်ငြိကုန်သော လူတို့သည် မိမိပြုလုပ်အပ်သော ရာဂအယဉ်သို့ အစဉ်တစိုက် လိုက်ရကုန်၏၊ ယင်း အယဉ်ကိုလည်း ဖြတ်၍ မငဲ့ကွက်သည်ဖြစ်၍ ကာမဂုဏ်ချမ်းသာကို ပယ်၍ ကျင့်ရာ၏"

ထိုအခါ ခေမာမိဖုရားသည် ယုံမှားခြင်း ကင်းကွာလျက် သောတာပတ္တိမဂ်မှစ၍အစဉ်အတိုင်းအားဖြင့် အရဟတ္တဖိုလ်သို့ရောက်လေ၏၊ ထိုအခါ မြတ်စွာဘုရားအား စိတ်ဖြင့် ပြစ်မှားမိသော အပြစ်ကို တောင်းပန် ကန်တော့၏– နမော တေ သဗ္ဗဒဿာဝိ,

နမော တေ ကရုဏာကရ၊
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံ ဒဒ။
အလုံးစုံကို သိမြင်သူ သင့်ကို ရှိခိုးပါ၏၊
ကရုဏာ၏တည်ရာဖြစ်သူ သင့်ကို ရှိခိုးပါ၏၊
သံသရာကို ကူးမြောက်ရာ သင့်ကို ရှိခိုးပါ၏၊
အမြိုက်ကို ပေးတတ်သူ သင့်ကို ရှိခိုးပါ၏၊

ခေမာသည် မြတ်စွာဘုရားအား ကန်တော့ပြီးလျှင် နန်းတော်သို့ ပြန်၏၊ သူသည် ခါတိုင်းလို မင်းကြီးကို ရှိခိုးခြင်း မပြုချေ၊ ငြိမ်သက်စွာ ထိုင်လျက် တစ်စုံတစ်ရာ ပန်ကြားမည့်အသွင်ကို ဆောင်၏၊ မင်းကြီးသည် သူ၏ပုံသွင်ကို မြင်ကာမျှဖြင့် သိပြီးဖြစ်၏–

"အဘယ် မိဖုရား ဘုရားသခင်ကို ဖူးမြင်ခဲ့ပါသလော"

"မင်းကြီး သင်တို့၏ ဘုရားသခင်ကို ဖူးမြင်ရခြင်းမှာ သေးငယ်ပါသည်၊ ကျွန်ုပ်၏ဖူးမြင်ရခြင်းမှာ ကြီးမားလှပါသည်၊ ယနေ့ပင် ကျွန်ုပ် ရဟန်းပြုချင်ပါသည်"

မင်းကြီးလည်း အားရဝမ်းသာစွာ ရတနာအတိပြီးသော ရွှေထမ်းစင်ဖြင့် ဆောင်စေ၍ တစ်ထောင်မျှလောက်သော ဘိက္ခုနီတို့ထံ၌ ရဟန်းပြုပေး၏၊ ထို့နောက် မြတ်စွာဘုရားသည် လူ့အဖြစ်ကပင် ရဟန္တာဖြစ်သော ခေမာထေရီအား မဟာပညာအရာ၌ ဧတဒဂ် ထားတော်မူ၏။

အခါတစ်ပါး ခေမာထေရီ တရား နှလုံးသွင်းနေစဉ် မာရ်နတ် လာ၍ပြော၏–

"ခေမာထေရီ သင်သည် ငယ်ရွယ်နုပျို၍ အဆင်းလှပေ၏၊ ငါသည်လည်း ငယ်ရွယ်နုနယ်၍ လုလင်ပျိုဖြစ်ပါ၏၊ လာပါလှည့် ငါတို့သည် အင်္ဂါငါးပါးရှိသော တူရိယာမျိုးဖြင့် တီးမှုတ်ကာ မွေ့လျော် ပျော်ပါး နေကြပါကုန်စို့"

ထိုအခါ ခေမာထေရီက ဤသူကား မာရ်နတ်ယုတ်တည်းဟု သိ၍ ပြန်လည်ချေပ၏-

"မာရ်နတ် ငါသည် ကာမတဏှာကို မဂ်ဖြင့်ပယ်နတ်ပျက်စီး အပ်ပြီးဖြစ်သောကြောင့် ကျင်နာနှိပ်စက်၍ ပျက်စီးတတ်သောသဘောရှိသော ဤအပုပ်ကောင်ဖြင့် ငြီးငွေ့စက်ဆုပ်လှပါ၏"

"ကာမဂုဏ်တို့သည် ဓားလှံ သံတံကျင်တို့နှင့် တူကုန်၏၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ထိုကာမဂုဏ်တို့နှင့် ခုတ်စဉ်းဖြတ်ပိုင်းရာ စဉ်းတီတုံးနှင့် တူကုန်၏၊ သင် ပြောဆိုသော ကာမဂုဏ်၌ မွေ့လျော်မှုမျိုးသည် ယခုအခါ ငါ့အား မွေ့လျော်နှစ်ခြိုက်ဖွယ် မဟုတ်တော့ပြီ"

"ငါသည် ခပ်သိမ်းသော အာရုံတို့၌ နှစ်သက်မှုတဏှာကို ပယ်ဖျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာ အဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူ ဖြစ်ခဲ့ပြီ"

## ၃-ဥပ္ပလဝဏ္ဏာ

"ဘိက္ခုတို့ တန်ခိုးနှင့်ပြည့်စုံကုန်သော ငါ၏သာဝိကာဘိက္ခုနီတို့တွင် ဥပ္ပလဝဏ္ဏာသည် အမြတ်ဆုံးဖြစ်၏"

ဥပ္ပလဝဏ္ဏာထေရီသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်က စ၍ ဤထေရဂါထာကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ရောက်သောအခါ သာဝတ္ထိပြည်တွင် သူဌေးမျိုး၌ဖြစ်၍ ဥပ္ပလဝဏ္ဏာဟု အမည်တွင်၏၊ အရွယ်သို့ ရောက်သောအခါ လွန်စွာလှသဖြင့် မင်း, ပုဏ္ဏား, သူဌေးသူကြွယ်တို့သည် အောင်တမန်ဖြင့် သူဌေးထံ ဥပ္ပလဝဏ္ဏာကို တောင်းကြကုန်၏၊ သမီးတစ်ယောက်ဖြင့် ထိုသူအပေါင်း၏အလိုဆန္ဒကို ပြည့်ဝစေရန် မတတ်နိုင်ချေ၊ ထိုကြောင့် သူဌေးကြီးသည် သမီးကို ခေါ်၍

ဆွေးနွေး၏–

"သမီး သင်သည် ရဟန်းပြုနိုင်ပါမည်လော"

"အဖ အဘယ်ကြောင့်ပါနည်း"

"မင်း, ပုဏ္ဏား, သူဌေး, သူကြွယ် အများအပြားပင် သင့်ကို တောင်းဆိုကြသည်၊ ငါတို့သည် သူတို့အားလုံး၏ အလိုဆန္ဒကို မဖြည့်နိုင်ကုန်၊ ထို့ကြောင့် ငါ့၌လည်းကောင်း, သင့်၌လည်းကောင်း, ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်သည်၊ အကယ်၍ သင် ရဟန်းပြုပါက ဤအန္တရာယ်တို့မှ ကင်းလွတ်ပေမည်"

"အဖ ကျွန်ုပ် ရှေးယခင်ကပင် ရဟန်းပြုချင်နေပါသည်၊ အဖကို ငဲ့ညှာပြီး မပြောဝံ့ဖြစ်နေခဲ့ပါသည်၊ ယခုမူ အဖကိုယ်တိုင်က လိုလားနေသဖြင့် အလွန်ပင် ဝမ်းသာလှပါသည်"

"သို့ဖြစ်ပါလျှင် သမီး ကောင်းလှပေသည်"

ထိုအခါ သူဌေးကြီးသည် သမီး ဥပ္ပလဝဏ္ဏာကို ဘိက္ခုနီကျောင်းသို့ ပို့ပေးလိုက်၏၊ ဥပ္ပလဝဏ္ဏာသည် ဘိက္ခုနီဖြစ်၍ မကြာမီပင် ဥပုသ်ပြုရာ သိမ်၌ ဆီမီးထွန်းရန် အလှည့်ကျ၏၊ သူသည် သိမ်၌ ဆီမီးထွန်းပြီး ပြောင်ပြောင်လောင်သော ဆီမီးရောင်ကို အာရုံစောလျက် အဖန်ဖန် အထပ်ထပ် ရှု၏၊ ရှုဖန်များသော် တေဇောကသိုဏ်းလျှင် အာရုံရှိသောစျာန်သို့ ရောက်၏၊ ထိုစျာန်ကို ဝသီဘော်ငါးတန်ဖြင့် ဝင်စားပြီး ယင်းစျာန်ကို ပါဒကပြုလျက် ရှုအပ်သော ဝိပဿနာဉာဏ်ဖြင့် မဂ်လေးတန်ကိုရ၍ ရဟန္တာဖြစ်၏၊ အရဟတ္တဖိုလ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်ပင် ဣဒ္ဓိဝိဓစသော အဘိညာဉ်တို့သည် သူမယှဉ်နိုင်အောင် ဖြစ်ကုန်၏၊ ထို့ကြောင့် နောင်အခါ မြတ်စွာဘုရား တာဝတိံသာမှဆင်း၍ သင်္ကဿနဂိုရ်မြို့တံခါး၌ ရပ်တည်နေ၏၊ ထိုအခါ ဥပ္ပလဝဏ္ဏာထေရီသည် မြတ်စွာဘုရားကို ရှိခိုးလျှောက်ကြား၏–

"မြတ်စွာဘုရား ကျွန်ုပ်သည် တန်ခိုး ပြာဋိဟာ ပြပါအံ့"

"ဥပ္ပလဝဏ္ဏာ သင်သည် ဘယ်သို့သော တန်ခိုး ပြာဋိဟာတို့ကို

ပြလိုပါသနည်း”

“မြတ်စွာဘုရား ကျွန်ုပ်သည် မိမိ၏ထက်ဝန်းကျင်မှ ၁၂–ယူဇနာရှိသော ပရိသတ်ကိုပြ၍ လှည့်လည်၍ တစ်ဖန် ၃၆–ယူဇနာရှိသော ပရိသတ်ဖြင့် ခြံရံလျက် စကြမင်းဖြစ်လာပြီး အရှင်ဘုရားကို ရှိခိုးပူဇော်ပါမည်”

“ဥပ္ပလဝဏ္ဏာ သင်၏အာနုဘော်ကို ငါသိ၏၊ သို့ရာတွင် ဤပရိသတ်သည် သင်၏အကျိုးငှာ ဖွဲ့စည်းအပ်သောပန်းစည်းကဲ့သို့ စည်းဝေးရောက်လာကြသည် မဟုတ်၊ သင် ဆုတ်လော့”

သို့ရာတွင် မြတ်စွာဘုရားသည် နောင်အခါ ဤအကြောင်း အတ္ထုပ္ပတ်ကြောင့်ပင် ဥပ္ပလဝဏ္ဏာထေရီအား ဣဒ္ဓိမန္တီအရာ၌ ဧတဒဂ် ထားတော်မူလေသည်။

အခါတစ်ပါး ဥပ္ပလဝဏ္ဏာထေရီသည် နေ့သန့်စင်ခြင်းငှာ အင်ကြင်းပင်ရင်း၌ ရပ်နေ၏၊ ထိုအခါ မာရ်နတ်သည် သူ့ထံလာ၍ ဆို၏–

“ဘိက္ခုနီ သင်သည် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်သို့ ချဉ်းကပ်၍ အပင်ရင်း၌ တစ်ယောက်တည်း ရပ်နေဘိ၏၊ သင်၏အလှနှင့်တူသော နှစ်ခုမြောက်သော အလှမရှိ၊ အမိုက်မ သင်သည် လူတို့ကို မကြောက်လော”

ထိုအခါ သူက ပြန်ပြော၏–

“ဟယ် မာရ်နတ် သင်ကဲ့သို့သော လူဆိုးရာထောင် ဤအရပ်သို့ လာစေကာမူ ငါသည် မွေးညင်းတစ်ချောင်းမျှ မတုန်လှုပ်, တစ်ယောက်တည်းပင် ဖြစ်သော်လည်း ငါမကြောက်၊ ငါသည် ကွယ်ပျောက်အံ့၊ သင်၏ဝမ်းတွင်းသို့မူလည်း ဝင်အံ့၊ သင်၏မျက်မှောင်ကြား၌ တည်သော ငါ့ကိုမူလည်း သင်မြင်ရမည်မဟုတ်၊ ငါသည် စိတ်၌ လေ့လာပြီးဖြစ်၏၊ ဣဒ္ဓိပါဒ်တို့ကို ကောင်းစွာ ပွားပြီးဖြစ်၏၊ အလုံးစုံသော အနှောင်အဖွဲ့မှ လွတ်မြောက်

ပြီး ဖြစ်၏၊ ဟယ် မာရ်နတ် သင့်ကို ငါ မကြောက်"

## ၄–ပဋာစာရာ

"ဘိက္ခုတို့ ဝိနည်းကို ဆောင်ကုန်သော ငါ၏သာဝိကာဘိက္ခုနီတို့တွင် ပဋာစာရာသည် အမြတ်ဆုံးဖြစ်၏"

ပဋာစာရာထေရီသည် ပဒုမုတ္တရ ဘုရားသခင်လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည် သူဋ္ဌေးမျိုး၌ ဖြစ်၏၊ အရွယ်သို့ ရောက်သော် အိမ်တွင် အမှုလုပ်သော ကျေးကျွန်တစ်ယောက်နှင့် ချစ်ကြိုက်၍ အဝေးသို့ လိုက်သွား၏၊ သားနှစ်ယောက်ရသောအခါ အိမ်သို့ အပြန်လမ်းခရီးအကြားတွင် လင်မှာ မြွေကိုက်၍ သေ၏၊ သားငယ်ကို စွန်ချီ၍ သားအကြီးမှာ ရေ၌ မျောပါသွား၏၊ သူမသည် ကြီးစွာသောစိုးရိမ်ပူလောင်ခြင်းဖြစ်၍ လမ်းခရီးတွင် ငိုယိုမြည်တမ်းလျက် သွား၏–

"ငါ့လင်လည်း သေပြီ၊ ငါ့သားနှစ်ယောက်လည်း သေပြီ"

သို့ဖြင့် သူသည် သာဝတ္ထိပြည်သို့ ရောက်၏၊ သို့ရာတွင် သူတို့၏ အိမ်ဂေဟာ ဘယ်မှာပဲ မသိသဖြင့် လူတစ်ယောက်ကို မေးကြည့်ရာ၏၊ ထိုသူက ဝမ်းနည်းစွာဖြင့် ပြောပြ၏–

"သင် သူတို့ကို မေးသဖြင့် ဘယ်အကျိုးရှိမည်နည်း၊ ယမန်နေ့က လေကြီးမိုးကြီးကျ၍ သူတို့၏အိမ်ဂေဟာ ပြိုကျသည်၊ သူတို့အားလုံး အိမ်ပိပြီး သေကုန်ပြီ၊ ထင်းပုံတစ်ခုတည်းမှာပဲ ပေါင်းပြီး သင်္ဂြိုဟ်လိုက်ရပါသည်၊ ကြည့်ပါ–အခုတောင် မီး မငြိမ်းသေးပါ"

သူသည် ထိုစကားကို ကြားလျှင် မီးပုံရှိရာသို့ ရှေးရှုပြေးလွှားသွား၏၊ မိမိအဝတ်ကိုပင် မထိန်း မသိမ်းနိုင်ချေ၊ အဝတ်မပါ ဗလာကိုယ်ထည်းဖြစ်လျက် လက်နှစ်ဖက်မြှောက်ကာ ဟစ်အော် ငိုကြွေး၏–

"ငါ့လင်လည်း သေပြီ၊ ငါ့သားနှစ်ယောက်လည်း သေပြီ၊ အမေ,

အဖေနှင့် မောင်ကိုလည်း ထင်းပုံတစ်ခုမှာ စုပုံ သင်္ဂြိုဟ်လိုက်ကြသည်"

သူ၏စိတ်သည် ဆောက်တည်ရာမရှိ၊ လေပွေတိုက်သော သစ်ရွက်ခြောက်ကဲ့သို့ တောင်ရောက်မြောက်ရောက်ဖြစ်နေ၏၊ သူသည် အဝတ်ကို ပယ်လျက် လှည့်လည်နေ၏၊ ထို့ကြောင့် လူတို့က သူ့ကို ပဋာစာရာဟုခေါ်ကြ၏၊ ပဋာစာရာဟူသည် အဝတ်ကို စွန့်ပယ်သော အမျိုးသမီးဖြစ်၏၊ တစ်နေ့တွင် သူသည် မြတ်စွာဘုရား တရားဟောရာသို့ ရောက်သွား၏၊ မြတ်စွာဘုရားသည် ပရိသတ်အစွန်တွင် သူ့ကိုမြင်၍ မေတ္တာ, ကရုဏာကို ဖြန့်၍ ပြောပြ၏ –

"နှမ သတိကို ဖြစ်စေလော့၊ နှမ သတိ ထားလော့"

သူသည် မြတ်စွာဘုရား၏စကားကို ကြားရသောအခါ အတန်ပင် စိတ်ကြည်လင်သွား၏၊ သူ့မှာ အဝတ်မပါ ဗလာကိုယ်ထည်းဖြစ်နေသည်ကိုသိ၍ တတ်အားသမျှ အရှက်ကို ကာကွယ်၏၊ ထိုအခါ အနီး၌ရှိသော လူတစ်ယောက်က သူ၏အပေါ်ရုံကို ပစ်၍ ပေးလိုက်၏၊ သူသည် ထို အဝတ်ဖြင့် သူ၏အရှက်ကို ကာကွယ်ပြီး မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရှိခိုးလျှောက်ကြား၏ –

"မြတ်စွာဘုရား အရှင်သည် ကျွန်ုပ်၏မှီခိုအားထားရာ ဖြစ်ပါသည်ဘုရား၊ ဆောက်တည်ရာ ဖြစ်တော်မူပါ၊ လမ်းမှာ လင်သည် မြွေကိုက်သေပါသည်၊ သားငယ်ကို စွန်ချီသွားပါသည်၊ သားကြီးမှာ ရေနစ်၍သေပါပြီ၊ အိမ်ပြို၍ အမေ, အဖေနှင့်မောင်ကို သုံးလောင်းပြိုင် မီးပုံတစ်ခုမှာ သင်္ဂြိုဟ်ခဲ့ရပါပြီဘုရား"

"ပဋာစာရာ မစိုးရိမ်လင့်၊ သင်သည် စောင့်ရှောက်ကိုးကွယ်မှီခိုရာ အဖြစ် စွမ်းနိုင်သူ၏ အထံသို့ ရောက်လာခဲ့ပါပြီ၊ ပဋာစာရာ ဤသံသရာ၌ သားစသောသူတို့ သေဆုံး၍ ငိုကြွေးရသော သင်၏ မျက်ရည်တို့သည် သမုဒ္ဒရာ လေးစင်းမှာရှိသော ရေထက်ပင် များပေဦးမည်"

သူသည် အတော်ပင် အားတက်သွား၏၊ ဘ၀ ရပ်တည်ရာကို ရေးရေးမျှ မြင်တွေ့ရ၍ သက်ပြင်းချလိုက်၏၊ ထိုအခါ မြတ်စွာဘုရား ဆက်လက်မိန့်ကြားတော်မူ၏ –

"ပဋာစာရာ သား၊ သမီး၊ ဆွေမျိုး မိဘ၊ မိတ်သင်္ဂဟတို့သည် တမလွန်ဘ၀သို့ သွားသူအတွက် စောင့်ရှောက် ကိုးကွယ်ရာအဖြစ် မတတ်နိုင်ကြပါ၊ သူတို့ ထင်ရှားရှိကြပါသော်လည်း မရှိသည်သာ မည်ကုန်၏၊ ပညာရှိသည်ကား ထိုအကြောင်းကို သိ၍ သီလကို ဖြူစင်အောင် သုတ်သင်လျက် မိမိ ငြိမ်းချမ်းရာသို့ ရောက်ကြောင်း ခရီးကိုသာ သုတ်သင်သင့်၏"

ထိုအခါ သူသည် ဗုဒ္ဓ၏အဆုံးအမဩ လုံး၀ ယုံမှားခြင်း ကင်းပျောက်၍ ရဟန်းအဖြစ်ကို ရလိုကြောင်း လျှောက်၏၊ မြတ်စွာဘုရားသည် သူ့ကို ဘိက္ခုနီကျောင်းသို့ ပို့ပေးလိုက်၏၊ သူသည် စိတ်၏အလိုကျ ဘ၀ တစ်လျှောက်တွင် ခုန်ပေါက်ပြေးလွှား၍ လာခဲ့၏၊ ထိုစဉ်အခါက မိမိ ဘယ်ပုံ ဖြစ်နေသည်ကို ကိုယ်တိုင် မသိခဲ့ချေ၊ ယခုအခါ သူသည် လွန်စွာ ဖောက်ပြန်သော စိတ်ကို နှစ်သိမ့်ထားသဖြင့် မိမိဘ၀ ဖြစ်စဉ်ကို ဆင်ခြင်နိုင်ခဲ့၏၊ သို့ဖြင့် ဘ၀ကို သုံးသပ်နိုင်ရန် အခွင့်သင့်လာ၏။

တစ်နေ့သ၌ ပဋာစာရာသည် ခြေဆေး၏၊ ခြေပေါ်သို့ လောင်းချလိုက်သော ရေတို့သည် အတန်ငယ် ဝေးကွာသောအရပ်သို့ စီးဆင်းသွားပြီးနောက် ပျောက်သွား၏၊ ထို့နောက် တစ်ဖန် သူလောင်း ပြန်၏၊ ထိုရေမူ ထိုထက်ဝေးသော အရပ်သို့ သွားပြီးနောက်မှ ပျောက်၏၊ တတိယမြောက် လောင်းသောရေကား ပိုပြီး ဝေးရာသို့ သွားနိုင်၏၊ သို့ရာတွင် အလုံးစုံအကုန် ပျောက်ပျက်ကုန်သည်ကို သူတွေ့ရ၏၊ လောင်းလိုက်သော ရေသည် ခြေပေါ်မှ စီးဆင်းသွားပြီးနောက် ပျောက်၏၊ ရေလောင်းခြင်းနှင့် ပျောက်သွားခြင်းမှာ ခြားနားခြင်း မရှိချေ၊ စီးဆင်းသွားရာမှာ အချို့တိုသည်၊ အချို့ရှည်သည်၊ အချို့ မတိုမရှည် ဖြစ်သည်၊ ထို့အတူပင် သတ္တဝါတို့လည်း ဖြစ်ပြီး ပျက်ကြ၏၊ သို့ရာတွင် အချို့သည် အသက်တို၏၊ အချို့ အသက်ရှည်၏၊

အချို့ကား မတို–မရှည် အလယ်အလတ် ဖြစ်၏၊ စင်စစ် ဖြစ်ပြီးနောက် ပျောက်ပျက်သည်သာတည်း။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ နေလျက် ပဋာစာရာထေရီကို မြင်၏၊ ထို့ကြောင့် ရောင်ခြည်တော်ကို ပျံ့နှံ့စေလျက် သူ့ကို အားပေးစကား ပြောကြား၏–

"ပဋာစာရာ သင်၏ ယင်းအကြံသည် အမှန်အတိုင်းဖြစ်၏၊ ခန္ဓာတို့၏ အဖြစ်–အပျက်ကို မမြင်သူ၏ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် မြင်သူ၏ တစ်ရက် တစ်ခဏမျှ အသက်ရှည်ခြင်းက မြတ်၏"

ထိုအခါ ပဋာစာရာထေရီသည် မကြာမီ အတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွား၏၊ သူသည် ထို့နောက် ဘုရားစကားတို့ကို သင်ကြား၏၊ အထူးသဖြင့် ဝိနည်း ပိဋကတ်ကို လေ့လာ၏၊ ဝိနည်းနှင့် ပတ်သက်လျှင် သူ၏ ဆုံးဖြတ်ချက်သည် ပမာဏဖြစ်၏၊ ထို့ကြောင့် နောင်အခါ မြတ်စွာဘုရားသည် ဝိနယဓရ အရာ၌ သူ့အား ဧတဒဂ် ထားတော်မူလေသည်။

## ၅–ဓမ္မဒိန္နာ

"ဘိက္ခုတို့ တရားဟောတတ်ကုန်သော ငါ၏ သာဝိကာဘိက္ခုနီတို့တွင် ဓမ္မဒိန္နာသည် အမြတ်ဆုံး ဖြစ်၏"

ဓမ္မဒိန္နာ ထေရီသည် ဤဧတဒဂ်ဆုကို ပဒုမုတ္တရ ဘုရားသခင် လက်ထက်ကစ၍ တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည် သူဌေးမျိုး၌ ဖြစ်၍ ဓမ္မဒိန္နာဟု အမည်တွင်၏၊ အရွယ်သို့ ရောက်သောအခါ ဝိသာခ အမည်ရှိသော သူဌေးနှင့် အကြောင်းပါ၏။

ဝိသာခ သူဌေးသည် ဗိမ္ဗိသာရမင်းနှင့် ချစ်ကျွမ်းဝင်၏၊ ထို့ကြောင့် သူသည် မင်းကြီးနှင့်အတူ မြတ်စွာဘုရားကျောင်းသို့ မကြာခဏ ရောက်၏၊

မကြာခဏ တရားနာရ၏၊ သို့ဖြင့် သူသည် တစ်နေ့တခြား တရားကို မြင်လာ၏၊ တစ်နေ့တွင် သူသည် အနာဂါမ်အဆင့်သို့ ရောက်ကာ အိမ်သို့ ပြန်လာ၏၊ သူသည် ခါတိုင်း အိမ်ပြန်လာလျှင် ဓမ္မဒိန္နာ ကြိုဆိုသောလက်ကို ဆွဲကိုင်၍ ကြည်နူးစွာ အိမ်ပေါ်သို့ တက်၏၊ ယခုမူ လက်လည်း မလှမ်း, သာယာမှုလည်း မပြု, တုဏှိဘာဝေ ဆိတ်ဆိတ်နေ၏၊ ထမင်းကျွေးသောအခါလည်း ငြိမ်သက်စွာပင် စားသည်၊ သူသည် ဘယ်အရာကိုမျှ အကောင်း–အဆိုး, အကျိုး–အပြစ်ကို စိစစ် ဝေဖန်ခြင်း မရှိချေ၊ ညချမ်းအခါ ဓမ္မဒိန္နာက မေး၏–

"အရှင် ကျွန်ုပ်မှာ အပြစ် တစ်စုံတစ်ရာ ရှိပါသလား"

"ရှင်မ သင့်မှာ အပြစ် တစ်စုံတစ်ရာ မရှိပါ၊ သို့ရာတွင် ငါသည် ယနေ့မှစ၍ အချစ်၏ အစွမ်းဖြင့် သင်တို့၏ထံ၌ ခံစားရန် မဖြစ်နိုင်တော့ပါ၊ အကယ်၍ သင်အလိုရှိပါမူ ဤအိမ်၌ သင်နေပါ၊ အလိုမရှိပါမူ လိုသမျှ ပစ္စည်းဥစ္စာတို့ကို ယူဆောင်သွားပြီး နောက်အိမ်ထောင် ပြုပါဘိ"

"အရှင့်သား သင်ဘယ်သို့ ဆိုသနည်း၊ သင်တို့ ထွေးအန်ပစ်သော တံထွေး အန်ဖတ်တို့ကို ကျွန်ုပ်က ဦးခေါင်းဖြင့် ခံယူ၍ ပှည့်လည်ရမည်လော၊ ဤသို့ မခံယူနိုင်ပါ၊ ကျွန်ုပ် ရဟန်းပြုချင်ပါသည်"

"ရှင်မ ကောင်းပေ၏ - ကောင်းပေ၏"

ထို့နောက် ဝိသာခသည် ဓမ္မဒိန္နာကို ဘိက္ခုနီကျောင်းသို့ ပို့ပေး၏၊ ဓမ္မဒိန္နာသည် ဘိက္ခုနီ ဖြစ်သောအခါ 'ဝိသာခသည် အိမ်၌ နေလျက်ပင် ဆင်းရဲ၏ အဆုံးကို ပြု၏၊ ငါကား ရဟန်းဖြစ်၏၊ ဘယ်ကြောင့် သူ့ထက်သာလွန်သော ချမ်းသာ၏ အထွတ်အထိတ်သို့ မရောက်ဘဲ ရှိအံ့နည်း'–ဟု စဉ်းစားပြီး ဥပဇ္ဈာယ် ဆရာ၏ထံသွားကာ ခွင့်တောင်း၏–

"အရှင်မ ကျွန်ုပ်သည် လူသူ ရောပြွမ်းသော မြို့ကျောင်း၌ မမွေ့လျော်ပါ၊ ရွာငယ် တောကျောင်းသို့ ပြောင်းနေချင်ပါသည်"

ဥပဇ္ဈာယ် ဆရာ၏ ခွင့်ပြုချက်အရ သူသည် မိမိနှင့် သင့်လျော်မည့် ကျောင်းကို ပြောင်းနေပြီး ဝိပဿနာ တရားကို ပွားများ၏၊ မကြာမီပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာထေရီ ဖြစ်သွား၏၊ ထိုအခါ သူသည် ရဟန်းကိစ္စ ပြီးပြီဖြစ်၍ မိမိကိုမှီ၍ ဆွေမျိုးများ ကောင်းမှုပွားစေရန် မြို့ကျောင်းသို့ ပြန်လည် ရွှေ့ပြောင်းလာ၏၊ ထိုသတင်းကို ဝိသာခသူဌေးကြီး ကြားလျှင်–" လျင်မြန်စွာ ပြန်လာဘိ၏၊ သာသနာ၌ ငြီးငွေ့သလော"–ဟု စုံစမ်းရန် ကျောင်းသို့ သွား၏၊ ရောက်လျှင် သူသည် ဓမ္မဒိန္နာထေရီကို ရှိခိုးပြီး သာသနာ၌ ပျော်–မပျော်ကို တိုက်ရိုက် မမေးဘဲ ပြဿနာ မေးလျှောက်ကာ စုံစမ်း၏–

"အရှင်မ သက္ကာယဟု ဆို၏၊ အဘယ်ကို သက္ကာယဟု ဗုဒ္ဓ ဟောကြားပါသနည်း"

"ဒါယကာ ဉာဏ်စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ကို သက္ကာယဟု ဗုဒ္ဓ ဟောကြားပါသည်"

"အရှင်မ အဘယ် ငါးပါးတို့ပါနည်း"

"ဒါယကာ ဖောက်ပြန်မှု ရုပ်, ခံစားမှု ဝေဒနာ, မှတ်သားမှု သညာ, ပြုပြင်စီရင်မှု သင်္ခါရ, အထူးသိမှု ဝိညာဏ်–ဟူသော စွဲလမ်းဖွယ် ခန္ဓာ ငါးပါးတို့တည်း"

"အရှင်မ သက္ကာယ ဖြစ်ပေါ်ကြောင်းဟု ဆို၏၊ အဘယ်ကို သက္ကာယ ဖြစ်ပေါ်ကြောင်းဟု ဟောကြားပါသနည်း"

"ဒါယကာ တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်စွန်းမှု နန္ဒီရာဂနှင့် တကွဖြစ်သော ထိုထို ကာမဂုဏ်ကို တပ်မက်မှု ကာမ တဏှာ, ဘုံဘဝကို တပ်မက်မှု ဘဝတဏှာ, ဘုံဘဝ ကင်းပြတ်မှုကို တပ်မက်မှု ဝိဘဝ တဏှာ–ဤသုံးပါးကို သက္ကာယဖြစ်ကြောင်းဟု ဟောကြားပါသည်"

"အရှင်မ သက္ကာယ ချုပ်ရာဟု ဆို၏၊ အဘယ်ကို သက္ကာယ ချုပ်ရာဟု ဟောပါသနည်း"

"ဒါယကာ ထိုတပ်မက်မှု တဏှာသာလျှင် အကြွင်းမဲ့တပ်စွန်းခြင်း ကင်းသောအားဖြင့် ချုပ်ရာ, စွန့်ပစ်ရာ, တဖန် စွန့်လွှတ်ရာ, လွတ်မြောက်ရာ, တွယ်တာကပ်ငြိမှု မရှိရာ နိဗ္ဗာန်ကို သက္ကာယ ချုပ်ရာဟု ဟောကြားပါသည်"

"အရှင်မ သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု ဆို၏၊ ဘယ်အရာကို သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဟောပါသနည်း"

"ဒါယကာ မှန်သော အယူ, မှန်သော အကြံ, မှန်သော စကား, မှန်သော အမှု, မှန်သော အသက်မွေးမှု, မှန်သော အားထုတ်မှု, မှန်သော အောက်မေ့မှု, မှန်သော တည်ကြည်မှု–ဤအင်္ဂါရှစ်ပါးသော မဂ်ကိုပင် သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟု ဟောကြားပါသည်'

"အရှင်မ စွဲလမ်းမှု ဥပါဒါန်ပင် စွဲလမ်းဖွယ် ခန္ဓာတို့လော၊ သို့မဟုတ် ဥပါဒါန်သည် ခန္ဓာတို့မှ တခြားလော"

"ဒါယကာ ဥပါဒါန်သည် ခန္ဓာတို့ မဟုတ်ကုန်၊ ဥပါဒါန်သည် ခန္ဓာတို့မှ တခြားလည်း မဟုတ်၊ ခန္ဓာတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂသည် စွဲလမ်းဖွယ် ခန္ဓာတို့၌ စွဲလမ်းမှု ဥပါဒါန်တည်း"

"အရှင်မ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါကုန်သနည်း"

"ဒါယကာ ခန္ဓာတို့ကို အတ္တ, ခန္ဓာရှိသော အတ္တ, အတ္တ၌ ခန္ဓာ, ခန္ဓာ၌ အတ္တ–ဟု ရှုလျှင် သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်"

"အရှင်မ ဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ပါသနည်း"

"ဒါယကာ ခန္ဓာတို့ကို အတ္တဟု မရှုပါလျှင် သက္ကာယဒိဋ္ဌိ မဖြစ်ပါ"

"အရှင်မ မဂ္ဂင်ရှစ်ပါးသည် အပြုအပြင်ခံ တရားလော၊ သို့မဟုတ် အပြုအပြင်ခံ မဟုတ်သော တရားလော"

"ဒါယကာ မဂ္ဂင်ရှစ်ပါးသည် အပြုအပြင်ခံ တရားပေတည်း"

"အရှင်မ မဂ္ဂင်ရှစ်ပါးဖြင့် ခန္ဓာသုံးပါးတို့ကို သိမ်းယူရာသလော၊ သို့မဟုတ် ခန္ဓာသုံးပါးတို့ဖြင့် မဂ္ဂင်ရှစ်ပါးကို သိမ်းယူရသလော"

"ဒါယကာ ခန္ဓာသုံးပါးတို့ဖြင့်သာ မဂ္ဂင်ရှစ်ပါးတို့ သိမ်းယူရ၏၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ–သုံးပါးတို့ကို သီလက္ခန္ဓဖြင့် သိမ်းယူရကုန်၏၊ သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ–သုံးပါးတို့ကို သမာဓိက္ခန္ဓာဖြင့် သိမ်းယူရကုန်၏၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ – နှစ်ပါးတို့ကို ပညာက္ခန္ဓာဖြင့် သိမ်းယူရကုန်၏"

"အရှင်မ သမာဓိဟူသည် အဘယ်ပါနည်း၊ ဘယ်တရားတို့သည် သမာဓိဖြစ်ကြောင်း နိမိတ်တို့ပါနည်း၊ ဘယ်တရားတို့သည် အခြံအရံတို့ ပါနည်း၊ အဘယ်နည်း ပွားများခြင်းပါနည်း"

"ဒါယကာ စိတ်၏ အာရုံတစ်မျိုးတည်းသာ ရှိခြင်းသည် သမာဓိတည်း၊ သတိပဋ္ဌာန် လေးပါးတို့သည် သမာဓိဖြစ်ကြောင်း နိမိတ်တို့တည်း၊ သမ္မပ္ပဓာန် လေးပါးတို့သည် သမာဓိ၏ အခြံအရံတို့တည်း၊ ထိုတရားတို့ကို သာလျှင် မှီဝဲခြင်း, ပွားခြင်း, ကြိမ်ဖန်များစွာ ပြုခြင်းသည် သမာဓိကို ပွားများခြင်းတည်း"

"အရှင်မ သင်္ခါရတို့သည် အဘယ်မျှတို့နည်း"

"ဒါယကာ သင်္ခါရတို့သည် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရအားဖြင့် သုံးပါးတို့တည်း"

"အရှင်မ အဘယ်သည် ကာယသင်္ခါရပါနည်း"

"ထွက်သက် ဝင်သက်တို့သည် ကာယသင်္ခါရမည်၏"

"အဘယ်သည် ဝစီသင်္ခါရပါနည်း"

"ဝိတက်, ဝိစာရတို့သည် ဝစီသင်္ခါရမည်၏"

"အဘယ်သည် စိတ္တသင်္ခါရပါနည်း"

"သညာ, ဝေဒနာတို့သည် စိတ္တသင်္ခါရမည်၏"

"အရှင်မ အဘယ်ကြောင့် ထွက်သက် ဝင်သက်သည် ကာယသင်္ခါရ မည်ပါသနည်း"

"ထွက်သက် ဝင်သက်တို့သည် ကိုယ်၌ ဖြစ်ကုန်၏၊ ကိုယ်နှင့် စပ်ကုန်၏၊ ထို့ကြောင့် ယင်းတို့သည် ကာယသင်္ခါရမည်၏"

"ဝိတက်, ဝိစာရသည် အဘယ်ကြောင့် ဝစီသင်္ခါရ မည်ပါသနည်း"

"ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှစကားကို မြွက်ဆို၏၊ ထို့ကြောင့် ဝိတက် ဝိစာရတို့သည် ဝစီသင်္ခါရမည်၏"

"သညာ ဝေဒနာတို့သည် အဘယ်ကြောင့် စိတ္တသင်္ခါရ မည်ပါသနည်း"

"သညာ ဝေဒနာတို့သည် စိတ်၌ ဖြစ်ကုန်၏၊ စိတ်နှင့် စပ်ကုန်၏၊ ထို့ကြောင့် ယင်းတို့သည် စိတ္တသင်္ခါရ မည်၏"

"အရှင်မ သညာ, ဝေဒနာ ချုပ်ခြင်းသို့ ရောက်မှု နိရောဓသမာပတ်သည် အဘယ်သို့ ဖြစ်ပါသနည်း"

"သညာ ဝေဒနာချုပ်နေခြင်းသို့ ရောက်သော ရဟန်းအား ငါသည် သညာဝေဒနာချုပ်ခြင်းသို့ ရောက်လိမ့်မည်, ရောက်၏ ရောက်ပြီဟု စိတ် မဖြစ်၊ စင်စစ်သော်ကား ထိုရဟန်းသည် ထိုသို့ချုပ်ရန် ဆောင်စွမ်းနိုင်သော စိတ်ကို ရှေးဦးကပင် ထိုသို့သော အခြင်းအရာအားဖြင့် ပွားများထားပါသည်"

"အရှင်မ သညာ ဝေဒနာ ချုပ်နေခြင်းသို့ ရောက်သော ရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ချုပ်ကြပါသနည်း"

"ထိုရဟန်းအား ရှေးဦးစွာ ဝစီသင်္ခါရ, ထိုနောက် ကာယသင်္ခါရ, ထိုနောက် စိတ္တသင်္ခါရ ချုပ်ပါသည်"

"အရှင်မ သညာ ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထမှုသည် အဘယ်သို့ ဖြစ်ပါသနည်း"

"ထိုရဟန်းအား ငါသည် သညာ ဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထတော့မည်, ထ၏, ထပြီးပြီဟု စိတ် မဖြစ်၊ စင်စစ်သော်ကား သူသည် ထိုသို့ထရန် ဆောင်စွမ်းနိုင်သော စိတ်ကို ရှေးဦးကပင် ထိုသို့သော အခြင်းအရာအားဖြင့် ပွားများထားပါသည်"

"အရှင်မ ထိုရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ဖြစ်ပါသနည်း"

"ဒါယကာ ထိုရဟန်းအား ရှေးဦးစွာ စိတ္တသင်္ခါရ, ထို့နောက် ကာယသင်္ခါရ, ထိုနောက် ဝစီသင်္ခါရ ဖြစ်ပါသည်"

"အရှင်မ ထိုရဟန်းကို အဘယ် ဖဿတို့ တွေ့ထိကြပါသနည်း"

"ဒါယကာ ထိုရဟန်းကို ဆိတ်သုဉ်းသော တွေ့ထိမှု သုညဖဿ, အာရုံနိမိတ်မရှိသော တွေ့ထိမှု အနိမိတ္တဖဿ, တောင့်တမှု မရှိသော တွေ့ထိမှု အပ္ပဏိဟိတ ဖဿ သုံးပါးတို့ တွေ့ထိပါသည်"

"အရှင်မ ထိုရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်ကိုင်းပါသနည်း"

"ဒါယကာ ကင်းဆိတ်မှု ဝိဝေက နိဗ္ဗာန်သို့ ညွတ်ကိုင်းပါသည်"

"အရှင်မ ခံစားမှု ဝေဒနာတို့သည် အဘယ်သို့နည်း"

"ဒါယကာ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် သုံးပါးတို့ပါတည်း"

"အရှင်မ ယင်းဝေဒနာ သုံးပါးသည် အဘယ်ပါနည်း"

"ဒါယကာ ကိုယ် စိတ်၌ဖြစ်သည့် ချမ်းမြေ့သာယာစွာခံစားခြင်းသည် သုခဝေဒနာ, ဆင်းရဲငြိုငြင်စွာ ခံစားရခြင်းသည် ဒုက္ခဝေဒနာ,

သာယာသည်လည်း မဟုတ်–မသာယာသည်လည်း မဟုတ်သော ခံစားခြင်းသည် ဥပေက္ခာဝေဒနာ မည်ပါသည်”

“အရှင်မ ယင်းဝေဒနာတို့ကို မည်သို့ ခံစားပါသနည်း”

“သုခဝေဒနာသည် တည်နေဆဲအားဖြင့် ချမ်းသာ၏၊ ပြောင်းလဲသော အားဖြင့် ဆင်းရဲ၏၊ ဒုက္ခဝေဒနာသည် တည်နေဆဲအားဖြင့် ဆင်းရဲ၏၊ ပြောင်းလဲသောအားဖြင့် ချမ်းသာ၏၊ ဥပေက္ခာဝေဒနာသည် သိသောအားဖြင့် ချမ်းသာ၏၊ မသိသောအားဖြင့် ဆင်းရဲ၏”

“အရှင်မ ဝေဒနာသုံးပါးတို့၌ အဘယ် အနုသယကိန်းဝပ်ပါသနည်း”

“ဒါယကာ သုခဝေဒနာ၌ ရာဂါနုသယ, ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ, ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်းဝပ်ပါသည်”

“အရှင်မ ဝေဒနာ အားလုံး၌ပင် အနုသယတို့ အသီးသီးကိန်းဝပ်ကုန်ပါသလော”

“ဒါယကာ ဝေဒနာအားလုံး၌ အနုသယတို့ အသီးသီး မကိန်းဝပ်ကြပါ”

“အရှင်မ ဝေဒနာ၌ အဘယ်ကို ပယ်ရပါသနည်း”

“ဒါယကာ ဝေဒနာတို့၌ အနုသယတို့ကို ပယ်ရပါမည်”

“အရှင်မ ဝေဒနာအားလုံး၌ အနုသယတို့ကို ပယ်သင့်ပါသလော”

“ဒါယကာ မပယ်ရပါ၊ ပထမဈာန်သို့ ရောက်နေသော ရဟန်းသည် ထိုဈာန်ဖြင့် တပ်မက်မှု ရာဂကို ပယ်၏၊ ထိုဈာန်၌ ရာဂါနုသယ မကိန်းဝပ်၊ အရဟတ္တဖိုလ်၌ တောင့်တမှုကို ဖြစ်စေတတ်သော ရဟန်းအား တောင့်တမှုဟူသော အကြောင်းကြောင့် ဆင်းရဲမှု ဒေါမနဿ ဖြစ်၏၊ ယင်းဖြင့် ထိခိုက်မှု ပဋိဃကို ပယ်၏၊ ထိုဒေါမနဿ၌ ပဋိဃာနုသယ မကိန်းဝပ်၊ စတုတ္ထဈာန်သို့ ရောက်နေသော ရဟန်းသည် ထိုဈာန်ဖြင့် မသိမှုအဝိဇ္ဇာကို ပယ်၏၊ ထိုဈာန်၌ အဝိဇ္ဇာနုသယ မကိန်းဝပ်”

"အရှင်မ သုခဝေဒနာ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"

"ဒါယကာ ဒုက္ခဝေဒနာပင်တည်း"

"အရှင်မ ဒုက္ခဝေဒနာ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"

"ဒါယကာ သုခဝေဒနာပင်တည်း"

"အရှင်မ ဥပေက္ခာဝေဒနာ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"

"ဒါယကာ မသိမှု အဝိဇ္ဇာပင်တည်း"

"အရှင်မ သိမှု ဝိဇ္ဇာ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"

"ဒါယကာ လွတ်မြောက်မှု ဝိမုတ္တိပင်တည်း"

"အရှင်မ လွတ်မြောက်မှု ဝိမုတ္တိ၏ပြိုင်ဘက်ကား အဘယ်ပါနည်း"

"ဒါယကာ ငြိမ်းအေးမှု နိဗ္ဗာန်ပင်တည်း"

"အရှင်မ ငြိမ်းအေးမှု နိဗ္ဗာန်၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"

"ဒါယကာ ပြဿနာကို လွန်သွားပြီ၊ ပြဿနာတို့၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင်၊ ဒါယကာ မြတ်သောအရှင်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ နိဗ္ဗာန်လျှင် လားရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏၊ ဒါယကာ သင် အလိုရှိမူ မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်ပြီး မြတ်စွာဘုရား ဖြေကြားသည့်အတိုင်း မှတ်ယူပါလော့"

ထိုအခါ ဝိသာခ ဥပါသကသည် ဓမ္မဒိန္နာထေရီ၏ စကားကို နှစ်သက်ဝမ်းမြောက်စွာ ခံယူ၍ နေရာမှထပြီး ရိုသေစွာ ရှိခိုး၏၊ ထိုနောက် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မိမိ အမေး, ထေရီ၏ အဖြေတို့ကို လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရား မိန့်ကြားတော်မူ၏–

"ဝိသာခ ဓမ္မဒိန္နာသည် ပညာရှိ၏၊ များသော ပညာရှိ၏၊ အကယ်၍ ထိုအကြောင်းကို ငါ့အား မေးလျှင် ငါသည်လည်း ဓမ္မဒိန္နာကဲ့သို့ပင် ဖြေကြားရာ၏၊ ထိုပြဿနာ၏ အဖြေမှာ ဤသို့ပင်တည်း၊ ဤသို့ပင် ထိုအဖြေကို မှတ်လော့၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာတို့၌

တပ်နှစ်သက်မှု တဏှာဟူသော ကြောင့်ကြ မရှိ၊ စွဲယူမှု မရှိသူကို ဗြာဟ္မဏ ဟု ငါဆို၏"

ထိုနောက် မြတ်စွာဘုရားသည် အရိယာတို့၏ အလယ်၌ ဓမ္မဒိန္နာထေရီအား ဓမ္မကထိကအရာ၌ ဧတဒဂ် ထားတော်မူလေသည်။

## ၆–နန္ဒာ

"ဘိက္ခုတို့ ဈာန်ဝင်စားခြင်း၌ မွေ့လျော်ကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် နန္ဒာသည် အမြတ်ဆုံး ဖြစ်၏"

နန္ဒာထေရီသည် ပဒုမုတ္တရာဘုရားသခင် လက်ထက်က စ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ မဟာဂေါတမီ၏သမီးဖြစ်လာ၍ နန္ဒာဟု ခေါ်ဆိုကြ၏၊ ရုပ်အဆင်း လှသောကြောင့် ရူပနန္ဒာ, ဇနပုဒ်တွင် အချောဆုံး အလှဆုံး ဖြစ်၍ ဇနပဒ ကလျာဏီဟု အမည်တွင်၏။

နန္ဒာကို သူ၏ မောင်တော် နန္ဒနှင့် လက်ထပ်ပေး၏၊ လက်ထပ်ပွဲသို့ မြတ်စွာဘုရား ကြွလာကာ သတို့သား နန္ဒကို ခေါ်သွားပြီး ရဟန်းပြုပေး၏၊ မြတ်စွာဘုရားသည် ရာဟုလကိုလည်း ရှင်ပြုပေး၏၊ သုဒ္ဓေါဒနမင်းကြီးလည်း ပရိနိဗ္ဗာန်ပြုသွားပြီ၊ မယ်တော် မဟာဂေါတမီနှင့် ယသောဓရာဒေဝီလည်း ဘိက္ခုနီ ဖြစ်သွားကြပြီ၊ လူ့လောကတွင် သူ့မှာ ဆွေမျိုးရင်းချာ မရှိတော့ချေ၊ ထို့ကြောင့် သူသည် ဂေါတမီထံ သွားပြီး ရဟန်းခံ၏၊ သို့ရာတွင် သူသည် ရုပ်ရည် လှပခြင်းကြောင့် မာနယစ်ကာ မြတ်စွာဘုရားထံသို့လည်း မသွား၊ ဩဝါဒခံယူရန်လည်း ကိုယ်တိုင် မသွားချေ၊ အခြားဘိက္ခုနီတို့ ကိုယ်စားလှယ် လွှတ်ပြီး တစ်ဆင့် ခံယူ၏၊ ထိုအခါ မြတ်စွာဘုရား မိန့်ကြား၏–

"ဘိက္ခုနီတို့သည် မိမိ၏ဩဝါဒကို မိမိကိုယ်တိုင် ခံယူရမည်၊ တစ်ပါးသော ဘိက္ခုနီ ကိုယ်စားလွှတ်၍ တစ်ဆင့် မခံယူစေရ"

ထိုအခါ နန္ဒာထေရီသည် ဩဝါဒ ခံယူရန် ကိုယ်တိုင်သွားရ၏၊ မြတ်စွာဘုရားသည် နန္ဒာ၏စရိုက်အစွမ်းဖြင့် လွန်စွာလှပသော မိန်းကလေးကို ဖန်ဆင်းကာ ယပ်လေခတ်သကဲ့သို့ ပြထား၏၊ နန္ဒာထေရီသည် ထို မိန်းကလေးကို မြင်လျှင် အလွန်နှစ်သက် အားရစွာ ကြည့်ရှုနေ၏၊ ထိုစဉ်တွင် မိန်းကလေးသည် တဖြည်းဖြည်းအိုမင်းရင့်ရော်သွား၏၊ ဆံပင်တို့ ဖြူဆွတ်သွား၏၊ အရေတွန့်ကာ ယိမ်းယိုင်လှုပ်ရှား၍ တောင်ဝှေး၏ အကူအညီကို ယူရ၏၊ ထိုနောက် ညည်းညူမြည်တမ်းလျက် လဲကျသွား၏၊ နန္ဒာထေရီသည် ထိုအခြင်းအရာတို့ကို ထိတ်လန့်စွာ ကြည့်ရှုနေ၏၊ ထိုအခါ မြတ်စွာဘုရား မိန့်ကြား၏–

အဋ္ဌီနံ နဂရံ ကတံ, မံသ လောဟိတ လေပနံ၊

ယတ္ထ ဇရာစ မစ္စုစ, မာနော မက္ခောစ ဩဟိတော။

ရူပနန္ဒေ–ရူပနန္ဒာ, အယံကာယော–ဤခန္ဓာကိုယ်သည်, အဋ္ဌီနံ–အရိုးတို့ဖြင့်, ဥဿာပေတွာ–စိုက်ထောင်၍, နဂရံ–မြို့ကို, ကတံ–ပြုအပ်၏၊ မံသ လောဟိတ လေပနံ–အသား အသွေးတို့ဖြင့် လိမ်းကျံကာ တည်၏၊ ယတ္ထ–အကြင် ခန္ဓာကိုယ်၌, ဇရာစ–အိုခြင်းသည်လည်းကောင်း, မစ္စုစ–သေခြင်းသည်လည်းကောင်း, မာနောစ–ထောင်လွှားခြင်းသည် လည်းကောင်း, မက္ခောစ–သူ့ကျေးဇူးကို ချေခြင်းသည်လည်းကောင်း, ဩဟိတော–တည်၏။

ရူပနန္ဒာလည်း ပါရမီရှိသူ ဖြစ်ရကား အားသစ်သော ဝိပဿနာဇော၏ နောက်၌ အရဟတ္တဖိုလ်သို့ ရောက်သွား၏၊ ယင်းသို့ ရဟန္တာ ဖြစ်ပြီးသော် ဩဝါဒကိုခံလျက် ရူပ, အရူပဈာန်တို့၌သာ လွန်စွာ အားထုတ်သဖြင့် ဈာနလာဘီ ပုဂ္ဂိုလ်တို့ထက် သာလွန် ထူးမြတ်၏၊ ထို့ကြောင့် သူ့ကို ဈာယိနီဧတဒဂ် အရာ၌ ထားတော်မူခြင်း ဖြစ်လေသည်။

## ၇–သောဏာ

"ဘိက္ခုပ်ိ လုံ့လ ဝီရိယ ထက်သန်ကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် သောဏာသည် အမြတ်ဆုံး ဖြစ်၏"

သောဏာ ထေရီသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်က စ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည်၌ ဖြစ်၍ အမည်မှာ သောဏာ အမည်ရှိ၏၊ အရွယ်သို့ ရောက်သောအခါ အိမ်ထောင်ပြုရာ သားသမီး များစွာရ၏၊ သို့ရာတွင် သားသမီးတို့က အမေဟူသော အမည်သညာကိုမျှ မပြုကြသောကြောင့် သူသည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေသဖြင့် ဘယ်အကျိုး ရှိမည်နည်းဟု အကြံဖြစ်ကာ ရဟန်းပြု၏၊ ရဟန်းဖြစ်သောအခါ လူ့ဘဝက သားသမီးများခဲ့သဖြင့် ဗဟုပုတ္တိက သောဏာထေရီဟု ခေါ်ကြ၏။

ဘိက္ခုနီတို့က ကြီးမှ ရဟန်းပြုသော သောဏာ ထေရီကို–"ဤ ထေရီသည် ကျင့်ဝတ်ကို နားမလည်၊ မပြုအပ်သည်ကို ပြု၏"– ဟု မကြာခဏ ဒဏ်ပေးကြ၏၊ သူ ဒဏ်ထမ်းသည်ကို တွေ့မြင်သူတို့ကလည်း– "ဤထေရီသည် ယခုတိုင်အောင် အကျင့်သိက္ခာကို နားမလည်"– ဟု ပြက်ရယ် ပြုကြ၏၊ ထိုအခါ သူသည်– "မိမိ၏ လားရာဂတိကို သုတ်သင်သင့်၏"– ဟု အကြံဖြစ်ကာ လျှောင်း, ထိုင်, ရပ်, သွား–လေးပါးသော ဣရိယာပုထ်တိုင်းတွင် ၃၂–ကောဋ္ဌာသကိုသာလျှင် သရဇ္ဈာယ်၏၊ လုံ့လ ဝီရိယ အားကြီးလှသောကြောင့် သူ့ကို အများကပင် အာရဒ္ဓဝီရိယ သောဏာ ထေရီဟု ခေါ်ကြ၏။

တစ်နေ့တွင် သောဏာထေရီသည် ဘိက္ခုနီ သံဃာအတွက် ရေနွေး ကျိုရ၏၊ သူသည် ရေနွေးကျိုရင်းလည်း မီးဖိုတွင် စင်္ကြံလျှောက်လျက် ၃၂–ကောဋ္ဌာသကို သရဇ္ဈာယ်လျက် ဝိပဿနာဘာဝနာကို ပွား၏၊ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်မှ နေ၍ ဆုံးမ ဩဝါဒ ပေး၏–

"သောဏာ တရားကို မဆင်ခြင် မမြင်သူ၏ အသက်တစ်ရာ

ရှည်ခြင်းထက် တရားကို မြင်သူ၏ တစ်ခဏမျှ အသက်ရှည်ခြင်းက မြတ်၏"

သောဏာထေရီသည် ထိုစကား၏အဆုံး၌ ရဟန္တာ ဖြစ်သွား၏၊ သူသည် ရဟန္တာ ဖြစ်သောအခါ ရေနွေးအိုးကို ဖိုပေါ်တင်ပြီး မီးမထည့်ဘဲ ထား၏၊ အကြောင်းကား သူ ရဟန္တာဖြစ်သည်ကို ဘိက္ခုနီတို့ သိကြစေရန် အတွက် ဖြစ်၏၊ အကယ်၍ သူတို့သည် မစူးစမ်း မဆင်ခြင်ဘဲ မထီမဲ့မြင် ပြောဆိုပြုမူမိပါက မကောင်းမှုများစွာ ပွားတော့မည်ဟု စဉ်းစားမိသော ကြောင့် ဖြစ်၏၊ မကြာမီ ဘိက္ခုနီတို့ ရောက်လာပြီး ပြောကြ၏–

"ဤထေရီသည် ဘိက္ခုနီသံဃာအတွက် ရေနွေးကျိုရန် တာဝန်ကျ၏၊ သို့ရာတွင် ယခုတိုင် မီးဖိုမှာ မီး မရှိသေး"

"အရှင်မတို့ အရှင်မတို့သည် ရေနွေးဖြင့် ရေချိုးလိုပါမူ အိုးမှ ရေကို ယူ၍ ချိုးကြပါ"

ထိုအခါ ဘိက္ခုနီတို့သည် ဤသို့ ပြောရာ၌ အကြောင်းရှိရာ၏ဟု ဆင်ခြင်၍ ရေကို နှိုက်ကြည့်ကြ၏၊ မီးဖိုတွင် မီးမရှိသော်လည်း ရေမှာ ကျိုက် ကျိုက် ဆူနေ၍ ခပ်ပြီး ချိုးကြ၏၊ အဘယ်မျှ ချိုးကြစေကာမူ ရေနွေးအိုးတွင် ရေတို့သည် ပြည့်လျက် ပူလျက်ပင် ရှိကုန်၏၊ ထိုအခါ သူ၏ ရဟန္တာအဖြစ်ကို သိကြ၍ ဘိက္ခုနီငယ်တို့သည် သူ၏ခြေရင်း၌ ဝပ်စင်းပြီး တောင်းပန်ကြ၏–

"အရှင်မ ကျွန်ုပ်တို့သည် အရှင်မကို မစူးစမ်း မဆင်ခြင်ဘဲ ညှဉ်း ဆဲ၍ ပြောဆိုမိကြပါသည်၊ ထိုအပြစ်တို့ကို သည်းခံတော်မူပါ"

သိက္ခာကြီးသော ဘိက္ခုနီတို့ကလည်း "သည်းခံပါ အရှင်မ" ဟု တောင်းပန်ကြ၏၊ ထိုအခါမှစ၍– "အိုသော အခါ၌ ရဟန်းပြုသော်လည်း အားကြီးသော ဝီရိယရှိသောကြောင့် မကြာမြင့်မီပင် ရဟန္တာထေရီ ဖြစ်၏"– ဟူသော ဂုဏ်သတင်းကျော်စော ထင်ရှားသွား၏၊ နောင်အခါ မြတ်စွာ ဘုရားလည်း အရိယာသံဃာများ အလယ်တွင် သူ့အား ဒဠှဝီရိယအရာ၌ ဧတဒဂ် ထားတော်မူလေသည်။

## ၈–ဗာကုလာ

"ဘိက္ခုတို့ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် ဗာကုလာသည် အမြတ်ဆုံး ဖြစ်၏"

ဗာကုလာ ထေရီသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည်၌ ဖြစ်၍ ဗာကုလာဟု အမည်တွင်၏၊ သူသည် မြတ်စွာဘုရား၏ တရားကို နာကြားရ၍ သဒ္ဓါတရားဖြစ်ကာ ရဟန်းပြု၏၊ ထိုနောက် ပါရမီအလျောက် မကြာမီ ရဟန္တာအဖြစ်သို့ ရောက်သွား၏၊ သူသည် ရဟန္တာ ဖြစ်သောအခါမှ စ၍ ဒိဗ္ဗစက္ခု အဘိညာဉ်၌ လေ့လာသော ဝသီဘော် ရှိသည်ဖြစ်၍ နေ၏။

ဒိဗ္ဗစက္ခုဟူသည် တောက်ပသော မျက်စိ, သို့မဟုတ် နတ်မျက်စိ ဖြစ်၏ နတ်တို့၏ မျက်စိမှာ လွန်စွာ တောက်ပ၏၊ လွန်စွာ အမြင်သန်၏၊ ပကတိ လူတို့ မမြင်နိုင်သည်တို့ကို ထိုးထွင်း သိမြင်၏၊ ဝေးကွာသော မျက်ကွယ်၌ ဖြစ်သည်တို့ကို ဖောက်ထွင်းသိမြင်သော အဘိညာဉ်ကို ဒိဗ္ဗစက္ခုဟု ခေါ်၏၊ ဗာကုလာထေရီသည် ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ ဧတဒဂ် ရလေသည်။

## ၉–ကုဏ္ဍလ ကေသာ

"ဘိက္ခုတို့ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏သာဝိကာ ဘိက္ခုနီတို့တွင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် အမြတ်ဆုံး ဖြစ်၏"

ကုဏ္ဍလ ကေသာ ထေရီသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်တွင် သူဌေးမျိုး၌ ဖြစ်၍ 'ဘဒ္ဒါ' အမည်မှည့်၏၊ အရွယ်သို့ ရောက်သောအခါ သတ်မည့်ဆဲဆဲ ခိုးသူကို

အသပြာတစ်ထောင် လာဘ်ထိုးကာ ရွေးယူပြီး လင်ပြု၏၊ သို့ရာတွင် ခိုးသူသည် သူဌေးသမီး ဘဒ္ဒါထက် သူ၏ အဆင်တန်ဆာ ရတနာတို့ကို မက်မော၏။

တစ်နေ့တွင် ခိုးသားလင်သည် ဘဒ္ဒါကို သွေးဆောင်ပြီး တောင်ပေါ်သို့ ခေါ်ဆောင်သွား၏၊ တောင်ပေါ်သို့ ရောက်သောအခါ ခိုးသားက ဘဒ္ဒါအား ပြောကြား၏–

"အဘယ် ဘဒ္ဒါ သင်၏အဆင်တန်ဆာတို့ကို ချွတ်ပါလော့"

"အဘယ်ကြောင့်ပါနည်း သခင်"

"ဤရတနာတို့ကို ယူပြီး သင့်ကို သတ်ရပါမည်"

"ဤရတနာတို့ကား အဘယ်နည်း၊ ကျွန်ုပ်၏ အသက်နှင့်ကိုယ်ကိုပင် သခင် ပိုင်ဆိုင်သည် မဟုတ်ပါလော့"

"မှန်ပေလိမ့်မည်၊ သို့ရာတွင် ငါကား ခိုးသား ဖြစ်ပါသည်၊ ခိုးသား၏ အလုပ်မှာ ခိုးယူ လုယက် သတ်ဖြတ်ခြင်း ဖြစ်ပါသည်"

"ပစ္စည်း ဥစ္စာအတွက် ခိုးယူ လုယက်ရခြင်း မဟုတ်ပါလော၊ သို့ဖြစ်ပါလျှင် ဤအမှုကို ပြုဖွယ် မရှိတော့ပါ၊ ကျွန်ုပ်တို့တွင် များစွာသော ပစ္စည်းဥစ္စာ ရတနာတို့ ရှိနေပါသည်"

"သို့ရာတွင် ငါသည် သင့်ကို သတ်ပြီး ဤပစ္စည်းတို့ကို ယူဆောင် သွားရပါမည်"

"အရှင် ဤပစ္စည်းတို့ကိုလည်း ယူပါ၊ ထိုမှတစ်ပါး ပစ္စည်းများကိုလည်း ရပါဦးမည်၊ အရှင် ကျွန်မကို မသတ်ပါလင့်၊ အရှင် သွားရာသို့ ခြေရင်း အလုပ်အကျွေးအဖြစ်နှင့် လိုက်ခွင့်ပြုပါ"

"ငါ သင့်ကို အလို မရှိပါ၊ ပစ္စည်းကိုသာ အလိုရှိပါသည်"

"ပစ္စည်းကို အလိုရှိလျှင် ပစ္စည်းတို့ကို ယူပါ၊ အသက်ကိုတော့ ချမ်းသာပေးပါ ကျေးဇူးရှင်"

"ပစ္စည်း ယူပြီး လူကို သတ်ခြင်းမှာ ငါတို့၏ ဓမ္မတာ ဖြစ်သည်"

“သို့ဖြစ်ပါလျှင် အရှင်၏ သဘောအတိုင်း ပြုပါလော့၊ သို့ရာတွင် အရှင်၏ ကျွန်မအား သနားသောအားဖြင့် နောက်ဆုံးအနေဖြင့် ချစ်ခွင့်ပြုပါ သခင်”

ခိုးသားသည် ထိုအခွင့်အရေးကို ဆိတ်ဆိတ်နေခြင်းဖြင့် ခွင့်ပြု လက်ခံလိုက်၏၊ ထိုအခါ ဘဒ္ဒါသည် ခိုးသားအား ပွေ့ဖက်လျက် တောင် ပေါ်မှ ချောက်ကြားသို့ တွန်းချလိုက်လေ၏၊ ထိုအခါ တောင်စောင့်နတ်က ချီးကျူး၏ –

“အရာဌာနတိုင်းတွင် ယောကျ်ားသာ ပညာရှိသည်မဟုတ်၊ ထိုထို အရာ၌ လိမ္မာကျွမ်းကျင်သော, တစ်မုဟုတ် ကြံစည်ဉာဏ်ရှိသော မိန်းမ သည်လည်း ပညာရှိ၏”

ထို့နောက် ဘဒ္ဒါသည် နိဂဏ္ဌကျောင်းသို့ သွား၍ ရဟန်းပြု၏၊ နိဂဏ္ဌတို့သည် သူ၏ ဆံပင်တို့ကို ထန်းစေ့မှုတ်ခွံဖြင့် နုတ်ပစ်၏၊ ဆံပင်တို့ ပြန်ပေါက်လာသောအခါ အစုလိုက်–အစုလိုက် နားဟောင်းကဲ့သို့ ဖြစ် ကုန်သောကြောင့် သူ့ကို ကုဏ္ဍလကေသာဟု ခေါ်ကြ၏၊ နားတောင်း အသွင် ဆံပင်ရှိသူဟု ဆိုလို၏၊ သူသည် နောင်အခါ ရှင်သာရိပုတ္တနှင့် တွေ့၍ သဒ္ဓါကြည်ညိုကာ သရဏဂုံတည်ပြီး ဘုရားထံမှောက်သို့ ရောက် ၍ တရားနာရ၏ –

“အကျိုးမဲ့ကို ပြတတ်သော ပုဒ်နှင့်ယှဉ်သော ဂါထာတစ်ရာသည် မမြတ်၊ ရာဂ စသည် ငြိမ်းခြင်းအကျိုးကို ပြီးစေတတ်သော တစ်ပုဒ် တစ်ဂါ ထာသည် မြတ်၏၊ စစ်မြေအရပ်၌ လူတစ်သန်းကို အောင်မြင်သောသူ သည် မြတ်၏၊ ထိုထက် မိမိကိုယ်ကို အောင်မြင်သော သူသည် မြတ်၏”

ကုဏ္ဍလကေသာသည် ဂါထာအဆုံး၌ ထိုင်လျက်ပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်၍ ရဟန်းအဖြစ်ကို တောင်းပန်၏၊ မြတ်စွာ ဘုရားသည် သူ့ကို ဘိက္ခုနီကျောင်းသို့ ပို့၍ ရဟန်းပြုစေ၏၊ ထို့နောက်

ပရိသတ် လေးပါးအလယ်၌ "ဘဒ္ဒါ ကုဏ္ဍလ ကေသာသည် ကြီးမြတ်ပေစွ တကား၊ လေးပါဒရှိသော ဂါထာအဆုံး၌ ရဟန္တာဖြစ်၏" ဟု ချီးကျူးစကား မြွက်ကြားပြီးလျှင် ခိပ္ပါဘိညအရာ၌ ဧတဒဂ်ထားတော်မူ ၏။

## ၁၀–ဘဒ္ဒါကာပိလာနီ

"ဘိက္ခုတို့ ရှေး၌ နေဖူးသော ခန္ဓာ အစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် ဘဒ္ဒါကာပိလာနီသည် အမြတ်ဆုံး ဖြစ်၏"

ဘဒ္ဒါကာပိလာနီ ထေရီသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုလာခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ မဒ္ဒတိုင်း သာဂလမြို့၌ဖြစ်၍ ဘဒ္ဒါ အမည်တွင်၏၊ နောင်အခါ ပိပ္ပလိလုလင်နှင့် အိမ်ထောင်ဖက်၍ နှစ်ဦးသဘောတူ ရဟန်းပြုခဲ့၏၊ ပိပ္ပလိသည် လက်ယာဘက်လမ်းသို့ လိုက်၍ ဗဟုပုတ္တက ညောင်ပင်ရင်းတွင် ဘုရားရှင်နှင့် တွေ့၏၊ ဘဒ္ဒါသည် လက်ဝဲလမ်းသို့ လိုက်၍ ပရိဗိုဇ် ကျောင်းသို့ ရောက်၏၊ ထိုနောက် သူသည် မဟာဂေါတမီ ထေရီနှင့် တွေ့၍ ဘိက္ခုနီ အဖြစ်သို့ ရောက်၏၊ နောင်အခါ ဝိပဿနာ တရား ပွားများအားထုတ်၍ ရဟန္တာ အဖြစ်သို့ ရောက်၏၊ ပုဗ္ဗေနိဝါသဉာဏ်၌ လေ့လာအပ်သော ဝသီဘော် ရှိ၏။

ပုဗ္ဗေ နိဝါသာ နုဿတိ ဟူသည် ရှေး၌ နေခဲ့ဖူးသော အကြောင်းအရာတို့ကို အောက်မေ့ဆင်ခြင်နိုင်သော ဉာဏ်ဖြစ်၏၊ တစ်ရံသောအခါ မြတ်စွာဘုရားသည် ပရိသတ်တို့၏ အလယ်၌ ဘဒ္ဒါကာပိလာနီထေရီအား ပုဗ္ဗေနိဝါသာနုဿတိ အရာ၌ ဧတဒဂ် ထားတော်မူလေသည်။

## ၁၁–ဘဒ္ဒါကစ္စာနာ

"ဘိက္ခုတို့ မြတ်သော အဘိညာဉ်သို့ ရောက်ကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် ဘဒ္ဒါကစ္စာနာသည် အမြတ်ဆုံး ဖြစ်၏"

ဘဒ္ဒါကစ္စနာထေရီသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သုပ္ပဗုဒ္ဓသာကီဝင်မင်းမျိုး၌ ဖြစ်၍ ယသောဓရာဟု အမည် မှည့်ကြ၏၊ အရွယ်ရောက်သောအခါ ရွှေစင်ကဲ့သို့ အရောင်အဆင်း ဝါဝင်း၍ ဘဒ္ဒကစ္စနာဟု ခေါ်ကြ၏၊ သူ၏ ထိမ်းမြားခြင်းမှာ သိဒ္ဓတ္ထ မင်းသားနှင့်တကွ ဖြစ်၏။

ရာဟုလ သတို့သား ဖွားမြင်သောအခါ သိဒ္ဓတ္ထမင်းသား တောထွက်သွား၏၊ ထိုနောက် သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်၍ ဆွေတော် မျိုးတော်တို့ကို ချီးမြှောက်ရန် ကပိလဝတ် နေပြည်သို့ ကြွလာ၏၊ ထိုအခါ ဘဒ္ဒကစ္စနာ ယသောဓရာဒေဝီက သားတော်ရာဟုလအား ပြောပြ၏–

ပြေပြစ် တောက်ပြောင် ညိုမှောင် နူးညံ့သော ဆံပင်ရှိသော, အညစ်အကြေး ကင်းသော နေရောင်ကဲ့သို့ နဖူးပြင်ရှိသော, ချွန်းကဲ့သို့ မြင့်မောက် နူးညံ့သော နှာတံရှိသော, အရောင် ကွန်ရက် ဖြန့်ကြက်သော ကိုယ်ရှိသော နရသီဟာသည်–

စက်လက္ခဏာဖြင့် မှတ်အပ်သော နီထွေးသော ခြေဖဝါးရှိသော, လက္ခဏာတို့ဖြင့် တန်ဆာဆင်ခြင် ရှည်သွယ်သော ဖနောင့်ရှိသော, စာမရီ သားမြီးယပ်, ထီးတို့ဖြင့် တန်းဆာဆင်သော ခြေရှိသော, ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

သိမ်မွေ့မြင့်မြတ်သော သကျ ကုမာရဖြစ်သော, လက္ခဏာတို့ဖြင့် ဆန်းကြယ် ပြည့်ဖြိုးသော ကိုယ်ရှိသော, လောက အစီးအပွားအတွက် သွားသော နရဝီရဖြစ်သော ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

ရှည်သွယ်၍ ကောင်းစွာတည်သော နှာရှိသော, နွားကဲ့သို့ မျက်တောင်မွေးရှိသော, ညိုမှောင်သော မျက်နက်ရှိသော, သိကြားမင်း လေး

ကဲ့သို့ ညွတ်ကွေး ညိုမှောင်သော မျက်ခုံးရှိသော, ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

မျက်နှာ အဆင်းသည် လပြည့်ဝန်းနှင့်တူ၏၊ နတ်လူတို့ ချစ်သော နရနာဂဖြစ်သော, အမုန်ယစ်သော ဆင်မင်းကဲ့သို့ တင့်တယ်စွာ သွားသော ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

ပြေပြစ် နက်ရှိုင်း ချိုသော အသံရှိသော ဟင်္သပဒါး လယ်ခေါင်ရမ်းကဲ့သို့ နီသောလျှာရှိသော, နစ်ဆယ်–နစ်ဆယ် ဖြူစင်သော သွားရှိသော ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

ခတ္တိယဖြစ်၍ အမျိုးမြတ်သော, နတ်လူတို့ ရှိခိုး ဦးညွတ်ရာ ခြေရှိသော, သီလ–သမာဓိတည်သော စိတ်ရှိသော ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

လုံးဝန်း ပြည့်ဖြိုး မုရိုးစည်ကဲ့သို့ လည်ပင်းရှိသော, ခြင်္သေ့ မေးရှိသော, ခြင်္သေ့မင်း၏ ကိုယ်ရှိသော, ရွှေကဲ့သို့ အရေရှိသော, မြတ်သော အဆင်းရှိသော ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

မျက်စဉ်းအရောင် ညိုမှောင်သော ဆံပင်ရှိသော, ရွှေပြားကဲ့သို့ စင်ကြယ်ပြန့်ပြူးသော နဖူးရှိသော, သောက်ရှူးကြယ်အတူ ဖွေးဖြူစင်ကြယ်သော ဥဏ္ဏာလုံ မွေးရှင်ရှိသော ထိုနရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

ကြယ်တာရာအပေါင်းတို့ ခြံရံအပ်သော လသည် လေလမ်း၌ သွားသကဲ့သို့ သာဝကတို့ အလယ်၌ သွားသော, သမဏိန္ဒဖြစ်သော ထို နရသီဟာသည် စင်စစ် သင်၏ အဖေ ဖြစ်၏။

နောင်သောအခါ သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံလေသော် မဟာ ဂေါတမီသည် သာကီဝင် မင်းသမီး ငါးရာတို့နှင့် အတူတကွ ရဟန်းပြု၏၊ ထိုတွင် ဘဒ္ဒကစ္စနာယသောရောဒေဝီလည်း ပါဝင်၏။ ဘဒ္ဒကစ္စနာသည် ရဟန်းပြုသောအခါ ဘဒ္ဒါကစ္စနာထေရီအဖြစ်ဖြင့် ထင်ရှား၏၊ သူ့ကို ဘဒ္ဒါ

ကစ္စာနာထေရီဟု ခေါ်ကြ၏၊ သူသည် နောက် အခါ ဝိပဿနာတရားကို ပွားများအားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်၏၊ အဘိညာဉ်တို့ကို လေ့လာသော ဝသီဘော်ရှိ၏၊ တစ်ထိုင်တည်း ထိုင်လျက် အာဝဇ္ဇန်း တစ်ချက်တည်းဖြင့် ကမ္ဘာတစ်သိန်း အလွန်ရှိသော အသင်္ချေတိုင်အောင် အောက်မေ့နိုင်၏၊ ထို့ကြောင့် သူသည် ဘိက္ခုနီတို့တွင် မဟာ ဘိညာပတ္တ ဧတဒဂ်ကို ရခြင်း ဖြစ်၏။

ဘုရား တစ်ဆူ–တစ်ဆူ လက်ထက်တွင် မဟာဘိညာပတ္တ ပုဂ္ဂိုလ် လေးဦးသာရှိ၏၊ ထိုထက် အလွန်မရှိ၊ အခြားသော သာဝကတို့သည် ကမ္ဘာတစ်သိန်းသာလျှင် အောက်မေ့နိုင်ကြ၏၊ မဟာဘိညာပတ္တ ပုဂ္ဂိုလ်တို့ကား ကမ္ဘာတစ်သိန်း အလွန်ရှိသော အသင်္ချေပတ်လုံး အောက်မေ့နိုင်ကုန်၏၊ ငါတို့ ဘုရားရှင်လက်ထက်တွင် ရှင်သာရိပုတ္တ, ရှင်မောဂ္ဂလ္လာန, ရှင်ဗာကုလနှင့် ဘဒ္ဒါကစ္စာနာ ထေရီ–လေးဦးတို့သည် မဟာဘိညာပတ္တတို့ ဖြစ်ကုန်၏။

## ၁၂–ကိသာ ဂေါတမီ

"ဘိက္ခုတို့ ခေါင်းပါးသော သင်္ကန်းကို ဆောင်ကုန်သော ငါ၏ သာဝိကာ ဘိက္ခုနီတို့တွင် ကိသာဂေါတမီသည် အမြတ်ဆုံး ဖြစ်၏"

ကိသာဂေါတမီ ထေရီသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည် သူဆင်းရဲမျိုး၌ ဖြစ်၍ ဂေါတမီဟု၍ အမည်မှည့်၏၊ ပိန်သေး၍ ကိသာဂေါတမီဟု ခေါ်ကြခြင်း ဖြစ်၏၊ သူသည် အရွယ်သို့ရောက်သောအခါ အိမ်ထောင်ပြု၍ သားတစ်ယောက် မွေးဖွား၏၊ သားကို အလွန်ချစ်၏ တစ်နေ့တွင် သားငယ် သေဆုံးလေရာ သားသေကို ပိုက်ပြီး– "ငါ့သားကို ဆေးကု ပေးကြပါ"– ဟု အိမ်စဉ် လှည့်လည်နေ၏ –

"သင်သည် အဘယ်မှာ သူသေကို ရှင်အောင် ကုနိုင်သော ဆေးကို မြင်ဖူးပါသနည်း"– ဟု မြင်တိုင်းသော လူတို့က သူ့ကို မေးကြ၏၊

ပြောင်လှောင်ကြ၏၊ ကဲ့ရဲ့ကြ၏၊ သနားကြ၏၊ ထိုတွင် လူတစ်ယောက်က– "ဤမိန်းမသည် သား၏ သောကဖြင့် ရူးသွပ်နေခြင်း ဖြစ်လိမ့်မည်၊ သူသည် မြတ်စွာဘုရားနှင့်တွေ့လျှင် သက်သာရာ ရနိုင်စရာရှိ၏"– ဟု စဉ်းစားပြီး အကြံပေးလိုက်၏–

"အိုအမိ သင်၏သားကို ရှင်အောင် ဆေးကုသနိုင်သူမှာ လောကတွင် မြတ်စွာဘုရားမှတစ်ပါး အခြားမရှိချေ၊ သင်သည် မြတ်စွာဘုရားထံသို့ သွားပြီး မေးပါလေ"

ကိသာဂေါတမီသည် ချက်ချင်း မြတ်စွာဘုရား ထံမှောက် အရောက်သွားပြီး– "မြတ်စွာဘုရား ကျွန်ုပ်၏သားကို ဆေးကုပေးပါ"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် သူ၏ မဂ်ဖိုလ်ဥပနိဿယကို သိမြင်၍ ဆေးကုပေးရန် ဝန်ခံလိုက်၏–

"ဂေါတမီ သင်သည် ကောင်းသည်ကို ပြုဘိ၏၊ ဆေးကုသနိုင်သူ၏ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် သားကို ပိုက်လာဘိ၏၊ သင်သွားပါလေ၊ မြို့တွင်း လှည့်လည်၍ လူမသေဖူးသော အိမ်မှ ထမင်းလုံးတစ်စိကို ယူခဲ့ပါဘိ"

"အရှင်ဘုရား ကောင်းပါပြီ"–ဟု ဝန်ခံပြီး ဝမ်းမြောက်ဝမ်းသာ မျှော်လင့်ကြီးစွာဖြင့် မြို့တွင်းသို့ အဆောတလျင်သွား၏၊ ပထမဆုံး တွေ့သောအိမ်သို့ ဝင်၍ ထမင်းလုံးတောင်း၏–

"မြတ်စွာဘုရားသည် ငါ၏သားကို ဆေးကုဖို့ ထမင်းလုံးအရှာ ခိုင်းပါသည်၊ ငါ့အား ထမင်းလုံး ပေးပါလော့"

"ဂေါတမီ ရော့ ယူပါလော့"

"ခေတ္တ ဆိုင်းပါဦး၊ ဤအိမ်၌ သေဖူးသူ တစ်စုံတစ်ယောက်မျှ မရှိဟု ထင်ပါသည်၊ ဟုတ်ပါသလော"

"ဂေါတမီ သင် ဘယ်သို့ ဆိုဘိသနည်း၊ ဤအိမ်၌ သေသောသူ အဘယ်မျှ ရှိသည်ဟု ဘယ်သူရေတွက်နိုင်ပါမည်နည်း"

"သို့ဖြစ်လျှင် ငါ မယူလိုတော့ပါ၊ မြတ်စွာဘုရားက လူမသေဖူးသော အိမ်မှ ထမင်းကိုသာ ယူဆောင်စေပါသည်"

ကိသာဂေါတမီသည် ဒုတိယအိမ်သို့သွား၍ တောင်းပြန်၏၊ ထိုအိမ်မှာလည်း လူပေါင်း မရေ-မတွက်နိုင်အောင် သေဖူး၍ တတိယအိမ်သို့ ကူးပြန်၏၊ ထိုအိမ်၌လည်း လူပေါင်းများစွာ သေဖူးကြောင်း သိရ၍ သူစဉ်းစား၏-

တစ်မြို့လုံး, တစ်နိုင်ငံလုံး, တစ်လောကလုံး ဤနည်းအတူ ရှိလိမ့်မည်၊ မြတ်စွာဘုရား ဤသို့ စေခိုင်းတော်မူသည်မှာ အကျိုးစီးပွားကို မြင်၍ ဖြစ်ပေမည်၊ ငါ့အား အစဉ်သနား စောင့်ရှောက်ခြင်း ဖြစ်ပေမည်။

ထိုနောက် ကိသာဂေါတမီသည် မြို့ပြင်သို့ ထွက်၍ သုသာန်သို့သွား၏၊ ရောက်လျှင် သားကို နောက်ဆုံးကြည့်၍ "ချစ်သား ငါသည် ဤသေခြင်းတရားကို သင့်အားသာ ဖြစ်သည်ဟု ထင်မှားခဲ့၏၊ စင်စစ် သင့်အားသာ ဖြစ်သည် မဟုတ်ပါ၊ ဤသေခြင်းတရားသည် လူများအပေါင်းနှင့် ဆက်ဆံ၏"- ဟု ပြောပြကာ စွန့်ပစ်လိုက်လေ၏။

"မမြဲသော သဘောသည် ရွာ-တစ်ရွာ၏လည်းကောင်း, နိဂုံးတစ်ခု၏လည်းကောင်း, အမျိုး-တစ်မျိုး၏လည်းကောင်း သဘော ဓမ္မတာ မဟုတ်, နတ်နှင့်တကွသော တစ်လောကလုံး၏ သဘောတရားပင် ဖြစ်၏"- ဟု ဆင်ခြင်လျက် ဘုရားရှင်ထံသို့ ပြန်သွား၏၊ ထိုအခါ မြတ်စွာဘုရားက ဆီး၍ မေး၏-

"ဂေါတမီ သင်သည် ထမင်းလုံး ရခဲ့ပါ၏လော"

"မြတ်စွာဘုရား ထမင်းလုံးဖြင့် ပြုဖွယ် ကိစ္စ မရှိတော့ပါ၊ ကျွန်ုပ်အား ထောက်တည်ရာကို ပေးတော်မူပါ"

"ပြင်းစွာသော ရေအလျဉ်သည် အိပ်မောကျနေသော ရွာသူ-ရွာသားအပေါင်းကို တိုက်ယူသွားသကဲ့သို့ သေမင်းသည် သား-သမီး,

ဆင်, မြင်း, စသော သတ္တဝါတို့ဖြင့် လွန်စွာမေ့လျော့ ချစ်မြတ်နိုးခြင်းရှိသော အထူးထူး အပြားပြားသော အခြင်းအရာတို့ဖြင့် လွန်စွာ ကပ်ငြိသော သတ္တဝါကို ဆွဲငင်သွား၏"

ထို့နောက် ကိသာဂေါတမီသည် မြတ်စွာဘုရားထံ ရဟန်းအဖြစ်ကို တောင်းပန်၍ နှလုံးသွင်း မှန်ကန်စွာဖြင့် ဝိပဿနာဘာဝနာပွားများ၏၊ သူ၏ဉာဏ် ရင့်သန်လာသောအခါ မြတ်စွာဘုရားက လမ်းဖြောင့်ပေး၏–

"သေခြင်း ကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်သော သူထက် သေခြင်းကင်းရာ နိဗ္ဗာန်ကို မြင်သူ၏ တစ်ရက်မျှ အသက်ရှည်ခြင်းသည် မြတ်၏"

သို့ဖြင့် သူသည် ရဟန္တာအဖြစ်သို့ ရောက်သောအခါ အလွန်ညစ်နွမ်းခေါင်းပါးသော သင်္ကန်းကိုသာ ဝတ်ရုံလှည့်လည်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့အား လူခစီဝရ ဓရအရာ၌ ဧတဒဂ် ထားခြင်းဖြစ်၏။

အခါတစ်ပါး ကိသာဂေါတမီထေရီသည် အန္ဓဝန်တောသို့ နေ့သန့်စင်ရန် ချဉ်းကပ်၍ သစ်ပင်တစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ မာရ်နတ်သည် သူ့အား ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်စေရန် ပြောပြ၏–

"အရှင်မ သင်သည် သားသေသူကဲ့သို့ ငိုသော မျက်နှာမျိုးဖြင့် အဘယ်ကြောင့် တစ်ယောက်တည်းနေသနည်း၊ တစ်ယောက်တည်း တောကြီး အလယ်သို့ ရောက်လာသော သင်ကား ယောက်ျားကို ရှာသလော"

ထိုအခါ သူက ပြန်ကြား၏– "အချင်း မာရ်နတ် ငါသည် သေခြင်းမှလည်း လွတ်မြောက်၏၊ ထိုအတူ ယောက်ျားကို ရှာခြင်းမှလည်း ငါကား မစိုးရိမ်, မငိုကြွေး, သင့်ကို မကြောက်၊ အလုံးစုံသော ခန္ဓာစသည်တို့၌ နှစ်သက်မှု မရှိတော့ပါ၊ အဝိဇ္ဇာ အမိုက်တိုက်ကို ဖျက်ဆီးခဲ့ပါပြီ၊ သေမင်း၏ စစ်သည်ကို အောင်မြင်၍ အာသဝေါကင်းကာ နေပါသည်"

## ၁၃–သိင်္ဂါလက မာတာ

"ဘိက္ခုတို့ သဒ္ဓါတရား အားကြီးကုန်သော ငါ၏သာဝိကာ ဘိက္ခုနီတို့တွင် သိင်္ဂါလက မာတာသည် အမြတ်ဆုံးဖြစ်၏"

သိင်္ဂါလကမာတာ ထေရီသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သော် အမျိုးတူသောသူနှင့် အိမ်ထောင်ပြုရာ သားတစ်ယောက် ဖွားမြင်၏၊ သိင်္ဂါလက အမည်မှည့်၏၊ ထိုအခါမှစ၍ အမိသည်လည်း သားကို အကြောင်းပြု၍ သိင်္ဂါလက မာတာဟု အမည်တွင်၏၊ သိင်္ဂါလက၏ အမေဟု ဆိုလို၏။

တစ်နေ့သ၌ သိင်္ဂါလကမာတာသည် ဘုရားရှင်၏ အထံသို့ သွား၍ တရားနာရာမှ သဒ္ဓါတရားဖြစ်၍ ရဟန်းပြု၏၊ သူသည် ရဟန်းပြုသောအခါမှစ၍ သဒ္ဓိန္ဒြေ လွန်ကဲခြင်းကို ရ၏၊ တရားနာကြားရန် ကျောင်းသို့ သွားလျှင် ဘုရားရှင်၏ ပြည့်စုံသော ရူပကာယကို ကြည့်လျက်သာလျှင် ထိုင်နေ၏၊ ဘုရားရှင်သည် သူ၏ သဒ္ဓါလက္ခဏာ၌ အလွန်သက်ဝင်သည်ကို သိ၍ ကြည်ညိုဖွယ်ကိုသာလျှင် ဖြစ်စေသော တရားကို ဟောကြားတော်မူ၏၊ ထို့ကြောင့် သူလည်း သဒ္ဓါလက္ခဏာကိုသာလျှင် အဦးပြု၍ ရဟန္တာဖြစ်၏၊ နောင်အခါ မြတ်စွာဘုရားသည် သူ့အား 'သဒ္ဓါဓိမုတ္တာ' အရာ၌ ဧတဒဂ်ပေးတော်မူလေသည်။

# ဧတဒဂ်ရ ဥပါသကာ

## ၁–တပုဿ–ဘလ္လိက

“ဘိက္ခုတို့ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံသို့ ရောက်ကုန်သော ငါ၏ သာဝကဥပါသကတို့တွင် တပုဿနှင့်ဘလ္လိကကုန်သည်တို့သည် အမြတ်ဆုံး ဖြစ်၏ ”

· တပုဿနှင့်ဘလ္လိက နှစ်ယောက်သည် ပဒုမုတ္တရာဘုရားရှင် လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့ကြ၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ အဘိတဥ္စနမြို့ သူကြွယ်မျိုး၌ ဖြစ်ကြ၍ အကြီးကို တပုဿ, အငယ်ကို ဘလ္လိကဟူ၍ အမည်မှည့်၏၊ သူတို့သည် အရွယ်ရောက်သောအခါ အိမ်ထောင်ပြု၍ ကုန်သည် အဖြစ်နှင့် လှည့်လည်ရာ ဘုရားရှင် ဗုဒ္ဓအံဖြစ်ရောက်၍ သတ္တသတ္တာဟ လင်းလွန်းပင်ရင်း၌ စံနေရာ အနီးသို့ ရောက်သွားကြ၏၊ ထိုအခါ သူတို့၏လွန်ခဲ့သောဘဝက အမေဖြစ်ခဲ့ဖူးသော နတ်သမီးသည် အကြံဖြစ်၏–

“ယခုအခါ ဘုရားရှင်အား အာဟာရ ရသင့်၏၊ ယနေ့မှ နောက်၌ အာဟာရ မရှိဘဲ မျှတခြင်းငှာ မတတ်နိုင်၊ ဤငါ၏ သားတို့သည် ဤလမ်းဖြင့် သွားကုန်၏၊ သူတို့သည် ယနေ့ ဘုရားရှင်အား ဆွမ်းကို ပေးလှူသင့်၏ ”

ထို့နောက် နတ်သမီးသည် လှည်းငါးရာတို့၌ ကကုန်သော နွားတို့၏ သွားခြင်းကို ဖြတ်ထား၏၊ နွားများ မသွားနိုင် ဖြစ်ရခြင်း၏ အကြောင်းကား အဘယ်နည်းဟု သူတို့သည် အထူးထူးသော နိမိတ်တို့ကို ကြည့်ကုန်၏၊ သူတို့၏ ပင်ပန်းသည့် အဖြစ်ကို သိ၍ နတ်သမီးက ပြောပြ၏–

"သားတို့ ငါသည် လွန်ခဲ့သော ဘဝက သင်တို့၏ အမေဖြစ်ခဲ့၏၊ ယခုအခါ ဤနေရာတွင် ဘုမ္မဗိုဝ်းနတ်သမီး ဖြစ်နေပါသည်၊ မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးစံနေတော်မူ၏၊ ထိုမြတ်စွာဘုရားအား ရှေးဦးစွာ ဆွမ်းဘောဇဉ် ပေးလှူသင့်၏"

သူတို့သည် အလွန်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် မုံ့ဆုပ်တို့ကို ရွှေခွက်ဖြင့် ထည့်၍ သွားကြပြီးလျှင် "မြတ်စွာဘုရား ဤဘောဇဉ်တို့ကို အလှူခံတော်မူပါ" ဟု လျှောက်ကြား ဆက်ကပ်ကြ၏။

ဘုရားရှင်သည် ရှေးဘုရားတို့၏ အလေ့အကျက်ကို ကြည့်တော်မူ၏၊ ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် ကျောက်ဖြင့်ပြီးသော သပိတ်တို့ကို ကပ်လှူကြ၏၊ ဘုရားရှင်သည် နတ်မင်းကြီးတို့အား အကျိုးများစေရန် ရည်သန်၍ သပိတ်လေးလုံးတို့ကို သပိတ်တစ်လုံးတည်းသာ ဖြစ်စေသတည်းဟု ဓိဋ္ဌာန်၏၊ ထိုအခါ ထိုကုန်သည်ညီနောင်တို့သည် ဘုရားရှင်၏ သပိတ်၌ မုန့်တို့ကို ထည့်လှူကုန်၏၊ ဆွမ်းကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် သူတို့အား ဓမ္မတရား ဟောကြား၏၊ ဒေသနာတော်အဆုံး၌ သူတို့သည် ဘုရား တရားဟူသောဒွေဝါစိက သရဏဂုံ၌ တည်ကုန်၏၊ ထို့နောက် သူတို့သည် မိမိတို့ မြို့သို့ ပြန်လိုကုန်သည်ဖြစ်၍ ဘုရားရှင်အား ရှိခိုးလျှောက်ကြားကြ၏–

"မြတ်စွာဘုရား ကျွန်ုပ်တို့အား ဆံတော် ပေးသနားတော်မူပါ"

ဘုရားရှင်သည် လက်ယာလက်ဖြင့် ဦးခေါင်းကို သုံးသပ်၍ ညီနောင်နှစ်ယောက်တို့အား ဆံတော်ရှစ်ဆူ ပေးတော်မူလိုက်၏၊ သူတို့သည် ဆံတော်တို့ကို ရွှေကြုတ်တို့ဖြင့်ထည့်၍ ဆောင်ကုန်၏၊ အသိတဥ္စနမြို့သို့

ဒီပင်္ကရာ ဘုရားရှင် ခြေတော်ရင်း၌ သဗ္ဗညုဘုရားဆုကို အလို ရှိတော်မူသည်ဖြစ်၍ လက်တော်သို့ ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ခြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၂

ပူရေတွာ ဗောဓိသမ္ဘာရ-မသေသံ ယော အနုတ္တ-
မလတ္ထ ဗုဒ္ဓတ္တံ တဿ, ကေသ ဓာတုဝရံ နမေ။

သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ပါရမီ အပေါင်းကို အကြွင်းမဲ့ ဖြည့်တော်မူပြီး၍ အတုမရှိသော ဘုရားအဖြစ်ကို ရတော်မူပြီးသော မြတ်စွာ ဘုရား၏ ဆံတော် ဓာတ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၃

လဒ္ဓါဗုဒ္ဓတ္တံ ဆဗ္ဗဿနံ, အတိက္ကမ္မ ပဝေဒယိ၊
ဝိမုတ္တိံ ရာဇာယတနေ, တဿ ကေသဝရံ နမေ။

ဘုရားအဖြစ်ကို ရတော်မူပြီး၍ ခြောက်ပါးသော ဌာနကို လွန် တော်မူ၍ ခုနစ်ခုမြောက်သော လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ကို အထူး ထူး အပြားပြား ခံစားတော်မူသော မြတ်စွာဘုရား၏ ဆံတော်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၄

တတ္ထ သက္က ဒတ္တိယမ္ပိ, နာဂလတံ ဟရီတကံ၊
အနောတတ္တောဒကံ ဘုဥ္ဇိ,ဝန္ဒေတဿ သိရောရုဟံ။

ထိုရာဇာယတန သတ္တာဟ၌ သိကြားမင်း လှူသော ကွမ်းရိုး ဒန်ပူ, ကြဖုသီး, အနောတတ္တ အိုင်ရေကို သုံးဆောင်တော်မူသော မြတ်စွာ ဘုရား၏ ဆံတော်ဓာတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၅

တဒါ မုဂ္ဂ သေလ ပတ္တံ, မဟာရာဇူဟိ ဒိန္နကံ၊
တထာဂတော ပဋိဂ္ဂဏှိ, ဝန္ဒာမိ တဿ သီသဇံ။

ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသော အခါ၌ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ လှူသော ပဲနောက်အဆင်း ကျောက်သပိတ်ကို ခံတော်မူသော မြတ်စွာဘုရား၏ ဆံတော်ကို အကျွန်ုပ် ရှိခိုးပါ၏။

၆

တဒါ ဒိန္နံ ဒွေဘာတိက–ဇနေဟိ မဓု ပိဏ္ဍိကံ၊
ပရိဘုဉ္ဇိသိ မန္ထမ္ပိ, တဿ သီသ သိရိံ နမေ။

ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသောအခါ လင်းလွန်းပင်ရင်းသို့ ဆည်းကပ်လာကုန်သော တပုဿ, ဘလ္လိကညီနောင်နှစ်ယောက်တို့ ပေးလှူသော ပျားမုန့်ဆုပ်, မုန့်ကြွက်ကျစ်ကို ဘုဉ်းပေးတော်မူသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၇

ယော တပုဿ ဘလ္လိကာနံ, တဒါ ဒွိသရဏံ အဒါ၊
လောကမှိ သဗ္ဗ ပထမံ, တဿ သိရိဝရံနမေ။

ထို ရာဇာယတန သတ္တာဟဝယ် နေတော်မူသောအခါ၌ တပုဿ, ဘလ္လိက ညီနောင်တို့အား လောကသုံးပါး၌ ခပ်သိမ်းသော သူတို့၏ လက်ဦးစွာ ဒွေဝါစိက သရဏဂုံကို ပေးတော်မူသော မြတ်စွာဘုရား၏ ဆံတော်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၈

တဒါ သတ္တုပဋ္ဌာကာနံ, တေသံ ကေသေအဒါ အဋ္ဌ၊
လောကဟိတ မပေက္ခန္တော၊ နာထော ယော တဿတေ နမေ။

ထို ရာဇာယတန သတ္တာဟဝယ် နေတော်မူသော အခါ၌ လင်းလွန်းပင်ရင်းသို့ ဆည်းကပ်လာကုန်သော ထို တပုဿ, ဘလ္လိက ညီနောင်တို့အား ဆံတော်ရှစ်ဆူတို့ကို သတ္တလောက၏ အစီးအပွားကို အရှည်ထောက်ရှုတော်မူလျက် ပေးအပ်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို အကျွန်ုပ် ရှိခိုးပါ၏။

၉

တေပိ တံ အာဟရိတွာန, ပေါက္ခရဝ္ဗတိယံ ကရုံ၊
သဗ္ဗိဝ ကေသ စေတိယံ, နမေ တံ သဗ္ဗ ပုဗ္ဗကံ။

ထို တပုဿ, ဘလ္လိက ညီနောင်သည်လည်း ထိုဆံတော်ဓာတ်ကို ဆောင်ကုန်၍ အဘိတဥ္စနမည်သော ပေါက္ခရဝတီမြို့၌ သက်တော်ထင်ရှား ရှိသော သဗ္ဗညု မြတ်စွာဘုရား၏ ဆံတော်စေတီကို ပြုလေကုန်ပြီ၊ ခပ်သိမ်း သော စေတီတို့၏ ရှေးဦးဖြစ်သော ထို ဆံတော်စေတီကို အကျွန်ုပ် ရှိခိုးပါ၏။

၁၀

ဥပေါသထ ပေါသထမှိ, မုဥ္စန္တံ နီလ ရသ္မိယော၊
ဘဂဝါဝ လောက အတ္ထံ, ကရောန္တံ တံ သဒါ နမေ။

ဥပုသ်နေ့တိုင်း-ဥပုသ်နေ့တိုင်း၌ ညိုသော ရောင်ခြည်တော်တို့ကို လွှတ်ပြလျက် သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားကဲ့သို့ လူတို့ အကျိုး စီးပွားကို ပြုတော်မူဟတ်သော ထိုဆံတော်စေတီကို အကျွန်ုပ် အခါခပ်သိမ်း ရှိခိုးပါ၏။

၁၁

စူဠာမဏိ ဒုဿစေတျံ, ကာလမှိ ဇောဓိသတ္တကေ၊
ဗုဒ္ဓကာလေ ဣဒံ သဗ္ဗ-ပထမံ တံ နမာမဟံ။

တာဝတိံသာ စူဠာမဏိစေတီ, ဗြဟ္မာ့ပြည် ဒုဿစေတီ- ဤစေတီ နှစ်ဆူသည် ဘုရားလောင်း လက်ထက်ဖြစ်သော ကာလ၌ ခပ်သိမ်းသော စေတီတို့၏ ရှေးဦးစွာ ဖြစ်၏၊ ဘုရားရှင်လက်ထက်၌ ဤ ရွှေတိဂုံ ဆံတော် စေတီသည် ခပ်သိမ်းသော စေတီတို့၏ ရှေးဦးစွာ ဖြစ်၏၊ ထိုသို့သဘော ရှိသော ဆံတော်စေတီကို အကျွန်ုပ် ရှိခိုးပါ၏။

၁၂

နမာမဟံ ဝန္ဒာမဟံ, ပူဇေမဟံ သိရောရဟံ၊
ပုညမိဒံ ဘဝတု မေ, ပစ္စယော အာသဝက္ခယော။

အကျွန်ုပ်သည် ဆံတော်ဓာတ်မြတ်ကို ရှိခိုးပါ၏၊ အကျွန်ုပ်သည် ဆံတော်ဓာတ်ကို ချီးမွမ်းပါ၏၊ အကျွန်ုပ်သည် ဆံတော်ဓာတ်မြတ်ကို ပူဇော်ပါ၏၊ ဤကောင်းမှုအပေါင်းသည် အကျွန်ုပ်အား အာသဝေါတရား လေးပါး ကုန်ခြင်း၏အကြောင်း ဖြစ်ပါစေသတည်း။

ဣတိ ဉာဏာဘိဝံသ ဓမ္မသေနာပတိတ္ထေရေန ရစိတာ ဒွါဒသ တိဂုမ္ဗစေတိယ ထောမနာ ဂါထာ။

ဤဂါထာတို့ကား ဉာဏာဘိဝံသ ဓမ္မသေနာပတိ မထေရ်သည် စီရင်အပ်ကုန်သော တိဂုံစေတီတော် ထောမနာ ၁၂–ဂါထာတို့တည်း။

ဤဂါထာတို့သည် အရေးကြုံလျှင် လွန်စွာအရေးကြီးသော ဂါထာတို့ ဖြစ်ကုန်၏၊ မြန်မာတို့အနေဖြင့် ပိဋက သုံးပုံမှ ဂါထာတို့ထက် အရေးကြီး၏၊ အကြောင်းကား ပိဋက ဂါထာတို့ကို ကမ္ဘာ့ဗုဒ္ဓဝါဒီတို့ စောင့်ရှောက်ထားကြ၏၊ ဤဂါထာတို့နှင့်ပတ်သက်၍ကား မြန်မာတို့တွင် လုံးဝတာဝန်ရှိ၏၊ ထိုမှတစ်ပါး မြန်မာပြည်တွင်းဖြစ် ဂါထာများ ရှိသေး၏၊ ထိုဂါထာတို့ကို ဤသို့လျှင် သက်ဆိုင်ရာ အကြောင်းအရာတို့မှာ အကြောင်းအားလျော်စွာ သိမှီထားရန် လိုပေသည်။

## ၂–အနာထပိဏ္ဍိက

"ဘိက္ခုတို့ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏သာဝက ဥပါသကတို့တွင် သုဒတ္တ အနာထ ပိဏ္ဍိက သူကြွယ်သည် အမြတ်ဆုံး ဖြစ်၏"

အနာထပိဏ္ဍိကသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုလာခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သာဝတ္ထိပြည် သုမန သူဌေးအိမ်၌ဖြစ်၍ သုဒတ္တ ဟူ၍ အမည်မှည့်၏၊ သို့ရာတွင် ခိုကိုးရာမဲ့သော ဒုက္ခသည်တို့အား ထမင်းကျွေး တတ်သောကြောင့် သူ့ကို အနာထ ပိဏ္ဍိကဟု ခေါ်ကြ၏၊ သုဒတ္တန်တို့ကို

လေ့လာပါလျှင်–"ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ"ဟူသော စကားကို အနှံ့အပြား တွေ့နိုင်၏။

အဓိပ္ပာယ်ကား–"အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ မွေ့လျော်ဖွယ်ကောင်းသော ဇေတဝန်ကျောင်း၌ နေတော်မူ၏"– ဟူသည်တည်း၊ ဗုဒ္ဓသာသနာ၏ များစွာသော အကြောင်းအရာ အတ္ထုပ္ပတ္တိတို့သည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းနှင့် ဆက်စပ်နေ၏၊ သူသည် ဇေတဝန်ဥယျာဉ်ကို ၁၈–ကုဋေတို့ဖြင့် ဝယ်ပြီး ၁၈–ကုဋေတန် ကျောင်းဆောက်လုပ်ကာ မြတ်စွာဘုရားအား လှူ၏၊ သူသည် တစ်နေ့လျှင် ကျောင်းသို့ သုံးကြိမ်သွား၏၊ သွားရာတွင်လည်း လက်အချည်းနှီး သွားလေ့ မရှိ၊ 'သာမဏေငယ်တို့သည် ဘယ်အရာ ယူလာမည်နည်းဟု ငါ၏ လက်ကို ကြည့်ကြလိမ့်မည်' ယူဆကာ နံနက်သွားလျှင် ယာဂု စသည် ယူဆောင်သွား၏၊ နေ့လယ်သွားလျှင် ထောပတ် ဆီဥ စသည် ယူဆောင်သွား၏၊ ညနေသွားလျှင် ပန်းနံ့သာ စသည် ယူဆောင်သွား၏၊ သူသည် ဤသို့လျှင် နေ့စဉ် အလှူဒါနပြုပြီး သီလဆောက်တည်၏။

အနာထ ပိဏ္ဍိက သူဌေးသည် နေ့စဉ်ပင် ဒါန သီလဖြင့် အချိန်ကုန်လွန်၏၊ သို့ဖြင့် သူ၏ ဥစ္စာဓနတို့မှာ တစ်နေ့တခြား လျော့ပါးသွား၏၊ ထိုအကြောင်းကို မြတ်စွာဘုရား ကြားသိ၍ တစ်နေ့ သူ့ကို မေးကြည့်၏–

"ဒါယကာ သင်၏ အိမ်၌ အလှူဒါနကို ပေးလှူပါ၏လော"

"မြတ်စွာဘုရား ပေးလှူပါ၏၊ သို့ရာတွင် ရှေးကကဲ့သို့ မွန်မြတ်သော လှူဖွယ်ဝတ္ထုတို့ကို ပြုစုပေးလှူရန် မစွမ်းနိုင်တော့ပါ"

"ဒါယကာ ခေါင်းပါး ယုတ်ညံ့သော အလှူဝတ္ထုကို ငါပေးလှူရ၏ဟု မအောက်မေ့ မကြံစည်ပါလင့်၊ စိတ် မွန်မြတ်ပါလျှင် ဘုရား အစရှိသော သူတော်ကောင်းတို့အား ပေးကမ်းလှူဒါန်းသော ဒါနသည် ခေါင်းပါး ယုတ်ညံ့ခြင်း မရှိ၊ စင်စစ် မွန်မြတ်သည်သာ ဖြစ်၏၊ သင်သည် အရိယတို့

အား ပေးလှူဘိ၏၊ ဒါယကာ မြတ်သော အလှူခံပုဂ္ဂိုလ်မည်သည် ရခဲ၏၊ ထို့ကြောင့် သင်သည် ငါ့အား ခေါင်းပါးယုတ်ညံ့သော အလှူဝတ္ထုကို ပေးလှူရသည်ဟု မကြံစည် မအောက်မေ့လင့်။

"သူကြွယ် ယုတ်ညံ့သည် ဖြစ်စေ, မွန်မြတ်သည် ဖြစ်စေ အလှူကို ရိုရိုသေသေ လှူပါမူ, စိတ်ဝင်စားစွာ လှူပါမူ, မိမိလက်ဖြင့် ကိုယ်တိုင် လှူပါမူ, လွှင့်ပစ်သကဲ့သို့ မဟုတ်ဘဲ လှူပါမူ, ကံ–ကံ၏ အကျိုးရှိ၏ဟူ၍ အယူရှိလျက် လှူပါမူ မွန်မြတ်သော အကျိုးကို ရနိုင်၏"

အခါတစ်ပါး အနာထပိဏ်ကြွယ်က သူဌေး၏ တံခါးစောင့် နတ်သည် သူဌေးကြီးအား ပြောပြ၏–

"သူဌေး သင်သည် နောက်ကို မကြည့်ဘဲ ဂေါတမသာသနာ၌ များစွာ ပေးလှူနေ၏၊ ယခု သင့်မှာ ပစ္စည်းဥစ္စာ မရှိတော့ပါ၊ သို့ပါလျက် ပေးကမ်း လှူဒါန်းမှုကို မလျှော့သေးပါ၊ သင့်အား ရဟန်း ဂေါတမဖြင့် ဘယ်အကျိုး ရှိအံ့နည်း၊ အလှူကို ရပ်ပြီး သူဌေးဖြစ်အောင် အလုပ်ကို ကြိုးစားလုပ်ဆောင်ပါဘိ"

"ဟယ် နတ်ယုတ် ဆုတ်လော့၊ သင်ကဲ့သို့ နတ်မျိုး ထောင်သောင်းမျှ ပြောပြသော်လည်း ငါ၏ သဒ္ဓါတရား တုန်လှုပ်လိမ့်မည် မဟုတ်ပါ၊ သင်သည် ငါ၏ အိမ်၌ နေရန် မသင့်၊ လျင်စွာ ထွက်သွားပါလော့"

ထိုနတ်သည် သောတာပန် အရိယာပုဂ္ဂိုလ်၏ စကားကို ဖယ်ရှားရန် မစွမ်းနိုင်ချေ၊ အိမ်တွင် မနေနိုင်ဘဲ ထွက်ခွာသွားရ၏၊ အခြားတွင်လည်း နေရာ မရှိသဖြင့် သူဌေးကြီးအား တောင်းပန်ပေးကြပါရန် အခြားနတ်များထံ သွား၍ အကူအညီတောင်း၏၊ ထိုအခါ သိကြားမင်းက အကြံပေး၏–

"အချင်းနတ်သား သင်၏ အပြစ်မှာ လွန်စွာ ကြီးလေး၏၊ ငါတို့ တောင်းပန်ရန် မဝံ့ကြပါ၊ သို့ရာတွင် ငါ အကြံတစ်ခုပေးမည်၊ ယခုအခါ သူဌေးကြီးမှာ လှူဒါန်းပေးကမ်းရန်အတွက် ဥစ္စာနည်းပါးနေသည်၊ ထို့ကြောင့် သူ ချေးငှားထားသည့် ကြွေး ၁၈–ကုဋေကို ရအောင် တောင်းခံ

ပေးခြင်းဖြင့်လည်းကောင်း, ရေမျောသွားသော ၁၈–ကုဋေကို ဆယ်ယူပေးခြင်းဖြင့်လည်းကောင်း, သူ့အိမ်အနီး မြေအောက်တွင် အရှင်မဲ့ဖြစ်သော ၁၈–ကုဋေကို တူးဖော်ပေးခြင်းဖြင့်လည်းကောင်း သင်၏ အပြစ်ကို တောင်းပန်သင့်သည်"

နတ်သည် သိကြားမင်း အကြံပေးသည့်အတိုင်း ထိုထို ပစ္စည်းဥစ္စာတို့ကို ဆောင်ယူပေး၏၊ ထိုအကြောင်းကို သူဌေးကြီးသည် မြတ်စွာဘုရားအား လျှောက်ကြား၏၊ နတ်သားလည်း အပြစ်ကို ဝန်ခံလျက် မြတ်စွာဘုရားအား ရှိခိုးတောင်းပန်၏ –

"မြတ်စွာဘုရား ကျွန်ုပ်သည် မိုက်မဲသည့် အဖြစ်ကြောင့် ရတနာမြတ်သုံးပါး၏ ဂုဏ်ကို မသိသောကြောင့်–ယုတ်မာသောစကားကို ပြောကြားမိပါသည်၊ ကျွန်ုပ်၏ ထိုအပြစ်တို့ကို သည်းခံတော်မူပါ ဘုရား"

ထိုအခါ မြတ်စွာဘုရားက သူဌေးကြီးနှင့်နတ်သားအား ဓမ္မ တရားဟောကြားတော်မူ၏ –

"သူဌေး ဤမျက်မှောက်သော ဘဝ၌ မကောင်းမှု ပြုသူသည် မိမိ ပြုသော မကောင်းမှု အကုသိုလ်က အကျိုး မပေးသမျှ ကာလပတ်လုံး သင့်တင့်ကောင်းမွန်သော အာရုံတို့ကို တွေ့ကြုံရသေး၏၊ ထိုသူအား မိမိပြုအပ်သော မကောင်းမှုကံက အကျိုးကို ဖြစ်စေသောအခါ ယုတ်မာသော အကျိုးအာနိသင်ကိုသာ တွေ့မြင်ခံစားရ၏၊ ကောင်းမှုကုသိုလ်ကို ပြုသူလည်း မိမိ ပြုသော ကောင်းမှုကုသိုလ်အကျိုး မပေးသမျှကာလပတ်လုံး ယုတ်မာသော အကျိုး အာနိသင်ကို တွေ့မြင်ရသေး၏၊ ထိုသူအား မိမိပြုအပ်သော ကောင်းမှုကံက အကျိုးကို ဖြစ်စေသောအခါ သင့်တင့်ကောင်းမွန်သော အာရုံတို့ကိုသာ တွေ့ကြုံရသည်"

အနာထ ပိဏ္ဍိက သူဌေးသည် ဤသို့လျှင် ရတနာသုံးပါးတို့အား လှူဒါန်းပူဇော်၍ မရောင့်ရဲနိုင်, အားမရနိုင်, မငြီးငွေ့နိုင်သောကြောင့် ပေးကမ်းလှူဒါန်းသည့် ဒါနာဘိရတ အရာ၌ ဧတဒဂ် ရခြင်းဖြစ်လေသည်။

## ၃–စိတ္တ ဂဟပတိ

"ဘိက္ခုတို့ တရားဟောတတ်ကုန်သော ငါ၏ သာဝကဥပါသကာတို့တွင် မစ္ဆိကာ သဏ္ဍာမြို့သား စိတ္တ ဂဟပတိသည် အမြတ်ဆုံး ဖြစ်၏"

စိတ္တသူကြွယ်သည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်က စ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ မဂဓတိုင်း မစ္ဆိကာ သဏ္ဍာမြို့တွင် သူဌေးမျိုး၌ ဖြစ်၍ စိတ္တဟု အမည် မှည့်၏၊ နောင်အခါ ပဉ္စဝဂ္ဂီငါးဦး အဝင်အပါ ရှင်မဟာ နာမသည် မစ္ဆိကာသဏ္ဍာမြို့သို့ ကြွလာ၏၊ ထိုအခါ စိတ္တသူကြွယ်သည် အရှင်ကို ကြည်ညိုသဖြင့် ဆည်းကပ်လုပ်ကျွေး၏၊ အရှင်၏ တရားကို ကြားနာပြီး ကျင့်ကြံအားထုတ်သဖြင့် အနာဂါမ် ဖြစ်သွား၏။

တနေ့တွင် ရဟန်း သံဃာများ မစ္ဆိကာသဏ္ဍာသို့ ရောက်လာကုန်၍ စိတ္တသူကြွယ်သည် ရဟန်းတို့ကို မိမိအိမ်သို့ ပင့်ဖိတ်ပြီး ဆွမ်း လုပ်ကျွေး၏၊ ဆွမ်းစားပြီးသောအခါ သူသည် သံဃာတို့အား ပြဿနာ မေးလျှောက်၏၊ ထိုပြဿနာနှင့်ပတ်သက်၍ မထေရ်ကြီးတွင် အခက်အခဲဖြစ်နေ၏ ထိုအခါ မထေရ်ငယ်တစ်ဦးဖြစ်သော ရှင်ဣသိဒတ္တ အမည်ရှိသော ထေရ်က– "အရှင်ဘုရား စိတ္တသူကြွယ်၏ ပြဿနာကို ကျွန်ုပ်ဖြေဆိုပါမည်"ဟု ခွင့်တောင်း၏၊ မထေရ်ကြီးက အခွင့်ပေး၍ ရှင်ဣသိဒတ္တ ဖြေဆို၏၊ စိတ္တသူကြွယ်သည် ရှင်ဣသိဒတ္တ၏ ဖြေဆိုပုံကို လွန်စွာနှစ်သက်ကြည်ညိုသဖြင့် မေးလျှောက်၏–

"ရှင်ဣသိဒတ္တ အရှင်သည် ဘယ်အရပ်မှ ကြွလာပါသနည်း"

"သူကြွယ် ငါသည် အဝန္တီတိုင်းမှ လာခဲ့ခြင်း ဖြစ်ပါသည်"

"အရှင် အဝန္တီတိုင်းမှာ ကျွန်ုပ်၏ မမြင်ဖူးသော ဣသိဒတ္တ အမည်ရှိသော မိတ်ဆွေတစ်ဦး ရဟန်းပြုသည်ဟု ကြားရပါသည်၊ အရှင် သူ့ကို သိပါသလော"

"သူကြွယ် ငါ သိပါသည်"

"ထိုအရှင်သည် ယခု အဘယ်မှာ နေပါသနည်း"

ထိုအမေးကို ရှင်ဣသိဒတ္တ မဖြေချေ၊ ဆိတ်ဆိတ်နေ၍ စိတ္တသူကြွယ်က ထပ်၍ မေးပြန်၏–

"အရှင် ကျွန်ုပ်၏မိတ်ဆွေ ဣသိဒတ္တသည် အရှင်ပင် မဟုတ်ပါလော"

"ဟုတ်ပါသည် သူကြွယ်"

ထို့နောက် ရှင်ဣသိဒတ္တသည် 'ယခုအခါ ဤအရပ်တွင် နေရန်မသင့်' ဟု စဉ်းစားပြီး ချမ်းသာစွာ အရပ်တစ်ပါးသို့ ဖဲသွားလေ၏၊ အကြောင်းကား ရှေးအခါက ရဟန်းကောင်း ရဟန်းမြတ်တို့သည် သံယောဇဉ်နှင့် လာဘ်လာဘကို ရွံရှာစက်ဆုတ်သောကြောင့် ဖြစ်၏၊ စိတ္တသူကြွယ်က မိတ်ဆွေဟူသော သံယောဇဉ်ဖြင့် လှူဒါန်းလေမည့် အလှူကို မခံယူလိုခြင်းပင် ဖြစ်၏။

တစ်နေ့လည်း စိတ္တသူကြွယ်သည် ရှင်မဟာနာမအား တန်ခိုးပြာဋိဟာ ပြသပါရန် တောင်းပန်၏၊ ထိုအခါ အရှင်သည် အပေါ်ရုံပေါ်တွင် မြက်မှိုက်ကို တင်ထားစေပြီး မြက်ကို လောင်၍ အပေါ်ရုံကို မလောင်စေနိုင်သော တန်ခိုး ပြာဋိဟာကို ပြ၏၊ ထို့နောက် အရှင်သည်– 'ယခု ဤအရပ်၌ နေရန်မသင့်တော့' ဟု စဉ်းစားပြီး ထိုအရပ်မှ ချမ်းသာစွာ ဖဲခွာသွားလေသည်။

စိတ္တသူကြွယ်သည် အနာဂါမ် အဆင့်သို့ ရောက်နေသော်လည်း ဘုရားရှင်ကို မဖူး မမြင်ရသေးချေ၊ ထိုကြောင့် သူသည် တစ်နေ့၌ လှည်းအစီး ငါးရာဖြင့် ဘုရားဖူးရန် သွား၏၊ သူနှင့် အတူတကွ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသက၊ ဥပါသိကာ ပရိသတ်အများပါ၏၊ ပရိသတ်အားလုံးကို နတ်များက ကောင်းစွာစောင့်ရှောက် လုပ်ကျွေး၏၊ သူကြွယ် မြတ်စွာဘုရား ခြေတော်ကို ရှိခိုးသောအခါ အဆင်း ငါးပါးရှိသော ပန်းမိုးရွာချ၏၊ သူသည် ဘုရားအမျုးရှိသော သံဃာတို့ကို တစ်လပတ်လုံး ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့်

လုပ်ကျွေး၏၊ သို့ရာတွင် သူယူဆောင်လာသော ပစ္စည်းတို့ လျော့သည်မရှိ၊ အမြဲပြည့်လျက်ပင်ရှိ၍ ရှင်အာနန္ဒက မြတ်စွာဘုရားအား မေးလျှောက်၏ –

"အရှင်မြတ်ဘုရား စိတ္တသူကြွယ်သည် ဘုရားရှင်အား ဆည်းကပ်သော အကျိုးအာနိသင်ကို ဒိဋ္ဌ တွေ့မြင်ရပါသည်"

"အာနန္ဒ စိတ္တသူကြွယ်သည် ငါ၏ အထံသို့ လာသော် လည်းကောင်း၊ အရပ်တစ်ပါးသို့ သွားသော်လည်းကောင်း–ဤသို့ သဘောရှိသော ပူဇော်သကာ ရမည်သာတည်း၊ အာနန္ဒ ယုံကြည်ခြင်း သဒ္ဓါ၊ ကြည်ညိုခြင်း ပသန္န, ထုံသင်းသော သီလနှင့် ပြည့်စုံသောသူသည် ကျော်စော၏၊ စည်းစိမ်နှင့် ပြည့်စုံ၏၊ ချဉ်းကပ်ရာ အရပ်တိုင်း၌ ထိုသူအား လာဘ် ပူဇော်သကာ ဖြစ်ပေါ်၏"

အခါတစ်ပါး မစ္ဆိကာသဏ္ဍ အမွာဋ္ဌက တောနေ ရဟန်းတို့သည် "ငါ့ရှင်တို့ သံယောဇဉ်နှင့် သံယောဇနိယသည် တူသလော၊ ထူးသလော" ဟု စကား ပြဿနာဖြစ်ပေါ်၏၊ ထိုအခါ အချို့ ရဟန်းတို့က ထူးသည်ဟု ဖြေကြ၍ အချို့သော ရဟန်းတို့က မထူးဟု ဖြေကြ၏၊ ထိုအခါ စိတ္တသူကြွယ်သည် ထိုရဟန်းတို့၏ စကားကို တစ်ခွင့်စကား တစ်ဆင့်နားဖြင့် ကြား၍ ထိုရဟန်းတို့ထံ ချဉ်းကပ်၍ ဤသို့လျှောက်ကြား၏ –

"အရှင်တို့ သံယောဇဉ်နှင့် သံယောဇနိယမှာ သဒ္ဒါလည်း ထူး၏၊ အနက်လည်း ထူးပါသည်၊ အရှင်တို့ ဥပမာ နွားနက်တစ်ကောင်နှင့် နွားဖြူတစ်ကောင်ကို ကြိုးတစ်ချောင်းတည်းဖြင့် ချည်ထား၏၊ တစ်စုံတစ်ယောက်က နွားနက်သည် နွားဖြူ၏ သံယောဇဉ် အနှောင်အဖွဲ့ ဖြစ်၏၊ သို့မဟုတ် နွားဖြူသည် နွားနက်၏ သံယောဇဉ် အနှောင်အဖွဲ့ ဖြစ်၏ဟု ဆိုပါလျှင် ကောင်းစွာ ပြောသည် ဖြစ်ပါသလော"

"ဒါယကာ ကောင်းစွာ ပြောဆိုခြင်း မဟုတ်ပါ၊ အကြောင်းကား နွားနက်သည် နွားဖြူ၏ သံယောဇဉ် မဟုတ်သကဲ့သို့ နွားဖြူသည်လည်း နွားနက်၏ သံယောဇဉ် မဟုတ်ပါ၊ စင်စစ် ထိုနှစ်ကောင်ကို တွဲ၍ ချည်

နှောင်သော ကြိုးသည်သာလျှင် သူတို့၏ သံယောဇဉ် အနှောင်အဖွဲ့ ဖြစ်ပါသည်"

"အရှင်တို့ ဤအတူသာလျှင် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့သည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့-အထိ, သဘောတရားတို့၏ သံယောဇဉ် မဟုတ်ကုန်၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့-အထိ, သဘောတရားတို့သည်လည်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့၏ သံယောဇဉ်မဟုတ်ကုန်၊ ယင်း မျက်စိ စသည်နှင့် အဆင်း စသည်တို့ကို အကြောင်းပြု၍ နှစ်သက် စွဲလမ်းမှု ဆန္ဒ ရာဂသည်သာ သံယောဇဉ် ဖြစ်၏"

"ဒါယကာ သူကြွယ် သင်သည် ကောင်းစွာ အရတော်လေစွ၊ ကောင်းစွာ ရအပ်ပေစွ၊ သူကြွယ် သင်သည် နက်နဲသော ဘုရားရှင်၏ စကား၌ ပညာမျက်စိ ဖြစ်၏" ဟု ရဟန်းတို့ ချီးကျူးကြ၏၊ နှောင်အခါ မြတ်စွာဘုရားသည် သူ့အား ပရိသတ်အလယ်၌ ဓမ္မကထိကအရာ၌ ဧတဒဂ် ထားတော်မူလေသည်"

## ၄-ဟတ္ထက အာဠဝက

"ဘိက္ခုတို့ သင်္ဂဟ ဝတ္ထု လေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက် ထောက်ပံ့ကုန်သော ငါ၏သာဝက ဉပါသကတို့တွင် ဟတ္ထက အာဠဝက သည် အမြတ်ဆုံးဖြစ်၏"

ဟတ္ထက အာဠဝကသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ အာဠဝီတိုင်း အာဠဝီမြို့ အာဠဝကမင်း၏ အိမ်၌ ဖြစ်၏၊ ထိုစဉ်အခါ ဘုရင် အာဠဝကသည် အာဠဝက ဘီလူးကို အလှည့်ကျ ထမင်း ကျွေးရသော ကတိကဝတ် ရှိနေ၏၊ ဘီလူးသည် ထမင်းလာ၍ ပို့ပါလျှင် ထမင်းနှင့်တကွ ပို့သူကိုပါ စားပစ်၏။

တစ်နေ့တွင် ထမင်းပို့မည့်သူ မရှိသဖြင့် သူငယ်ကို ပို့စေ၏၊

သူငယ်သည် ထမင်းအုပ်ကို ယူသွားပြီး– "အရှင် တိုက်တွန်းပါ၏၊ သင်၏ အဖို့ ဘာဂကို ယူလှည့်ပါ" ဟု ပြော၏၊ ထိုနေ့မှာ အာဠဝကဘီလူးသည် ဘုရားရှင်နှင့်တွေ့၍ အရိယသာဝက ဖြစ်နေ၏၊ အရိယသာဝကသည် သူ့ အသက်ကို သတ်ရန် မထိုက်ချေ၊ ထို့ကြောင့် သူသည် မကောင်းမှုပြုရန် ရှက်ကြောက်နေ၏၊ ထိုအခါ မြတ်စွာဘုရားက "အာဠဝက သင့်အား ယခု အခါ ရှက်ကြောက်ရန် ကိစ္စ မရှိပြီ၊ သူငယ်ကို ယူ၍ ငါ၏ လက်တွင်း ထည့်ပါဘိ"– ဟု မိန့်ကြား၏။

ထိုအခါ မင်းချင်းတို့သည် သူငယ်ကို အာဠဝကလက်သို့ ထည့် ကြ၏၊ အာဠဝကသည် သူငယ်ကို ယူ၍ ဘုရားရှင်လက်သို့ ထည့်၏၊ ဘုရားရှင်သည် သူငယ်ကို ယူ၍ အာဠဝက လက်သို့ ပြန်ထည့်၏၊ အာဠ ဝကလည်း ယူ၍ မင်းချင်း ယောကျ်ားတို့ လက်သို့ ထည့်ပြန်၏၊ ဤသို့ လျှင် ဟတ္ထ–လက်တစ်ခုမှ တစ်ခုသို့ ဂတ–ရောက်သည့် အဖြစ်ကြောင့် သူငယ်ကို ဟတ္ထက အာဠဝကဟု ခေါ်ကြ၏၊ ထို့နောက် မြတ်စွာဘုရား သည် အာဠဝကဘီလူးကို သပိတ်ပရိက္ခရာ ယူစေ၍ အာဠဝိမြို့သို့ ဆွမ်းခံ ဝင်၏။

ဟတ္ထက အာဠဝက သတို့သား အရွယ်သို့ရောက်သော် ဘုရားရှင် ၏ တရားတော်ကို ကြားနာရ၍ အနာဂါမ် ဖြစ်၏၊ သူသည် အခါခပ်သိမ်း အရိယာ သာဝက ဥပါသက အခြံအရံငါးရာနှင့်အတူတကွ လှည့် လည်၏၊ တစ်နေ့တွင် မြတ်စွာဘုရားသည် သူနှင့်တကွ သူ၏ပရိသတ်ကို ကြည့်ပြီး မေး၏–

"ဟတ္ထက အာဠဝက သင်၏ ပရိသတ်သည် များလည်းများ၏၊ ယဉ်ကျေး သိမ်မွေ့ခြင်းလည်း ရှိ၏၊ သင်သည် အဘယ်သို့ ပရိသတ်ကို ချီးမြှောက်သနည်း"

"မြတ်စွာဘုရား အကျွန်ုပ်သည် ဒါနဖြင့် နှစ်သက်သူကို ဒါနဖြင့်၊

ချစ်ဖွယ်သော စကားကို ဆိုခြင်းဖြင့်, နှစ်သက်သူကို ချစ်ဖွယ်သော စကားကို ဆိုသဖြင့်, ကိစ္စဖြစ်လတ်သော် ထိုကိစ္စကို ကူညီသဖြင့်၊ နှစ်သက်သူကို ထိုသို့ ကူညီသဖြင့်, ကိုယ်တူထားခြင်းဖြင့်– ချီးမြှောက်ပါသည်"

ထို့ကြောင့် မြတ်စွာဘုရားသည် နောင်အခါ သူ့အား အရိယာ သာဝကတို့၏ အလယ်တွင် ပရိသ သင်္ဂဟ္ဂ အရာ၌ ဧတဒဂ်ထားခြင်း ဖြစ်လေသည်။

## ၅–မဟာနာမ သကျ

"ဘိက္ခုတို့ မွန်မြတ်သော ဝတ္ထုကို ပေးလှူတတ်ကုန်သော ငါ၏ သာဝက ဥပါသကတို့တွင် သကျသာကီဝင်ဖြစ်သော မဟာနာမသည် အမြတ်ဆုံး ဖြစ်၏"

မဟာနာမသကျသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်က ၎င်း ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ကပိလဝတ်ပြည် သကျသာကီဝင်မင်းမျိုး၌ ဖြစ်၏၊ အရွယ်သို့ ရောက်သော် ဘုရားရှင်ကို ဖူးမြင်ရလျှင် ဖူးမြင်ရခြင်း သောတာပန် အဖြစ်သို့ ရောက်၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူ၏၊ ထိုပြည်တွင် မိုးခေါင်သဖြင့် အစာ အာဟာရလွန်စွာ ငတ်မွတ်ခေါင်းပါး၏၊ မြတ်စွာဘုရားနှင့် သံဃာအများသည် ဆင်းရဲ ပင်ပန်းစွာဖြင့် ဝါတွင်း သုံးလကို ကုန်လွန်စေကြ၏၊ ဝါကျွတ်သောအခါ အစဉ်သဖြင့် ကြွလေသော် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းသို့ ရောက်၏၊ ထိုအခါ မဟာနာမ သကျသည် မြတ်စွာဘုရားကို ရှိခိုးပြီး လျှောက်ကြား၏–

"မြတ်စွာဘုရား ရဟန်း သံဃာသည် ဝေရဉ္ဇာပြည်တွင် ဆွမ်းခံ လှည့်သဖြင့် လွန်စွာ ပင်ပန်းသည်ဟု အကျွန်ုပ် ကြားရပါသည်၊ ထို့ကြောင့် အကျွန်ုပ်အား လေးလပတ်လုံး ရဟန်းသံဃာကို လုပ်ကျွေးခွင့်ပေးပါ ဘုရား၊

ကျွန်ုပ်သည် ရဟန်း သံဃာ၏ ကိုယ်၌ ဩဇာ သွင်းပေးလိုပါသည်ဘုရား"

မြတ်စွာဘုရားသည် သူ၏ လျှောက်ကြားချက်ကို ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံ၏၊ မဟာနာမသကျသည် ဘုရားရှင် ဝန်ခံသည်ကို သိလျှင် နောက်နေ့မှစ၍ ဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော အရသာ ဘောဇဉ် စတုမဓု စသည်တို့ဖြင့် လုပ်ကျွေး၏၊ သို့ဖြင့် လေးလပြည့်လျှင် နောက်ထပ် လေးလ ထပ်မံတောင်းပန်၍ လုပ်ကျွေးပြန်၏၊ သို့ဖြင့် တစ်နှစ်တိတိ ပြည့်သောအခါ ဘုရားရှင်သည် သူ၏ တောင်းပန်ခြင်းကို လက်မခံတော့ချေ။

ထိုအခါမှစ၍ မဟာနာမသကျသည် နောင်အခါ ရောက်လာသမျှသော ရဟန်း သံဃာတို့အား ထိုနည်းအတိုင်းပင် လွန်စွာမွန်မြတ်သော အရသာ ဘောဇဉ် စတုမဓု စသည်တို့ဖြင့် ပူဇော်သကာ ပြု၏၊ သူ၏ ထိုသတင်းသည် ဇမ္ဗူဒိပ်တစ်လွှားတွင် လွန်စွာ ထင်ရှားနေ၏၊ ထို့ကြောင့် နောင်အခါ မြတ်စွာဘုရားသည် သူ့အား ပဏီတ ဒါယကာ အရာ၌ ဧတဒဂ် ထားတော်မူခြင်း ဖြစ်လေသည်။

## ၆–ဥဂ္ဂ ဂဟပတိ

"ဘိက္ခုတို့ နှစ်သက်ဖွယ် ဝတ္ထုကို ပေးလှူတတ်ကုန်သော ငါ၏ သာဝက ဥပါသကတို့တွင် ဝေသာလီပြည်သား ဥဂ္ဂဂဟပတိသည် အမြတ်ဆုံး ဖြစ်၏"

ဥဂ္ဂ သူကြွယ်သည် ပဒုမုတ္တရာဘုရားရှင် လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ဝေသာလီပြည် သူဌေးမျိုး၌ ဖြစ်၏၊ သူသည် ဘုရားသခင်ကို ဖူးမြင်ရလျှင် ဖူးမြင်ရခြင်း သောတာပန် ဖြစ်၍ နောင်အခါ အနာဂါမ် အဆင့်အထိ ရောက်သွား၏၊ တစ်နေ့တွင် သူသည် ဤသို့ အကြံဖြစ် ၏–

"ငါသည် မိမိ နှစ်သက် မြတ်နိုးသော ပစ္စည်း ဝတ္ထုကို သာလျှင် မြတ်စွာဘုရားအား လှူချင်၏၊ အကယ်၍ ငါ၏ စိတ်အကြံကို ဘုရားရှင်

သိတော်မူလျှင် ကြွလာပါစေသတည်း"

မကြာမီ အတွင်းမှာပင် မြတ်စွာဘုရားသည် ရဟန်း သံဃာများနှင့် အတူတကွ သူ၏ အိမ်တံခါးဝသို့ ရောက်လာ၏၊ ထိုအခါ ဥဂ္ဂသူကြွယ်သည် အလွန် ရှင်လန်းဝမ်းမြောက်စွာဖြင့် မြတ်စွာဘုရားအား ရှိခိုးကာ သပိတ်ကို ယူပြီး အိမ်ပေါ်သို့ ပင့်သွား၏၊ ထို့နောက် မိမိ နှစ်သက် မြတ်နိုးသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော သံဃာအား ဆက်ကပ် လှူဒါန်း၏၊ ဆွမ်းကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် သူ့အား အနုမောဒနာတရား ဟောကြားတော်မူလေသည်–

"နှစ်သက်မြတ်နိုးဖွယ် ဝတ္ထုကို ပေးလှူသူသည် နှစ်သက်မြတ်နိုးဖွယ် အကျိုးကို ရနိုင်၏၊ ဖြောင့်မတ်သော ရဟန္တာပုဂ္ဂိုလ်တို့၌ အဝတ်, အိပ်ရာ–နေရာ, ဆွမ်းဘောဇဉ်, အဖျော်ယမကာနှင့် အထူးထူးသော ပစ္စည်းတို့ကို ပေးလှူသင့်၏၊ လယ်ယာမြေကောင်းသဖွယ် ဖြစ်ကုန်သော ရဟန္တာတို့ကို သိ၍ စွန့်လွှတ်ချီးမြှောက်သင့်၏၊ နှစ်သက်မြတ်နိုးဖွယ်ကို ပေးလှူသော သူတော်ကောင်းသည် စွန့်နိုင်ခဲသည်ကို စွန့်၍ နှစ်သက်မြတ်နိုးဖွယ် အကျိုးကို ရ၏"

"အရှင်ဘုရား အထံတော်မှ တရားတော်ကို အကျွန်ုပ် ကြားနာရပါသည်၊ အကျွန်ုပ် ကြိုက်နှစ်သက်သော အလှူဝတ္ထုကို ပေးလှူပါမည်" ဟု တောင်းပန်၍ ထောပတ်ဆွမ်း, ကာသိတိုင်းဖြစ် ပုဆိုး အစရှိသော ကိုယ် နှစ်သက်မြတ်နိုးအပ်သော ဝတ္ထုကို မပြတ် ပေးလှူသည်၊ ထို့ကြောင့် သူသည် မနာပဒါယက ဧတဒဂ်ရခြင်း ဖြစ်လေသည်။

## ၇–ဟတ္ထိဂါမ ဥဂ္ဂတ

"ဘိက္ခုတို့ သံဃာကို လုပ်ကျွေးတတ်ကုန်သော ငါ၏ သာဝက ဥပါသကတို့တွင် ဟတ္ထိရွာသား ဥဂ္ဂတ သူကြွယ်သည် အမြတ်ဆုံး ဖြစ်၏"

ဥဂ္ဂတသူကြွယ်သည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့

ရောက်သောအခါ ဟတ္ထိဂ္ဂာ သူဌေးမျိုး၌ ဖြစ်၏၊ အရွယ်သို့ ရောက်သော အခါ သူဌေးသား ဥဂ္ဂတသည် သေအရက်သောက်စားလျက် ကချေသဘင် ၌သာ ပျော်ပါး၍ နေလေသည်။

တစ်ရံရောအခါ ဘုရားသခင် တရားတော်ကို ကြားနာရလျှင် မဂ်သုံးတန်ကို အစဉ်အတိုင်းကျ၍ အနာဂါမ် ဖြစ်လေသည်၊ ထိုအခါမှ စ၍ ပေးလှူခြင်း၌ မွေ့လျော်ပျော်ပါးသည်၊ သံဃာတော်အား မပြတ် လှူဒါန်း ပူဇော်သည်၊ ညဉ့်အခါ နတ်တို့ပြောဆိုလာ၍ "ဤရဟန်းကား ဝိဇ္ဇာ သုံးပါး နှင့် ပြည့်စုံ၏၊ ဤရဟန်းအား အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံ၏၊ ဤ ရဟန်းကား သီလဝန္တ, ဤရဟန်းကား ဒုဿီလ" ဟု ဟုတ်သည့်အတိုင်း ဂုဏ်ကျေးဇူးကို သိ၏၊ သို့ရာတွင် လှူဖွယ်ဝတ္ထုကိုကား အညီအမျှ သဒ္ဓါ သော စိတ်ဖြင့် သီလဝန္တ ရဟန်း, ဒုဿီလရဟန်းတို့အား ပေးလှူသည်၊ ဘုရားသခင် အထံတော်၌လည်း-

"အရှင်ဘုရား သီလဝန္တရဟန်း, ဒုဿီလ ရဟန်းတို့အား အမျှ သဒ္ဓါသော စိတ်ဖြင့် အကျွန်ုပ် ပေးလှူပါသည်" ဟု လျှောက်ကြား၏၊ ထို့ ကြောင့် နောင်အခါတွင် မြတ်စွာဘုရားသည် ဤဥဂ္ဂတ သူကြွယ်အား သံဃု ပဋ္ဌာက အရာ၌ ဧတဒဂ်ထားတော်မူ၏။

## ၈-သူရမ္ဗဋ္ဌ

"ဘိက္ခုတို့ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန် သော ငါ၏ သာဝက ဥပါသကတို့တွင် သူရမ္ဗဋ္ဌသည် အမြတ်ဆုံး ဖြစ်၏"

သူရမ္ဗဋ္ဌသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်ကစ၍ ဤဧတဒဂ် ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရား လက်ထက်သို့ ရောက်သော အခါ သာဝတ္ထိပြည် သူဌေးမျိုး၌ ဖြစ်၍ သူရမ္ဗဋ္ဌ အမည်တွင်၏၊ မတုန် မလှုပ် ကြည်ညိုရာ၌ ဧတဒဂ်ရသည်ကား-

ဘုရားသခင်သည် သူရမ္ဗဋ္ဌ၏ အိမ်၌ ဆွမ်းဘုဉ်းပေးပြီး၍ တရား

ဟောတော်မူလျှင် သူရမ္ဗဋ္ဌသည် သောတာပန်ဖြစ်၍ ဘုရားရှင် ကြွတော်မူသည့်နောက် များမကြာမီ မာရ်မင်းသည် ဘုရားအဟန် ဖန်ဆင်း၍ ၃၂- ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံစွာ ရောင်ခြည်ခြောက်ပါးကို ပြိုးပြိုးပြက်ပြက် လွှတ်လျက် လာလတ်သည်ကို မြင်၍ သူရမ္ဗဋ္ဌသည် ဘုရားပင်မှတ်၍ နေရာ၌ နေစေပြီးသော် ရှိခိုးလျက် မေးလျှောက်၏–

"အရှင်ဘုရား အဘယ်အကြောင်းကြောင့် ယခုပင် ကြွတော်မူလာပါသနည်း"

"သူရမ္ဗဋ္ဌ ယခုတွင် ငါဟောသည့် အလုံးစုံ ခန္ဓာငါးပါးသည် အနိစ္စ, ဒုက္ခ, အနတ္တချည်းဟု သတိလျော့၍ ဟောမိသည်၊ တစ်ဆိတ်စာ မှားသေးသည်၊ အချို့တရားကို အနိစ္စ, အချို့သော တရားကို နိစ္စ ယူရမည်"

"ဘုရားတို့ သဘောသည် အဆိုချွတ်သည်ဟူ၍ မရှိသင့်၊ သင်သည် မာရ်နတ်မဟုတ်လော"– ဟု မေးလျှင် အရိယတို့ စကားသည် ပုဆိန်ခုတ်သကဲ့သို့ ဖြစ်၍ ဘုရားယောင် မဆောင်နိုင်ဘဲ ဟုတ်သည့်အတိုင်း ပြောဆိုရလေသည်။

"မာရ်နတ် သင်ကဲ့သို့သော သူသည် အရာ–အထောင်ဝင်၍ လှုပ်ခြောက်ငြားသော်လည်း ငါ၏ သဒ္ဓါကို မလှုပ်နိုင်ရာ၊ သင်သည်တွင် မနေလင့်"– ဟူ၍ လက်ဖျစ်တီးလျှင် မာရ်နတ်မင်း မနေဝံ့၍ ကွယ်ရလေသည်၊ သည်ကို အကြောင်းပြု၍ နောင်အခါ မြတ်စွာဘုရားသည် သူရမ္ဗဋ္ဌ သူကြွယ်အာ အဝေစ္စပ္ပသန္နအရာ၌ ဧတဒဂ် ထားတော်မူခြင်း ဖြစ်၏။

## ၉–ဇီဝက

"ဘိက္ခုတို့ ပုဂ္ဂိုလ်ကို ကြည်ညိုကုန်သော ငါ၏ သာဝက ဥပါသကတို့တွင် အဘယမင်း၏ မွေးစားသား ဇီဝကသည် အမြတ်ဆုံး ဖြစ်၏"

ဇီဝကသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ သူသည် ဂေါတမ မြတ်စွာဘုရား လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်မြို့ အဘယမင်းသားကို အကြောင်းပြု၍ သာ

လဝတီ အမည်ရှိသော ပြည့်တန်ဆာဝမ်း၌ ဖြစ်၏၊ ပြည့်တန်ဆာတို့ မည်သည် ဖွားမြင်သောအခါ သား ဖွားမြင်လျှင် စွန့်ပစ်၍ သမီး ဖွားမြင်လျှင် မွေးမြူ၏၊ ယခုမူ သားဖွားမြင်၍ အမှိုက်ပုံ၌ စွန့်ပစ်လိုက်၏၊ ထိုအခါ မင်းခစားရန်သွားသော အဘယမင်းသားတွေ့၍ မေး၏–

"အချင်းတို့ ကျီးတို့ ဝိုင်းအုံနေသော ထိုအရာသည် အဘယ်နည်း"

"အရှင် မွေးဖွားကာစ သားငယ်ပင် ဖြစ်ပါသည်"

"အချင်းတို့ ဇီဝတိ–အသက်ရှင်သေး၏လော၊ ဇီဝတိ–အသက်ရှင်သေး၏လော"

"အရှင်... ဇီဝတိ–အသက်ရှင်ပါသေး၏၊ ဇီဝတိ–အသက်ရှင်ပါသေး၏"

ထိုအခါ အဘယ မင်းသားသည် ထိုသားငယ်ကို ကောက်ယူ၍ ကောင်းမွန်စွာ မွေးမြူထား၏၊ "ဇီဝတိ–အသက်ရှင်သေး၏လောဟု မေးသည်ကို အကြောင်းပြု၍ ဇီဝကဟု မှည့်ခေါ်၏၊ ကုမာရခေါ် မင်းသားမွေးမြူသောကြောင့် ကောမာရဘစ္စ" ဟုလည်း ခေါ်ကြ၏။

ဇီဝကသည် ၁၆–နှစ် အရွယ်သို့ ရောက်သောအခါ တက္ကသိုလ်ပြည်သို့ သွားပြီး ဆေးအတတ်ကို သင်ကြား၏၊ သူသည် များစွာလည်း သင်၏၊ လျင်စွာလည်း တတ်၏၊ ကောင်းစွာလည်း တတ်၏၊ ကောင်းစွာလည်း စူးစမ်း၏၊ သင်တိုင်းသော ပညာသည် မမေ့မပျောက်၊ သူသည် ပညာသင်၍ ခုနစ်နှစ် လွန်သောအခါ ဆရာကြီးအား မေး၏–

"ဆရာ ငါ့အား ဤဆေးပညာ၏ အဆုံးသည် မထင်ပါ၊ ဘယ်အခါ ဤဆေးပညာ၏ အဆုံးသည် ထင်ပါမည်နည်း"

"ဇီဝက သို့ဖြစ်လျှင် တူးရွင်းကိုယူ၍ တက္ကသိုလ်၏ အနီးပတ်ဝန်းကျင် တစ်ယူဇနာအရပ်ကို လှည့်လည်၍ ဆေးဘက်မဝင်သော တစ်စုံတစ်ရာ ကို ရှာပါလေ၊ ထိုသစ်ပင်ကို တွေ့လျှင် ငါ့ထံ ဆောင်ခဲ့ပါလော့"

"ကောင်းပါပြီ ဆရာ"- ဟု ဝန်ခံပြီးလျှင် ဇီဝကသည် တူးရွင်းကို ယူပြီး တက္ကသိုလ်ပတ်ဝန်းကျင် တစ်ယူဇနာအရပ်ကို လှည့်လည် ရှာဖွေ၏၊ မည်သို့ပင် ရှာဖွေသော်လည်း ဆေးဘက် မဝင်သော သစ်ပင် တစ်ပင်မျှ မတွေ့သဖြင့် ပြန်လာပြီး ဆရာအား ပြောပြ၏-

"ဆရာ ဤတက္ကသိုလ်ဝန်းကျင်တွင် ဆေးဘက် မဝင်သော သစ်ပင်တစ်ပင်မျှ မတွေ့ရပါ"

"ဇီဝက သင်သည် ဆေးပညာကို ကောင်းစွာသင်အပ်ပြီ၊ ဤမျှသော အတတ်ဖြင့် အသက်မွေးခြင်းငှာ စွမ်းနိုင်ပါပြီ"

ထိုအခါ ဇီဝကသည် တက္ကသိုလ်မှ ပြန်လာခဲ့၏၊ သာကေတမြို့သို့ ရောက်သောအခါ သူဌေးမ တစ်ဦးအား ခုနစ်နှစ်တိုင်မျှ စွဲကပ်သော ဦးခေါင်းကိုက်နာကို ကုသပေး၍ ဆေးဖိုး အသပြာတစ်သောင်း ခြောက်ထောင်ရ၏၊ သူသည် ရာဇဂြိုဟ်သို့ ရောက်သောအခါ အဘယ မင်းသားအား ကန်တော့၏-

"အရှင်မင်းသား ဤအသပြာ တစ်သောင်း ခြောက်ထောင်သည် အကျွန်ုပ် ရှေးဦးစွာ ဆေးကုရသော အမှုပင် ဖြစ်ပါသည်၊ အရှင်မင်းသား အကျွန်ုပ်အား မွေးမြူသော ကျေးဇူးကို ခံစေချင်ပါသည်"

"ဇီဝက သင်၏ အသပြာတို့သည် သင့်အားသာလျှင် ဖြစ်ပါစေလော့၊ သင်သည် ငါ၏ ခြံဝင်းအတွင်း၌သာ နေအိမ်ဆောက်လုပ် နေပါဘိ"

"ကောင်းပါပြီ အရှင်မင်းသား"- ဟု ဝန်ခံပြီး ဇီဝကသည် အဘယ မင်းသား၏ ဝင်းခြံအတွင်းမှာပင် အိမ်ဆောက်နေ၏။

တစ်နေ့တွင် ဇီဝကသည် ဗိမ္ဗိသာရ မင်းကြီး၏ သွေးဒူလာရောဂါကို ကုသပေးရ၏၊ ရောဂါပျောက်သောအခါ မင်းကြီးသည် နန်းတွင်းသူ မိန်းမငါးရာတို့ ဝတ်ဆင်သော အဆင်တန်ဆာ ရတနာ အလုံးစုံကို စုပုံ၍ ဆေးဖိုးအဖြစ် ပေး၏-

"အချင်း ဇီဝက မိန်းမ ငါးရာတို့၏ ဤအလုံးစုံသော အဆင်

တန်ဆာသည် သင့်အား ဖြစ်ပါစေလော့"

"အရှင်မင်းကြီး အကျွန်ုပ် အလိုမရှိပါ၊ မင်းကြီးသည် ကျွန်ုပ်၏ ကျေးဇူးကို အောက်မေ့စေချင်ပါသည်"

"အချင်း ဇီဝက သို့ဖြစ်ပါလျှင် ငါ့ကိုလည်းကောင်း, မောင်းမ အပေါင်းကိုလည်းကောင်း, ဘုရားအမှူးရှိသော သံဃာကိုလည်းကောင်း လုပ်ကျွေးပြုစုလော့"

"ကောင်းပါပြီ အရှင်မင်းကြီး"

အခါတစ်ပါးလည်း ဇီဝကသည် ဗိမ္ဗိသာရမင်းကြီး၏ ဆက်သွယ်ပေးမှုဖြင့် ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း၏ ဖြော့ဟော့သော အနာကို ကုသပေးရ၏၊ ရောဂါပျောက်သောအခါ စဏ္ဍပဇ္ဇောတမင်းကြီးသည် ဇီဝကထံသို့ ဆန်လှည်း အစီးငါးရာ, အသပြာ တစ်သောင်းခြောက်ထောင်, ပုဆိုးတစ်ထောင် အခြံအရံနှင့် သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ပို့ပေး၏၊ သိဝိတိုင်းဖြစ် ပုဆိုးအစုံမှာ အခြား ပုဆိုးအစုံ တစ်သိန်းထက် အဖိုးထိုက်လေသည်။

တစ်နေ့တွင် ဇီဝကသည် မြတ်စွာဘုရား၏ သွေးလေစသော ဒေါသပြောသည်ကို ကုသပေး၏၊ သူသည် ဘုရားရှင်ကို သူ၏ ကျောင်းတွင် နေစေပြီး သူ၏ ပစ္စည်းတို့ဖြင့် ဆေးကု၏၊ သို့ဖြင့် အနာကင်းပျောက်သောအခါ ဤသို့ လျှောက်၏–

"အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံ တစ်ခုသောဆုကို တောင်းခံလိုပါသည်"

"ဇီဝက ဗုဒ္ဓတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကုန်၏"

"အရှင်ဘုရား တောင်းမည့်ဆုသည် အပ်လည်း အပ်ပါ၏၊ အပြစ်လည်း မရှိပါ"

"ဇီဝက ဆိုပါဘိ"

"အရှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ခံယူတော်မူပါ၊ ထို့ပြင် ရဟန်း သံဃာအားလည်း ဒါယကာတို့

လှူသော သက်န်းကို ခွင့်ပြုတော်မူပါ"

သူ၏ဆုကို မြတ်စွာဘုရား ခွင့်ပြုလက်ခံ၏၊ သူ ပုဂ္ဂလပ္ပသန္န ဧတဒဂ် ရလေသည်ကား သီလ, သမာဓိ, ပညာ–အစရှိသော ဂုဏ်ကျေးဇူး အထူးရှိသော ရဟန်းကို ဂုဏ်ကျေးဇူးအလျောက် ကြည်ညိုနှစ်သက် စုံမက် မြတ်နိုးသောကြောင့် ဖြစ်လေသည်။

## ၁၀–နကုလ ပိတာ

"ဘိက္ခုတို့ ဗုဒ္ဓနှင့် အကျွမ်းဝင်သော စကားကို ဆိုကုန်သော ငါ၏ သာဝက ဥပါသကတို့တွင် နကုလ ပိတာသည် အမြတ်ဆုံး ဖြစ်၏"

နကုလ ပိတာသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက် သောအခါ ဘဂ္ဂတိုင်း သုသုမာရ ဂိရိမြို့ သူဌေးမျိုး၌ ဖြစ်၏၊ သူ့တွင် နကုလ အမည်ရှိသော သားတစ်ယောက်ရှိ၏၊ ထိုသားကို လူအများ ချစ်ခင် ကြ၏၊ ထို့ကြောင့် လူတို့သည် သူ့အဖေကို နကုလ၏ အဖေဟူသော ဝေါဟာရဖြင့် နကုလပိတာဟု ခေါ်ကြ၏။

နကုလပိတာသည် ဘုရားရှင်ကို တစ်ကြိမ်တွေ့မြင်တည့်လျှင် "ချစ်သား သည်မျှလောက်သော ကာလပတ်လုံး မိဘတို့ကို စွန့်၍ ဘယ် အရပ်သို့ သွားနေသနည်း"– ဟု အကျွမ်းဝင်သော စကားကို ဆို၏၊ အကြောင်းကား လွန်လေပြီးသော ဘဝ၌ နကုလပိတာ သူကြွယ်သည် ဘဝမခြား ငါးရာတိုင်တိုင် ဘုရားရှင်၏ အဖ ဖြစ်ဖူး၏၊ ဘကြီးအဖြစ်လည်း အကြိမ်ငါးရာ၊ ဘထွေး အဖြစ်လည်း အကြိမ်ငါးရာ, ဝရီးအဖြစ်လည်း အကြိမ်ငါးရာ ဘဝမခြား ဖြစ်ဖူး၏၊ ထိုသို့ ရှည်မြင့်စွာသောကာလပတ်လုံး အစဉ်လိုက်သော ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်ကို တွေ့မြင်တည့်လျှင်ပင် သားဟု အမှတ်ရှိ၍ အကျွမ်းတဝင် ပြောဆိုခြင်း ဖြစ်၏၊ နောက်နောင်သော ကာလတို့၌လည်း ဘုရားရှင်ကို ချစ်သား–ချစ်သားဟု ခေါ်လျက် အကျွမ်း

တဝင်ပြောဆို၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် သူ့အား ဝိသာသိက ဇာတဒ်ဂ် ပေးခြင်း ဖြစ်လေသည်။

အခါတစ်ပါး နကုလပိတာသည် မြတ်စွာဘုရားထံ ချဉ်းကပ် လျှောက်ကြား၏ –

"ချစ်သား အဖသည်ကား အိုပါပြီ၊ ကြီးရင့်ပါပြီ၊ အရွယ်သုံးပါး လွန်ပါပြီ၊ နောက်ဆုံးအရွယ်သို့ ရောက်ပါပြီ၊ နာကျင်သော ကိုယ်ရှိပါ၏၊ အမြဲမပြတ် အနာနှိပ်စက်ပါ၏၊ မိမိ စိတ်အလိုနှစ်သက်မှု ပွားစေနိုင်သော ရဟန်းသံဃာကို အမြဲမပြတ်ဆည်းကပ်ရန် မစွမ်းနိုင်ပါ၊ ထို့ကြောင့် ချစ်သား ၏အဖ အရှည်သဖြင့် ချမ်းသာစီးပွားဖြစ်စေရန် ဆုံးမသြဝါဒပေးပါ"

"သူကြွယ် သင်ပြောသည့်အတိုင်း မှန်ပေ၏၊ သူကြွယ် ဤကိုယ် သည် ကြက်ဥသော သတ္တဝါတို့၏ အဥသဖွယ် ဖြစ်၏၊ အထိအခိုက် မခံချေ၊ ထက်ဝန်းကျင်မှ မြေးယှက်အပ်၏၊ လူမိုက်မှတစ်ပါး ဤကိုယ်ကို ရွက် ဆောင်နေရသူတို့သည် တစ်ခဏမျှလည်း အနာကင်းခြင်းကို ဝန်မခံနိုင်ကြ၊ ထို့ကြောင့် သူကြွယ် သင်သည် ကိုယ်မှုကား နာကျင်ခြင်းသဘောရှိ၍ နာ ချင်နာပါစေ၊ စိတ်ကိုမူ မနာမကျင်စေရဟု ကျင့်ရမည်"

# ဥပါသိကာ

## ၁–သုဇာတာ

"ဘိက္ခုတို့ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံသို့ ရောက်ကန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် သေနိယသူဌေးသမီး သုဇာတာသည် အမြတ်ဆုံး ဖြစ်၏"

သုဇာတာသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ သေနနိဂုံး သေနိယသူကြွယ်အိမ်၌ ဖြစ်၏၊ သူသည် အရွယ်ရောက်သောအခါ အမျိုးအနွယ်တူသော ယောကျာ်းနှင့်သင့်မြတ်၍ သားယောကျာ်း ဖွားမြင်၏၊ ထိုသား၏အမည်မှာ ယသ ဖြစ်၏၊ သူသည် သားဖွားမြင်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရွာဦးက ညောင်ပင်သို့ သွားပြီး ညောင်စောင့်နတ်အား ဃနာ နို့ဆွမ်းပူဇော်၏၊ သူ ပူဇော်ခဲ့သူမှာ ညောင်စောင့်နတ် မဟုတ်ချေ၊ ဘုရားလောင်း ဖြစ်၏၊ သို့ရာတွင် ညောင်စောင့်နတ်ကိုယ်တိုင် သူ၏ နို့ဆွမ်းကို ခံယူသည်ဟု သူထင်ခဲ့၏။

ထို့နောက် ဘုရားလောင်းသည် သမ္မာသမ္ဗောဓိဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ပထမဝါ ဗာရာဏသီပြည်၌ ဝါဆို၏၊ ထိုဝါတွင်း၌ သုဇာတာ၏ သား ယသသည် ပြာသာဒ်သုံးဆောင်နှင့် စံနေ

ရာ ငြိုးငွေ့၍ ညဉ့်အခါ တစ်ယောက်ချင်း ထွက်ပြေးလာ၍ ဘုရားရှင်ထံ၌ ဧဟိဘိက္ခု ရဟန်း ဖြစ်လေသည်။

နံနက်အခါ အဖ သူဌေးလိုက်လာ၍ ဘုရားရှင် တရားဟောတော်မူလျှင် သောတာပန်ဖြစ်၍ အိမ်သို့ ဆွမ်းဘုဉ်းပေးဖိတ်ကြား၏၊ ဘုရားရှင်ကြွတော်မူ၍ တရားဟောကြားတော်မူ၏၊ ထိုအခါ ရှင်ယသ၏ အမိ သုဇာတာသည် သောတာပန်ဖြစ်၍ သူခပ်သိမ်းတို့ထက် ရှေးဦးစွာ တေဝါစိက သရဏဂုံကို ဆောက်တည်ရ၏၊ ထို့ကြောင့် ဘုရားရှင်သည် သုဇာတာအား ပထမ သရဏံ ဂစ္ဆန္တီ ဧတဒဂ်အရာ၌ ထားတော်မူခြင်းဖြစ်၏။

## ၂–ဝိသာခါ

"ဘိက္ခုတို့ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် မိဂါရမာတာ ဝိသာခါသည် အမြတ်ဆုံး ဖြစ်၏"

ဝိသာခါသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်က စ၍ ဤ ဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ အင်္ဂတိုင်း ဘဒ္ဒိယမြို့ မေဏ္ဍကသူဌေး၏သား ဓနဉ္စယသူဌေး၏ မယား သုမနဒေဝီ၏ ဝမ်း၌ဖြစ်၍ ဝိသာခါဟု မှည့်ခေါ်ကြ၏၊ သူ ခုနစ်နှစ်သမီး အရွယ်သို့ရောက်သောအခါ ဘဒ္ဒိယမြို့သို့ မြတ်စွာဘုရား ကြွလာ၏၊ သူသည် ဘုရားရှင်၏ တရားကို နာကြားရသဖြင့် သောတာပန် ဖြစ်၍ ရတနာသုံးပါးအား အမြဲမပြတ် လှူဒါန်းပူဇော်၏။

အရွယ်သို့ရောက်လျှင် သာဝတ္ထိပြည် မိဂါရ သူဌေး၏သား ပုဏ္ဏဝဍ္ဎနနှင့် ထိမ်းမြား၍ သာဝတ္ထိပြည်၌ နေ၏၊ မိဂါရသူဌေးသည် ရှေးအခါက တက္ကတွန်းတို့ကို ကိုးကွယ်၏၊ ဝိသာခါ၏ တိုက်တွန်းမှုကြောင့် မြတ်စွာဘုရား၏ တရားကို ကြားနာရ၏၊ ထို့နောက် သောတာပန် အဆင့်သို့ ရောက်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဝိသာခါအား "သမီး ယနေ့မှစ၍ သင်သည် ငါ၏အမိတည်း" ဟု ပြောကြား၏၊ ထိုအခါမှစ၍ လူတို့သည်

ဝိသာခါကို 'မိဂါရမာတာ' ဟု ခေါ်ကြ၏၊ မိဂါရ၏ အမေဟု ဆိုလိုခြင်း ဖြစ်၏။

ထို့နောက် ဝိသာခါသည် ကိုးကုဋေဖြင့် ကျောင်းရာမြေကို ဝယ်၍ ကိုးကုဋေဖြင့် တိုက်ခန်းပေါင်း တစ်ထောင်ရှိသော ကျောင်းကို ဆောက်၏၊ ထိုကျောင်းကို ပုဗ္ဗာရုံကျောင်းဟု ခေါ်ကြ၏၊ ကျောင်း ဆောက်လုပ်ပြီးသောအခါ ကိုးကုဋေ အကုန်အကျခံကာ ရေစက်ချကျောင်း ပူဇော်ပွဲ ပြုလုပ်ပြီး မြတ်စွာဘုရားအား လှူဒါန်း ပူဇော်၏၊ ထိုအခါ ဝိသာခါသည် သားသမီး မြေး မြစ်တို့ ခြံရံလျက် ကျောင်းကို လှည့်ကာ ဥဒါန်းကျူး၏-

အဘယ်အခါ ငါသည် ထုံး အင်္ဂတေ မြေဖြူမြေနီတို့ဖြင့် လိမ်းကျံအပ်သော, နှလုံးမွေ့လျော်ပျော်ဖွယ်ရှိသော ပြာသာဒ်ကျောင်းအလှူကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ ပြည့်လေပြီ။

အဘယ်အခါ ငါသည် ညောင်စောင်းအင်းပျဉ် ဘုံလျှို ခေါင်းအုံး အိပ်ရာ နေရာ ကျောင်းဘဏ္ဍာကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ ပြည့်လေပြီ။

အဘယ်အခါ ငါသည် မွန်မြတ်သော အမဲသားငါး အစရှိသော စာရေးတံ ဆွမ်းဘောဇဉ်အလှူကို ပေးလှူရပါနည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ ပြည့်လေပြီ။

အဘယ်အခါ ငါသည် ကာသိကရာဇ်တိုင်းဖြစ် အဝတ်, ခေါမတိုင်းဖြစ် အဝတ်, ဝါချည်ပုဆိုးဖြစ်ကုန်သော သင်္ကန်းအလှူကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ ပြည့်လေပြီ။

အဘယ်အခါ ငါသည် ထောပတ်, ဆီဦ, ပျား, တင်လဲဟူသော ဆေးအလှူကို ပေးလှူရပါမည်နည်းဟု တောင့်တခဲ့သော အကြံသည် ယနေ့ ပြည့်လေပြီ။

ဝိသာခါ၏ ဥဒါန်း စကားတို့ကို ကြားရသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့လျှင် ဓမ္မတရား ဟောကြား၏-

"ရဟန်းတို့ ဥပမာ–လိမ္မာသော ပန်းရောင်းသူသည် အထူးထူးသော ပန်းတို့ကို အစုအပုံကြီးပြု၍ အထူးထူး အပြားပြားအားဖြင့် ပန်းကုံးတို့ကို ပြုသကဲ့သို့ ထို့အတူ ဝိသာခါသည်လည်း အထူးထူး အပြားပြားသော ကောင်းမှုတို့ကိုပြုရန် ညွတ်၏၊ ရဟန်းတို့ အထူးထူးသော ပန်းအပေါင်းမှ များစွာသော ပန်းကုံး အထူးတို့ကို ပြုသကဲ့သို့ ဖွားမြင်ပြီး၍ သေခြင်းငှာ ထိုက်သော သတ္တဝါသည် များစွာသော ဒါန စသောကုသိုလ်တို့ကို ပြုသင့်၏"

အခါတစ်ပါး ဝိသာခါသည် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးကာ ထိုင်လျက်– "မြတ်စွာဘုရား အရှင်ဘုရားသည် ရဟန်းသံဃာနှင့်အတူ နက်ဖြန်အဖို့ ကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏၊ ထိုအခါ၌ ထိုညဉ့်လွန်သော် လေးကျွန်းလုံးနှံ့သော မိုးကြီး ရွာ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို– "ရဟန်းတို့ ဤမိုးသည် ဇေတဝန်ကျောင်း၌ ရွာသကဲ့သို့ လေးကျွန်းလုံး၌ ရွာ၏၊ ရဟန်းတို့ သင်တို့ ကိုယ်ကို မိုးရေခံကုန်လော့၊ ဤမိုးကြီးသည် နောက်ဆုံးဖြစ်သော လေးကျွန်းလုံးကို နှံ့သော မိုးကြီးပေတည်း"– ဟု မိန့်တော်မူ၏။

ထိုစဉ်အခါ ရဟန်းတို့သည် သင်္ကန်းသုံးထည်သာ ဆောင်ကြ၏၊ ရေလဲသင်္ကန်း မရှိကြ၍ ကိုယ်လုံးထီး ရေချိုးနေကြ၏၊ ဝိသာခါအိမ်မှ ဆွမ်းစားပင့်ရန်လာသော အမျိုးသမီးတို့သည် ရဟန်းများ အာဇီဝက တက္ကတွန်းသဖွယ် ကိုယ်လုံးတီး ရေချိုးနေကြသည်ကို တွေ့မြင်၍ ထို အကြောင်းကို ဝိသာခါအား ပြောကြားနှင့်၏၊ ထိုနေ့ ဆွမ်းကိစ္စပြီးသောအခါ ဝိသာခါသည် မြတ်စွာဘုရားထံ တောင်းပန်၏–

"အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံ ဆုရှစ်ပါးတောင်းခံလိုပါသည်"

"ဝိသာခါ ဗုဒ္ဓတို့သည် ဆုပေးခြင်းမှ လွန်မြောက်ကြ၏"

"အရှင်ဘုရား အကျွန်ုပ် တောင်းမည့်ဆုမှာ အပ်လည်းအပ်ပါ၏၊ အပြစ်ဒေါသလည်း မရှိပါ"

"ဝိသာခါ သို့ဖြစ်လျှင် ဆိုလော့"

၁-အရှင်ဘုရား အကျွန်ုပ်သည် အသက်ထက်ဆုံး သံဃာအား မိုးရေခံ သင်္ကန်း လှူဒါန်းလိုပါသည်။

၂-အရှင်ဘုရား အကျွန်ုပ်သည် ဧည့်သည် အာဂန္တုရဟန်းတို့အား ဆွမ်းဘောဇဉ် လှူဒါန်းလိုပါသည်။

၃-အရှင်ဘုရား အကျွန်ုပ်သည် ခရီးသွား ရဟန်းတို့အား ဆွမ်းဘောဇဉ် လှူဒါန်းလိုပါသည်။

၄-အရှင်ဘုရား အကျွန်ုပ်သည် မကျန်းမမာ အနာရောဂါ ကပ်ရောက်သော ရဟန်းတို့အား ဆွမ်းဘောဇဉ် လှူဒါန်းလိုပါသည်။

၅-အရှင်ဘုရား အကျွန်ုပ်သည် သူနာ ပြုစုစောင့်ရှောက်သော ရဟန်းတို့အား ဆွမ်းဘောဇဉ် လှူဒါန်းလိုပါသည်။

၆-အရှင်ဘုရား အကျွန်ုပ်သည် သူနာ ရဟန်းတို့အား ဆေးလှူဒါန်းလိုပါသည်။

၇-အရှင်ဘုရား အကျွန်ုပ်သည် ရဟန်းသံဃာတို့အား အမြဲမပြတ် ယာဂုဆက်ကပ်လိုပါသည်။

၈-အရှင်ဘုရား အကျွန်ုပ်သည် ဘိက္ခုနီသံဃာအား ရေသနုပ် သင်္ကန်း လှူဒါန်းလိုပါသည်။

"ဝိသာခါ သင်သည် အဘယ်အကျိုး အာနိသင်ကို ကောင်းစွာ မြင်သည်ဖြစ်၍ ငါ့ထံမှာ ဤဆုရှစ်ပါးကို တောင်းခံသနည်း"

"အရှင်ဘုရား ဝါမှ ကျွတ်သော ရဟန်းတို့သည် ဘုရားရှင်ကို ဖူးမြင်ရန် သာဝတ္ထိသို့ လာကြပါမည်၊ သူတို့သည် ဘုရားရှင်ထံ ချဉ်းကပ်ပြီး "အရှင်ဘုရား ဤမည်သော ရဟန်းကား သေပါပြီ၊ ထိုရဟန်း၏ လားရာဂတိကား အဘယ်ပါနည်းဟု မေးကြပါမည်၊ ဘုရားရှင်သည် ကွယ်လွန်

သော ထိုရဟန်းကို သောတာပန်ဟုလည်းကောင်း, သကဒါဂါမ်ဟုလည်း ကောင်း, အနာဂါမ်ဟုလည်းကောင်း, ရဟန္တာဟုလည်းကောင်း–ဟောကြား ပါမည်၊ ထို့နောက် အကျွန်ုပ်သည် ထိုရဟန်းထံ ချဉ်းကပ်၍– 'အရှင်ဘုရား ထိုအရှင်သည် သာဝတ္ထိသို့ ရောက်ဖူးပါသလား'– ဟု မေးလျှောက်ပါမည်၊ အကယ်၍ ရောက်ဖူးခဲ့ပါလျှင် ထိုအရှင်သည် အကျွန်ုပ်၏ အလှူကို သုံး ဆောင်ဖူး၏ဟု သိရပါမည်"

"ဝိသာခါ ဤသို့ သိရသဖြင့် သင့်အတွက် ဘယ်အကျိုးရှိမည် နည်း"

"မြတ်စွာဘုရား ထိုသို့ သုံးဆောင်ဖူးသော ရဟန်းကို အောက်မေ့ သော အကျွန်ုပ်သည် ဝမ်းမြောက်မှု ရပါမည်၊ ဝမ်းမြောက်သော ကျွန်ုပ်အား နှစ်သက်ခြင်း ဖြစ်ပါမည်၊ နှစ်သက်သော ကျွန်ုပ်၏ ကိုယ်သည် ငြိမ်းအေး ပါမည်၊ ငြိမ်းအေးသော ကျွန်ုပ်သည် ချမ်းသာကို ခံစားရပါမည်၊ ချမ်းသာ သော ကျွန်ုပ်၏စိတ်သည် တည်ကြည်ပါလိမ့်မည်၊ ထိုတည်ကြည်ခြင်း သည် အကျွန်ုပ်အား ဣန္ဒြေကို ပွားစေခြင်း, ဗိုလ်ကို ပွားစေခြင်း ဖြစ်ပါမည်"

"ဝိသာခါ ကောင်းပေစွ၊ ကောင်းပေစွ၊ ဝိသာခါ သင်သည် ဤ အကျိုး အာနိသင်ကို ကောင်းစွာ မြင်သည်ဖြစ်၍ ငါ့ထံ ဆုရှစ်ပါးကို တောင်း ခံသည်မှာ ကောင်းပေစွ၊ ဝိသာခါ ဆုရှစ်ပါးကို သင့်အား ငါခွင့်ပေး၏"

ထိုနောက် မြတ်စွာဘုရားသည် ဝိသာခါကို ဤဂါထာတို့ဖြင့် ဆွမ်းအနုမောဒနာ ပြုတော်မူ၏–

"ဝိသာခါ ငါ၏ အကြင် သာဝိကာသည် ဆွမ်း အဖျော်ကို ပေး လှူ၏၊ လွန်စွာ ဝမ်းမြောက်၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ ဝန်တိုခြင်းကို နှိပ်စက်လျက် နတ်ပြည်၏ အကြောင်းဖြစ်သော, စိုးရိမ်ခြင်းကို ပယ်ဖျောက် တတ်သော, ချမ်းသာကို ဆောင်တတ်သော အလှူကို ပေးလှူ၏၊ ထို သာဝိကာသည် ကိလေသာမြူကင်းသော, အပါယ်သို့ လားစေတတ်သော ကိလေသာလည်း မရှိသော အရိယ မဂ်သို့ရောက်၍ နတ်၌ဖြစ်သော

အသက်ရှည်ခြင်းကို ရ၏၊ ကောင်းမှုကို အလိုရှိသော, ချမ်းသာခြင်းနှင့်ပြည့်စုံသော, နာဖျားခြင်း မရှိသော ထိုသာဝိကာသည် နတ်ပြည်၌ ကြာမြင့်စွာ မွေ့လျော်ရပေ၏"

ဝိသာခါသည် နေ့စဉ် စာရေးတံဆွမ်း ၅၀၀, ဆယ့်ငါးရက် တစ်ကြိမ်လှူသော ပက္ခဆွမ်း ၅၀၀, ယာဂုဆွမ်း ၅၀၀, ဆယ့်ငါးရက် တစ်ကြိမ် လှူသော ယာဂုဆွမ်း ၅၀၀, အိမ်ဦး၌ ထား၍လှူသောဆွမ်း ၅၀၀, အာဂန္တုက ဆွမ်း၅၀၀, ခရီးသွား ရဟန်းတို့အားလှူသော ဆွမ်း ၅၀၀–တို့ကို အမြဲမပြတ် ထား၏၊ သူ၏နေအိမ်သည် နံနက်အခါ၌ သင်္ကန်းရောင်ဖြင့် တောက်ပလျက် သင်္ကန်းလေဖြင့် တိုက်ခတ်လျက်ရှိ၏၊ နံနက်အခါ ရဟန်း သံဃာတို့အား အာမိသဖြင့် ချီးမြှောက်၍ နေ့လည်တွင် ဆေးအဖျော်တို့ ယူဆောင်၍ ကျောင်းသို့ သွားကာ ရဟန်း သံဃာတို့အား လှူဒါန်းပြီးနောက် တရားနာ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် နောင်အခါ သူ့အား ဒါယိကာ အရာ၌ ဧတဒဂ် ထားတော်မူခြင်း ဖြစ်လေသည်။

## ၃–ခုဇ္ဇုတ္တရာ
## ၄–သာမာဝတီ

"ဘိက္ခုတို့ အကြားအမြင် များကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် ခုဇ္ဇုတ္တရာသည် အမြတ်ဆုံး ဖြစ်၏"

"ဘိက္ခုတို့ မေတ္တာစိတ်ဖြင့် နေလေ့ရှိကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် သာမာဝတီသည် အမြတ်ဆုံးဖြစ်၏"

ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့သည် ဤဧတဒဂ်ဆုတို့ကို ပဒုမုတ္တရဘုရားရှင် လက်ထက်တော်ကစ၍ အသီးသီး တောင်းဆိုခဲ့ကြ၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ခုဇ္ဇုတ္တရာသည် ဃောသကသူဌေး၏အိမ်ဝယ် အထိန်း၏ ဝမ်း၌ ဖြစ်၏၊ သာမာဝတီကား ဘဒ္ဒိယမြို့၌

ဘဒ္ဒဝတိယသူဌေးအိမ်၌ ဖြစ်၏၊ နောင်အခါ ထိုမြို့တွင် ရောဂါဖြစ်၍ သာမာတို့ မိသားစုသည် ကောသမ္ဗီပြည် ဃောသကသူဌေးထံသို့လာကြ၏၊ လမ်းတွင်ပင် မိဘနှစ်ပါး ကွယ်လွန်၍ သာမာကို ဃောသကသူဌေးက သမီးအဖြစ် မွေးမြူ၍ အခြံအရံအရွယ်တူ အမျိုးသမီး ငါးရာနှင့် ထား၏။

တစ်နေ့သ၌ ဥဒေနမင်း မြို့လှည့်သော် သာမာဝတီကိုမြင်၍ နှစ်သက်သဖြင့် သူဌေးကြီးထံ တောင်းခံပြီး မိဖုရားအဖြစ် ဘိသိက်မြှောက်၍ အမျိုးသမီးငါးရာတို့ကိုလည်း သူ၏ အခြံအရံအဖြစ် ဆက်လက်မြှောက်စားထား၏၊ ထိုတွင် ခုဇ္ဇုတ္တရာလည်း အလုပ်အကျွေးအဖြစ် ပါဝင်၏၊ သူ၏တာဝန်ကား နေ့စဉ် သာမာဝတီအတွက် ပန်းဝယ်ပြီး ဆက်ရခြင်း ဖြစ်၏၊ တစ်နေ့မှာ သူယူဆောင်လာသော ပန်းတို့မှာ ခါတိုင်းထက် များပြားသဖြင့် သာမာဝတီက မေး၏–

"အဘယ် ခုဇ္ဇုတ္တရာ အသို့ပါနည်း၊ ယနေ့ သင်ယူဆောင်လာသော ပန်းတို့မှာ များလှဘိ၏၊ ငါတို့အား မင်းကြီး အလွန်နှစ်သက်သလော့"

"အရှင်မ မင်းကြီးသည် အရှင်မ အတွက် ပန်းဝယ်ရန် နေ့စဉ် ၈–သပြာ ပေးပါသည်၊ သို့ရာတွင် ကျွန်ုပ်သည် ၄–သပြာဖိုးသာ ဝယ်ပါသည်၊ ယနေ့မူကား ရှစ်သပြာလုံး ဝယ်ခဲ့၍ များခြင်း ဖြစ်ပါသည်"

"ဟယ် သူခိုးမ သင်သည် နေ့စဉ် လေးသပြာ ခိုးခဲ့သည်၊ ယနေ့ ဘယ်ကြောင့် ခိုးခြင်းအမှုကို မပြုသနည်း"

"အရှင်မ ယနေ့ အကျွန်ုပ်သည် ဘုရားရှင်၏ တရားကို နာကြားရ၍ အမြိုက် နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီ၊ ထို့ကြောင့် သင်တို့ကို မလှည့်ဖျားနိုင်တော့ပါ"

"အို ခုဇ္ဇုတ္တရာ သို့ဖြစ်ပါလျှင် ဘုရားရှင်ထံမှ သင်နာကြားခဲ့ရသော အမြိုက် နိဗ္ဗာန်တရားကို ငါတို့အားလည်း ပေးပါလော့"

"အရှင်မတို့ ဤသို့ လက်ဖြန့်တောင်း၍ ရနိုင်သော တရားမဟုတ်ပါ၊ ငါသည် အရှင်မတို့ကို ဘုရားရှင် ဟောတော်မူသည့် နည်းအတိုင်း

ဟောပါမည်၊ သင်တို့မှာ မိမိ၏ အကြောင်းအထောက်အပံ့ရှိပါက ထိုတရားထူးကို ရရန် ရှိပါသည်"

"သို့ဖြစ်ပါလျှင် အို ခုဇ္ဇုတ္တရာ ဟောကြားပါလော့"

"ဤသို့ ဟောရန် မဖြစ်နိုင်ပါ၊ ကျွန်ုပ်အတွက် မြင့်သောနေရာခင်းပေးပြီး အရှင်မတို့က နိမ့်ရာက ထိုင်ပြီး ရိုသေစွာနာကြားရပါမည်"

သာမာဝတီ အမှူးရှိသော အမျိုးသမီး ငါးရာတို့လည်း ခုဇ္ဇုတ္တရာကို မြင့်မြတ်သော နေရာ၌ ထား၍ သူတို့က အနိမ့်မှ ထိုင်ကြ၏၊ ခုဇ္ဇုတ္တရာလည်း သေက္ခ ပဋိသမ္ဘိဒါတို့၌ တည်၍ သူတို့အား တရားဟောကြား၏၊ တရားအဆုံး၌ သာမာဝတီအမှူးရှိသော မိန်းမများ သောတာပန် ဖြစ်သွားကုန်၏။

ဥဒေနမင်းကြီးတွင် မာဂဏ္ဍီ အမည်ရှိသော မိဖုရား တစ်ဦးရှိသေး၏၊ မင်းကြီးသည် သာမာဝတီကို ပို၍ မြတ်နိုးသဖြင့် မကျေမနပ် ဖြစ်နေ၏၊ သာမာဝတီကို မုန်းတီးရန်အတွက် အမျိုးမျိုး ကြံဆောင်ခဲ့၏၊ သို့ရာတွင် မအောင်မြင်ခဲ့၊ သူ၏ မမှန်မကန် အကောက်ဉာဏ် ဖြစ်ကြောင်း သိသောအခါ သာမာဝတီအပေါ် ပို၍ မြတ်နိုးတော်မူ၏၊ သို့ရာတွင် မင်းကြီးသည် ဝတ်မပျက် မိဖုရားတစ်ယောက်၏ အဆောင်တွင် ခုနစ်ရက်စီ မှန်မှန် စံနေခဲ့၏၊ သူစံသော အဆောင်သို့ သူ၏ ဟတ္ထိကန္တ အမည်ရှိသော စောင်းကို ပို့ဆောင်ထားရ၏၊ ထိုစောင်းသည် ဟိုအဆောင်နှင့်သည်အဆောင် တစ်လှည့်စီ မင်းကြီးနှင့် အတူကူးပြောင်းနေ၏။

တစ်နေ့တွင် မင်းကြီးသည် သာမာဝတီအဆောင်မှ အပြန် မာဂဏ္ဍီအဆောင်သို့ ကူးပြောင်းလာ၏၊ ထိုအခါ မာဂဏ္ဍီသည် စောင်းကို ယူ၍ အပေါက်ကို ဖွင့်ရာ မြွေဟောက် ထွက်လာ၍ အားလုံးပင် တုန်လှုပ်ချောက်ချား ထိတ်လန့်သွားကြ၏၊ မင်းကြီးသည် အလွန်ပင် အမျက်ထွက်၍-"လျင်စွာသွားပြီး သာမာဝတီတို့ကို ခေါ်ကြ" ဟု အမိန့်ပေးလိုက်၏။

ထို့နောက် မင်းကြီးသည် သာမာဝတီကို ရှေ့ဆုံးကထား၍ မိန်းမငါးရာကို နောက်မှ စီထားပြီး ဆိပ်လူးမြားဖြင့် ပစ်၏၊ သို့ရာတွင် မြားကို ပစ်၍လည်း မရ, ပြန်ချ၍လည်း မရ ဖြစ်နေ၏၊ မင်းကြီးကိုယ်မှ ချွေးတို့ ယိုစီးကျကုန်၏၊ ကိုယ်လည်း တုန်လှုပ်နေ၏၊ လည်ချောင်း၌ ချွဲဆို့၍ ဆောက်တည်ရာ မရ ဖြစ်နေ၏၊ ထိုအခါ သာမာဝတီက ကြင်နာစွာမေး၏–

"အရှင်မင်းကြီး ပင်ပန်းနေပါသလော"

"မဟာဒေဝီ ငါ ပင်ပန်းလှဘိ၏၊ သင်သည် ငါ၏ မှီခိုရာဖြစ်ပါလော့"

"အရှင်မင်းကြီး ကောင်းပါပြီ၊ အရှင်၏ မြားကို မြေပေါ်သို့ ပစ်ကြည့်ပါဦးလော့"

မင်းကြီး၏ မြားသည် မြေသို့ သွားစိုက်၏၊ ထိုအခါ မင်းကြီးသည် လေးကို စွန့်ပစ်လိုက်ပြီး သာမာဝတီ၏ ခြေကိုကိုင်ကာ တောင်းပန်၏–

"မဟာဒေဝီ ငါ့အား သည်းခံပါ၊ ငါသည် သူယုတ်တို့၏စကားကို မစူးစမ်းမူ၍ ဤဝန်လေးသောအမှုကို ပြုမိခြင်း ဖြစ်ပါသည်"

"အရှင်မင်းကြီး ကျွန်ုပ်တို့ သည်းခံကြပါသည်၊ မေတ္တာစိတ်ဖြင့် နေကြပါသည်"

"မဟာဒေဝီ ယနေ့မှ အစပြု၍ သင်တို့သည် အလိုရှိတိုင်း ဘုရားရှင်အား အလှူပေးကြလော့၊ ကျောင်းသို့သွားကြပြီး တရားနာကြကုန်လော့၊ သင်တို့အား အစောင့်အရှောက် ပေးအံ့"

ခုဇ္ဇုတ္တရာသည် အကြားအမြင်များသည့်အရာ၌ ဧတဒဂ်ရသည်ကား ပိဋကသုံးပုံကို မပြတ် လေ့ကျက်ဆောင်ရွက်၏၊ ဘုရားသခင်အထံ၌ တရားနာ၍ သာမာဝတီမိဖုရားကို သင်ကြားပို့ချ၏၊ ထိုသို့ ခုဇ္ဇုတ္တရာ ပို့ချသော ကျမ်းသည် သုတ္တန် ပိဋက၌ ဣတိဝုတ္တက ကျမ်းဟူ၍ ကျမ်းသီးတစ်စောင်ပင်ဖြစ်၏၊ သည်ကို အကြောင်းပြု၍ ဧတဒဂ် ရခြင်းဖြစ်၏။

သာမာဝတီသည် မေတ္တာဖြင့် နေသည့်အရာ၌ ဧတဒဂ်ရလေ သည်ကား မာဂဏ္ဍီမိဘုရား ချောပစ်ကုန်းတိုက်ပြု၍ ဥဒေနမင်းစောသည် ဗိုလ်တစ်ထောင်တင်သော လေးကိုတင်၍ သာမာဝတီမိဖုရားကို ပစ်၏၊ သူသည် မေတ္တာဖြင့်နေသောကြောင့် လေးကို ချလည်း မချနိုင်၊ တင်လည်း မတင်နိုင်၊ ချွေးကြီး တဖြာဖြာ ရှိရာတွင် ကန်တော့တောင်းပန်ခြင်းကို ပြု၍ ဥဒေနမင်းစော ချမ်းသာရ၏၊ သည်ကို အကြောင်းပြု၍ ဧတဒဂ် ရလေ သည်။

## ၅–နန္ဒမာတာ ဥတ္တရာ

"ဘိက္ခုတို့ ငျာန်၌ မွေ့လျော်ကုန်သော ငါ၏ သာဝိကာ ဥပါ သိကာတို့တွင် နန္ဒမာတာ ဥတ္တရာသည် အမြတ်ဆုံး ဖြစ်၏"

နန္ဒမာတာ ဥတ္တရာသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်က စ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ မြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည် သုမနသူဌေးကို အမှီပြု၍နေသော ပုဏ္ဏ သူဌေး၏ ဇနီးဝမ်း၌ ဖြစ်၍ ဥတ္တရာ အမည် မှည့်၏၊ သူ အရွယ်သို့ ရောက် လတ်သော် မိဘတို့သည် ဘုရား ဘိသိက်မင်္ဂလာ ခံ၍ ၇–ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်း သံဃာတို့ကို အလှူကြီးပေး၏၊ ၇–ရက်မြောက် နေ့၌ အနုမောဒနာ နာကြား၍ မိဘနှစ်ပါးနှင့်အတူတကွ သမီး ဥတ္တရာ သည် သောတာပန် ဖြစ်သွား၏။

နောက်အခါ ဥတ္တရာသည် သုမနသူဌေးသားနန္ဒနှင့် အိမ်ထောင် ပြု၏၊ တစ်နေ့၌ ဥတ္တရာသည် နန္ဒထံ ခွင့်တောင်း၏–

"အရှင် အကျွန်ုပ်သည် မိဘအိမ်တွင် နေစဉ်အခါက တစ်လလျှင် ရှစ်ရက် ဥပုသ်စောင့်ပါသည်၊ ယခုလည်း စောင့်လိုပါသည်၊ ဥပုသ် စောင့် ရန် ခွင့်ပြုပါ အရှင်"

နန္ဒကား ဗုဒ္ဓသာသနာကို ယုံကြည်သူမဟုတ်ချေ၊ သို့ကြောင့် မည်သို့ပင် အကြောင်းခံနှင့် တောင်းပန်သော်လည်း ခွင့်မပေးချေ၊ သို့ဖြင့်

ရက်လ အတန်ကြာသောအခါ ဥတ္တရာသည် မိဘတို့ထံ စာရေး အကြောင်း ကြား၏ –

အမိ အဖတို့ အရှင်တို့သည် အဘယ်ကြောင့် အကျွန်ုပ်ကို ဤသို့သော အိမ်မျိုး၌ ထားကြပါသနည်း၊ ဤအိမ်၌ သခင်မ လုပ်နေရခြင်းထက် အခြား သင့်လျော်သော အိမ်မှာ ကျွန်မ လုပ်ရခြင်းက မြတ်ပါသေးသည်၊ သူတို့ကား မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ကြပါသည်၊ ဤအိမ်သို့ ရောက်မှ ရဟန်း သံဃာကို ဖူးမြင်ရခြင်းစသော ကုသိုလ်ကောင်းမှု ပြုခွင့် တစ်ကြိမ်မျှ မရပါ။

ထိုစာကို ရလျှင် မိဖတို့သည် ဥတ္တရာထံသို့ ငွေတစ်သောင်း ငါးထောင် ပို့ပေးလိုက်ကြ၏၊ ဤငွေဖြင့် ကုသိုလ်ကောင်းမှုပြုရန်အတွက် ဖြစ်၏၊ ထိုအခါ ဥတ္တရာသည် ရာဇဂြိုဟ်တွင် လွန်စွာထင်ရှားသော ပြည့်တန်ဆာ သိရိမာကို ခေါ်၍ ပြောပြ၏ –

"အဘယ် သိရိမာ ငါသည် ၁၅–ရက်မျှ ဥပုသ်စောင့်လိုပါသည်၊ သင်သည် ဤငွေ တစ်သောင်းငါးထောင်ကို ယူ၍ သူဌေးသား နန္ဒကို ၁၅–ရက်မျှ ငါ့ကိုယ်စား လုပ်ကျွေးစေလိုပါသည်"

သိရိမာလည်း ဝန်ခံ၏၊ နန္ဒလည်း သိရိမာ၏ လုပ်ကျွေးမှုကို ကျေနပ်သဖြင့် ဥတ္တရာအား ဥပုသ်စောင့်ခွင့် ပြုလိုက်၏၊ ဥတ္တရာသည် ဝမ်းမြောက် ဝမ်းသာဖြင့် နေ့စဉ် စောစောပင် ခဲဖွယ် ဘောဇဉ်တို့ကို ဆောင်ယူပြီး ကျောင်းသို့ သွားကာ ဥပုသ်စောင့်၏၊ ညဉ့်ချမ်းအခါ ပြန်လာပြီး ပြာသာဒ် ထက်သို့တက်ကာ သူ၏သီလကို ဆင်ခြင်လျက်နေ၏၊ သို့ဖြင့် ၁၅–ရက် ပြည့်၍ ဥပုသ်ထွက်မည့်နေ့တွင် နံနက်စောစော မီးဖိုသို့ဝင်၍ ကိုယ်တိုင် စီမံ၏။

ထိုအခါ နန္ဒသည် ဥတ္တရာကို ကြည့်ကာ– 'ဤအမျိုးသမီးသည် ငရဲဇာတ်နှင့် တူပေ၏၊ ဤမျှလောက် စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်၍ မီးသွေးပြာ အလိမ်းလိမ်းနှင့် ကျွန်မတို့ကြား၌ လှည့်လည်ဘိ၏ '– ဟု တွေး၍ ပြုံး၏၊ ဥတ္တရာကလည်း– 'ဤသူမိုက်သည် မိမိ စည်းစိမ်ချမ်းသာကို အခါ

ခပ်သိမ်း မြ၏ဟူသော အမှတ်ဖြင့် မေ့လျော့ခြင်း ပြင်းထန်ဘိ၏'- ဟု တွေး၍ ပြုံး၏။

ဥတ္တရာ၏ အပြုံးကို သီရိမာ မြင်လျှင်- 'ဤ ကျွန်မသည် ငါရပ်နေသည်ပင် ဤသို့ ငါ့လင်နှင့်အတူ ပြုံးဘိ၏'- ဟု အမျက်ထွက်၍ လျင်စွာ အောက်သို့ ဆင်းလာ၏၊ ဥတ္တရာသည် သူ ဆင်းလာသော အမူအရာဖြင့်ပင်- 'ဤ သူမိုက်မသည် ၁၅-ရက်မျှ ဤအိမ်၌ နေရ၍ မိမိအိမ်ဟု အမှတ်ရှိဘိ၏'- ဟု သိ၍ ထိုခဏ၌ပင် မေတ္တာဈာန်ကို ဝင်စားနေ၏။

သီရိမာသည် ကျွန်မတို့၏ အကြားဖြင့် လာ၍ ယောက်ချိုကိုယူပြီး ဆီပူကို ခတ်ယူကာ ဥတ္တရာ၏ အထက်၌ ပက်လိုက်၏၊ ရုပ်ပျက် ဆင်းပျက် ဖြစ်သွားပြီး သူဌေးသား နန္ဒ မနှစ်သက်အောင် ပြုခြင်းဖြစ်၏၊ သို့ရာတွင် ကျိုက်ကျိုက်ဆူသော ဆီပူသည် ဥတ္တရာ၏ကိုယ်ပေါ်သို့ ရောက်သောအခါ စန္ဒကူး နံ့သာဆီတမျှ အေးမြနေ၏၊ ဘုရားရှင်သည် ဥတ္တရာ၏ အမျက်ဒေါသအောင်နိုင်ပုံကို ဤသို့ ဟောကြားတော်မူ၏-

"ဥတ္တရာ အမျက်ထွက်သော သူကို အမျက် မထွက်သဖြင့် အောင်နိုင်ရာ၏၊ မကောင်းသော သူကို ကိုယ်က ကောင်းသဖြင့် အောင်နိုင်ရာ၏၊ နှမြောစေးနှဲသူကို ပေးကမ်းစွန့်ကြဲသဖြင့် အောင်နိုင်ရာ၏၊ လိမ်ညာသော သူကို မှန်စွာ ပြောသဖြင့် အောင်နိုင်ရာ၏"

နောင်အခါ သူဌေးသား နန္ဒသည်လည်း ဥတ္တရာကို အမှီပြု၍ တရား သိမြင်၏၊ ထို့ကြောင့် သူသည် ဥတ္တရာကို အမေဟုခေါ်၍ ဥတ္တရာသည် 'နန္ဒမာတာ ဥတ္တရာ' ဟူသောအမည်ဖြင့် ထင်ရှားသွား၏၊ နန္ဒမာတာ ဥတ္တရာသည် ဈာန်ဝင်စားသောအရာ၌ ဧတဒဂ်ရသည်ကား သီရိမာ အမည်ရှိသော ပြည့်တန်ဆာသည် အမျက်ထွက်၍ ကျိုက်ကျိုက်ဆူသော ဆီကို ခေါင်းပေါ်၌ သွန်သည်ကို ့မေတ္တာဈာန် ဝင်စား၍ နေသောကြောင့် ကြာဖက်၌ ရေပေါက်ကဲ့သို့ ချမ်းအေးစွာ လျော့ကျလေ၏၊ သည်ကို အကြောင်းပြု၍ ဧတဒဂ် ရလေသည်။

## ၆–သုပ္ပဝါသာ

"ဘိက္ခုတို့ မွန်မြတ်သော ဝတ္ထုကို ပေးလှူကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် ကောလိယ မင်းသမီး သုပ္ပဝါသာသည် အမြတ်ဆုံး ဖြစ်၏"

သုပ္ပဝါသာသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမမြတ်စွာဘုရားလက်ထက်သို့ ရောက်သောအခါ ကောလိယမြို့ မင်းမျိုး၌ဖြစ်၍ သုပ္ပဝါသာဟု အမည်မှည့်၏၊ အရွယ်သို့ ရောက်သောအခါ မဟာလိ အမည်ရှိသော လိစ္ဆဝီ မင်းသားနှင့် သင့်မြတ်၏၊ သူသည် ဘုရားရှင်ကို ပဌမဦးဆုံး ဖူးမြင်ရစဉ်ပင်လျှင် ဘုရားရှင်၏ တရားတော်ကို နာရ၍ သောတာပန် ဖြစ်သွား၏၊ ထို့နောက် သီဝလိ သတို့သားကို ဖွားမြင်၏။

အခါတစ်ပါး သုပ္ပဝါသာသည် ဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်းပူဇော်၏၊ ဆွမ်းကိစ္စပြီးသောအခါ ဘုရားရှင်သည် သုပ္ပဝါသာအား အနုမောဒနာ တရားဟောကြားတော်မူ၏–

"သုပ္ပဝါသာ...ဆွမ်းဘောဇဉ်ကို လှူသော အရိယ သာဝိကာသည် အလှူခံပုဂ္ဂိုလ်တို့အား အသက်, အဆင်း, ချမ်းသာ, ခွန်အား, ဉာဏ်ပညာ–ငါးပါးကို ပေးလှူသည်မည်၏၊ ထို့ကြောင့် ပေးလှူသူသည် နတ်ဖြစ်သော်လည်းကောင်း, လူဖြစ်သော်လည်းကောင်း အသက်ရှည်ရန်, အဆင်းလှရန်, ချမ်းသာရန်, ခွန်အားကြီးရန်, ဉာဏ်ပညာကြီးရန် ဖြစ်၏၊ အကျင့် စရဏနှင့် ပြည့်စုံကုန်သော, မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော, ဖြောင့်မတ်ခြင်းသို့ ရောက်ကုန်သော–ရဟန္တာပုဂ္ဂိုလ်တို့၌ စင်ကြယ်မွန်မြတ်သော, အရသာနှင့် ပြည့်စုံသော, ကောင်းစွာ စီရင်အပ်သော ဘောဇဉ်ကို ပေးလှူသောအရိယသာဝိကာ၏ အလှူကို ကောင်းမှုအချင်းချင်း ဆက်စပ်လျက် ကြီးမြတ်သော အကျိုးရှိပေ၏ဟု လောကကိုသိသော ဗုဒ္ဓတို့ ချီးမွမ်းတော်မူ၏၊ ထိုသို့

သဘော ရှိသော ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့ကုန်လျက် နှစ်သက်ခြင်း ရှိသည်ဖြစ်၍ ဝန်တိုခြင်းအညစ်အကြေးကို အမြစ်အရင်းနှင့် တကွ ပယ်ဖျောက်၍ လှည့်လည်ကုန်သော ထိုသူတို့သည် မကဲ့ရဲ့အပ်ကုန်သော မြတ်သော နတ်ပြည်ဌာနသို့ ကပ်ရောက်ရကုန်သတည်း"

ကောလိယ မင်းသမီး သုပ္ပဝါသာသည် အကောင်းအမြတ် ပေးလှူတတ်သည့် အရာ၌ ဧတဒဂ်ရလေသည်ကား မဟာနာမ သာကီဝင်မင်းကဲ့သို့ အကောင်းအမြတ် အထူးအဆန်း အမြိန်အရသာ ဩဇာရှိသော ဆွမ်းဘောဇဉ်ခဲဖွယ် စားဖွယ် ပေးလှူတတ်သောကြောင့် ဧတဒဂ် ရလေသည်။

## ၇-သုပ္ပိယာ

"ဘိက္ခုတို့ သူနာကို လုပ်ကျွေး ပြုစုတတ်ကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် သုပ္ပိယာသည် အမြတ်ဆုံးဖြစ်၏"

သုပ္ပိယာသည် ဤဧတဒဂ်ဆုကို ပဒုမုတ္တရာဘုရားရှင် လက်ထက်တော်က တောင်းခဲ့သည်၊ ဂေါတမဘုရားရှင်၏ လက်ထက်တော်တွင် ဗာရာဏသီပြည်၌ဖြစ်၍ 'သုပ္ပိယာ' အမည် မှည့်လေသည်၊ သူသည် ဘုရားရှင် ဗာရာဏသီပြည်သို့ ရဟန်းသံဃာနှင့်အတူ ကြွတော်မူစဉ် ပထမဦးဆုံး ဖူးမြင်ရလျှင်ပင် တရားတော်ကို နာရ၍ သောတာပန်ဖြစ်လေသည်၊ သူသည် ရတနာသုံးပါးကို ကြည်ညို၏၊ ပစ္စည်းလေးပါးကို လှူ၏၊ သံဃာ၏ အမှုခပ်သိမ်းကို ပြုလုပ်၏၊ သံဃာကို လုပ်ကျွေး၏၊ သူသည် တစ်နေ့သ၌ ကျောင်းသို့ တရားနာရန် သွား၍ ကျောင်းတစ်ကျောင်းမှ တစ်ကျောင်းသို့ လှည့်လည်သော် ရဟန်းတစ်ပါးကို ချဉ်းကပ်၍ "အရှင်ဘုရားတို့ အဘယ်ရဟန်းသည် နာဖျားပါသနည်း၊ အဘယ်ရဟန်း၏ အကျိုးငှာ အဘယ်ကို ဆောင်ရပါအံ့နည်း" ဟု လျှောက်လေ၏။

ထိုအခါ ရဟန်းတစ်ပါးသည် ဝမ်းလျှောဆေးကိုသောက်၏၊ သူသည် ထိုရဟန်းထံသို့ ချဉ်းကပ်၍ ရှိခိုးပြီး ပဋိသန္ထာရပြောဆိုခြင်းပြု၍

"အရှင်ဘုရား အဘယ်အရာကို ရခြင်းငှာ သင့်မြတ်ပါသနည်း" ဟု လျှောက်၏၊ ထိုအခါ ထိုရဟန်းသည် သူ့အား "နှမ ငါသည် ဝမ်းလျှောဆေးကို သောက်မိ၏၊ ငါ့အား သားဟင်းမျိုးရည်ဖြင့် အလိုရှိ၏" ဟု ပြောဆို၏။

"အရှင် ကောင်းပါပြီ ဆောင်ယူခဲ့ပါအံ့" ဟုဆို၍ အိမ်သို့ သွားပြီးလျှင် အိမ်တွင်းရှိ အစေခံတစ်ယောက်ကို "အချင်းသွားပါချေ၊ အလိုလိုဖြစ်သော သားဟင်းမျိုးကို သိပါလော့" ဟု ပြော၏။

"အရှင်မ ကောင်းပါပြီ" ဟု ဆို၍ ထိုယောက်ျားသည် ဗာရာဏသီပြည်အလုံးကို လှည့်လည်လတ်သော် အလိုလိုဖြစ်သော ပံသုကူအသားကို မတွေ့မမြင်လေ၊ ထိုအခါ ပြန်လာ၍ "အရှင်မ အလိုလိုဖြစ်သော အသားသည် မရှိပါ၊ ယနေ့သည်ကား သားသတ်ခွင့် မရသောနေ့ပါတည်း" ဟု ပြော၏။

ထိုအခါ သူ့အား "ထိုနာဖျားသော ရဟန်းသည် သားဟင်းမျိုးရည်ကို မရသည်ရှိသော် အနာသော်လည်း တိုးပွားလာတံ့၊ သေခြင်းသော်လည်း ဖြစ်လတံ့၊ ဝန်ခံပြီးလျက် မဆောင်ခြင်းသည် ငါ့အား မသင့်၊ တစ်စုံတစ်ခု ပြုလုပ်၍ ပို့သင့်၏" ဟု အကြံဖြစ်၍ သားလှီးဓားငယ်ကို ယူ၍ အိမ်ရာတိုက်ခန်းသို့ ဝင်ပြီး မကြာမီ ကျွန်မအား "ဟယ် ကျွန်မ ရှေ့ယူလော့၊ ဤအသားကို ကောင်းစွာစီရင်၍ ဤမည်သောကျောင်း၌ နာဖျားသော ရဟန်းအား လှူလေလော့၊ ငါ့ကို မေးလျှင် နာဖျားနေပါ၏ဟု လျှောက်လေလော့" ဟု ဆို၍ ပေးပြီးလျှင် ညောင်စောင်း၌ အိပ်လေ၏။

ထိုအခါ သူ၏ယောက်ျား သုပ္ပိယသည် သုပ္ပိယာထံသို့ သွားပြီးလျှင် "သုပ္ပိယာ အဘယ်ကြောင့် အိပ်နေသနည်း" ဟု မေး၏၊ ထိုအခါ သုပ္ပိယာသည် သုပ္ပိယအား ဤအကြောင်းကို ပြောကြား၏၊ ထိုအခါ သုပ္ပိယသည် "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဖူးကြ ဖြစ်စွတကား ဤသုပ္ပိယာသည် ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို အလွန်ယုံကြည်၏၊ ရတနာသုံးပါးကို အလွန်ကြည်ညို၏၊ မိမိ၏ အသားတို့ကို သော်လည်း

စွန့်လှူနိုင်သေး၏၊ ဤသုပ္ပိယာအား အခြားတစ်စုံတစ်ခုသော မလှူနိုင်သောအရာသည် အဘယ်မှာရှိတော့အံ့နည်း" ဟု ရွှင်လန်းနှစ်သက် တက်ကြွသောစိတ် ရှိသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီး ထိုင်ကာ မြတ်စွာဘုရားအား "အရှင်ဘုရား မြတ်စွာဘုရား၏ နက်ဖြန်အလို့ငှာ ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူလေ၏။

ဘုရားရှင်သည် နောက်နေ့ ဆွမ်းခံချိန်တွင် ရဟန်းသံဃာအပေါင်း ခြံရံလျက် သုပ္ပိယအိမ်သို့ ကြွတော်မူ၏၊ ထိုအခါ သုပ္ပိယသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ် ရှိခိုးပြီး တစ်ခုသောနေရာ၌ ထိုင်နေ၏၊ ထိုအခါ ဘုရားရှင်က "သုပ္ပိယာ အဘယ်မှာနည်း" ဟု မေးတော်မူ၏။

"နာနေပါသည် မြတ်စွာဘုရား"

"ထိုသို့ နာပါသော်လည်း လာပါစေလော့"

"မလာနိုင်ပါ မြတ်စွာဘုရား"

"မလာနိုင်လျှင် ချီမ၍သော်လည်းကောင်း ဆောင်ခဲ့ကုန်လော"

ထိုအခါ သုပ္ပိယသည် သုပ္ပိယာကို ချီမ၍ ဆောင်ခဲ့လေ၏၊ သုပ္ပိယာသည် ရှေးဦးစွာ ဘုရားရှင်ကို ဖူးမြင်ရသည်နှင့်တစ်ပြိုင်နက် ကြီးစွာသော အနာသည် အသားနုတက်၍ ပြကတေ့ကောင်းသော အရေအမေးတို့ ဖြစ်လေ၏။

ထိုအခါ သုပ္ပိယနှင့် သုပ္ပိယာတို့သည် "အချင်းတို့ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးသည်၏အဖြစ်သည် အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဖူးကြ၊ ဖြစ်စွတကား၊ မြတ်စွာဘုရားကို ဖူးမြင်သည်နှင့် တစ်ပြိုင်နက် ကြီးစွာသော အနာသည် အသားနုတက်၍ ပြကတေ့ ကောင်းသော အရေအမေးတို့ ဖြစ်တုံဘိ၏" ဟု နှစ်သက်ရွှင်လန်း တက်ကြွသောစိတ် ရှိသည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာအား ဆွမ်းဆက်ကပ်လှူဒါန်းလေ၏။

ဆွမ်းကိစ္စပြီးသော် ဘုရားရှင်သည် အနုမောဒနာ တရားဟော တော်မူ၍ ပြန်ကြွလေ၏၊ ကျောင်းသို့ရောက်လျှင် ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် "ရဟန်းတို့ အဘယ်သူသည် သုပ္ပိယာကို အသားတောင်းသနည်း" ဟု မေးတော်မူ၏။

ဤသို့ မေးတော်မူသော် ထိုရဟန်းသည် မြတ်စွာဘုရားကို "အရှင်ဘုရား အကျွန်ုပ်သည် သုပ္ပိယာကို အသားတောင်းမိပါ၏" ဟု လျှောက်၏။

"ရဟန်း ဆောင်ယူခဲ့သလော"

"ဆောင်ယူခဲ့ပါသည် မြတ်စွာဘုရား"

"ရဟန်း သင်သည် သုံးဆောင်လေသလော"

"အကျွန်ုပ်သည် သုံးဆောင်မိပါသည် မြတ်စွာဘုရား"

"ရဟန်း သင်သည် စုံစမ်း မေးမြန်းသလော"

"အကျွန်ုပ်သည် မစုံစမ်း မမေးမြန်းပါ ဘုရား"

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား၊ သင်သည် အဘယ်ကြောင့် မစုံစမ်း မမေးမြန်းဘဲ အသားကို စားဘိသနည်း၊ သင်သည် လူသားကို စားဘိ၏၊ သင်၏ ဤအမှုသည် မကြည်ညိုသေးသော သူတို့ ကြည်ညိုစေခြင်းငှာ၊ ကြည်ညိုစေပြီးသော သူတို့ တိုး၍ ကြည်ညိုခြင်းငှာ မဖြစ်"

ထို့နောက် ရဟန်းတို့ကို "ရဟန်းတို့ သဒ္ဓါတရားရှိ၍ ကြည်ညိုသော လူတို့သည် မိမိ၏ အသားတို့ကိုသော်လည်း စွန့်လှူကုန်၏၊ ရဟန်းတို့ လူသားကို မစားအပ်၊ စားသောရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏၊ ရဟန်းတို့ မစုံစမ်း မမေးမြန်းဘဲ အသားကို မစားအပ်၊ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏' ဟု ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူ၏။

## ၈–ကာတိယာနီ

"ဘိက္ခုတို့ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် ကာတိယာနီသည် အမြတ်ဆုံးဖြစ်၏"

ကာတိယာနီသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်က ဤဧတဒဂ်ဆုကို တောင်းခဲ့သည်၊ ဂေါတမ ဘုရားရှင်၏လက်ထက်တော်တွင် ကုရရဃရမြို့တွင် ဖြစ်၍ ကာတိယာနီအမည်မှည့်သည်၊ သူသည် အရွယ်သို့ရောက်သော် ကုရရဃရမြို့မှ ကာဠီနှင့် မြဲမြံသော အဆွေခင်ပွန်း သူငယ်ချင်း ဖြစ်၏၊ ကုဋိကဏ္ဏ သောဏထေရ်ကို မယ်တော် ကာဠီက "ဘုရားရှင်အား တရားဟောသည့်နည်းတူ မယ်တော်အားလည်း တရားဟောပါ" ဟူ၍ တောင်းပန်၏၊ ညဥ့်အခါ မြို့တွင်း တန်ဆာဆင်သော တရားဟော ပလ္လင်၌ ထိုင်လျက် မယ်တော်ကို အမှူးထား၍ ထေရ်မြတ် တရားဟောသောအခါ ကာတိယာနီသည် ကာဠီနှင့် အတူသွား၍ တရားနာသည်။

ထိုအခါ ခိုးသူတို့သည် မြို့တွင်းတွင် မီးထိန်ထိန်လင်းနေသဖြင့် ခိုးခွင့်မရ၍ ဥမင်လိုဏ်ခေါင်း တူး၍ ကာတိယာနီ၏ အိမ်သို့ ရောက်လေ၏၊ ခိုးသူတို့၏ အကြီးအကဲသည် ခိုးသူ ငယ်သားတို့နှင့်အတူ မဝင်မူ၍ "ဤအိမ်မှ အိမ်သူအိမ်သားတို့သည် အဘယ်မှာနည်း" ဟု စုံစမ်းခြင်းငှာ လှည့်လည်သော် သောဏထေရ်၏ တရားဟောရာသို့ ရောက်၍ တရားနာနေသော ကာတိယာနီ၏အနီး နောက်နား၌ ရပ်နေလေ၏။

ထိုအခါ ကာတိယာနီသည် ကျွန်မကို "ကျွန်မ သွားတဲ့ချေ၊ အိမ်သို့ ဝင်၍ ဆီမီးကို ဆောင်ခဲ့ပါ၊ ငါတို့သည် ဆီမီးညှိထွန်း၍ တရားနာပါအံ့" ဟု ပြောလေ၏။

ကျွန်မသည် အိမ်သို့သွားသော် ဥမင်လိုဏ်ခေါင်း၌ ခိုးသူတို့ကို တွေ့မြင်၍ ဆီမီးကို မယူဘဲသာလျှင် ပြန်လာ၍ မိမိအရှင်မ ကာတိယာနီကို "အရှင်မ... အိမ်၌ ခိုးသူတို့သည် ဥမင်လိုဏ်ခေါင်းပြု၍ ခိုးကုန်၏" ဟု ပြောလေ၏။

"အို ကျွန်မ အသံ မပြုပါနှင့်၊ ခိုးသူတို့မည်သည် ခိုးယူသော မိမိတို့မြင်သော ပစ္စည်းကိုသာလျှင် ခိုးယူရနိုင်ကုန်လတ္တံ့၊ ငါသည် ယနေ့

ကြားနာရခဲသော တရားတော်ကို နာနေ၏၊ ငါတရားနာခြင်း၏ အန္တရာယ်ကို မပြုလုပ်ပါလင့်"– ဟု ပြန်ပြော၏။

ခိုးသူကြီးသည် သူမ၏ စကားကို ကြား၍ "ဤကာတိယာနီ၏ အလိုဆန္ဒမျိုးရှိသောသူ၏ အိမ်၌ရှိသော ပစ္စည်းကို ခိုးယူကုန်သော ငါတို့သည် မဟာပထဝီမြေကြီးသို့သော်လည်း ဝင်ကုန်ငြားအံ့မသိ" ဟု ကြံစည်လေ၏၊ ထို့နောက် အရဏ်တက်လတ်သော် ခိုးသူကြီးသည် သွား၍ ကာတိယာနီ၏ခြေတို့၌ ဝပ်စင်း၍ "အရှင်မ အလုံးစုံသော အကျွန်ုပ်အား သည်းခံခွင့်လွှတ်ပါ" ဟု ပြောလေ၏။

"သင်တို့သည် ငါ့ကို ဘာပြုလုပ်ကြသနည်း" ဟု မေးသော် ခိုးသူကြီးသည် အလုံးစုံသော မိမိကြံစည်ပြုလုပ်သမျှ အပြစ်ဒေါသတို့ကို ပြောပြလေ၏။

"အမောင်တို့ သင်တို့အား ငါ ခွင့်လွှတ်ပါ၏"

"အရှင်မ အကျွန်ုပ်တို့အား ဤသို့ သည်းခံကာမျှဖြင့် သည်းခံသည် မမည်သေးပါ၊ အရှင်မတို့၏သား ထေရ်ရဟန်း၏ အထံ၌ အားလုံးသော အကျွန်ုပ်တို့အား ရဟန်းပြုပေးပါ"

သူသည် ခိုးသူအားလုံးတို့ကို ခေါ်၍ ကုဋိကဏ္ဏသောဏထေရ်၏ အထံ၌ ရဟန်း ပြုပေးလေ၏၊ ထို ခိုးသူတို့လည်း ထေရ်၏ အထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်ကုန်၏၊ နောက်အခါ ကာတိယာနီ ဥပါသိကာမကို ဘုရားရှင်က "အဝေစ္စပ္ပသန္န" အရာ၌ ဧတဒဂ် ပေးတော်မူသည်။

## ၉–နကုလမာတာ

"ဘိက္ခုတို့ ငါနှင့် အကျွမ်းဝင်သော စကားကို ဆိုတတ်ကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် နကုလမာတာ သူကြွယ်မသည် အမြတ်ဆုံး ဖြစ်ပေတည်း"

(သူ၏အကြောင်း နကုလပိတာတွင် ပါဝင်ပြီး ဖြစ်သည်)။

အခါတစ်ပါး နကုလပိတာ သူကြွယ်သည် အနာရောဂါရှိ၍၊ ဆင်းရဲ၍၊ ပြင်းထန်စွာ မကျန်းမမာ ဖြစ်၏၊ ထိုအခါ သူသည် သူကြွယ်အား ပြောပြ၏ –

သူကြွယ် သင်သည် ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ သေရခြင်းကို မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။

သူကြွယ် သင့်အား 'သူကြွယ်မသည် ငါ ကွယ်လွန်သောအခါ သားငယ်၊ သမီးငယ်တို့ကို မွေးမြူရန် မစွမ်းနိုင်ရာ၊ အိမ်ထောင်မှုကို ကောင်းစွာ ထိန်းသိမ်းရန် မစွမ်းနိုင်ရာ' ဟု အကြံ ဖြစ်တန်ရာပါ၏၊ သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ အကျွန်ုပ်သည် ဗိုင်းငင်ရန် သိုးမွေးတို့ကို ဖြေရှင်း သုတ်သင် အခင်းပြုရန် တတ်ကျွမ်းပါ၏၊ သားငယ် သမီးငယ်တို့ကို မွေးမြူရန် အိမ်ထောင်မှုကို ကောင်းစွာ ထိန်းသိမ်းရန် စွမ်းနိုင်ပါ၏။

သူကြွယ် သင့်အား 'သူကြွယ်မသည် ငါ ကွယ်လွန်သောအခါ အိမ်ထောင် တစ်ဆက် ပြုလိမ့်မည်' ဟု အကြံဖြစ်တန်ရာပါ၏၊ သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ သူကြွယ် ၁၆–နှစ်တို့ ပတ်လုံး လူ၌ တည်သော မြတ်သောအကျင့် "ဂဟဋ္ဌကဗြဟ္မစရိယသီလ"ကို ကောင်းစွာ ကျင့်သုံးပြီးပါပြီ၊ ထိုအရာကို အသင်လည်း သိပါ၏၊ အကျွန်ုပ်လည်း သိပါ၏။

သူကြွယ် သင့်အား 'သူကြွယ်မသည် ငါ ကွယ်လွန်သောအခါ မြတ်စွာဘုရားအား ဖူးမျှော်လိုသူ ဖြစ်လိမ့်မည် မဟုတ်, ရဟန်းသံဃာအား ဖူးမျှော်လိုသူ ဖြစ်လိမ့်မည် မဟုတ်' ဟု အကြံ ဖြစ်တန်ရာပါ၏၊ သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ အကျွန်ုပ်သည် သင် ကွယ်လွန်သောအခါ မြတ်စွာဘုရားအား သာ၍ ဖူးမျှော်လိုသူ ဖြစ်ပါသည်၊ ရဟန်းသံဃာအား သာ၍ ဖူးမျှော်လိုသူ ဖြစ်ပါသည်။

သူကြွယ် သင့်အား 'သူကြွယ်မသည် ငါ ကွယ်လွန်သောအခါ သီလတို့၌ ဖြည့်ကျင့် ဆည်းပူးလိမ့်မည်မဟုတ်' ဟု အကြံ ဖြစ်တန်ရာပါ၏၊ သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ သူကြွယ် မြတ်စွာဘုရား၏ တပည့်ဖြစ်သော သီလတို့၌ ဖြည့်ကျင့်ဆည်းပူးကြသည့် အဝတ်ဖြူ ဥပါသိကာ ဟူသမျှတို့တွင် အကျွန်ုပ်သည် တစ်ဦး အပါအဝင် ဖြစ်ပါ၏။

သူကြွယ် သင့်အား 'သူကြွယ်မသည် အတွင်းသန္တာန်၌ စိတ်၏ ငြိမ်းအေးမှု သမာဓိ ကမ္မဋ္ဌာန်းကို ရရှိသူ မဟုတ်' ဟု အကြံဖြစ်တန်ရာပါ၏၊ သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ သူကြွယ် မြတ်စွာဘုရား၏ တပည့်ဖြစ်သော အတွင်းသန္တာန်၌ စိတ်၏ ငြိမ်းအေးမှု သမာဓိ ကမ္မဋ္ဌာန်းကို ရရှိကုန်ကြသည့် အဝတ်ဖြူဝတ် လူဥပါသိကာ ဟူသမျှတို့တွင် အကျွန်ုပ်သည် တစ်ဦးအပါအဝင် ဖြစ်ပါ၏။

သူကြွယ် သင်သည် 'သူကြွယ်မသည် ဤသာသနာတော်၌ သက်ဝင်ရာ ထောက်တည်ရာ သက်သာရာကို ရသည့် ဝိစိကိစ္ဆာကို လွန်မြောက်သည်၊ သို့လော သို့လော တွေးတောမှုကင်းရှင်းသည် ရဲရင့်ခြင်းသို့ ရောက်သည်၊ မြတ်စွာဘုရားမှတစ်ပါး အားထားရာ မရှိသည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ နေသူမဟုတ်' ဟူ၍ အကြံဖြစ်တန်ရာပါ၏၊ သူကြွယ် ထိုအရာကို ဤသို့ မမှတ်သင့်ပါ၊ သူကြွယ် မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော သာသနာတော်၌ သက်ဝင်ရာ ထောက်တည်ရာ သက်သာရာကို ရသည်၊ ဝိစိကိစ္ဆာကို လွန်မြောက်သည်၊ သို့လော သို့လော တွေးတောမှု ကင်းရှင်းသည်၊ ရဲရင့်ခြင်းသို့ ရောက်သည်၊ မြတ်စွာဘုရားမှ တစ်ပါး အားထားရာ မရှိသည်ဖြစ်၍ ဘုရားသာသနာတော်၌ နေကြသည့် အဝတ်ဖြူဝတ် လူဥပါသိကာ ဟူသမျှတို့တွင် အကျွန်ုပ်သည် တစ်ဦးအပါအဝင် ဖြစ်ပါ၏။

ထိုအခါ သူကြွယ်အား သူကြွယ်မက ဤသွန်သင်မှုဖြင့် သွန်သင်အပ်သည်ရှိသော် ထိုအနာသည် ခဏခြင်း ငြိမ်းအေးလေ၏၊ သူကြွယ်သည်

ထိုအနာမှ ထမြောက်၏၊ သူကြွယ်အား ထိုအနာသည် ထိုသို့သော အချင်းအရာအားဖြင့် ပယ်ဖျောက်အပ်ပြီးသည်သာလျှင် ဖြစ်၏။

နကုလ မာတာသည် အကျွမ်းဝင်ခြင်း၌ ဧတဒဂ်ရလေသည်ကား ရှေးလွန်လေပြီးသည့်၌ ဘဝမခြား ငါးရာတိုင်တိုင် ဘုရားရှင်အမိ ဖြစ်ဖူးသည်၊ မိကြီးအဖြစ်လည်း ငါးရာ, မိထွေးအဖြစ်လည်း ငါးရာ, အရီး အဖြစ်လည်း ငါးရာ ဖြစ်ဖူးသည်၊ ရှည်မြင့်စွာ ကာလပတ်လုံး အစဉ်တစိုက် လိုက်သော ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်ကို မြင်တည့်လျှင်ပင် "ချစ်သား သည်မျှလောက်သော ကာလပတ်လုံး အမိကို စွန့်၍ ဘယ်မှာ နေလေသနည်း" ဟု အကျွမ်းဝင်သော စကားကို ဆို၏၊ သည်ကို အကြောင်းပြု၍ ဧတဒဂ်ရလေသည်။

## ၁၀–ကာဠီကုရရဃရိကာ

"ဘိက္ခုတို့ တဆင့်စကားဖြင့် ကြည်ညိုခြင်းရှိကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် ကုရရဃရမြို့သူ ကာဠီသည် အမြတ်ဆုံး ဖြစ်၏"

ကာဠီသည် ပဒုမုတ္တရာဘုရားရှင် လက်ထက်ကစ၍ ဤဧတဒဂ်ဆုကို တောင်းဆိုခဲ့၏၊ ဂေါတမ ဘုရားရှင် လက်ထက်သို့ ရောက်သောအခါ ရာဇဂြိုဟ်မြို့၌ဖြစ်၍ ကာဠီ အမည်မှည့်၏၊ အရွယ်သို့ ရောက်သောအခါ ကုရရဃရ မြို့၌ အိမ်ထောင်ကျ၏၊ ကိုယ်ဝန်ရသောအခါ သားဖွားရန် မိမိမြို့သို့ ပြန်လာ၏၊ သူသည် ပြာသာဒ်အထက် တိုက်ခန်းအိပ်ရာ၌ နေစဉ် သာတာဂိရနှင့် ဟေမဝတနတ်တို့ စကားပြောသံကို ကြား၍ အမှတ် နိမိတ်ကို ယူ၏၊ 'ဤအသံသည် အထက်က ဖြစ်၏၊ အောက်က မဟုတ်၊ နတ်တို့ ပြောဆိုခြင်းဖြစ်မည်၊ လူတို့ ပြောခြင်းမဟုတ်' ဟု မှတ်၍ ကောင်းမွန်စွာ နားထောင်၏၊ မြောက်ချီအပ်သော စိတ်ရှိသည်ဖြစ်၍ ထိုင်ကာ နားထောင်၏ –

"အချင်း ဟေမဝတ ယနေ့ ၁၅–ရက်မြောက် ဥပုသ်နေ့တည်း၊ ညဉ့်သည် တောက်ပထင်ရှား၏၊ မြတ်သော ဂုဏ်တော်တို့ဖြင့် ရအပ်သော အမည်တော် ရှိတော်မူသော ဂေါတမနွယ်ဖွား ငါတို့ဆရာ မြတ်စွာဘုရားကို ယနေ့ ဖူးမျှော်ကြကုန်အံ့"

"အချင်း သာတာဂိရ သင်၏ဆရာ ထိုမြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၌ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စိတ်ကို မတုန်မလှုပ် ကောင်းစွာ ထားနိုင်ပါ၏လော၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၌သော်လည်းကောင်း, အလို မရှိအပ်သော အနိဋ္ဌာရုံ၌သော်လည်းကောင်း, ကြံစည်မှု ဝိတက်တို့သည် ထိုမြတ်စွာဘုရား၏ အလိုသို့လိုက်၍ ဖြစ်ကုန်၏လော"

"အချင်း ဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၌ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စိတ်ကို မတုန်မလှုပ် ကောင်းစွာ ထားနိုင်ပါ၏၊ အလိုရှိအပ်သော ဣဋ္ဌာရုံ၌သော်လည်းကောင်း, အလိုမရှိအပ်သော အနိဋ္ဌာရုံ၌သော်လည်းကောင်း ကြံစည်မှုဝိတက်တို့သည် ထိုမြတ်စွာဘုရား၏အလိုသို့ လိုက်၍ ဖြစ်ကုန်၏"

"အချင်း သာတာဂိရ–သင်တို့၏ဆရာ ထိုမြတ်စွာဘုရားသည် မပေးသော ဥစ္စာကို မခိုးယူဘဲ ရှိပါ၏လော၊ သတ္တဝါတို့၌ ညှဉ်းဆဲ သတ်ဖြတ်မှုမှ စောင့်စည်းပါ၏လော၊ မေ့လျော့ကြောင်း ကာမဂုဏ် ငါးပါးတို့၌ စိတ်သက်ဝင်မှုမှ ဝေးပါ၏လော၊ ဈာန်ကို မဆိတ်သုဉ်းစေဘဲ ရှိပါ၏လော"

"အချင်း ဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် မပေးသော ဥစ္စာကို မခိုးယူတတ်ပါ၊ သတ္တဝါတို့၌ ညှဉ်းဆဲသတ်ဖြတ်မှုမှ ရှောင်ကြဉ်ပါ၏၊ မေ့လျော့ကြောင်းဖြစ်သော ကာမဂုဏ်ငါးပါးတို့၌ စိတ်သက်ဝင်မှုမှ ဝေးပါ၏၊ မြတ်စွာဘုရားသည် ဈာန်ကို မဆိတ်သုဉ်းစေပါ"

"အချင်း သာတာဂိရ သင်တို့ဆရာ ထိုမြတ်စွာဘုရားသည် သိလျက် ချွတ်ယွင်းသောစကားကို မပြောဆိုဘဲ ရှိပါ၏လော၊ ကြမ်းကြုတ်

သော စကားမရှိသူ ဖြစ်ပါ၏လော၊ ပျက်စီးကြောင်းစကားကို မဆိုသူ ဖြစ်ပါ၏လော၊ ပြိန်ဖျင်းသော စကားကို မပြောဆိုသူ ဖြစ်ပါ၏လော"

"အချင်း ဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် သိလျက် ချွတ်ယွင်းသောစကားကို မပြောဆိုပါ၊ ကြမ်းကြုတ်သောစကား မရှိသူ ဖြစ်ပါ၏၊ ပျက်စီးကြောင်းစကားကို မပြောဆိုသူဖြစ်ပါ၏၊ ပညာဖြင့် နှိုင်းချိန် ပိုင်းခြား၍ အကျိုးရှိသော စကားကိုသာ ပြောဆိုသူ ဖြစ်ပါ၏"

"အချင်း သာတာဂိရ သင်တို့ဆရာ ထိုမြတ်စွာဘုရားသည် ကာမဂုဏ်တို့၌ မတပ်စွန်းသူဖြစ်ပါ၏လော၊ စိတ်သည် မနောက်ကျိဘဲ ရှိပါ၏လော၊ မောဟအားလုံးကို လွန်မြောက်ပြီးသူ ဖြစ်ပါ၏လော၊ တရားတို့၌ ပညာမျက်စိရှိသူ ဖြစ်ပါ၏လော"

"အချင်း ဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် ကာမဂုဏ်တို့၌ မတပ်စွန်းသူ ဖြစ်ပါ၏၊ စိတ်သည် မနောက်ကျိဘဲ ရှိပါ၏၊ မောဟအားလုံးကို လွန်မြောက်ပြီးသူ ဖြစ်ပါ၏၊ မြတ်စွာဘုရားသည် တရားတို့ ၌ ပညာမျက်စိရှိသူ ဖြစ်ပါ၏"

"အချင်း သာတာဂိရ သင်တို့ဆရာ ထိုမြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူ ဖြစ်ပါ၏လော၊ စင်ကြယ်သော အကျင့် စရဏရှိသူဖြစ်ပါ၏လော၊ ထို မြတ်စွာဘုရားအား အာသဝေါတို့ ကုန်ခန်းပါပြီလော၊ တစ်ဖန် ပဋိသန္ဓေနေခြင်း မရှိသူ ဖြစ်ပါ၏လော"

"အချင်း ဟေမဝတ ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်ပါ၏၊ စင်ကြယ်သော အကျင့်စရဏ ရှိသူဖြစ်ပါ၏၊ ထို မြတ်စွာဘုရားအား အာသဝေါအားလုံးတို့ ကုန်ခန်းပါပြီ၊ ထို မြတ်စွာဘုရားအား တစ်ဖန် ပဋိသန္ဓေနေခြင်း မရှိတော့ပါ"

"အချင်း သာတာဂိရ မြတ်စွာဘုရား၏ စိတ်တော်သည် ဆိုခဲ့ပြီးသော တာဒိ စသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ကာယကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ဝစီကံမှုနှင့်လည်း ပြည့်စုံတော

မူ၏၊ ဤသို့သော စိတ်နှင့်ပြည့်စုံ၍ ဝိဇ္ဇာသုံးပါး, စရဏ တစ်ဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားကို ဟုတ်မှန်သော သဘောအားဖြင့် သင် သာတာဂိရသည် ချီးမွမ်းပါပေ၏"

"အချင်း ဟေမဝတ မြတ်စွာဘုရား၏ စိတ်တော်သည် ဆိုခဲ့ပြီးသော တာဒိ စသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ကာယကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ဝစီကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဤသို့သော စိတ်နှင့်ပြည့်စုံ၍ ဝိဇ္ဇာသုံးပါး, စရဏ တစ်ဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဟုတ်မှန်သော သဘောအားဖြင့် ဟေမဝတသည် ဝမ်းမြောက်ပါပေ၏"

"အချင်း ဟေမဝတ မြတ်စွာဘုရား၏ စိတ်တော်သည် ဆိုခဲ့ပြီးသော တာဒိ စသော ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ကာယကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဆိုခဲ့ပြီးသော ဝစီကံမှုနှင့်လည်း ပြည့်စုံတော်မူ၏၊ ဤသို့သော စိတ်နှင့် ပြည့်စုံ၍ ဝိဇ္ဇာသုံးပါး, စရဏ တစ်ဆယ့် ငါးပါးနှင့် ပြည့်စုံတော်မူသော ဂေါတမ မြတ်စွာဘုရားကို ငါတို့ ယခု ဖူးမျှော်ကြကုန်စို့"

"အချင်း သာတာဂိရ လာလော့၊ ဧဏီမည်သော သား၏ မြင်းခေါင်းကဲ့သို့ မြင်းခေါင်း ရှိတော်မူသော အင်္ဂါကြီးငယ်ပြည့်စုံခြင်းဖြင့် ပါးလျသော ကိုယ်အင်္ဂါ ရှိတော်မူသော အတွင်း အပ ဘေးရန်ကို ဖျက်ဆီးတော်မူသော တစ်ထပ်တည်းသာ စားသဖြင့် နည်းသော အာဟာရ ရှိတော်မူသော အာဟာရ၌ လျှပ်ပေါ်မှုရှိတော် မမူသော, အနာဂါရမုနိဖြစ်၍ တော၌ ဈာန်ဝင်စားလေ့ ရှိတော်မူသော ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို ဖူးမျှော်ကြကုန်စို့"

"ခြင်္သေ့မင်းနှင့် တူတော်မူသော ကိလေသာ အဖော်မမှီး တစ်ယောက်တည်း ဖြစ်တော်မူသော, တစ်ဖန် ဘဝသစ်သို့ မသွားသော၊ ကာမဂုဏ်တို့၌ ငဲ့ကွက်မှု မရှိသော ဤသို့သဘောရှိသော ထိုမြတ်စွာဘုရား

ထံသို့ ချဉ်းကပ်၍ သေမင်း၏ ကျော့ကွင်းမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မေးလျှောက်ကြကုန်စို့"

အာသဠှီနက္ခတ်နှင့် ယှဉ်သော ဝါဆိုလပြည့်နေ့ ညအချိန်ဖြစ်ပေ၏၊ ရာဇဂြိုဟ်ပြည် တစ်ပြည်လုံးလည်း ထက်ဝန်းကျင်မှ တန်ဆာဆင်ထားသော နတ်ပြည်ကဲ့သို့ ဖြစ်ပေ၏၊ ကာဠီသည် ထိုကြည်နူးဖွယ်ကို ခံစားရင်း ကိုယ်ဝန် အပန်းကို ဖြေလျက်ရှိစဉ် သာတာဂိရနှင့် ဟေမဝတ နတ်စစ်သူကြီးတို့၏ ဆိုခဲ့ပြီးသော ဘုရားရှင် ဂုဏ်ကျေးဇူးနှင့်စပ်သော စကားတို့ကို အစအဆုံး နားထောင်လိုက်ရ၏၊ နားထောင်ရပြီးသော် "ဤသို့ သဘောရှိသော အထူးထူးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား" ဟု ဘုရားရှင်လျှင် အာရုံရှိသော နှစ်သက်ခြင်း ပီတိဖြစ်စေ၍ ထိုပီတိဖြင့် အပိတ်အဖုံး နီဝရဏတို့ကို ခွာ၍ ထိုနေရာ၌ပင် တည်လျက် ဘုရားရှင်ကို မဖူးမြင်ရဘဲ တစ်ဆင့်စကား ကြားရရုံဖြင့် သူတစ်ပါးအတွက် ချူးခပ်ထားသော ထမင်းပွဲကို အဆင်သင့် ဝင်စားသကဲ့သို့ သောတာပတ္တိဖိုလ်၌ တည်လေ၏။

သူသည် မာတုဂါမ အားလုံးတို့တွင် ပထမဦးဆုံး သောတာပန်ဖြစ်သူ, သောတာပန်အားလုံးတို့ထက် ကြီးသူ ဖြစ်ပေ၏၊ သူသည် သောတာပန်အဖြစ်ဖြင့် ထိုညဉ့် လင်းအားကြီးပိုင်းတွင် ကိုယ်ဝန် ဖွားသည်၊ သူ၏ သားမှာ "သောဏကုဋိကဏ္ဏ" ပင် ဖြစ်သည်။

နောက်အခါ ဘုရားရှင်သည် ရဟန်း သံဃာ အပေါင်းအလယ်၌ ထိုင်တော်မူလျက် သူမကို "အနုဿဝပ္ပသန္န" အရာ၌ တေဒဂ် ပေးတော်မူလေသည်။

သော်ဇင်

၂၈၉၃၈ ၂၇-၄-၁၉၇၀

ဓမ္မာစရိယဦးအေးနိုင်(ဘီအေ)

# မရဏာနုဿတိဘာဝနာနှင့်
# အသုဘဘာဝနာပွားများနည်း

မိမိစိတ်ကို လောကီအာရုံကာမဂုဏ်သို့ မသွားအောင် စောင့်ရှောက်ထားတတ်သော၊ မည်သည့်စရိုက်ရှိသည့် ပုဂ္ဂိုလ်မျိုးမဆို အားထုတ်နိုင်သော၊ မည်သည့်ကမ္မဋ္ဌာန်း အားထုတ် အားထုတ် ရှေးဦးစွာ အားထုတ်သင့်သော ကမ္မဋ္ဌာန်း ၂ မျိုးကို တိကျရှင်းလင်းစွာ တင်ပြထားသည်။

(တမူးခွင့်ပြုချက် ၃၂၀၂၆၆၀၅၀၇)

မြန်မာစာရိယာဦးအေးနိုင်(ဘီအေ)

# ဗုဒ္ဓါနုဿတိဘာဝနာ

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကို ပါဠိနှင့် အနက်တွဲဖက်ပြီး ဂုဏ်တော်များ၏ အဓိပ္ပာယ်ကို ဖြည်းဖြည်းချင်း ဆင်ခြင် အောက်မေ့ပွားများမှ ဗုဒ္ဓါနုဿတိဘာဝနာ စစ်စစ် ဖြစ်၏။

ဤစာအုပ်တွင် ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါးကို အနက်အဓိပ္ပာယ်နှင့်တကွ ဖော်ပြထားသည့်အပြင် ဗုဒ္ဓါနုဿတိဘာဝနာ၏ တန်ခိုးစွမ်းအင် အကျိုးအာနိသင်တို့ကို ပါဠိတော် အဋ္ဌကထာလာ အကျိုးများ၊ ဝတ္ထုသာဓကများ၊ သမိုင်းလာဖြစ်ရပ် အမှန်များနှင့် မျက်မှောက်ကိုယ်တွေ့ ဝတ္ထုများဖြင့် တန်ဆာဆင်၍ ရေးသားတင်ပြထားသည်။

(စာမူခွင့်ပြုချက် ၃၂၀၀ ၂၉၀၅၀၇)

# ပါရမီဘုရားရှိခိုးအမျိုးမျိုး

နှင့်

# ဝတ်ရွတ်စဉ်

ဝတ်အသင်းအဖွဲ့များ၊ အိမ်တွင် ဘုရားရှိခိုး ဝတ်ပြုလိုသူများ အတွက် ဘုရားပင့် နတ်ဖိတ်၊ သီလဆောက်တည်ခန်းများ၊ ဆွမ်း, ရေချမ်း, ဆီမီး, ပန်းကပ် အကျဉ်း အကျယ်များ၊ မေတ္တာပို့ နတ်ပို့ ဆုတောင်း၊ အမျှဝေစသည့် ပြုဖွယ်ရာများ၊ ဂုဏ်တော်များ အပါ အဝင် ဘုရားရှိခိုး အမျိုးမျိုး၊ ဘုရားအနေကဇာတင်ခန်း၊ ပရိတ်, ပဋ္ဌာန်း, ဥပ္ပါတသန္တိ အပါအဝင် သုတ်တော်ပေါင်း ၂၀ ခန့် အနက်အဓိပ္ပာယ်နှင့်တကွ တန်ခိုးထက်မြက် ဂါထာ ၃၀ ကျော်၊ ပုတီးစိပ်နည်း ၇ နည်း၊ အခါကြီး ရက်ကြီးများ အကြောင်း၊ ပါဠိဖတ်ပုံသေနည်းနှင့် အခြား သိမှတ်ဖွယ် အစရှိသည်တို့ကို ထည့်သွင်းထားသည်။

ဝတ္ထုဆိုက်၊ စာမျက်နှာ ၄၀၀ နီးပါး

(စာမူခွင့်ပြုချက် ၃၂၀၇၄၉၁၀၀၇)